တက္ကသိုလ်

# နေလင်းအောင်

## သိုင်းတုံပွင့်လျှံ ပလွေသံ

ကျင်းယုံ၏ ရှောင်စိန်းမုလင်



စာစဉ်- ၈

## အခန်း (၁၀၀)

### ဇွဲရှိသော ကွန်လုံဝမ်

ဆန်ကွမ်းချိုသည် လေပြင်းတစ်ချက် မှုတ်ထုတ်ကာ ဆတိရလာသည်။

'ညီနေလေးပါလား၊ ဘယ်တုန်းက ရောက်လာတာလဲ'

'ကျွန်တော်ရောက်လာတာ မကြာသေးပါဘူး'

'မင်းသွားတဲ့ကိစ္စ အဆင်ပြေရဲ့လား'

ယွမ်ရှောက်သည် ကမျာကယာ အသွင်းအိတ်ထဲသို့ နှိုက်ယူလိုက်၏။

လက်ထဲ၌ ဆေးလုံးတစ်လုံး ပါလာသည်။

'ဒီက အစ်မလေးအတွက် အဆိပ်ဖြေဆေး၊ ရော့....ယူပါ၊ အစ်မလေးအတွက် ကျွန်တော် တောင်းယူလာတာ'

နိုင်ချစ်ခနော်မှာ သူ့အတွက် တကူးတက ရှာဖွေယူလာရသော ဆေးဖြစ်နေသဖြင့် ယူရကောင်းနိုးနိုး မယူရတဲ့ကောင်းနိုးနိုးဖြင့် ချီတုံချတုံ ဖြစ်နေသည်။

'ရော့…ယူပါ၊ အစ်မလေးအတွက် ယူလာတဲ့ဆေးပါ'

အလွန်တရာ သွက်လက် ဖျတ်လတ်သော နိုင်ချစ်ခနော်သည် ယခုအခါ ဆွံ့အသလို ဖြစ်နေသည်။

'ကျွန်မမှာ အဆိပ်မရှိတော့ဘူး'

'ဟင်'

ယွန်မ်ရှောက် တုံ့သြသွားသည်။

ဆန်ကွမ်းချိုက…

'ဟို…ဟိုအင်္ဂလိပ်စိမ်းနဲ့ ဆရာကြီးက'

နိုင်ချစ်ခနော်က ခေါင်းညိတ်ပြီး ပြတ်ပြောသည်။

'ဟုတ်တယ်၊ ကျွန်မ လက်ခမောင်းထဲ ဝင်နေတဲ့ အရိုးစိမ့်အဆိပ်အငွေ့ကို အင်္ဂလိပ်စိမ်းနဲ့ဆရာကြီးက ထုတ်ယူပေးပြီးပါပြီ၊ ကျွန်မကိုယ်ထဲမှာ အဆိပ်မရှိတော့ဘူး'

'တယ်စွမ်းတဲ့ ဆရာကြီးပဲ'

ဆန်ကွမ်းချိုက မှတ်ချက်ချသည်။



ယွန်မ်ရှောက်မှာ လူတပင်တပန်း ရှာဖွေလာခဲ့ရသော ဆေးလုံးကို ရင်ခွင်ထဲ ပြန်ထည့်လိုက်ရတော့သည်။

ထိုအခိုက်မှာပင် ချုံအကွယ်၌ သမီးဖြစ်သူအား ဆေးကုသနေသည့် အဘိုးအိုသည် သူ့သမီးကို ပွေ့ချီ၍ ထွက်လာ၏။

နိုင်ချစ်ခနော်က…

'ဟော…ဆရာကြီးထွက်လာပြီ'

အဘိုးအိုသည် မျက်ရည်များ စီးကျနေ၏။

အို့ယန်ထုသည် အဘိုးအိုအား ကပျာကယာ ဆီးကြို၏။

'ဆရာကြီး…သမီးကလေး သက်သာရဲ့လား ခင်ဗျာ'

အဘိုးအိုက ကြေကွဲစွာ ပြော၏။

'ကျုပ်ဟာ လူ့အသက်ပေါင်း များစွာကို ကယ်တင်ခဲ့ပါတယ်၊ ဒါပေမယ့် ကျုပ်ဆမီးရဲ့ အသက်ကိုတော့ ကျုပ် ကယ်နိုင်တော့ဘူး'

ရင်သွေးဖြစ်သူ၏အသက်ကို မကယ်နိုင်သဖြင့် အဘိုးအိုသည် မချိတင်ကဲဖြစ်နေသည်။

သူ့စကားအရ သူသည် သမားတော်ကြီးတစ်ပါး ဖြစ်ပုံရ၏။

သို့သော် သားအေးတော်လည်း ဘဝဇာတ်ဆရာ၏ အလိုကို မဆန့်ကျင်နိုင်ရှာပေ။

ထန်ရှင်သည် သူ၏ယပ်တောင်ကို ခေါက်သိမ်းလျက် ရှေ့သို့ ထွက်လာ၏။

'ဆရာကြီး...ဆရာကြီးရဲ့သမီးကို ကျွန်တော်ကြည့်ရှုစစ်ဆေး ပါရစေ'

အဘိုးအိုသည် ထန်ရှင်အား အေးစက် မာကျောသော မျက်လုံးများဖြင့် လှည့်ကြည့်၏။

'ဒီလောကမှာ ကျူ့ထက်ဆေးပညာတတ်ကျွမ်းနားလည်သူ မရှိနိုင်ဘူး၊ ခင်ဗျားက ဘာများတတ်ကျွမ်းနားလည်လို့လဲ'

ထန်ရှင့်က ရယ်ပြီး....

'ဆရာကြီးရဲ့ သမီးကို ဆရာကြီး မကုသနိုင်တော့ဘူးဆိုပြီး လက်လျှော့လိုက်ပြီ၊ ဆရာကြီး အယူအဆအရ ဒီမိန်းကလေး သေဖို့ပဲရှိတော့တယ်၊ အခု ကျွန်တော် စစ်ဆေး ကုသမယ် ကျွန်တော် ကုသလို့ ဒီမိန်းကလေး အသက်ရှင်လာနိုင်ရင် ဆရာကြီးအတွက် အမြတ်ပေါ့၊ ကျွန်တော် ကြည့်ရှုလို့ ဆရာကြီး ရှုံးမယ်လင်သလား'

အဘိုးအိုသည် သမီးဖြစ်သူကို ထန်ရှင်၏ရှေ့ မြက်ခင်းပြင်၌ ချထားပေးလိုက်၏။



မြက်ရိုင်းလွင်ပြင်ကြီးကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်သည် အေးမြသော်လည်း အနံ့အသက် မကောင်းလှပေ။

သွေးညှီနံ့ လွှမ်းနေ၏။

ထန်ရှင်သည် ခေါက်ယပ်တောင်ကိုကိုင်လျက် မိန်းကလေး၏ မျက်နှာကို သေချာစွာ စူးစိုက်ကြည့်သည်။

မိန်းကလေးသည် ချောမွေ့ လှသော်လည်း သွေးဆုတ် ဖြူရော်နေသော မျက်နှာနှင့် အချိန်ကြာမြင့်စွာ နာမကျန်း ဖြစ်ခဲ့ပုံရသော အခြေအနေတို့ကြောင့် သူမ၏ အလှအပမှာ လိမ်မြှုပ်သလို ဖြစ်နေ၏။

ထန်ရှင်သည် မိန်းကလေး၏ သွေးခုန်နှုန်းကို စမ်းသပ်သည်။

အဘိုးအိုသည် ထန်ရှင်၏ လှုပ်ရှားမှုကို မျက်တောင်မခတ် တမ်း စောင့်ကြည့်နေ၏။

အကယ်၍ ထန်ရှင်က မရိုးသားသော လှုပ်ရှားမှုတစ်ခုခု ပြုလုပ်သည်နှင့် တစ်ပြိုင်နက် အတိမ်းလိုက် ဝါးစားတော့မည့် သဘောမျိုးဖြင့် စောင့်ကြည့်နေခြင်း ဖြစ်ပေသည်။

ထန်ရှင်မှ မျက်လုံးများ စုံမှိတ်လျက် စဉ်းစားနေ၏။

ရောဂါ ရှာဖွေနေခြင်းလား၊ ရောဂါကို တွေ့ရှိပြီးသဖြင့် မည်သည့်ဆေးဖြင့် ကုသရမည်ကို စဉ်းစားနေခြင်းလား မည်သူမျှ မသိနိုင်ပေ၊

အတန်ကြာမှ ထန်ရှင် မျက်စိပွင့်လာ၏။

'ဆရာကြီးသမီးရဲ့ သွေးခုန်နှုန်းဟာ အလွန်ပဲ အားပျော့နေတယ်၊ အထူးဖော်စပ်ထားတဲ့ ဆေးကောင်းမရှိရင် ကုသဖို့ မလွယ်ဘူး'

အဘိုးအိုက ပြတ်သားစွာ ပြော၏။

'ဆေးကောင်းရှာဖို့က မခက်ဘူး၊ သူ့ ခန္ဓာကိုယ်က လက်မခံနိုင်မှာကိုပဲ စိုးရိမ်တယ်'

'ကျွန်တော် တစ်ခုပြောချင်တယ်'

'ပြောပါ'

'သူ့အခြေအနေကို စမ်းသပ်ကြည့်တော့ သူဟာ အတွင်း ဒဏ်ရာ မရခင်ကတည်းက နာမကျန်း ဖြစ်ခဲ့ပုံရတယ်'

အဘိုးအိုက ခေါင်းညိတ်၏။

'မှန်တယ်၊ သူဟာ ခံနိုင်ရည် သိပ်မရှိဘူး၊ သိပ်ပျော့တယ်၊ ဒါပေမယ့် တောတောင်ရေမြေနဲ့ စိမ့်စမ်းရေတံခွန်တွေကို သိပ်သဘောကျတယ်၊ ကျုပ်က တောတောင်တွေ လိုက်ပြတယ်၊ အဲဒီမှာတင် ပန်းဖျား ဖျားတာပဲ၊ နောက်ပိုင်းကျတော့....'



ထန်ရှင်သည် ခေါင်းကင်ပေါ်၌ ပြေးလွှားနေသော တိမ်တုပ်စုများကို ငေးမောကြည့်ရင်း ခပ်တိုးတိုး ပြောသည်၊

'တကယ်လို့ ဆရာကြီးကသာ ကျွန်တော့်အပေါ် ယုံကြည်မှု ရှိမယ်ဆိုရင် အပ်စိုက်နည်းနဲ့ ကုသပေးမယ်၊ အဲဒီလို ကုသရင် သူ ချက်ချင်း မသေနိုင်ဘူး၊ သူ့အသက်ရှည်မယ့်ရက်ကို ဆွဲထားနိုင်မယ်'

အဘိုးအိုသည် ထန်ရှင်၏စကားကို အလေးအနက် စဉ်းစားလေ၏။

စိတ်ထဲ၌ ခွင့်ပြုသင့် မပြုသင့် ချိတုံချတုံ စဉ်းစားနေလေသည်။

ထန်ရှင်သည် သူ့ယပ်တောင်ကို ဖြန့်ပြီး ယပ်ခတ်နေ၏။

'ကျွန်တော် အတင်း မတိုက်တွန်းပါဘူး၊ ဆရာကြီးဘာသာ စဉ်းစားပါ'

အဘိုးအိုသည် ထန်ရှင်ကို စိုက်ကြည့်ပြီး....

'အပ်စိုက်ကုသရင် ညှမီးဟာ ဘယ်နှစ်ရက်လောက် ဆက်ပြီး အသက်ရှင်နိုင်မှာလဲ'

'ဒါ မေးသင့်တယ်'

ထန်ရှင်က ပြုံး၍ထောက်ခံ၏။

ထို့နောက် ဆက်ပြောလေသည်။

'အဘိုးအကျော်တော့ ပြောခဲ့ပါတယ်၊ အနည်းဆုံး သုံးရက် အိပ်ချက်မိသွားရင် ဆယ်ရက်လောက်လဲ ဖြစ်ချင်ဖြစ်သွားမှာပဲ'

အဘိုးအိုသည် ခဏတွေ စဉ်းစားပြန်သည်။

အတန်ကြာမှ ဆုံးဖြတ်ပြီးဟန်ဖြင့်....

'ကောင်းပြီ၊ ကျုပ်သမီးသေရင် ခင်ဗျားရဲ့အသက်နဲ့ အစား ပြန်လျော်ရမယ်'

အဘိုးအို၏ တရားနည်းလမ်းကျသော စကားကို ကြား လိုက်ရသောအခါ ဒိုယန့်သုံမှာ ဆွံ့အနဲ့ဖြစ်သွား၏။

'သူ့သမီးရဲ့အသက်ကို စေတနာနဲ့လဲ ကယ်တင်ပေးရသေး ရဲ့၊ အသက်လဲ အစားပြန်လျော်ပေးရဦးမယ်တဲ့၊ မသေဒဲ့ ဆေးသမားဆိုတာ ဘယ်မှာရှိလို့လဲ၊ အကယ်၍ နောင်ပြ ထန့်ရှင် ခြေချော်လက်ချော်ဖြစ်သွားခဲ့ရင် သက်သက်မဲ့ပြဿ တက်နေဦးမယ်၊ ငါဝင်ဖြန်ပြေပေးမှပဲ'

ဒို့ယန့်သုံ စကားပြောရန် ပြင်နေစဉ်မှာပင် ထန့်ရှ ခေါင်းညိတ် သဘောတူလေတော့၏။

❁



'ကောင်းပြီ၊ ကျွန်တော်သဘောတူတယ်၊ ခင်ဗျားသမီး အနည်းဆုံး သုံးရက်တော့ အသက်ရှင်စေမယ်လို့ ကျုပ် ကတိ ပေးတယ်'

ထန့်ရှင်သည် ပြောပြောဆိုဆို သူ့အတွင်းအိတ်ထဲမှ မြရောင် ဘူးလေးသေးကလေးကို ထုတ်လိုက်၏။

ဘူးကလေးထဲတွင် သေးငယ်သော အပ်ကလေး များစွာရှိ၏။

ထိုအထဲမှ နှစ်လက်မခန့်ရှိသော ရွှေအပ်ကလေးတစ်ချောင်း ကို ထုတ်ယူလိုက်သည်။

အဘိုးအိုသည် သမီးကိုအလွန်ချစ်သူဖြစ်၍ ထန်ရှင်၏ကုသမှု ကို မကြည့်ရက်ပေ။

ထန့်ရှင်ကုသရာ၌ ခြေချော်လက်ချော်ဖြစ်ပြီး သေဆုံးသွား ရမှုကို မကြည့်မမြင်လိုပေ။

တို့ကြ စို့ ကျောခေးပြီး ကောင်းကင်ကြီးကိုမော့ကြည့် နေလေ၏။

ထန့်ရှင်သည် မိန်းကလေး၏ကိုယ်ပေါ်ရှိ အပ်စိုက်မည့်နေရာ များကို အသေအချာ ရွေးချယ်သည်။

နေရာသုံးနေရာရွေးချယ်ပြီး အပ်ချောင်းသုံးချောင်း စိုက် လိုက်၏။

လျှင်မြန်သည်၊

တိကျသည်။

အဘိုးအိုက ချောင်းတစ်ချက်ဆိုးပြီး....

'မပြီးသေးဘူးလား'

'အပ်တွေတော့ စိုက်ပြီးပါပြီ'

အဘိုးအို လှည့်ကြည့်၏၊

အပ်သုံးချောင်း စိုက်ထားသည်ကို တွေ့ရသောအခါ တစ်ကိုယ်လုံး တုန်သွားသည်၊

ထန်ရှင်နှင့် သူ့အသုအဆချင်း သိပ်မတူကြပေ၊

'ခင်ဗျားစိုက်ထားတဲ့နေရာတွေက မှန်ရဲ့လား'

ထန်ရှင်က ပြုံး၍ပြောသည်၊

'နေရာကိုတော့ မမေးပါနဲ့၊ သွေးကြောပေါ် တည့်တည့်ကျလား မကျဘူးလားဆိုတဲ့အချက်ကိုသာ ပြောပါ'

'အကြောကြီးစိုက်ထားရင် သွေးလည်ပတ်မှုအတွက်အတား အဆီးဖြစ်မှာကို စိုးရိမ်မိပါတယ်'

'ဆရာကြီးနဲ့ ကျွန်တော် သဘောတူထားတဲ့အချက်ကို မေ့နေပြီလား၊ ဆရာကြီးရဲ့သမီးသေရင် ကျွန်တော် အသတ်ခံပါ့မယ်'



အဘိုးအိုမှာ မည်သို့မျှ မပြောနိုင်တော့ဘဲ မျက်နှာလွှဲကျော နိုင်းပြီး အဝေးသို့ ငေးကြည့်နေပြန်သည်၊

ထန်ရှင်သည် ထိုအပ်သုံးချောင်းကိုဆွဲနုတ်ပြီး အခြားဘက် နေရာ၌ ထပ်မံ ထိုးစိုက်ပြန်သည်၊

သူ၏ကုသပုံမှာအလွန်တည်ငြိမ်သဖြင့် သူ့ကိုယ်သူယုံကြည်မှု အပြည့်အဝရှိကြောင်း ဖော်ပြနေခြင်းပင်ဖြစ်သည်၊

အတန်ကြာမှ....

'ဆရာကြီး၊ ကျွန်တော့် အပ်စိုက်ကုသမှု ပြီးသွားပါပြီ၊ လှည့်ကြည့်ပါဦး'

အဘိုးအိုလှည့်ကြည့်ပြီး သွေးခုန်နှုန်းကို စမ်းကြည့်သည်၊

မျက်နှာပေါ်၌ ကျေနပ်သည့်အရိပ်အယောင်များ ပေါ်လာ၏၊

သူသည် သမီးဖြစ်သူကို ကြင်နာစွာပွေ့ချီလိုက်၏၊

ကလေးမကလေးသည် ရုတ်တရက် မျက်လုံးပွင့်လာသည်၊

အဘိုးအိုမှာ အလွန်တရာ ဝမ်းမြောက်သွားသည်၊

ထန်ရှင်အား တစ်ချက်လှမ်းကြည့်၏၊

ထိုအကြည့်မှာ ကျေးဇူး တင်ကြောင်း ပြောကြားသည့် အကြည့်ပေတည်း။

ထို့နောက် မျက်လုံး ပြန်မှိတ်သွားလေ၏။

သူသည် လှည့်ထွက်သွားရန် ဟန်ပြင်နေသဖြင့် ဂိုဏ်းချုပ်ကြီး အိုယန်ထု က ကပျာကယာ တားဆီးလိုက်လေသည်။

'ဆရာကြီး၊ ခဏလောက်နေပါဦး၊ ကျွန်တော် တစ်ခုလောက် ပြောချင်လို့ပါ'

အဘိုးအို ရုတ်တရက် ပြန်လှည့်လာ၏။

'ကျုပ်က သိုင်းလောကအကြောင်း သိပ်မသိတော့ပေမယ့် ကျွန်လုဂိုဏ်းချုပ်ကြီး အိုယန်ထု ရဲ့ နာမည်ကိုတော့ ကောင်းကောင်းကြီး သိနေပါတယ်၊ ခင်ဗျား ဘာများ ပြောစရာရှိနေသလဲ၊ ဘာများ ညွှန်ကြားချင်သလဲ'

အိုယန်ထု က....

'ကျွန်တော် မညွှန်ကြားဝံ့ပါဘူးဗျာ၊ ဆရာကြီး အတွက် အကြံပေးချင်လို့ပါ၊

'ဘာအကြံလဲ'

အဘိုးအို၏ လေသံက ပြတ်သည်။



အိုယန်ထုံက သိမ်မွေ့စွာပင် ရှင်းပြ၏။

'အခု ကျွန်တော်တို့ရဲ့ရန်ဖြစ်နေတဲ့ ကွန်လုံဝမ်ကခေတ္တခဏ နောက်ဆုတ်သွားပြီ၊ သူ့မှာ တခြားအကြံရှိမယ်ဆိုတာ သေချာပါတယ်၊ အခု ဆရာကြီးတစ်ယောက်တည်း ဒီစက်ဝိုင်းထဲက ပြန်ထွက်ခင် ကွန်လုံဝမ်ရဲ့ တပည့်တွေနဲ့ တန်းပြီး တိုးနိုင်တယ်၊ ဆရာကြီးအတွက်မစိုးရိမ်ရပေမယ့် သမီးကလေးအတွက်တော့ စိုးရိမ်ရတယ်'

အဘိုးအို ငိုင်သွားသည်။

အိုယန်ထု၏ စကားများက မှန်ကန်နေသည်ကိုး။

'ဂိုဏ်းချုပ်ကြီးပြောတာ မှန်တယ်၊ ဒါပေမယ့် ကျုပ်က သမီးကလေးအတွက် ဆေးဖော်ရဦးမယ်၊ ဒီတစ်ခါ ဖော်စပ်တဲ့ ဆေးက ထက်မြက်ဖို့လဲ လိုတယ်၊ သစ်ဥသစ်မြစ်ရဖို့ တောကြီးတောင်ကြီးထဲ ခရီးထွက်ဦးမယ်၊ ဒီမှာကြန့်ကြာနေရင် သမီးကလေးအတွက်....'

အဘိုးအိုသည် သက်ပြင်းချ၏။

သူသည် ဤနေရာမှ အမြန်ဆုံး ထွက်ခွာပြီး ဆေးဖော် လိုနေပြီ။

အိုယန်ထု က....

'ဆရာကြီး တစ်ခုစဉ်းစားပါ၊ တကယ်လို့ ပညာရှိထန်ရှင်က အင်စိုက်ပြီး မကုရင် ဆရာကြီးရဲ့ သမီးကလေးဟာ အခု ခေ နေပါပြီ၊ အခုတော့ နောက်ထပ် သုံးရက်ကြီးများတော အသက်ရှင်နိုင်ခွင့် ရနေပြန်ပြီ'

အိုယန်ထုံက စကားကို ခေတ္တခဏ ရပ်နားပြီးမှ ဆ ပြောလေ၏၊

'ကျွန်တော် ပညာရှိထန်ရှင်နဲ့ ခေတ္တခဏလောက် တိုင်ပ ကြည့်ချင်ပါတယ်၊ ဆရာကြီး ခဏလောက် စောင့်ပါလာ

အဘိုးအိုသည် မည်သည့်စကားမျှ မပြောဘဲ တုံကျဲ့ဘာ ဆိတ်ဆိတ်နေလေ၏၊

အိုယန်ထုံသည် ထန်ရှင်၏ အနီးသို့ ချဉ်းကပ်သွား တီးတိုးမေးလေ၏၊

'နောင်ကြီးထန်ရှင်.... ကျုပ်အတွက် ရိက္ခာရှိသေးသလ ကွန်လုံဝမ် ဝင်တိုက်ရင် ကျုပ်တို့ ခံနိုင်ပါဦးမလား'

'သိပ်မရှိတော့ဘူး၊ ရေဆိုဘာ မရှိသလောက်ပဲ'

'ဒီလိုဆိုရင် ဟောဒီ ဆရာကြီး ကို ယိုက်ပွဲရင်း ဒီကစခ ထွက်ရင် ကောင်းမယ်'



'ဂိုဏ်းချုပ်ကြီး....ကျွန်တော်တို့ဟာ ဒီနေရာကလေးကို လက် မလှင်ကလေး အပိုင်စီးလိုက်နိုင်တာပါ၊ ဒီနေရာက ထွက်သွား ရင် ကွန်လုံဝမ်ရဲ့ မြက်ရိုင်းလွင်ပြင် တိုက်ပွဲဟာ အောင်မြင် သွားလိမ့်မယ်၊ သူတို့ နည်းနည်းကလေး ပေါ့ဆသွားတဲ့အတွက် ကျွန်တော်တို့ အများကြီး အခွင့်အလမ်း သာခဲ့တယ်၊ ဒီအလယ် ပေါ်မှာ သူတို့ဟာ အာဝေထောင်ချောက်မှ ပြင်ဆင်ချိန် မရလိုက် ကြဘူး၊ ဒီတစ်ညပဲ တောင့်ခံနိုင်ဖို့လိုပါတယ်၊ ဒီတစ်ည တောင့်ခံ နိုင်ရင် ကွန်လုံဝမ်ရဲ့ မြက်ရိုင်းလွင်ပြင် တိုက်ပွဲကို ကျွန်တော်တို့ နိုင်ပြီ'

အိုယန်ထုံ တိတ်ဆိတ်သွား၏၊

'ဂိုဏ်းချုပ်ကြီးအနေနဲ့ ဟိုဆရာကြီးနဲ့ သမီးကလေးအတွက် ပူနေတာ မဟုတ်လား၊ ကျွန်တော်ပါ ဝိုင်းတောင်းပန်ပေးပါ့ မယ်၊ သူလဲ နားလည်မှာပါ'

ထန်ရှင်သည် မြင်းရထားအနီးမှခွာ၍ အဘိုးအို အနီး သို့ ချဉ်းကပ်လာ၏၊

'ဆရာကြီး....ဆရာကြီးအဖို့တော့ အဆင့်မြင့်သိုင်းပညာတတ် တာတဲ့အတွက် အကြောင်းမဟုတ်ဘူး၊ သမီးကလေးအတွက် တော့ အကြောင်းဟုတ်တယ်၊ သူ့ အသက်ကလေးက မျှင်းမျှင်း ကလေးရှိနေတာ၊ နည်းနည်းပါးပါး ထိခိုက်တာနဲ့ သူသေသွား နိုင်တယ်၊ဆရာကြီး စဉ်းစားပေး၊ ကျွန်တော်တို့က သမီးကလေး အတွက် အဓိကထားပြီး ပြောတာပဲ

အတိုးအိုမှာ ချီတုံချတုံ ဖြစ်သွား၏။

အတန်ကြာမှ မိန်းကလေးကို မြက်ခင်းပေါ်သို့ အ...
အယာ ပြန်ချသည်။

'ကောင်းပြီ၊ ဒီတစ်ညတော့ ကျုပ်နေလိုက်မယ်၊ နက်...
မိုးလင်းရင်တော့ ကျုပ်သွားမယ်'

'ဒီတစ်ညပဲ အရေးကြီးတာပဲ၊ ကွန်လုံဝမ်ဟာ ကျွန်...
တို့ဆီက ထွက်လာမယ့် ကြက်တစ်ကောင်ကိုတောင် အ...
ပေးမှာမဟုတ်ဘူး၊ ဆရာကြီး သဘောတူတဲ့အတွက် ကျွန်...
အများကြီး ဝမ်းသာပါတယ်'

ထန်ရှင်သည် ဂိုဏ်းချုပ်ကြီး အိုယန်ထုံအား တီးတိုး...
သည်။

'ဂိုဏ်းချုပ်ကြီး အခုအချိန်မှာ ကျွန်တော်တို့လူတွေအ...
အားမွေးထားကြဖို့ သင့်တယ်၊ ဒါမှ....'

အိုယန်ထုံက ခေါင်းညိတ်၏။

သူ လက်ခုပ်သုံးချက်ခန့် တီးလိုက်သောအခါ ရှိရှိသ...
အားလုံးက သူ့အား ဝိုင်းကြည့်ကြလေ၏။



'ကျုပ်တို့ရဲ့ မိတ်ဆွေတွေကိုရော၊ ကျုပ်ရဲ့ တပည့်တွေကိုပါ
...မ မေတ္တာရပ်ခံချင်ပါတယ်၊ ကွန်လုံဝမ်ဟာ သူ့မြက်ရိုင်းလွင်
...ပြင် တိုက်ပွဲအစီအစဉ်ကို စနစ်တကျ ခင်းကျင်းနိုင်မယ့် အလယ်
...ကို မရတဲ့အတွက် သိပ်ဒေါသဖြစ်နေတယ်၊ ဒီနေရာကို ရရှိဖို့
...ကြိမ်ကြိမ်လဲ ကြိုးစားပြီးပြီ၊ သူတို့မရခဲ့ဘူး၊ ဒီညမှာ အလုံး
...ရင်းနဲ့ ကြိုးစားလိမ့်ဦးမယ်၊ ဒီဘစ်ကြိမ် ကြိုးစားတာကတော့
...မြက်ရိုင်းလွင်ပြင် ဗျူဟာခင်းကျင်းဖို့ မဟုတ်တော့ဘူး၊ သူ့
...ကိုတွေကို ပြန်ဆယ်တဲ့အနေနဲ့ ကျုပ်တို့ကို တိုက်ခိုက်တာပဲ
...ဖြစ်မယ်၊ ဒါကြောင့် ကွန်လုံဝမ်ကို အင်အားပြည့်ပြည့် ခုခံနိုင်ဖို့
...ပေါင်းအား လေ့ကျင့်ထားကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်'

ထန်ကွမ်းချီနှင့် ယွမ်ရှောက်တို့ပါ သဘောပေါက်ကြသဖြင့်
...ချမ်းနေဘီနှင့်အတူ သစ်ပင်တစ်ပင်အောက်၌ ထိုင်ကာ အတွင်း
...အား လေ့ကျင့်ကြတော့၏။

❁

အိုယန်ထုံသည် ထန်ရှင်အနီးသို့ ချဉ်းကပ်ပြီး....

'နောင်ကြီးလဲ သိပ်ပင်ပန်းနေပြီ၊ ခေတ္တခဏ အနားယူပါ၊
...ချိန်မှာ ကျုပ်ပဲ ကင်းသဘောမျိုး စောင့်နေလိုက်ပါ့မယ်'

ထန်ရှင်က ငြင်းရန် ဟန်ပြင်သည်။

အိုယန်ထုံက အသာအယာ တွန်းလွှတ်လိုက်၏။

'ခုအချိန်မှာ အားလုံး အနားယူသင့်တယ်၊ ဒါပေမယ့် ကျုပ်ကတော့ တခြားလူတွေလောက် မပင်ပန်းသေးတော့ ကျုပ်အနေနဲ့ ကင်းဟာဝန်ယူသင့်တယ်၊ နောင်ကြီး အနေနဲ့ တစ်မှေးလောက်တော့ အိပ်စက်သင့်ပါတယ်၊ ဒါမှ ညကျရင် ကြပ်မတ်ညွှန်ကြားနိုင်မယ်'

တန်ရှင်လည်း မငြင်းသာတော့သဖြင့် သူ့မြင်းရထားထဲသို့ ဝင်၍ အနားယူလေ၏။

ဖေကျုံးလျှန်၊ ကျက်မုဆရာတော်၊ ကျိုးတာကြည်နှင့် လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက်စလုံး တင်ပျဉ်ခွေ ထိုင်ကာ အတွင်းအား လေ့ကျင့်သည်၊

ပေါ့ကုံးပေါင်တစ်ယောက်ကိုမူ လုံးဝ ရှာမတွေ့တော့ပေ

မည်သည့်အချိန်က လစ်ထွက်ပြေးသွားမှန်း မည်သူမျှမသိ လိုက်ပေ။

နေလုံးကြီးသည် အနောက်အရပ်သို့ တဖြည်းဖြည်း နိမ့်ဆင်းလာ၏။

မြက်ရိုင်းလွင်ပြင်၏ အလှသည် လွန်စွာလှပနေ၏။

သို့ရာတွင် မည်သူမျှ ထိုဆည်းဆာ၏ အလှအပကို မခံစား နိုင်ချေ။

မကြာမီ လှပသော ညနေဆည်းဆာလည်း ပျောက်ကွယ် သွားလေတော့၏။



အမှောင်ထု တကယ်တမ်း ကြီးစိုးလာသောအခါ လမင်း ကြီး ထွက်လာ၏။

လ၏ အလင်းရောင်အောက်၌ မြက်ရိုင်းလွင်ပြင်ကြီးကို ငြိမ် သက်စွာ တွေ့ရှိနေရသည်၊

ထိုအချိန်အထိ ကွန်လုံဝမ်တို့ဘက်မှ မည်သူမှ မလှုပ်ရှား ကြပေ၊

ကွန်လုံဝမ် မလှုပ်ရှားပေ၊ သူ့ဘက်၌ ခွန်အားပြည့်ဝလေ ဖြစ်သဖြင့် အိုယန်ထုံသည် အလွန်ကျေနပ်နေမိ၏။

သို့သော်....

မကြာမီပင် သိုင်းသမားအားလုံး အတွင်းအားလေ့ကျင့် ခြင်းကို ရပ်ဆိုင်းပြီး မတ်တတ်ထလာကြ၏။

သူတို့ထလာသောအခါ မြက်ရိုင်းလွင်ပြင်ကွင်းစပ်၌ တစ်ဦး တည်းမှုပ်၍ ငေးမောနေသော ဂိုဏ်းချုပ်ကြီး အိုယန်ထုံကို အားလုံး တွေ့ကြရ၏။

အိုယန်ထုံသည် သူ့မိတ်ဆွေများ အတွင်းအား လေ့ကျင့် နေခြင်းမှ ထလာသည်ကို မတွေ့သေးပေ၊

တက်မုဆရာတော်က တိုးညင်းသော လေသံဖြင့် မှတ်ချက် ချလေ၏၊

'ဪ....ဂိုဏ်းချုပ်ကြီး အို့ယန်ထု ဟာ အင်မတန် စိတ်ဓာတ်မြင့်မြတ်တယ်၊ သိုင်းလောကကြီး တစ်ခုလုံး အေးချမ်းဖို့ ကိစ္စကိုပဲ သူအမြဲဘမ်း ရှာနေတာပဲ၊ ခုလို....'

ထက်မုဆရာမတော်၏ စကားသံအဆုံးတွင် ဂိုဏ်းချုပ်ကြီး အို့ယန်ထု သည် ကွင်းစပ်မှပြန်လျှောက်လာလျှက်ရှိနေပေ၏။

'မိတ်ဆွေတို့...အနားယူပြီးသွားကြပြီလား'

ဆန်ကွမ်းချီက....

'ဆရာကြီး....အနားယူပါဦးလား'

'ဟင့်အင်း....မယူတော့ဘူး၊ မကြာခင် ကွန်လုံဝမ် လုပ်ငန်းစတော့မယ်'

'ဘာဖြစ်လို့'

'သန်းခေါင်တိုင်ကာနီးပြီလေ'

အို့ယန်ထု ၏ စကားအဆုံးတွင် ကောင်းကင်သို့ ရှူးခနဲ တစ်စုံတစ်ခုတက်သွား၏။

မီးကျည်ပစ်၍ အချက်ပေးခြင်းသာတည်း။

ကွန်လုံဝမ်တော့ စပြီ'

'အို့ယန်ထု' ရေရွတ်လိုက်၏။



သို့သော် တစ်နာရီခန့်ကြာသည်အထိ ကွန်လုံဝမ်တို့ဘက်မှ လှုံ့ဝလှုပ်ရှားသေးပေ။

တို့ယန်ထု သည် ထန်ရှင်၏ မြင်းရထားအနီးသို့ လျှောက်သွားပြီး....

'နောင်ကြီး ကွန်လုံဝမ်တော့ မကြာခင် သူတို့လုပ်ငန်းကို စတော့မယ်'

ထိုစဉ် ယွမ်ရှောက်က အရေးတကြီး အော်လိုက်၏။

တောတွင်းသားလေး ယွမ်ရှောက်၏ မျက်လုံးများသည် သိုင်းသမားအားလုံးထက် ပို၍ အမြင်သန်ပေသည်။

'ဒီကို တစ်ယောက်ယောက် ပြေးလာနေပြီ၊ အားလုံးသတိထားကြ'

တို့ယန်ထုံက....

'မိတ်ဆွေလား၊ ရန်သူလား မသိနိုင်ဘူး'

ထန်ရှင်က မှတ်ချက်ချ၏။

'မိတ်ဆွေတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မိတ်ဆွေကလေးဆက်ပြီး ကြည့်စမ်းပါ၊ သူ့ဆီမှာ ဘာထူးခြားချက်တွေ့သလဲ'

ယွမ်ရှောက်က....

'မီးခိုးလုံးတွေလိုလို တွေ့ရပါတယ်'

'ဒီလိုဆိုရင် ဒီလူ ကျွင်တို့နား မရောက်အောင် အဝေးက နေ လှမ်းဘားလိုက်ပါ၊ ဒီလူ ကျုပ်တို့ကို ဒုက္ခပေးတော့မယ်'

ထန်းရှင်၏ အရေးတကြီး အော်သံကြောင့် ဝါစဥ်ကြီးသိုင်း သမားကြီးများ ပျာယာခတ်သွားၾ၏။

ရုတ်တရက် ဘာလုပ်၍ ဘာကိုင်ရမည်မှန်း မသိတော့ပေ။

⁂

ထိုစဥ် သူတို့အနီးမှ ဝိုးခနဲ အော်မြည်၍ လှံတစ်ချောင်း ပြေးထွက်သွားၾ၏။

'အား'

အားသွန်ဘာရေ လျှင်မြန်စွာ ပြေးထွက်သွားသည့် လှံတံသည် အဝေးမှ ပြေးလာသည့် ရန်သူအား တည့်တည့်မတ်မတ်ကြီး ထိမှန်သွားသည်။

'ဒုန်း'

'ဖုန်း'

'ဗိုင်း...ဗိုင်း...ဗိုင်း'



ယမ်းထုပ် ပေါက်ကွဲသံများသည် မြက်ခိုင်းလွင်ပြင်တစ်ခု လုံးသိမ့်သိမ့်ညံသွားစေသည်။

အသံများသည် တော်တော်နှင့် မစဲတော့ပေ။

ထန်းရှင်က သက်ပြင်းချသည်။

'ကျွန်လုံဝမ်ရဲ့ ရက်စက်ပုံကို ကြည့်ပါတော့၊ လူ့ အသက် ဟာစ်ချောင်းကို လုံးဝတန်ဖိုးမထားဘူး၊ ယမ်းထုပ်တွေကို သူ့ ခန္ဓာကိုယ်မှာချည်ပြီး ကျုပ်တို့အုပ်စုထဲပြေးဝင်ခိုင်းတယ်၊ အဲဒီ လူတော့ တကယ်ကံဆိုးရှာတာပါပဲ'

သိုင်းသမားအားလုံး အံ့ဩလွန်းသဖြင့် စကားမပြော ကြတော့ပေ။

သေးတွင်းသားကလေး ယွမ်ရှောက်မှာမူ တစ်သက်နှင့် တစ်ကိုယ် မမြင်ဘူးမကြားဘူးသောအရာများကို တွေ့မြင်နေရ သဖြင့် မျက်လုံးကလေးများဝိုင်း၍ ကြည့်နေမိတော့မည်။

မီးခိုးငွေ့များကင်းစင်သွားသောအခါ ထိုနေရာသို့ အကြို စိမ်းဝတ်ဆင်သည့် သမားတော် အတိုးအိုမှတစ်ပါး အားလုံး သွားရောက် စစ်ဆေးကြသည်။

ယမ်းထုပ်များ အချည်နှောင်ခံရသည့်သိုင်းသမား၏ ခန္ဓာ ကိုယ်မှာ လုံးဝမရှိတော့ပေ။

လူအားလုံးသည် ထန်းရှင်အား ကျေးဇူးတင်ကြသည်။

ထန်ရှင်က....

'ကွန်လုံဝမ် တစ်ချက်ပဲမှားသွားတာပါ၊ သူ့ခန္ဓာကိုယ်က မီးခိုးထွက်မနေဘူးဆိုရင် ကျွန်တော်လဲ ရိပ်မိမှာမဟုတ်ဘူး'

အို့ယန်ထုံက နိုင်ချစ်နော်အား လက်နှင်ဖက် ဆုပ်ကာ ဂါရဝပြုလေ၏၊

'မိန်းကလေးလျှင်မြန်ပေလို့သာပဲ၊ ကျုပ်တို့အားလုံး ဘာလုပ်ရမှန်းမသိတဲ့ဖြစ်နေတုန်း မိန်းကလေးကူညီလိုက်လို့ ခုလိုအားလုံး အသက်ဘေးက ကင်းလွတ်ကြရတယ်'

အချို့ သိုင်းသမားကြီးများသည် ထိုလှံတံကို မည်သူက ပစ်ခတ်လိုက်မှန်းမသိပေ၊

အို့ယန်ထုံ ပြောလိုက်သည့်အခါမှ လှံတံပစ်လွှတ်သူမှာ နိုင်ချစ်နော်ဖြစ်ကြောင်း သိရှိရတော့သည်၊

'ကိစ္စမရှိပါဘူး ဂိုဏ်းချုပ်ကြီး၊ ကျွန်မတို့ကိုလဲ ဂိုဏ်းချုပ်ကြီးက ကယ်ဆယ်ထားတာပဲ၊ ကျွန်မ လုပ်လိုက်တဲ့ အပြုအမူကလေးကို ကျေးဇူးလို့မခေါ်နိုင်ပါဘူး၊ ကျေးဇူးလို့ အမှတ်မထားပါနဲ့'

နိုင်ချစ်နော်သည် အို့ယန်ထုံအား ပြောနေရာမှ ပညာရှိ ထန်ရှင်တာက်သို့လှည့်၍ ပြောသည်၊



'ဆရာကြီး....ကျွန်မသိသလောက်ပြောရရင် ဂိုဏ်းချုပ်ကြီးကွန်လုံဝမ်ရဲ့လုပ်ငန်းတွေမှာ မအောင်မြင်တဲ့လုပ်ငန်းမရှိပါဘူး၊ ဘယ်ရှိမလဲ၊ သူက တစ်ခါမအောင်မြင်ရင် နောက်တစ်ခါ နှစ်ခါ သုံးခါ စသဖြင့် ထပ်ခါထပ်လုပ်တယ်၊ အောင်မြင်သည် အထိ အကြိမ်ကြိမ် ကြိုးစားတယ်၊ သူ့ဆီမှာ လူဘက်ကထက် ထူးချွန်တဲ့ ဉာဏ်စွမ်း၊ ထူးကဲတဲ့သတ္တိရှိတယ်၊ သူ့အဆိုးဆုံးကိစ္စကတော့ သူ့ကိစ္စအောင်မြင်ဖို့ဆိုရင် ဘာမဆိုရက်ရက်စက်စက်လုပ်တတ်တာပဲ၊ သူဘယ်လောက်ရက်စက်တယ်ဆိုတာကိုတော့ ကျွန်မစာဖွဲ့ပြဖို့ မလိုတော့ဘူးလို့ ထင်ပါတယ်၊ ဆရာကြီးတို့ မျက်မြင်ပဲ'

နိုင်ချစ်နော်သည် ယခင်ကဘုန်လုဂိုဏ်း၏ ရန်သူတော်ကြီး ဖြစ်ခဲ့၏၊

သို့သော် ဆန့်ကွမ်းချိရှင်းပြခဲ့သည့်အချက်များနှင့် အဆိပ်မိခဲ့သည့် သက်သေအထောက်အထား များကိုကြည့်ပြီး ဤ မိန်းကလေးသည် ဓမ်ဂိုဏ်းတည်း ဟူသော မကောင်းဆိုးဝါး ဂိုဏ်း၏ ပြင်ပသို့ရောက်နေပြီဖြစ်သည်ကို ဂိုဏ်းချုပ်ကြီးအို့ယန်ထုံနှင့် ပညာရှိထန်ရှင်တို့က ကောင်းစွာယုံကြည်ကြ၏၊

နိုင်ချစ်နော်က....

'အခု လူ့ခန္ဓာကိုယ်မှာ ယမ်းထုပ်တွေချိုပိုးပြီး ဒီထဲကိုလွှတ်လိုက်တာဟာ သူ့ နောက်ဆုံးအစီအစဉ် ဖြစ်မယ်မထင်ဘူး၊ နောက်ထပ်အစီအစဉ် ရှိလိမ့်ဦးမယ်'

ဂိုဏ်းချုပ်ကြီးတို့ယန်ထုံက ဦးညွှတ် ဂါရဝပြုလိုက်ခဲ့လေ…

'ကျေးဇူးတင်ပါတယ် မိန်းကလေး၊ ကျုပ်နဲ့ နေ့ခင်းကြီ… ထန်ရှင် ထပ်ပြီးတိုင်ပင်ပါဦးမယ်'

နိုင်ချစ်နော်သည် ဆန်ကွမ်းချီနှင့် ယွမ်ရှောက်တို့ အနီး… ဆုတ်ခွာသွားပြီး သွားရောက် အနားယူလိုက်သည်။

ထန်ရှင်က အင်္ကျီစိမ်း ဝတ်ဆင်ထားသည့် အဘိုးအိုအ… လှမ်းပြောသည်၊

'ဆရာကြီး....တိုက်ပွဲအခြေအနေက ဘယ်လိုဖြစ်လာမယ်မှန်… မသိဘူး၊ဆရာကြီးရဲ့သမီးလေးကို ကျွန်တော့်မြင်းရထားထဲမှ… ခေါ်ထည့်ထားပါ၊ မြင်းလှည်းက လုံခြုံပါတယ်'

အဘိုးကြီးသည် ခေတ္တခဏ စဉ်းစားပြီး သူ့ သမီးအာ… မြင်းရထားအတွင်းထည့်ထားလိုက်၏။

ဂိုဏ်းချုပ်ကြီးတို့ယန်ထုံ၊ ထန်ရှင်၊ တက်မုဆရာတော်… ဖေကုံးလျှန်တို့သည် ကွန်လုံဝမ်က နောက်ထပ် မည်သို့တိုက်… ဆင်လာနိုင်သည်ကို ခေါင်းချင်းရိုက် ဆွေးနွေးကြလေသည်။

✿



ထန်ရှင်က....

'ကျွန်တော် စိတ်ထင်တော့ ကွန်လုံဝမ်နောက်ဆုံးလုပ်နိုင်တဲ့ အလုပ်ဟာ ဒီမြက်ရိုင်းလွင်ပြင်ကြီး တစ်ခုလုံးကို မီးနဲ့ရှို့တဲ့ အလုပ်သဲလုပ်နိုင်မယ်၊ ကျွန်တော်တို့ရဲ့ကျောဘက်မှာ ထောင်ချောက်တွေ ဆင်ပြီးပြီ ဆိုရင်တော့ သူဟာ ဘာပဲ ဖြစ်ဖြစ် နောက်ဆုံး မီးပင်လယ်ဖြစ်အောင် လုပ်တော့မှာပဲ'

ထိုစဉ် ထန်ရှင်၏မြင်းရထား၌ တပ်ဆင်ထားသည့်မြင်းကြီးများသည် ထူးဆန်း အံ့သြဖွယ်ကောင်းအောင် ဟီကြလေတော့၏။

ပတတ်ချပ် ခုန်ပေါက်ခြင်းလည်း ပြုကြသည်၊

ထန်ရှင် မျက်မှောင်ကြုတ်၍ စဉ်းစားနေ၏၊

ထို့နောက် တီးတိုးပြောသည်၊

'ဒါဟာ ထူးခြားတဲ့သဘာဝအန္တရာယ်တစ်ခုခုဖြစ်လိမ့်မယ်'

တို့ယန်ထုံသည် ထန်ရှင်ပြောသည့် သဘာဝ အန္တရာယ် တစ်ခုခုဆိုသည်ကို စဉ်းစား၍မရပေ၊

'နောင်ကြီးထန်ရှင်....မီးဘေးအန္တရာယ်လား'

'မီးဘေးတော့ မဖြစ်နိုင်ဘူး၊ မီးဆိုရင် ကျွန်တော်တို့ မြင်ရမှာပေါ့၊ မီးရောင် လုံးဝမှ မတွေ့ရဘဲ'

မကြာမီ မည်သည့်ဘေးရန် ဖြစ်သည်ကို သူတို့အား ရိပ်မိကြတော့သည်။

ထရှဲ ရှဲ မြည်သံများသည် မြွေတွန်သံများ ဖြစ်နေသည် သက်သေပြနေကြသည် မဟုတ်ပါလော။

ထန်ရှင်က အရေးတကြီး ညွှန်ကြားလေ၏။

'ကျီးတာကြည်...မြင်းရထားက မြင်းတွေကို ကြိုးဖြုတ်ပေး လိုက်၊ လွတ်ရာကျွတ်ရာကို ပြေးပါစေ'

ကျီးတာကြည်က အလန့်တကြား ပြန်ပြော၏။

'မြင်းတွေမရှိမှတော့ ဆရာကြီးရဲ့ မြင်းရထား ဘာအသုံး တော့မှာလဲ'

'ထားလိုက်စမ်းပါ၊ ငါပြောသလိုသာ လုပ်စမ်းပါ၊ မြင်း တွေကို မြန်မြန်လွှတ်လိုက်ပါ၊ သူတို့ ဒုက္ခရောက်ရင် ငါတို့ ဘာမှကယ်နိုင်မှာ မဟုတ်ဘူး'

ကျီးတာကြည်မှာ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံအား လှမ်း ကြည့်၏။

'ကျီးတာကြည်.... နောင်ကြီးထန်ရှင် အမိန့်ပေးနေတာ လုပ်လိုက်ပါ၊ နောင်ကြီးဟာ အဓိပ္ပာယ်မရှိရင် မင်းကို ဘာ ခိုင်းမှာမဟုတ်ဘူး'



ကျီးတာကြည်သည် ကပန်းကတန်းထ၍ မြင်းများကို ကြိုး ဖြုတ်ပေးလိုက်၏။

မြင်းကြီးများသည် နောက်ကျော သစ်တောဘက်သို့ တစ် ဟုန်ထိုး ပြေးထွက်သွားလေတော့၏။

❋

ဖေကျုံးလျှန်က....

'နောင်ကြီးထန်ရှင်၊ အခု ကျုပ်တို့ ဘာလုပ်ထားသင့်သလဲ'

ထန်ရှင်က...

'ဓားတွေကို အဆင်သင့် ထုတ်ထားရမယ်၊ နောက်တစ်ခုက တားလမ်းတစ်ခုကို အမြန်ဆုံး လုပ်သင့်တယ်'

'မြွေတွေရောက်လာရင် ဘယ့်နှယ်လုပ်မလဲ'

'မြွေတွေရောက်မလာခင် အချိန်လုပြီး လုပ်ရမှာပေါ့၊ ဇီလူစု ရှိရင် မီးတားလမ်းတစ်ခု အမြန်ဆုံး လုပ်နိုင်ပါတယ်'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက တက်မုဆရာတော်ကို အားနာ ပါးနာ လှမ်းကြည့်၏။

ဆရာဘော်က ရယ်သည်၊

'ဂိုဏ်းချုပ်ကြီး....ဘာမှ အားမနာပါနဲ့၊ အားလုံးဟာ လောကကြီးတစ်ခုလုံး ကောင်းကျိုးဖြစ်ရေးအတွက် အလုပ် နေကြတာပဲ၊ မီးတားလမ်း ဖောက်ရတဲ့အတွက် ဘာမှ သိ မကျပါဘူး'

ထိုအချိန်မှာပင် ဆန်ကွမ်းချီ၊ ယွမ်ရှောက်နှင့် နိုင်ချစ် တို့ ခုန်ဝင်လာကြ၏၊

ဆန်ကွမ်းချီက အို့ယန်ထုံအား ဂါရဝပြုပြီး ပြောသ

'ဆရာကြီး....ကျွန်တော်တို့ကိုလဲ ခိုင်းပါ၊ တတ်နိုင်သမျှ ပါရစေ'

'မောင်တို့ ကြားတဲ့အတိုင်းပါပဲ၊ မီးတားလမ်းတစ်ခု

'စိတ်ချပါ ဆရာကြီး'

ဆန်ကွမ်းချီ၊ ယွမ်ရှောက်နှင့် နိုင်ချစ်နော်တို့ မီးတားလမ်း ဖောက်ကြသည်နှင့် ကျန်သိုင်းသမားကြီး အားလုံး အား မာန်တက် ဝင်ရောက်ကူညီကြသည်၊

မင်းတာတ်ချပ်၍ ကြည့်နေသူဆို၍ ပညာရှိထန်ရှင်နှင့် အ စိမ်းဝတ် အဘိုးအိုတို့သာ ရှိပေသည်၊



ရှင်က ဆော်ဩသည်၊

'ကျွန်ုပ်ပါးကြ မိတ်ဆွေတို့၊ မြန်လေကောင်းလေပဲ'

ရှင် အဘယ်ကြောင့် ဤသို့ဆော်ဩနေသည်ကို မီးတား ဖောက်လုပ်နေသူ အားလုံး သိရှိကြ၏၊

အဘယ်ကြောင့်ဆိုသော် သူတို့ကိုယ်တိုင် မြွေတွန်သံများကို ကပ်စွာ ကြားလာကြရသောကြောင့် ဖြစ်ပေသည်၊

ဂါရင့်သိုင်းဆရာကြီးများနှင့် သိုင်းပညာထက်မြက်သည့်သိုင်း သမားများ၏ကောင်းများ တစ်စုတစည်းတည်း ညီညီညွတ်ညွတ် ကြခြင်းဖြစ်၍ မြွေများရောက်ရှိမလာမီမှာပင် မီးတားလမ်း ဖောက်လုပ် ပြီးစီးသွားလေ၏၊

အို့ယန်ထုံက သက်ပြင်းချသည်၊

'ဟင်း....တော်သေးရဲ့၊ မြွေတွေရောက်လာတော့မှ မီးတား လမ်းဖောက်ဖို့ ကြံလာရင် ဘယ်လိုမှ လုပ်နိုင်မှာ မဟုတ်ဘူး၊ ပြုန်သံတွေကလဲ များပါ့ကွာ၊ ဘယ်နှစ်ကောင်များ ကွန်လို က လွှတ်လိုက်သလဲ မသိပါဘူး'

ကျိုးတာကြည်က ခေါင်းနှစ်လက်ကို တရှမ်းရှမ်း ဝှေ့ယမ်း ပြုင်....

'ဂိုဏ်းချုပ်ကြီး....ကျွန်လုံ ဝပ်လွှတ်ရင် အများဆုံး အ
တစ်ရာပေ! ခင်ဗျာ၊ တစ်ရာလောက်တော့...'

ကျီးတာကြည်၏ စကားမဆုံးမီ အိုယန်ထုံက
သတိပေးလေ၏။

'ကျီးတာကြည်....မီးပုံဘစ်ပုံလောက် အမြန်လုပ်စမ်း
တွေကို ရှို့ဖို့ မဟုတ်ဘူး၊ မြွေတွေ ဘယ်လောက်ဖျား
ဆိုတာ မြင်နိုင်အောင်ပေါ့'

ကျီးတာကြည်သည် သစ်ကိုင်းခြောက်များကို အမြ
ရှာဖွေ၍ စုပုံသည်။

ယွမ်ရှောက်က ကျီးတာကြည်အား တောင်းစွာ အကူ
ပေး၏။

ထင်းခြောက်၊ သစ်ကိုင်းခြောက်များ စုပုံပြီးသော
ထန်ရွှင်က မီးခြစ်ယူလာပြီး မီးရှို့ပေးလိုက်၏။

'ဂိုဏ်းချုပ်ကြီးရဲ့ အကြံဉာဏ် သိပ်ကောင်းပါတယ်
လရောင်ကလေးနဲ့ မြွေတွေကို အသေအချာ မြင်နိုင်
နောက်ပြီး မြွေဟာ မီးကိုလဲ ကြောက်တယ်၊ ဘာပဲဖြ
မီးပုံကြီးဟာ ကျွန်တော်တို့အတွက် အသုံးဝင်မှာ သေချာတ



ပုံကြီး၊ မီးစတင်တောက်လောင်သည့် အချိန်မှာပင် ကျွန်
၏ မြွေများသည် အိုယန်ထုံတို့ထံသို့ စတင်ရောက်ရှိလာ
။

ကျီးတာကြည်၏ အထင် မှားသွားကြောင်း အားလုံးပင်
ကြရသည်။

များပြားလှသည့် မြွေအုပ်ကြီးသည် ကောင်ရေ ထောင်
ကျော်မျှရှိမည်ဟု အားလုံး တွေ့ကြရသောကြောင့်တည်း။

ကာကယ်တမ်း ရေတွက်လျှင် ထောင်ကျော်မျှမက ရှိချင်
ပေလိမ့်ဦးမည်။

❖

## အခန်း (၁၀၁)

### နေအောင်မြင်သော တိုက်ပွဲ

ထိုယုံတုံက အော်ဟာစ်၍ အမိန့်ပေးလိုက်၏၊

'ဤမြေတွေဟာ အင်မတန် အဆိပ်ပြင်းတဲ့ အဆိပ်မြွေတွေ ဖြစ်တယ်၊ မညာနဲ့ ခုတ်ကြသတ်ကြ'

သိုင်းပညာ တတ်မြောက်ထားကြသည့် ဝါရင့် သိုင်းသမားကြီးများသည် အဆက်မပြတ် ချီတက်လာသော မြွေအုပ်ကြီးကို ကျွံ"ကျွံ"း တဝှစ်ဝှစ်ဖြင့် သတ်ဖြတ်ရတော့သည်။

ကိုယန်ထုံသည် ကျီးတာကြည်အား အမိန့်ပေးသည်၊

'ကျီးတာကြည်၊ နောင်ကြီးထန်ရှင်နား မြွေတွေ မကပ်အောင် ဘေးနားက ကူညီစမ်း'

'စိတ်ချပါ ဂိုဏ်းချုပ်ကြီး'

လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက်တို့သည် ပါကွာဗျူ…
ကို ပြန်ခင်းကြပြန်သည်။

ဇက်ရာရသူ နှစ်ယောက်အည် အပြည့်အဝ လှုပ်ရှားခြ…
မပြုနိုင်သော်လည်း ပါကွာနည်းကိုမူ အကွက်လည်အောင် ပြ…
ပေးနိုင်စွမ်း ရှိသည်။

သည်တစ်ကြိမ် ပါကွာနည်း၏ ခုခံမှုမှာ မြေရန်ဖွယ်ကို ခု…
ကာကွယ်ကြခြင်းသာ ဖြစ်တော့သည်။

နိုင်ချစ်နေဘ်သည် မြေများကို ခုခံကာကွယ်ရင်း ပညာ…
ထန်ရှင်အနီးသို့ ချဉ်းကပ်လာ၏။

'ဆရာကြီး'

'မိန်းကလေး၊ ဘာပြောချင်လို့လဲ'

'ဆရာကြီး တစ်ခု စဉ်းစားမိသလားမသိဘူး၊ အခုနေ ကွ…
လုံဝမ်က လေးသမားတွေကို မြားနဲ့ပစ်ဖို့ အမိန့်ပေးရင် ကျွန်…
တို့ ကောင်းကောင်းကြီး ဒုက္ခရောက်နိုင်ပါတယ်'

'ဟုတ်တယ်၊ ကျုပ်လဲ့ အဲဒါကို စဉ်းစားနေဘယ်၊ မိန်း…
ကလေးမှာ ဘာအကြံဉာဏ်များ ရှိသလဲ'

နိုင်ချစ်နေဘ် တုံ့ဆိုင်းသွားသည်။



'အကြမ်းကို အကြမ်းနည်းနဲ့ ကုံ့ပြန်ဖို့ပဲ ရှိတယ်'

'ဘယ်လို အကြမ်းနည်းလဲ'

'မီးနဲ့ ပြန်တိုက်ဖို့လေ'

ထန်ရှင်သည် ဤနည်းကို မစဉ်းစားဘဲနေသည် မဟုတ်ပေ။
စဉ်းစားမိသည်သာ ဖြစ်၏။

ဤသို့ မီးနှင့်တိုက်လျှင် ကွန်လုံဝမ်၏ ရှေ့တန်းတပ်သား
…သာမက သူတို့အား တိုက်ခိုက်ခြင်းမရှိဘဲ ဝန်းရံ စောင့်
…ပ်နေသည့် နောက်တန်းတပ်သားများလည်း အများအပြား
…ဆုံးနိုင်ပေသည်။

…အနေဖြင့်နောက်တန်းတပ်သားများ အချည်းအနှီး သေ
…ရမည်ကို မလိုလားပေ။

…သော်….

ယခု နိုင်ချစ်နေဘ်ပြောသည့် အခြေအနေ ရောက်လာပါက
…ကိုခုခံနေသူများသည် မြားဒဏ်ကြောင့် သေဆုံးကြရပေ
…မည်။

…ကိုရော၊ မြားဒဏ်ကိုပါ တစ်ပြိုင်နက် ခုခံနိုင်လိမ့်မည်
…ဟုတ်ပေ။

မီးတိုက်သည့်ကိစ္စကို စဉ်းစားပြန်လျှင်လည်း ငါတို့က နှင့် မတိုက်ပါက ကွန်လုံဝမ်က တိုက်ချင်တိုက်ပေလိမ့်မည်

ထန်ရှင်က ခေါင်းညိတ်၏။

'ကောင်းပြီ မိန်းကလေး ကျေးဇူးပြုပြီး မီးပုံထဲက ဝ တွေ ထင်းချောင်းတွေကို မီးတားလမ်းအထက်ကို ပစ်ပေး စောစောက မီးတားလမ်းဖောက်သွားတာ ကျုပ်တို့အတ သတော်ကလေး ဟန်ကျသွားတယ်'

နိုင်ချစ်နေဘ်သည် မြွေများကို ခုခံရင်း မီးပုံကြီးအနီး ဆုတ်သွား၏။

မီးပုံကြီးမှာ တဟဲဟဲ တောက်လောင်နေသည်။

နိုင်ချစ်နေဘ်သည့် မီးစများကို ဆွဲထုတ်ပြီး မီးတားလ အထက်ရှိ မြက်ပင်များ၊ ချုံပုတ်များဆီသို့ ပစ်သွင်းလိုက်

မကြာမီ မီးရှိန်ရလျက် တဟဲဟဲ တောက်လောင်စပြုလ သည်။

မီးအပူရှိန်ကြောင့် မြွေများလည်း နောက်ဆုတ်သွားကြ သည်။



ထို ယန်ထုံက မြွေများ ဆုတ်ခွာသွားသည်ကို တွေ့လိုက်ရ မြင့် လှမ်းအော်ချီးကျူးလိုက်သည်။

'ဒီအကြံ သိပ်ကောင်းတယ်၊ ခဲတစ်လုံးတည်းနဲ့ ငှက်နှစ် ကောင်ပစ်လိုက်တာပဲ၊ မြွေကိုနိုင်တာ မီးပဲ'

မီးရှိန်များလာသည်နှင့်အမျှ မြွေများ ဆုတ်ပြေးသော်အခါ လိုင်လမားအားလုံး သက်ပြင်းချမိကြ၏။

ထိုစဉ် ကျိုးတာကြည်၏ ကြိမ်းမောင်းသံကို ကြားလိုက်ရ သည်။

'ကွန်လုံဝမ်လောက် သတ္တိမရှိတဲ့လူဟာ ဒီလောကမှာ မရှိ ဘူး၊ သူမို့ လို့မြွေနဲ့တိုက်တယ်၊ ဒီတစ်ခါ ကျုပ်မသေသေးရင် တော့ ကွန်လုံဝမ်နဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းလိုက်ဦးမယ်'

နိုင်ချစ်နေဘ်သည် ထန်ရှင်အား တီးတိုးလှည့်၍ပြော၏။

'ဆရာကြီး သူ့လေသံ နားထောင်ရတာ မြွေကိုက်ခံရပြီလို့ ထင်မိတယ်၊ မြွေကိုက်ခံရရင်တော့ ဖြေဆေး ကျွန်မဆီမှာ ရှိပါ တယ်'

ထန်ရှင်က လှမ်းမေး၏။

'ကျိုးတာကြည်၊ မင်း မြွေကိုက်ခံရသလား'

'ဟုတ်ကဲ့၊ အဆိပ်မပြန့်အောင်တော့ ဆေးကြောခဲ့ပါ
ထားပါတယ်'

'ဒီကိုမြန်မြန်လာ၊ စစ်ဆေးကြည့်ရအောင်'

ကျီးတာကြည်မှာ ထန်ရှင့်အနီးသို့ ရောက်လာ၏။

နိုင်ချစ်နေဒ်က မြွေကိုက်သည့်နေရာကို ခါးနှင့်ခွဲပြီး သွေး
များ ညှစ်ထုတ်၏။

ထို့နောက် ဆေးလုံးတစ်လုံး ထုတ်၏။

'ဒီဆေးလုံးက မြွေဆိပ်ဖြေတဲ့ နေရာမှာ သိပ်အစွမ်းထက်
တယ်'

ကျီးတာကြည်သည် မည်သို့မျှစောဒကတက်မနေတော့ပေ။

ဆေးလုံးကို ပါးစပ်ထဲပစ်သွင်းပြီး မျိုချလိုက်၏။

ထိုတခဏ်အတွင်းမှာပင် အရာဝတ္ထုများလေဘိုးသည့်အသံ
ကို တရှီးရှီးကြားလိုက်ရသည်။

'ဝါ မြားတွေ လေကိုခွင်းလာတဲ့အသံပဲ'



တက်မုထရာတော်က မှတ်ချက်ချပြီး သူ့ခါးကိုတဝှီးဝှီး
ဝှေ့ယမ်းလေတော့၏။

မှန်သည်။

တက်မုဆရာတော်မြွက်ကြားသည့်အတိုင်းပင် ကွန်လုံဝမ်၏
ကျက်ရွှေးစငဲလေးသည်တော်မျှားက ပစ်ခွင်းလိုက်သည့်မြားတံ
များပင်ဖြစ် ပေတော့သည်။

✿

သိုင်းသမား အားလုံးသည် သူတို့၏ခါးများကို ကိုယ်စီ
ဝှေ့ယမ်းလျက် တစ်ကိုယ်လုံးကို ကာကွယ်ထားကြရသည်။

ခါးစက်ဝိုင်းထဲဝင်လာသည့် မြားမှန်သမျှ အားလုံးကျိုးပဲ့
ပျက်စီးကုန်သည်သာ။

ထန်ရှင်က....

'ဟိုမိန်းကလေးပြောတာ သိပ်မှန်တယ်၊ မြွေတွေကိုသာ
ဒီနေ့တိုက်မလွှတ်ရင် အခုဆို ကျွန်တော်တို့အားလုံး ဗုက္ခရောက်
နေပြီ'

ထို့ယန်တုံသည် ထန်ရှင်အားမြားမခအောင်ကာကွယ်ပေး
ရင်း ရထားအတွင်းသို့ ဝင်ခိုင်းလိုက်ရသည်။

မြင်းရထားတံခါးများ ပိတ်လိုက်သောအခါ ထန်ရှင်ခက်ရာရထားသည့်အတိုင်းအိမ် သမီးကလေးလိုခြံစေးမှာလ
စိတ်ချသွားရတော့၏။

ထန်ရှင်က မြင်းရထားထဲမှ လှမ်းအော်ပြောသည်၊

'အားလုံး ကိုယ့်ကိုယ်ကို ဂရုစိုက်ကာကွယ်ကြပါ၊ မ
ခင် ဒီမြားတွေ ရပ်သွားမှာ သေချာပါတယ်'

အိုယန်ထုံက ပြန်မေး၏၊

'ဘာကြောင့်လဲ နောင်ကြီးထန်ရှင်'

'မီးလေ၊ ကျွန်တော်တို့ရှို့လိုက်တဲ့မီးတွေ အခုဆိုကွင်းဝ
လောက် ရောက်နေရောပေါ့'

အိုယန်ထုံတို့ လှမ်းကြည့်လိုက်သောအခါ မြစ်ရိုင်းလွ
ပြင်ကို ဝါးမျိုနေသည့် မီးတောက်မီးလျှံတို့မှာ တဟဲဟဲ မြ
ဟည်းလျက် လျင်မြန်စွာလောင်ကျွမ်းသွားနေသည်ကိုတွေ့လို
ကြရသည်၊

အိုယန်ထုံက....

'နောင်ကြီးထန်ရှင်၊ ဒီမီးကိုသူတို့ရှောင်နိုင်မယ်နဲ့ တူတယ်'

ထန်ရှင်က မြင်းရထားထဲမှ ပြောသည်၊



မရှောင်နိုင်ပါဘူး၊ ကွန်လုံဝမ်ဟာ ဒီလွင်ပြင်ကို ထောင်
ချောက်ဆင်ဖို့ လောင်စာတွေယမ်းထုပ်တွေ ယူလာမှာသေချာ
ပါ၊ သူတို့ဘစ်တွေ မသေသေးဘူး ဆိုရင်တောင် အတော်
လေးရုက္ခရောက်မှာတော့ သေချာပါတယ်'.

ထန်ရှင်နိမိတ်ဖတ်သည့်အတိုင်းပင်/ တရှူးရှူး တဗွီးဗွီး
ဝင်လာသည့် မြားတံများ အပစ်ရပ်သွားသည်၊

ယွတ်ကိုက်ကောင်းသည့်အချက်မှာ မီးတားလမ်းဖောက်ထား
ခြင်းပင်ဖြစ်သည်၊

မီးတားလမ်း ဖောက်ထားသည့်အတွက် မီးရှို့လိုက်သော
အခါ မီးသည် ကွန်လုံဝမ်တို့ရှိရာဘက်သို့တစ်ရှိန်ထိုး တိုးလောင်
တော့သည်၊

အိုယန်ထုံသည် လက်ထဲမှဓားကို မြေပြင်၌ပစ်စိုက်လိုက်၏၊
ဝါးမထောက်ပြီး ကောင်းကင်ကြီးကို မော့ကြည့်မိသည်၊
မီးရောင်ကြောင့် ကောင်းကင်ကြီးတစ်ခုလုံး နီရဲနေသည်၊

ထန်ရှင်က အိုယန်ထုံအနီးသို့ကပ်လာပြီး....

'ကိုက်ချုပ်ကြီး၊ ကွန်လုံဝမ်ရဲ့မြက်ရိုင်းလွင်ပြင်တိုက်ပွဲတော့
နီဂုံးချုပ်သွားပါပြီ၊ သူဟာ ကျွန်တော်တို့ကို ပိုပြီး
ကြိုကြိုလဲ သေချာသွားပါပြီ'

အိုယန်ထုံက ဦးခေါင်းကို လေးပင်စွာ ညိတ်ပြရှာ

ကျန်လုံ၀မ်ဆိုရန် အားချမ်းသွားပြီကို သိလိုက်ရ
အဘိုးအိုက တစ်ခန်းထလာတော့သည်။

❁

'ကဲ...မိုးလဲလင်းတော့မယ်၊ မြင်းရထားတံခါး ဖွင့်
ပါ၊ ကျုပ်သမီးကိုခေါ်ပြီး ခရီးဆက်တော့မယ်'

ထန်ရှင်က ကပျာကယာပြေး၍ တံခါးဖွင့်ပေးရသည်။

အိုယန်ထုံမှာ ပြုံးပင်ပြုံးမိသွားသည်။

ထန်ရှင်သည် မည်သည့်အခါကမျှ မာနကြီးခဲ့သူ မ
ချေ။

အဘိုးအိုသည် ထန်ရှင်ကို အထင်သေးကောင်း သေး
မည်ဟု အိုယန်ထုံ တွေးနေ၏။

အဘိုးအိုသည် မြင်းရထားအတွင်းမှ သမီးဖြစ်သူကို ပွေ့
ထုတ်ယူလာပြီးနောက် အိုယန်ထုံနှင့် ထန်ရှင်တို့အားတစ်
စ် ကြည့်ပြီးပြော၏။



'ကျုပ်တာ လူများကို ဘယ်တုန်းကမှ ကျေးဇူးတင်စကား
မပြောဖူးဘူး၊ ဒါပေမယ့် ခင်ဗျားတို့ကိုတော့ ကျေးဇူးတင်
ကြောင်း ပြောခဲ့ပါတယ်၊ နောင်တစ်နေ့အခွင့်ကြုံရင် ကျေးဇူးကို
ဆပ်ပါ့မယ်'

စကားဆုံးသောအခါ အဘိုးအိုသည် ခုန်ထွက် ပြေးသွား
လေ၏။

ထန်ရှင်က ရယ်ပြီး....

'ဒီအဘိုးကြီးဟာ လူ့လောက သိုင်းလောကနဲ့ ကင်းပြတ်နေ
ပုံရတယ်၊ လူပြောလိုက်တဲ့သမျှစကားလုံးတွေဟာ လုံးဝချိုသာမှု
မရှိဘူး'

'ဒီအဘိုးအိုဟာ အများက ပြောနေကြတဲ့ တောင်ပိုင်း
ဂိုဏ်းဆိုမျှားလား မသိဘူး'

အိုယန်ထုံက မှန်းဆြဖြင့် ပြောသည်။

ဖော့ကျ့လျှန်က ဝင်၍ထောက်ခံ၏။

'ကျုပ်လဲ ဒီလိုပဲထင်ပါတယ်'

ထန်ရှင်က...

'ကဲ...ဒီအချိန်မှာတော့ ကျွန်တော် ဒီနေရာက ထွက်ခွာ ရပြီ၊ ကွန်လုံဝမ်ဟာ ကျွန်တော်တို့ကို ဒုက္ခပေးနိုင်မှာ မဟုတ်တော့ဘူး'

အိုယန်ထုသည် လူများကို ရေတွက်စစ်ဆေးသည်။

ဤမြက်ရိုင်းလွင်ပြင် တိုက်ပွဲတွင် သူတို့၏ အဆုံးအရှုံး ပြောပလောက်အောင် မရှိကြောင်း တွေ့ရသည်။

လက်ရွေးစင်ဂိုဏ်းသား ရှစ်ယောက်အနက် သုံးယော ဒဏ်ရာရရှိရာတွင် နှစ်ယောက်သာ ဒဏ်ရာပြင်းထန်သည်။

သို့သော်....

ထိုနှစ်ယောက်သည်း သွားသွားလာလာလုပ်နိုင်သည်။

ကျီးတာကြည့်တစ်ယောက် မြွေကိုက်ခံရသည်။

နှစ်နာမှုက ဒါပဲရှိသည်။

အဲ...သစ္စာဖောက် ပေါ့ကုံးပေါင်ကတော့ မည်သ အချိန်က လစ်ထွက်သွားမှန်းမသိ လစ်ထွက်သွားသည်။

ကွန်လုံဝမ်ဘက်ကတော့ သေသူများ အလွန် များပြာ သည်။



ကြောက်ခမန်းလိလိ အရေအတွက်ပင် ဖြစ်သည်။

တို့အတွက် အထူး ကျေနပ်ဖွယ်ကောင်းသော အချက် က်မှာ အချုပ်ခံထားရသော အဆင့်မြင့်သိုင်းသမားများကို ကယ် နိုင်ခြင်း ဖြစ်သည်။

က်ရာပြင်းထန်သူများမှာမူ သေဆုံးသွားခဲ့သည်။

ဤအလယ်ဗဟိုနေရာကို စွန့်ခွာမည် ဆိုသောအခါ ရလူများအား ထွက်ခွာသွားနိုင်မနိုင် မေးမြန်းသည်။

ိုလူများက ကျေးဇူးတင်စွာဖြင့် ဂါရဝပြုပြီး ထွက်ခွာ သည်။

ိုစဉ် ဖေကုံးလျှံက....

'နောင်ကြီးထန့်ရှင်၊ မြင်းရထားမှာ မြင်းတွေမရှိတော့ဘူး ယ်လိုခရီးဆက်မှာလဲ'

န့်ရှင်က ရှယ်သည်။

'ကျွန်တော်ဖဲ့ ခင်ဗျားတို့လိုပဲ ခြေလျင်ခရီး ဆက်ရတော့ )'

'ဝင်...လက်နက်မျိုးစုံရှိတဲ့ ဒီမြင်းရထားကြီးကို စွန့်ပစ်ခဲ့ မှာလား'

'ဟား.... ဟား.... ဟား၊ ကွန်လုံဝမ်က ဒီ မြင်း... အကြောင်း ကောင်းကောင်းသိသွားပြီ၊ နောင် သုံးလို့ရ... မှာ မဟုတ်ဘူး၊ နွားမြောတော့ နွားမြောစရာပေါ့လေ'

ထန်ရှင်သည် မြင်းရထားပေါ် တက်သွားပြီး ခေလုတ်... ကို ဖျက်ဆီးပစ်သည်၊

အို့ယန်ထု က....

'ကဲ.... အားလုံး ခရီးစကြစို့'

ထန်ရှင် အပါအဝင် အားလုံးခရီးစကြသည်၊

အို့ယန်ထု တို့နှင့်အတူ ဆန်ကွမ်းချို၊ ယွမ်ရှောက်နှင့် နို... နော်တို့ပင် ပါလာသည်၊

မြက်ရိုင်းလွင်ပြင်၌ ခတာက်လောင်သော မီးကိုကြည့်... သောအခါ လွင်ပြင်အဆုံးသို့ ရောက်နေပြီဖြစ်ကြောင်း... ရသည်၊

ကွန်လုံဝမ်တစ်ယောက် မြေးလောက်ပေပြီ၊

သူတို့သည် မီးကို ကွင်းရှောင်ပြီး ထွက်လာ၏၊

သူတို့ဘက်၌ မီးတားလမ်း ဖောက်လုပ်ထားသဖြင့် မီး... သူတို့နောက်ကျောသို့ မရောက်ရှိပေ၊



...စ်နာရီခန့် ခြေလျင်လျှောက်ပြီးသောအခါ အချက်အချာ ...သော တောင်ကုန်းတစ်ခု၌ ကျွန်လုဂိုဏ်း၏ လေးဆယ့်ရှစ် ...ပွဲကို တွေ့ရှိကြရသည်၊

...လေ့ကျင့်ရေးမှူးကြီး ကွမ်းစန်စင်က ဦးဆောင်လာသည်၊

ကွမ်းစန်စင်သည် ပင်ပန်းနွမ်းနယ်၍ ပြန်လည်ရောက်ရှိလာ... ဂိုဏ်းချုပ်ကြီး အို့ယန်ထု တို့ကို အမြဲပြေးအလွှားထွက်၍ ...ကြ၏၊

'ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်တို့ အလာ နောက်ကျသွား... ...မရ ဘက်က မီးလုံးတွေ တက်လာတော့ ကျွန်တော်တို့လဲ ...မတက်ဝံ့တော့ဘူး၊ ဒါနဲ့ဒီနေရာမှာ တပ်စွဲပြီး ဂိုဏ်းချုပ် ...ကို စောင့်နေခဲ့တာပါ'

...အို့ယန်ထု က ခေါင်းညိတ်၍....

'ဟဲဟဲ ကောင်းပါတယ်၊ မင်းတို့ အလာတုန်းက တိုက်ပွဲ ...မှ မဖြစ်ဘူးလား'

'ဖြစ်တာပေါ့၊ ကျွန်တော်တို့ကိုတားဆီးတဲ့ ကွန်လုံဝမ်တပ်စု ...တွေကို အားလုံး အပြတ်ရှင်းပစ်ခဲ့တယ်'

...အို့ယန်ထု သည် တောင်ကုန်း၏ အခြေအနေကိုကြည့်ပြီး....

'ကဲ...အားလုံး ဒီမှာ နေတွဲနားပါ၊ ဒီထက်စိတ်ချ
နားနိုင်တဲ့နေရာ မရှိတော့ဘူး'

ဟို ယန်ထု၏ ဆုံးဖြတ်ချက်ကို ကြားပြီး ဝမ်းသာ
သော လူမှာ ထန်ရှင်ဖြစ်သည်။

ထန်ရှင်သည် ဝါခဉ်ကြီး သိုင်းဆရာကြီးများအား
လိုက် လမ်းလျှောက်ခဲ့ရသဖြင့် လှဲကျလုနီးနီး အမောဆို
လေပြီ။

ယခုအခါ အားရပါးရ ထိုင်ချလျက် နားနေလေတေ

❖

ကွမ်းစန်စင်သည် ဂိုဏ်းချုပ်ကြီး အို ယန်ထု တို့လူစု
ပင်ပန်းနွမ်းနယ်နေသည်ကို မြင်ရ၍ဖြင့်သိရှိသည်၊

ထို့ကြောင့် သူတို့နှင့်အတူ ပါရှိလာသည့် ရေနှင့်
များကို ချက်ချင်းဝေပေးသည်။

ဆန်ကွမ်းချီတို့မှအစ အားလုံးပင် ဝမ်းပန်းတသာ
ယူသည်။

အားပါးတရ စားသောက်ကြသည်။



အစစအရာရာ အေးအေးဆေးဆေးရှိသော ပညာရှိထန်ရှင်
ပင် လျှင် ပြုံးပြုံးရယ်ရယ်ဖြင့် လှမ်းယူစားသောက်လေ၏။

စားသောက် ပြီးစီးသောအခါ နိုင်ချစ်နေဘ်က ထလာပြီး
ဂိုဏ်းချုပ်ကြီး အို ယန်ထု ကို ဂါရဝပြု၏။

'ဂိုဏ်းချုပ်ကြီး၊ ကျွန်မတို့ကယ်တင်ခဲ့တဲ့အတွက် အများကြီး
ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကို ဒီကပဲ လမ်းခွဲခွင့် ပြုပါ
တော့'

'အို...မိန်းကလေးကလဲ အခု ဒီနေရာတွေက စိတ်မချရသေး
ဘူး၊ စိတ်ချရတဲ့အခါကျတော့ လမ်းခွဲသွားပါ၊ ဖြစ်ပါတယ်'

'ကိစ္စမရှိပါဘူးရှင်၊ ကျွန်မကို ခွင့်ပြုပါတော့'

ဟို ယန်ထု က ရယ်ပြီး....

'ဘာလဲ၊ ကျုပ်တို့ တိုင်ပင်နှီးနှောတဲ့အခါမှာ ဝင်ပြီး အကြံ
ပေးနေရမှာ စိုးလို့လား'

ထန်ရှင်က ဝင်၍ အကြံပေးသည်။

'ဂိုဏ်းချုပ်ကြီးခင်ဗျာ...သူက ကွန်လုံဝမ်ရဲ့ မွေးစားသမီး
ဖြစ်မနေပြီး ကွန်လုံဝမ်ရဲ့ ရန်သူတွေနဲ့ တပေါင်းတစည်းတည်း
သွားလာနေရတာ စိတ်မသန့်ဘဲ ဖြစ်နေဟန်တူပါတယ်၊ သွား
ပါစေတော့ ခင်ဗျာ'

အိုယန်ထုက ခေါင်းညိတ်၍ သွားခွင့်ပြုလိုက်၏။

နိုင်ချစ်နေဘ်သည် ဂိုဏ်းချုပ်ကြီး အိုယန်ထုနှင့် ထန်[illegible] တို့ကိုပါ ဂါရဝပြုလိုက်ပြီး....

'ကဲ....ကျွန်မကို ခွင့်ပြုပါတော့ရှင်၊ အခုလို ကျွေးမွေးစော[illegible] ရှောက်တဲ့ ကျေးဇူးကို တစ်နေ့ကျရင် ပြန်လည် ပေးဆပ်နိုင်လိ[illegible] မယ်လို့ ထင်ပါတယ်'

နိုင်ချစ်နေဘ်သည် လျှပ်မြန်စွာ ပြေးထွက်သွားလေတော့[illegible]

သူမသည် ဆန်ကွမ်းချီကို နှုတ်မဆက်တော့ချေ။

ယွမ်ရှောက်သည် နိုင်ချစ်နေဘ် ပြေးထွက်သွားသည်နှင့် ချ[illegible] ထ၍ လိုက်လာ၏။

သို့သော် သူသည် သူ့အစ်ကိုကြီး ဆန်ကွမ်းချီ ကျန်ရစ်[illegible] သည်ကို ရုတ်တရက် သတိရပြီး ရပ်တန့်သွားကာ သမင်လည်ပြ[illegible] ပြန်လှည့်ကြည့်သည်။

ဆန်ကွမ်းချီက သူ၏ ညီတော် ယွမ်ရှောက်အနီးသို့ ဖြည်း[illegible] ညင်းစွာ လျှောက်သွားပြီး ပခုံးပေါ် လက်တင်၍ မေးမြန်း[illegible] လိုက်လေတော့၏။



'ညီလေး....မင်း ဘယ်သွားမလို့လဲ'

ယွမ်ရှောက် သက်ပြင်းချသည်။

ဆန်ကွမ်းချီအနေဖြင့် ယွမ်ရှောက် သက် ပြင်း ချ သည်ကို [illegible]မဆုံးအကြိမ် တွေ့မြင်ဖူးခြင်း ဖြစ်၏။

'အစ်ကိုကြီး၊ ကျွန်....ကျွန်တော် အစ်မလေးကို လိုက်ပြီး [illegible]င့်ရှောက်ပေးမလို့ပါ'

ဆန်ကွမ်းချီသည် ယွမ်ရှောက်၏ ရိုးသားသော သဘာဝကို [illegible]လူဖြစ်သည်။

ညီဖြစ်သူ၏ နိုင်ချစ်နေဘ်အပေါ် ထားရှိသည့် သမုဒယ [illegible]သောဇဉ်ကိုလည်း ရိပ်စားမိပြီးဖြစ်သည်။

ထို့အတွက်နိုင်ချစ်နေဘ်အားလိုက်စောင့်ရှောက်မည်ဆိုသည့် [illegible]ကို မတားမြစ်တော့ချေ။

'ညီလေး....ဆရာနဲ့ တွေ့ခဲ့သလား'

'တွေ့ခဲ့တယ်'

'အခု ဘယ်မှာလဲ'

'သွားပြီ'

'ဟင်....ဒီလိုဆိုရင် ငါရှာဖို့ ခက်ပြီပေါ့'

'မခက်ပါဘူး၊ အစ်ကိုကြီး ရှာချင်ရင် နည်းရှိပ ကျွန်တော်လဲ အဲဒီလိုပဲ ရှာတာပဲ'

'ဘယ်လိုနည်းလဲ ပြောခဲ့'

'တိတ်ဆိတ်တဲ့ညမှာ မနားတမ်း ပလွေမှုတ်ရင် ပလွေသံထွက်ပေါ်တဲ့ နေရာကို ရောက်လာတာပဲ'

ယွမ်ရှောက်သည် နိုင်ချစ်နော်ကို ချာခနဲ လှည့်ကြည့်

'အစ်ကိုကြီး....ကျွန်တော်တို့ သွားကြစို့၊ အစ်ကိုကြ လိုက်မယ်မဟုတ်လား'

ဆန်ကွမ်းချီသည် ဂိုဏ်းချုပ်ကြီး အို့ယန်ထု အား ဦး ဂါရဝပြုပြီး ယွမ်ရှောက်နောက်သို့ ပြေးလိုက်သွားလေ သည်။

❋

နိုင်ချစ်နော်မှာ မနှေးမမြန် လျှောက်နေသူဖြစ်ရာ တင် အတွင်း ယွမ်ရှောက်နှင့် ဆန်ကွမ်းချီတို့ မီလာကြသည်။

ဆန်ကွမ်းချီသည် ယွမ်ရှောက်၏ မျက်နှာပေါ်မှ တိုးရိမ်ပူ မှုများကို တွေ့နေရသဖြင့် အရှိန်ကိုလျှော့၍ လျှောက်သည်။



သို့သော် သုံးယောက်စလုံး တစ်ဦးနှင့်တစ်ဦး မကွာလှမ်း ဖြင့် တစ်ဦး၏ ခြေသံကိုပင် တစ်ဦးက ကြားနေကြရသည်။

တစ်ဦးနှင့်တစ်ဦး စကားမပြောဘဲ လျှောက်လာကြရာ ငါး မိနစ်ပါးမျှ ခရီးပေါက်လာကြ၏။

ထိုအခါကျမှ နိုင်ချစ်နော်က ဖျတ်ခနဲ လှည့်၍ ပြောသည်။

'ရှင်တို့ ဘာဖြစ်လို့ တကောက်ကောက် လျှောက်လိုက်နေ တာလဲ၊ ကျွန်လုံဝမ်နဲ့တွေ့မှာ မကြောက်ကြဘူးလား'

ယွမ်ရှောက်သည် တစ်စုံတစ်ခုပြောရန် ကြိုးစားသည်။

သို့သော် သူ့ခမှာ တစ်ခွန်းမျှ မပြောနိုင်ဘဲ ဖြစ်နေရှာ သည်။

ဆန်ကွမ်းချီက....

'မင်းက ကွန်လုံဝမ်ကို သစ္စာဖောက်ခဲ့တာ၊ မင်းကို အမိက ထားပြီး ကွန်လုံဝမ်က ဒုက္ခပေးလိမ့်မယ်၊ ဒါကြောင့် ငါတို့က မင်းကို လိုက်စောင့်ရှောက်နေတာ'

'ကျွန်မအတွက် ရှင်တို့ ပူစရာမလိုပါဘူး၊ အလွန်ဆုံး ကျွန်မ ကို သတ်ရုံပဲရှိတာယ်'

'မင်း ဘယ်သွားမလို့လဲ၊ ငါသွားစရာကိစ္စ ရှိသေးတယ် မင်းသွားရမယ့်နေရာကိုသိရင် ခပ်မြန်မြန် လိုက်ပို့နိုင်တာပေါ့'

နိုင်ချစ်နေဘ်က ဒေါသကလေးနှင့် ပြောၓ၏။

'ကြွပါ....ကြွပါ၊ ကျွန်မကို စောင့်ရှောက်ဖို့ မလိုဘူး၊ ရှ
ကြွလိုရာကို ကြွကြွပါ'

ဆန်ကွမ်းချို နှုတ်ပိတ်သွားသည်။

အတန်ကြာမျှ စဉ်းစားပြီးနောက် ခပ်တိုးတိုး ပြော

'မင်းကို ပြောစရာတစ်ခုရှိတယ်'

နိုင်ချစ်နေဘ်က သွက်သွက်လက်လက်ပင် ခွင့်ပြုသည်။

'ပြောပါ....ပြောပါ၊ မြန်မြန်ပြောပြီး မြန်မြန်ကြွကြွပ

ဆန်ကွမ်းချိုသည် ယွမ်ရှောက်ကိုကြည့်ပြီးပြောသည်။

'ငါ့ညီလေးဟာ အင်မတန် ရိုးသား ဖြောင့်မတ်ပါတယ
ဉာဏ်လဲသိပ်ကောင်းတယ်၊ တကယ်လို့ သူ့ကိုသာ သိုင်းပညာ
ထပ်သင်ပေးမယ့်လူရှိရင် သူဟာ သိုင်းလောကမှာ ပြိုင်စံရှားတ
သိုင်းသမားတစ်ယောက်ဖြစ်လာမှာ သေချာပါတယ်'

နိုင်ချစ်နေဘ်၏မျက်ခုံးများ မြင့်တက်သွား၏။

'ဒါတွေက ကျွန်မနဲ့ ဘာဆိုင်လို့လဲ၊ ရှင်ကဘာအဓိပ္ပာယ်န
ဒါတွေ လာပြောနေရတာလဲ'



'မင်းကို သူ စိတ်ဝင်စားနေတယ်၊ သူ့ကိုမင်းစောင့်ရှောက်
ကပါ'

ထိုစကားတစ်ခွန်းပြောလိုက်ရသည့်အတွက် ဆန်ကွမ်းချို၏
ထဲ၌ ဝေဒနာတစ်ခုခံစားလိုက်ရသည်။

မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို ဆန်ကွမ်းချိုသည် မဆန်း
ပေ။

နိုင်ချစ်နေဘ်က....

'ကျွန်မ မစောင့်ရှောက်နိုင်ဘူး'

ထိုစကားတစ်ခွန်းတည်းကိုသာပြောပြီး လှည့်ထွက်သွား၏။

ဆန်ကွမ်းချိုက ကမန်းကတန်း လှမ်းတားသည်။

'စောင့်နေပါဦး၊ စောင့်လောက်နေပါဦး'

နိုင်ချစ်နေဘ် ရပ်သွား၏။

ဆန်ကွမ်းချို အလျင်အမြန် ရှင်းပြရသည်။

'ငါ့ညီဟာ လူ့အသိုင်းအဝိုင်းနဲ့ရင်းရင်းနှီးနှီးမနေဘူးတော့
စကားကို ဝေဝေဆာဆာမပြောတတ်ပါဘူး။ အခု သူ့စိတ်
ထဲမှာ မင်းကိုလိုက်စောင့်ရှောက်မယ်၊ မင်းအပေT ကျရောက်

လာမယ့်ဒုက္ခသုက္ခတွေကို အကာအကွယ်ပေးမယ်လို့ သူဆုံးဖြ
ဖြီးပြီ၊ ငါတားလဲ သူနားဝင်မှာ မဟုတ်ဘူး၊ မင်းအတွ
ဆောသွားရှာတာကိုသာကြည့်ပါတော့၊ သူဟာမင်းအပေါ်မှ
သိပ်ပြီး သံယောဇဉ်ကြီးနေပါပြီ'

နိုင်ချစ်နော်သည်နှုတ်ခမ်းကိုပြတ်လုမတတ်ကိုက်ပြီးစဉ်းစာ
နေ၏။

သူမ၏မျက်လုံးထဲ၌ မျက်ရည်များဝဲလာသည်။

အတန်ကြာ စဉ်းစားပြီးမှ ခေါင်းကို ဆတ်ခနဲညိတ်သည်

'ကောင်းပြီ၊ ရှင်ဒီလောက်တောင်းပန်နေမှတော့ ကျွန်မ
သဘောတူလိုက်မယ်'

ဆို့နေဝက် ချာခနဲလှည့်ထွက်သွားတော့သည်။

ယွမ်ချောက်သည် ဆန်ကွမ်းချီရှေ့၌ ဒူးထောက် ထိုင်ရ
ကာ မျက်ရည်ဝေနေသော မျက်လုံးများဖြင့် မော့ကြည့်၏၊

'အ....အစ်....အစ်ကိုကြီး'

သူသည် သူ့အစ်ကိုကြီးအား နှုတ်ဆက်စကားပြောရန်
ကြိုးစားသော်လည်း မပြောနိုင်ဘဲ ဖြစ်နေရှာသည်၊

အတန်ကြာ ထစ်အနေပြီးမှ....



'အ...အစ်ကိုကြီး၊ အစ်ကိုကြီးဟာ ကျွန်တော့်အပေါ်
...က်လုံး ကောင်းခဲ့ပါတယ်၊ အစ်ကိုကြီး ကျေးဇူးကို
...ချောက် တစ်သက်မမေ့တော့ပါဘူး'

...န်ကွမ်းချီကိုယ်တိုင်လည်း မျက်ရည်ဝဲနေလေပြီ။

...ထဲ၌လည်း ဆို့နစ်နေသည်။

'...လေး....ငါ့အတွက် ဘာမှမပူနဲ့၊ မင်းသာ မြန်မြန်လိုက်၊
...ကြာ မမီဘဲ ဖြစ်နေလိမ့်မယ်'

...မ်ချောက်သည် ဒူးထောက် ထိုင်နေရာမှ ကမန်းကတန်း
...သည်။

'အစ်ကိုကြီး....ကျန်းမာရေး ဂရုစိုက်'

'...ငါ့အတွက် ဘာမှမပူပါနဲ့၊ မြန်မြန်လိုက်သွား'

ယွမ်ချောက်သည် ချာခနဲ လှည့်ပြေးသွား၏။

ဆန်ကွမ်းချီသည် သူ၏ မြင်ကွင်းအတွင်း၌ တရိပ်ရိပ် ပြေး
...နေကြသည့် လူရိပ်နှစ်ခုကို ကျောက်ရုပ်ကြီးသဖွယ် ငေး
...ကြည့်ရှုနေသည်။

...၏ရင်တွင်း၌ ဟာချကျန်ရစ်ခဲ့ကြောင်း သူကိုယ်တိုင်လည်း
...ပြုပါနေသည်။

ယွမ်ရှောက်နှင့် နိုင်ချစ်နေ့ဘ်တို့ ပျောက်ကွယ်သွား အချိန်အထိ ငေးမောကြည့်နေပြီးမှ သက်ပြင်းရှည်ကြီးချ ဆန်ကွမ်းချို ပြန်လှည့်လာ၏။

ယခုမှ သူ မည်သည့်အရပ်သို့ ထွက်ခွာသွားရမည်ကို ကွမ်းချို တွေးလာ၏။

နိုင်ချစ်နေ့ဘ်နှင့် ယွမ်ရှောက်တို့က မြောက်ဘက်သို့ သွ နေကြသည်။

ဤမြောက်ဘက်အရပ်သို့ သူ သွား၍မဖြစ်တော့။

ကျွန်လုဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး အို့ယန်ထုံနှင့် သူ့အဖွဲ့သ များသည် တောင်ဘက်၌ ကျွန်ရစ်ခဲ့၏။

သူတို့ထံမှ ထွက်လာခဲ့ပြီဖြစ်၍ သူကလည်း ထပ်မံသွားရော ရန် မသင့်တော့။

အနောက်ဘက်အရပ်တွင်ကား ကွန်လုံဝမ်၏ မြက်ရိုင်းလွ ပြင် တိုက်ပွဲဆင်သည့် မြက်ရိုင်းလွင်ပြင် ဖြစ်သည်။

ထိုလွင်ပြင်သည် ယခုအခါ မီးလောင်မြေဖြစ်လျက် ရှိ ပေပြီ။

သူ သွား၍မဖြစ်တော့။

သူ သွားစရာဆို၍ အရှေ့ဘက်အရပ်သာ ရှိတော့သည်



ဆန်ကွမ်းချိုသည် နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် ရှေ့ ထွက်ခွာသွားသည်။

ကိုအရှေ့ဘက်အရပ်ဆိုသည်မှာ လူ့မနုအိမ်ခြေ မရှိသော ဖြစ်သည်။

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံတို့ ရှိရာဘက်သို့ ထွက်ခွာလျှင် လူမနုအိမ်ခြေရှိရာသို့ ရောက်ရှိပေလိမ့်မည်။

သို့သော် ဆန်ကွမ်းချိုသည် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ဆုံလိုသည့်စိတ် မရှိသဖြင့် အရှေ့ဘက်အရပ်သို့သာ ဦးတည် ထွက်သွားတော့သည်။

မှန်ဘက်ယ်အားဖြင့် ဆန်ကွမ်းချိုသည် မေတ္တာအကျဉ်း တစ်ယောက်သာ ဖြစ်ပါလေ၏။

သူသည် သူ့ကိုယ်သူ လျှည့်စားခြင်းကြောင့်လည်းကောင်း၊ မနုချုံကြားမှဓေါင်ဆောင်လာခဲ့သည့် ယွမ်ရှောက်အပေါ် လားခြင်းကြောင့်လည်းကောင်း သူ့ရင်ထဲမှ အသည်း သွက်သွက်ခါ လှုပ်ယမ်းခဲ့သည်ကို ယခု သူတစ်ယောက် ကျွန်ရစ်သောအခါမှ သိရှိခဲ့ရှာလေ၏။

## အခန်း (၁၀၂)

### သိုင်းလောက၏ ပြုပ်ကွက်တစ်ကွက်

...န်ကွမ်းချီ၏ မျက်ဝန်းအတွင်းဝယ် နိုင်ချစ်နော်၏ လှပ
... ဖျတ်လတ်သွက်လက်သော ရုပ်ပုံလွှာကလေး ပေါ်လာ
...၏

...ဝင်က သူသည် ဤသို့ တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ရ
...ပါ

...ယမှ သူ၏ မျက်ဝန်းအတွင်း၊ အသည်းနှလုံးအတွင်း နိုင်
...ာ်တစ်ယောက် နေရာယူနေခဲ့ပြီဖြစ်သည်ကို ဆန်ကွမ်းချီ
... အချိန်နှောက်ကျမှ သိရှိခဲ့ရသည်။
...ာင်းနှောင်တာသည် သူ့ရင်ကို လောင်ကျွမ်းပူခြစ်စေခဲ့
...ပြီ

'ဟင်း....ဘာပဲဖြစ်ဖြစ်လေ၊ ငါ့ညီအတွက် ငါအားနာစ် ညီလေး ယှမ်းရှောက်မှာ ဒီလို သံယောဇဉ်မရှိရင် ဒီ အလယ်မှာ ယောင်ချာချာ ဖြစ်နေရှာလိမ့်မယ်'

ဆန်ကွမ်းချိုသည် သူ့ရင်နာပုံကို ယှမ်းရှောက်၏ကော ရေးနှင့် ဖာထေး၍ သက်သာရာ သက်သာကြောင်း တွေးသည်။

ထိုစဉ်....

'ညီလေး ဆန်ကွမ်းချို'

သူ့နားထဲ၌ သူ့နာမည်ကို ခေါ်သံကြားသလိုလိုရှိ ကြည့်သည်။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် တုထန် သစ်ပင်အကွယ်မှ ထွက်ပေါ်လာ၏။

'အောင်မယ်လေး ညီလေးရာ၊ ခေါ်လိုက်ရတာ၊ များ တွေးလာနေလာတာလဲ'

'ဟာ....အစ်ကိုကြီး တုထန်ဟိုပါလား၊ ဘယ်လိုက ရောက်လာတာလဲ'

'လာ....လာ....ဒီလို အကာအကွယ်မဲ့တဲ့ နေရာမှာ ပြောလို့ မဖြစ်ဘူး'



'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမလဲ၊ ရန်သူဟာ အရှမ်းရှစ်မျက်နှာက အချိန်မရွေး လာနိုင်တယ်၊ လာ....'

တုထန်ဟိုသည် ဆန်ကွမ်းချို၏လက်ကို ဆွဲ၍ပြေး၏။

တစ်မိုင်မျှော့ပျော့ခန့် ပြေးမိသောအခါ လှိုဏ်မြောင်ဂူများ ည့်နေရာသို့ ရောက်လာ၏။

တော်အသင့် ကြီးမားသည့် ဂူကြီးထဲသို့ ငုံ့ဝင်ကာ ထိုင်ချ သည်။

'ညီလေး....ဘာတွေ တွေးလာတာလဲ၊ ဒီနေရာမှာ လုံးဝ လက်လွတ်လို့ ဖြစ်တာမဟုတ်ဘူး၊ ရန်သူဟာ အချိန်မရွေး လာနိုင်တယ်'

ဆန်ကွမ်းချိုက မချိပြုံးပြုံးလိုက်သည်။

'အစ်ကိုကြီးဆီမှာ ညီလေးကို ပြောစရာတွေ တစ်ပုံကြီး မှာပဲ၊ ပြောပြပါလား'

တုထန်ဟိုက အပြစ်တင်သော လေသံဖြင့် ပြော၏။

'ညီလေး....စဉ်းစားကြည့်စမ်း၊ ငါ့နေရာမှာ ကွန်လုံဝမ်ရဲ့ ဂိုဏ်တော်သားတွေ ရောက်နေရင် ညီလေး ဘယ်အဖြစ်ကို ရောက်သွားမလဲ'

ဆန်ကွမ်းချိုက အသက်မပါသော အသံဖြင့် ရယ်လို

'အလွန်ဆုံး အသေခံရရုံပေါ့ အစ်ကိုကြီးရယ်'

'ဟေ....'

တုထန်ဟိုး၏ မျက်ခုံးများ မြင့်တက်သွား၏။

ထို့နောက် ဆက်ပြောသည်။

'မင်း ဘယ်လိုပြောလိုက်တာလဲ ညီလေးရာ'

'စိတ်မရှိပါနဲ့ အစ်ကိုကြီးရာ၊ ကျွန်တော် စိတ်ရှုပ် ပြောမိတာပါ၊ မေ့မယူပါနဲ့နော်'

'မင်းမှာ စိတ်ညစ်စရာအကြောင်းတစ်ခုခုရှိလာပြီနဲ့တူ မြောပါ၊ ငါ အာရှုညီရမလဲ၊ ငါတတ်နိုင်တဲ့ အလုပ် ကူညီဖို့ အသင့်ပါပဲ ညီလေးရာ'

ဆန်ကွမ်းချိုသည် သက်ပြင်းရှည်ကြီးချပြီး ငေးနေ၏။

စကားတစ်လုံးမျှ မပြောပေ။

တုထန်ဟိုသည် ဆန်ကွမ်းချို ငေးနေသည်ကိုကြည့်၍ တိုးတိုး ဆက်ပြောသည်။



'ညီလေး သူ့ရဲ့တောင်းဆိုတာ နေရာမရွေးပါဘူး၊ သေခြင်း ရေးကိုလဲ ဂရုမစိုက်ဘူး၊ မှန်မြတ်တဲ့ အချက်တစ်ချက် လုပ် ဆောင်ဖို့ဆိုရင် ကိုယ့်အသက်ကို စွန့်လွှတ်ဖို့ ဝန်မလေးကြဘူး၊ များအကျိုးအတွက် ကိုယ့်အသက် အဆုံးရှုံး ခံရတယ်ဆိုတာ တာဝကျပါတယ်၊ အဆုံးရှုံးလဲ ခံသင့်ပါတယ်၊ ဒါပေမယ့် တွေ့ဝေးမောပြီး ပျောက်သွားနေတုန်း သူတစ်ပါး ကြုံခံရလို့ သေရရင် သေရကျိုး မနပ်ပါဘူး ညီလေးရာ'

ဆန်ကွမ်းချို သတိပြန်ဝင်လာ၏။

'ဟုတ်....ဟုတ်ကဲ့၊ ညီလေး မှားသွားပါတယ်အစ်ကိုကြီးရာ၊ နောင် ဒီလိုမဖြစ်အောင် သတိထားပါ့မယ်၊ ခွင့်လွှတ်ပါအစ်ကို ကြီးရာ'

တုထန်ဟိုက သက်ပြင်းချပြီး ဆက်ပြော၏။

'ညီလေး၊ ငါဟာ သိုင်းလောကမှာ ကျင်လည်ခဲ့တာ ကြာ ပြီ၊ ညီလေးကို ကြွားပြောနေတာ မဟုတ်ဘူးနော်၊ ဒီတော့ တာ လူ့မနောတွေကို အတော်ကလေး သိနေတယ်လို့ပဲ ချင်ပါတယ်၊ ငါ သိရသလောက်တော့ ညီလေးကိုဟာ လောကထဲဝင်လာတာ မကြာသေးဘူး၊ သိုင်းလောက တွေကိုလဲ သိပ်မသိသေးဘူး၊ ဒါပေမယ့် ဟို မိန်း လေးရဲ့ ပယောဂနဲ့ ညီလေးဟာ သူ့နောက် တကောက် ကောက် လိုက်နေခဲ့ရတယ်၊ မင်းကို မင်းရဲ့ညီလေး ယွမ်ရှောတ် ကောင့်ရှောက်နေတယ်ဆိုတာလဲ ငါသိထားတယ်၊ အခု မိန်းကလေး ဘယ်မှာလဲ၊ မင်းရဲ့ညီလေးကော'

တုထန်ဟို၏စကားကို ကြားလိုက်ရသည့် ဆန်ကွမ်းချို လွန်စွာ အံ့ဩသွား၏။

'အ...အ...အစ်ကိုကြီး ဘယ်လို စဉ်းစားမိတာလဲ'

တုထန်ဟိုက ခြောက်ကပ်စွာ ရယ်သည်။

'ငါ့ကို ဖုံးကွယ်လို့မရပါဘူး ညီလေးဆန်ကွမ်းချိုရာ၊ ဒါပေမယ့် အားလုံးကိုတော့ ငါမသိပါဘူး၊ အခြေအနေကို မှန်းနိုင်ရုံလောက်တော့ ဖြစ်ပါတယ်'

ဆန်ကွမ်းချိုက လေးနက်စွာ မေးလိုက်၏။

'အစ်ကိုကြီး၊ ကိုယ်အနစ်နာခံပြီး သူတစ်ပါး စိတ်ချမ်းသာအောင် လုပ်ပေးလိုက်တာ ယောကျ်ားကောင်း ပီသတာ မဟုတ်သလား'

'သိပ်သေချာတာပေါ့'

တုထန်ဟိုက ခေါင်းကိုပုတ်ပြီး ထောက်ခံလိုက်၏။

ဆန်ကွမ်းချို ရယ်လိုက်သည်။

တုထန်ဟို အံ့ဩသွား၏။

'ညီလေး ဘာဖြစ်လို့ရယ်တာလဲ'



ဆန်ကွမ်းချို အရယ်ရပ်သွား၏။

တုထန်ဟိုအား လေးစားစွာ စိုက်ကြည့်ပြီး ရှင်းပြရန်ကြိုးစား၏။

'အစ်ကိုကြီး၊ ညီလေး တစ်ခုစဉ်းစားမိတယ်၊ လူ့ဘဝမှာ'

'ရှူး'

တုထန်ဟိုက နှုတ်ခမ်းကို လက်ညှိုးဖြင့် ကန့်လန့်ပိတ်ပြပြီးနောက် ဆန်ကွမ်းချိုကို ဂူအတွင်းပိုင်းသို့ ဆွဲခေါ်သွား၏။

ပါးစပ်မှလည်း တီးတိုးပြောသည်။

'ခြေသံကြားတယ်၊ လူတွေလာနေတယ်'

တစ်ခဏမျှ ကြာသောအခါ ဂူဝ၌ ရဟန်းနှစ်ပါးပေါ်လာသည်။

နှစ်ပါးစလုံး ဓားရှည်များ ကိုင်ထားသည်။

ရဟန်းနှစ်ပါး ဝတ်ဆင်ထားသည့် သင်္ကန်းများမှာ အစိမ်းရောင် ဖြစ်သည်။

'သိပ်ထူးဆန်းတာပဲ၊ ရယ်သံက ဒီနေရာက ထွက်လာတာ၊ အခုကျတော့ လူလဲမရှိဘူး'

အခြားတစ်ယောက်က….

'ရယ်သံကို ပီပီသသကြားလိုက်ရတာပဲ၊ နောင်ကြီးလဲ တယ်၊ ညီတော်လဲကြားတယ်၊ နားကြားမှားတာတော့ နိုင်ပါဘူး'

'ဟုတ်တယ်၊ နားကြားမှားတာ မဖြစ်နိုင်ဘူး၊ ဒီနေရာ ငိုက်ကို ပိုက်စိပ်တိုက်ရှာရင် ကောင်းမယ်'

'တစ်ခုတော့ ရှိတယ်နောင်'

'ဘာရှိတာလဲ'

'သူက အမှောင်ထဲကလူပဲ၊ ညီတော်တို့ နောင်တော်တို့ အလင်းထဲကလူတွေ၊ ညီတော်တို့လာတာကို သူမတွေ့ဘဲ နေ မဟုတ်ဘူး'

'ဒီတော့'

'ဒီတော့ သူက ညီတော်တို့ကို တွေ့ပြီး ရန်မမူတဲ့နောက် ညီတော်တို့က ဘာဖြစ်လို့ သူ့ကို ဒုက္ခခံပြီး ရှာတော့မှာလဲ၊ သ ဘာသာ မတွေ့ချင်လို့ ပုန်းနေတဲ့နောက် ပုန်းပေစေပေါ့'

ထိုရသေ့နှစ်ပါး ပြောသည့်စကားများကို ဆန်ကွမ်းချိ တုထန်ဟိုပါ အတိုင်းသားကြားရ၏။



တုထန်ဟိုက ဆန်ကွမ်းချိအား တိုးတိုးပြော၏။

'ညီလေး ဒီရသေ့တွေဟာ သိုင်းလောကထဲ ကျင်လည်တာ ကြာသေးဘူး'

'ဘာဖြစ်လို့လဲ'

'သူတို့ပြောနေတဲ့ စကားတွေကို နားထောင်ကြည့်ပါလား၊ ဟာ လူကောင်းသူကောင်းတွေ ပြောတဲ့စကားတွေပဲ၊ သူတို့ သိုင်းလောကထဲမှာ ကျင်လည်နေတာ ကြာရင် ဒီစကား ထုတ်ပြောနေမှာ မဟုတ်ဘူး၊ ဒီက လှည့်ထွက်သွားရင်လဲ ထွက်သွားမယ်၊ အသံမပေးဘဲနဲ့လဲ ရှာချင်ရှာလိမ့်မယ်'

တုထန်ဟိုနှင့် ဆန်ကွမ်းချိတို့ တိုးတိုးပြောနေစဉ် မုတ်ဆိတ် ကျင်စွယ်များ ဖြူဖွေးနေသည့် ရသေ့ကြီးတစ်ပါး ပေါ်ထွက် လာသည်။

မျက်လုံးများ အရောင်တောက်ပနေသဖြင့် အတွင်းအား ညာ အဆင့်မြင့်သော သိုင်းဆရာကြီးမှန်း သိသာသည်။

ပထမရောက်ရှိနေသော ရသေ့နှစ်ပါးသည် လွန်စွာ ကိုင်း ရှိုင်းသော အမူအရာဖြင့် လက်အုပ်ချီ ရှိခိုးကြသည်။

'ဆုနက ရယ်သံရှင်ကို ရှာတွေ့ကြပြီလား'

ဝါစင်ကြီးရသေ့ကြီးက လိုက်သံပါသည့် အသံဩဩ
ဖြင့် မေးမြန်းလေ၏။

'မတွေ့သေးပါဘူး ဆရာကြီး၊ တပည့်တို့လဲ ရှာကြည့်
တယ်၊ ဒီလူတွေဟာ တပည့်တို့ကို မျက်နှာချင်း မဆိုင်လို
တွေပါတယ်'

ရသေ့ကြီးသည် ခေတ္တမျှ တိတ်ဆိတ်သွား၏။

အတန်ကြာသော်....

'ပုန်းနေတဲ့ မိတ်ဆွေနှစ်ယောက် ထွက်ပြီး တွေ့ကြပါလ
ကျုပ်တို့က ရန်သူတွေမဟုတ်ပါဘူး'

ပထမရောက်ရှိနေကြသည့် ရသေ့ငယ်နှစ်ပါးသည် အ
တရာ အံ့သြသွားကြ၏။

'ဟင်....ဆရာက ဘယ်သူ့တွေကိုများ ခေါ်တုတ်နေတာ
မသိဘူး၊ ဒီနေရာမှာ ဘာသဲလွန်စမှလဲ မရှိပါဘူး'

ထိုရသေ့ငယ်နှစ်ပါး စဉ်းစားနေစဉ် တုထန်ဟိုနှင့် ဆ
ကွမ်းချီတို့ ဂူအတွင်းပိုင်းမှ ထွက်လာကြတော့သည်။

❋



'ဆရာကြီးကို ဂါရဝပြုပါတယ်'

တုထန်ဟိုက ပင့်သန္ဓာရစကား ပြောကြားပြီး လက်နှစ်ဖက်
ယှက်ကာ ဂါရဝပြုနေသဖြင့် ဆန်ကွမ်းချီသည်း ဘုမသိဘမသိ
လိုက်၍ ဂါရဝပြုလေ၏။

မှတ်ဆိတ်ဖြူ ရသေ့ကြီးကလည်း လက်အုပ်ချီ၍ ပြန်လည်
ဂါရဝပြုသည်။

ပထမရောက်ရှိနေကြသည့် ရသေ့ငယ် နှစ်ပါးသည် သူတို့
ဆရာရသေ့ကြီး၏ ရှမ်းအင်ကို တွေ့မြင်လိုက်ရသည့်အခါ အလွန်
တရာ အံ့သြဝေးစားသွားကြ၏။

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

'ဆရာကြီးတို့က'

တုထန်ဟို၏ စကားမဆုံးမီ ရသေ့ကြီးက ဖြတ်၍ ပြော
လေ၏။

'ကျုပ်တို့က ဟူတန်းဂိုဏ်းကပါ၊ အခု....ဟူတန်း တောင်
ပေါ်က ဆင်းထွက်လာခဲ့ကြတာပဲ၊ အင်း....အခုရယ်လို့တော့လဲ
မဟုတ်ဘူးပေါ့လေ'

ဆန်ကွမ်းချီက....

'ဟူတန်းတောင်ပေါ်မှာရှိတဲ့ ဟူတန်းဂိုဏ်းရဲ့ နာမည် တကယ့်ကို ဟိုးဟိုးကျော်တာပဲ၊ သိုင်းလောကမှာလဲ နာ တစ်လုံးနဲ့ရှိနေတဲ့ ကျောင်းမို့လို့ ကျွန်တော်တို့ အများ လေးစားကြည်ညိုပါတယ် ခင်ဗျာ'

'ကျေးဇူးတင်ပါတယ်'

မုတ်ဆိတ်ဖြူရသေ့ကြီးသည် အေးဆေးစွာ ကျေးဇူး စကား ပြောကြားလေ၏။

ထို့နောက် တုထန်ဟိုး၏ ခန္ဓာကိုယ်ပေါ်၌ ဝတ်ဆင်ထား သည့် အနက်ရောင် ကိုယ်ကျပ်အင်္ကျီကို တစ်ချက်မျှအကဲခတ် နောက်....

'ဒီကမိတ်ဆွေနှစ်ယောက်က ဘယ်ဂိုဏ်းကများလဲ၊ သိ ရှိရင် သိပါရစေ'

တုထန်ဟိုသည် ရသေ့ကြီး၏ အကဲခတ်ပုံကိုကြည့်ပြီး အား မယုံသင်္ကာဖြစ်နေကြောင်း သတိပြုမိသည်။

ဤကဲ့သို့သော အနက်ရောင်ကိုယ်ကျပ်အင်္ကျီမျိုးကို ကွန် ဝမ် ဂိုဏ်းသားများသာ ဝတ်ဆင်တတ်ကြသည် မဟုတ်ပ လော။

ထို့ကြောင့် ကမန်းကတန်း ဖြေကြားလိုက်ရသည်။

'ကျွန်တော်က တုထန်ဟိုပါ'



'ဟာ... သူရဲကောင်းကြီးတုထန်ဟို၊ ကျွာပွတ်ဘုရင်ကြီး တု ဟို၊ ကျုပ် ကောင်းကောင်းကြီး ကြားဖူးပါတယ်'

ရသေ့ကြီးမဆိုထားနှင့် ရသေ့ငယ်နှစ်ပါးပင် တုထန်ဟို၏ မည်ကိုကြားဖူးနေ၏။

တုထန်ဟိုအား ကိုယ်တွေ့ချက်မြင် တွေ့လိုက်ရသောအခါ စားသောအကြည့်ဖြင့် ကြည့်ရှုကြသည်။

ဆန်ကွမ်းချိုက ခပ်တိုးတိုးဖြေ၏။

'ကျွန်တော်ကတော့ အညတရ ဆန်ကွမ်းချိုပါ'

ဆန်ကွမ်းချို၏အမည်ကိုတော့ ရသေ့သုံးပါးစလုံးမည်သူမျှ ကြပေ။

သိရန်လည်းအကြောင်းမရှိပေ။

ဆန်ကွမ်းချိုသည် သိုင်းလောကတွင်းသို့ ယခုမှပင် ဝင် ရောက်လာသူ မဟုတ်ပါလော။

တုထန်ဟိုက....

'ဆရာကြီးရဲ့နာမည်ကို မသိရဘူးလားခင်ဗျာ၊ မုတ်ဆိတ် ရသေ့ကြီး'

'ကျုပ်နာမည် ရန်ကျင့်ပါ'

ရသေ့ကြီးက ဆက်မေး၏၊

'ကွန်လုံဝမ်ကို ခင်ဗျားတွေ့ဖူးရဲ့လား'

တုထန်ဟို စဉ်းစား၍ ဖြေလေ၏၊

'တွေ့ဖူးတယ်လဲဆိုနိုင်တယ်၊ မတွေ့ဖူးဘူးလို့လဲ ဆိုနိုင်တယ်'

ရသေ့ကြီး အံ့ဩသွား၏၊

'ဗျာ... ဒီစကားက ဘယ်လိုအဓိပ္ပာယ်လဲ'

တုထန်ဟိုက သေချာစွာ ရှင်းပြသည်၊

'ဒီလိုပါ၊ ကျွန်တော်ဟာ ကွန်လုံဝမ်ကိုမြင်ဖူးခဲ့တာမှ မယ့် သူ့ပကတိမျက်နှာကို မြင်တွေ့ခဲ့ရတာမဟုတ်ပါဘူး၊ နှာတုစွပ်ထားတဲ့မျက်နှာကြီးကိုသာ မြင်ခဲ့ရတာပါ၊ သူ့ပကတိ မျက်နှာကို မမြင်ဘူးသူတွေ အများကြီးရှိတယ်၊ သိုင်းလော သားတွေ အားလုံးနီးပါးလောက်ပဲ ဆိုပါတော့လေ'

'ဩော်....ဒီလိုကိုး'

ဆန်ကွမ်းချိက ဝင်မေး၏၊

'ဆရာကြီးတို့အနေနဲ့ ကွန်လုံဝမ် ဒီလို ရုပ်ဖျက်နိုင်တယ် တာ ကြိုတင်မတွက်မိကြဘူးလား ခင်ဗျ'



မုတ်ဆိတ်ဖြူရသေ့ကြီး ရန်ကျင့်က ခေါင်းခါ၏၊

'ကျုပ်တို့ကတော့ ရိုးရိုးပဲတွေးတယ်၊ အဲဒီလို မတွက်မိပါ ဘူးဗျာ'

ရန်ကျင့်က ဆက်ပြော၏၊

'ကွန်လုံဝမ်ရဲ့လက်အောက်မှာ အင်္ကျီနက် အသင်းတစ်သင်း ရှိတယ်လို့ ပြောသံကြားဖူးတယ်၊ မောဒီက မိတ်ဆွေကြီးဝတ် ထားတဲ့ အင်္ကျီနက်ဟာ....'

ရသေ့ကြီး၏စကားမဆုံးမီ တုထန်ဟိုက ဖြတ်၍ဝန်ခံ၏၊

'ဟုတ်ပါတယ်၊ ကွန်လုံဝမ်ရဲ့လက်အောက်မှာရှိတဲ့အင်္ကျီနက် အသင်းသားတွေဟာ ဒီလိုအင်္ကျီနက်မျိုးပဲ ဝတ်ပါတယ်၊ ကျွန် တော်ကတော့ ကွန်လုံဝမ်ရဲ့လက်အောက်ငယ်သားတော့မဟုတ် ပါဘူး၊ အခြေအနေအရ ဝတ်ထားရတာပါ'

ရန်ကျင့်ရသေ့ကြီးက....

'ဝါဖြင့် ကွန်လုံဝမ် အကြောင်းတော့ အနည်းနဲ့အများ သိမှာပေါ့'

'လိုက်သင့်သလောက်တော့ သိပါတယ်၊ ကျွန်တော်နဲ့က တော်တော်ကလေး ကြုံကြိုက်ခဲ့တာကိုး'

'ဒါဖြင့် ကျုပ်နဲ့ ခဏလောက်လိုက်ခဲ့ပါလား'

'ဘယ်ကိုလိုက်ရမှာလဲ'

'ကျုပ်ရဲ့ဂိုဏ်းတွေ အစ်ကိုကြီးသိပေါ့'

တုဆန်ဟိုး အံ့ဩသွားသည်။

'သူက ဟူတန်းတောင်ပေါ်မှာ မဟုတ်ဘူးလား'

ရန်ကျင့်ရှသော့ကြီးက ခေါင်းခါ၏။

'မဟုတ်ပါဘူး၊ ဗီနယ်မြေအတွင်းမှာပဲရှိပါတယ်၊ ဟူတ
တောင်က ကျုပ်တို့ဆင်းလာတာ အချိန်မနည်းတော့ဘူး'

'ဒီလိုဆိုရင် ဆရာကြီးပဲ ရှေ့ကလမ်းပြပါလား၊ ကျွန်တေ
တို့ လိုက်လာဖို့ ဝန်မလေးပါဘူး'

'သိပ်ကောင်းတယ်၊ ကျုပ် လမ်းပြမယ်'

ရန်ကျင့်ရှသော့ကြီးသည် ရှေ့မှ ဦးဆောင်ထွက်သွားသည်

သူ့နောက်မှ တုဆန်ဟိုးနှင့်ဆန်ကွမ်းချီတို့ ရင်ပေါင်တန်း
လိုက်၏။

တုဆန်ဟိုးနှင့် ဆန်ကွမ်းချီတို့၏ နောက်မှာမူ ရှသော့
နှစ်ပါး ခပ်ထမ်း၍ လိုက်လာသည်။



ရှသော့ငယ်နှစ်ပါးသည် သိုင်းလောက အတွေ့အကြုံသိပ်မရှိ
ပေ။

ယခုကဲ့သို့ တုဆန်ဟိုးနှင့် ဆန်ကွမ်းချီတို့ သူတို့သဘောနှင့်
လိုက်ပါလာသည့်ကိစ္စကို ရှသော့ငယ်နှစ်ပါး၏ စိတ်ထဲ၌
နှုံးအဖြစ် လိုက်ပါလာကြသည်ဟု ထင်မှတ်နေကြ၏။

ကြောင့် အထူးသတိဝီရိယထား၍ နောက်က စောင့်
လိုက်ပါလာကြသည်။

ဆန်ကွမ်းချီသည် ရှသော့ငယ်နှစ်ပါးကိုကြည့်၍ ပြုံးမိ၏။

'တ်ချပါ၊ ခင်ဗျားတို့ သာမှုစိတ်ပူမနေပါနဲ့၊ ကျွန်တော်တို့
ယ့်သဘောနဲ့ကိုယ်လိုက်လာတာပါ၊ ဘယ်ကိုမှထွက်မပြေး
ဘူး'

ရှသော့ငယ်နှစ်ပါးမှာ မျက်နှာများ နီရဲသွား၏။

ဆန်ကွမ်းချီတို့၏ နောက်သို့ သိပ်မကပ်တော့ဘဲ ခပ်လှမ်း
မှသာ လိုက်ပါလာကြတော့သည်။

ပိုင်ခန့်ရှိးပေါက်လာသောအခါတောတောင်အတွင်း၌
ရှိနေသည့် ဘုရားကျောင်းပျက်တစ်ခုကို တွေ့ရှိရ၏။

သို့သောဘုရားကျောင်းပျက်မျိုးမှာ တရုတ်ပြည်၏ တော
အနှံ့ရှိနေတတ်သဖြင့် အံ့ဩဖွယ်ရာတော့မဟုတ်တော့ပေ။

ဘုရားကျောင်းပျက် အဝသို့ရောက်သည်နှင့် ရင်ဘတ် ရှည်လျားသော မုတ်ဆိတ်ဖြူကြီးနှင့် ဆံပင်များ ဖြူ အသက် ကိုးဆယ်နီးပါးရှိသည့် ရသေ့ကြီးတစ်ပါးကို လိုက်ရလေ၏။

ရသေ့ကြီးသည် တင်ပျဉ်ခွေထိုင်လျက် အတွင်းအား ကျင့်နေသည်။

အလွန်တရာ လေးစားကြည်ညိုဖွယ်ကောင်းသော ရု အသွင်အပြင်ရှိသည့် ရသေ့ကြီးပေတည်း။

ရန်ကျင့်ရသေ့ကြီးက တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့ကို ခဏထားပြီး တိုးတိုးပြော၏။

'မိတ်ဆွေတို့ ဒီမှာ ခဏစောင့်ကြပါ၊ ကျုပ် သွ အကြောင်းကြားလိုက်ဦးမယ်'

ထိုသို့ပြောလိုက်သည့် တစ်ခဏတွင် တင်ပျဉ်ခွေထိုင်နေ ရသေ့ကြီး၏ မျက်လုံးများ ဖွင့်လာသည်။

'ညီတော် ပြန်လာပြီလား'



တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့ကို ခေါ်လာသည့် ရသေ့ကြီး ချက်ချင်းပင် ရှိသေတုပ်ကွစွာ ထိုင်ချပြီး ရှိခိုးလေ၏။

'နောင်တော်....ကွန်လုံဝမ်အကြောင်းသိတဲ့ လူနှစ်ယောက် ကူလို ကျွန်တော် ခေါ်လာခဲ့ပါပြီ'

ရသေ့ကြီး၏ တောက်ပြောင်ဝင်းလက်သော မျက်လုံးများ အပေါက်ဝ၌ ရပ်နေသည့် ဧည့်သည်နှစ်ဦး၏ ခန္ဓာကိုယ် ရောက်ရှိလာ၏။

'ဧည့်သည်နှစ်ယောက်ကို ခေါ်ခဲ့ပါ'

တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့အား အထဲဝင်ရန် အချက်ပြ ရင်းတို့နှစ်ယောက်သည် သူတို့အား ခေါ်ဆောင်လာ ရသေ့ကြီးထိုင်နေသည့် နေရာသို့ ဝင်လာပြီး ထိုင်ချ ၏။

ဂါရဝပြုပြီး နှုတ်ဆက်သည်။

'ကြီး ကျန်းမာပါစ ခင်ဗျာ'

'....ကျန်းမာပါတယ်၊ ဒီကဧည့်သည်တွေရဲ့နာမည်က....'

'ကျွန်တော်ကတော့ တုထန်ဟိုပါ'

'ကျွန်တော်ကတော့ ဆန်ကွမ်းချီပါ'

မှုတ်ဆိတ်ဖြူ ဆံဖြူနေသော ရသေ့ကြီးသည် အ
လှမ်းမျှော်ကြည့်လိုက်၏။

ထို့နောက် ခပ်တိုးတိုး ပြောသည်။

'ကျုပ်ကိုတော့ ရန်ရှယ် ရသေ့လို့ ခေါ်ပါတယ်၊ တေ
တောင်ထဲက ဘုရားကျောင်းပျက်ထဲမှာဆိုတော့ ညသ
ကို နေရာထိုင်ခင်း ကျကျနနမပေးနိုင်၊ စားကောင်းသော
တွေနဲ့ ဖူယ်ဖူယ်ရာရာ ညှိမခံနိုင်တဲ့အတွက် ကျုပ်စိတ်မကေ
ပါဘူး'

တုထန်ဟိုက....

'ဟာ....ကိစ္စမရှိပါဘူး ဆရာကြီး၊ ကျွန်တော်တို့ဟာ
ထဲ တောင်ထဲမှာ နေသားကျနေပါပြီ'

ရန်ရှယ် ရသေ့ကြီးက ခေါင်းညိတ်၏။

'ကျေးဇူးတင်ပ'

'ဆရာကြီး ကျွန်တော်တို့ဆီက ဘာများ သိချင်လို့

ရန်ရှယ်ရသေ့ကြီးသည် တုထန်ဟိုအားငေးစိုက်ကြည့်

'ကျုပ်ဟာ အသက်ကြီးပါပြီ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကက
ကျုပ်ဟာ သိုင်းလောကကို စွန့်ခွာခဲ့ပြီး ဖြစ်ပါတယ်'



တုထန်ဟို အံ့ဩသွား၏။

'ဟင်....ဟုတ်လား'

ရန်ရှယ် ရသေ့ကြီးက ခေါင်းညိတ်၏။

'ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီဆယ်နှစ်အတွင်းမှာ သိုင်း
လောကကြီးဟာ အကြီးအကျယ် ပြောင်းလဲခဲ့တယ်၊ ကြောက်
ရကောင်းလောက်အောင်ကို ပြောင်းလဲခဲ့တယ်၊ ဒီပြောင်းလဲ
မှုဟာ ကျုပ်နဲ့လဲ တစ်နည်းတစ်ဖုံ ဆက်စပ်နေတယ်၊ ဒီတော့
ကျုပ်တစ်ယောက်တည်း တောထဲမှာ ကေစာရိကျင့်နေလို့ မဖြစ်
တော့ဘူးပေါ့၊ ဒါကြောင့် သိုင်းလောကထဲ ပြန်ဝင်လာခဲ့ရ
တာပဲ'

တုထန်ဟိုသည် ဤရသေ့ကြီးထံမှ ထူးဆန်း အံ့ဩဖွယ်
ကောင်းသည့် သတင်းများကို ကြားသိရတော့မည်ဖြစ်ကြောင်း
နားလည်သဘောပေါက်သွားလေ၏။

ထို့ကြောင့် မည်သည့်စကားမျှ မပြောဘဲ ငြိမ်သက်စွာ
နားထောင်နေလိုက်သည်။

ရန်ရှယ်ရသေ့ကြီးက....

'မိတ်ဆွေ....မိတ်ဆွေကြီး တုထန်ဟိုရဲ့အဝတ်အစားက သိုင်း
လောကမှာ နာမည်ကြီးနေတဲ့ အကျီနက် ကိုယ်ရံတော်အဖွဲ့ရဲ့
ကိုယ်ကျပ်အကျီပဲ မဟုတ်ပါလား'

'ဟုတ်ပါတယ် ဆရာကြီး'

'မိတ်ဆွေက ကွန်လုံဝမ်ရဲ့ လက်အောက်ငယ်သားလ ဒါမှမဟုတ်....'

တုသန်ဖျို့က ပြုံး၍ပြော၏၊

'ဒီဝတ္ထုနက်ဝတ်ရတဲ့အကြောင်းကို ရှင်းပြနေရင် ဆရာကြီ အခနဲ့ အချိန်ယူပြီး နားထောင်ရပါလိမ့်မယ်၊ ကျွန်တော်က ရာဇဝင်အူပေါက်ကြီးကို အရှည်ကြီး ပြောပြနေရပါလိမ့်မ အချုပ်အားဖြင့် ပြောပြသွားရရင်တော့ ကျွန်တော်ဟာ ကွန် ဝမ်ရဲ့ လက်အောက်ငယ်သား မဟုတ်ဘူး ဆိုတာပါပဲ'

ထိုစဉ် ရန်ကျင့်ရသေ့ကြီးထံမှ အော်ဟစ် မေးမြန်းသည့် အသံ ကြားလိုက်ရသည်၊

'ဟေ....ဘယ်သူလဲ့ကျောင်းအပြင်ကိုရောက်နေတာ၊ ဝင်ချ ရင် ဝင်ခဲ့ပါလား'

ရန်ကျင့်ရသေ့ကြီးသည် အတွင်းအားခေါင်းသူ ဖြစ် တိုးညင်းသောအသက်ရှူသံနှင့် တိုးညင်းသော ခြေသံများက ကြားနိုင်စွမ်းရှိသည်၊

တစ်စုံတစ်ယောက်သည် ဘုရားကျောင်းပျက် အနီးသို့ ချဉ်း ကပ်လာနေလေပြီ၊



'ဟေ....ဒီလောက်အော်မေးနေတာတောင် ဘာဖြစ်လို့ငြိမ် ရတာလဲ၊ ခိုးကြောင်ခိုးဝှက် ဝင်လာလို့ ဗုဒ္ဓရောက်ရင် ပ်တို့ကို အပြစ်မတင်နဲ့'

ရန်ကျင့်ရသေ့ကြီးသည် ခုန်ထွက်သွား၏၊

'ရန်ကျင့်....ဘာမှမလုပ်နဲ့၊ သူ့ကို အထဲကိုလွှတ်လိုက်ပါ'

ကြာမီ ခပ်ဖြင်းဖြင်းနင်းလာသော ခြေသံနှင့်အတူ အစိမ်း ဝတ်စုံ ဝတ်ဆင်ထားသည့် အဘိုးကြီး တစ်ဦးသည် ကလေးတစ်ယောက်ကိုပွေ့ချီ၍ အခန်းထဲသို့ ဝင်လာလေ ၏၊

ဆန်ကွမ်းချီသည် ဤအဘိုးအိုကို တွေ့မြင်ခဲ့ဖူးလေပြီ၊

ကျွန်လုဂိုဏ်းမှ ပညာရှိထန်ရှင်သည်ပင်လျှင် ထိုအဘိုးအို၏ ကလေးကို အသက်ကယ်ခဲ့ရသည် မဟုတ်ပါလော၊

'ဩြော်....ဆရာကြီးပါလား၊ ကြုံမှကြုံတတ်ပလေခင်ဗျာ'

အဘိုးအိုက ဆန်ကွမ်းချီအား မှတ်မိကြောင်း ခေါင်းညိတ် ပြီ တုထန်ဟိုအား ရဲရဲနီနေသော မျက်လုံးများဖြင့် စောင်း ကြည့်လိုက်၏၊

ဖီးဖြစ်သူအား ကြမ်းပြင်ပေါ်၌ စေ့တ္တ ချပြီးနောက် နန်ဟိုအား လျှပ်တစ်ပြက်တိုက်ခက်တော့သည်၊

'ဟာ.... ဘယ်လိုလုပ်လိုက်တာလဲ'

သိုင်းလောက၏ အတွေ့အကြုံပြည့်ဝလှသောတုထန်ဟို ကြမ်းပြင်ပေါ်သို့ လိုမ့်ချောင်ထွက်သွား၏။

နှုတ်မှလည်း လှမ်းအော်သည်၊

အဘိုးအို၏ လက်ဝါးရိုက်အားသည် ပြင်းထန်လှ အခန်းထဲရှိ လေထုသည်ပင် တုန်ခါသွားရသည်၊

တုထန်ဟိုမှာ ပြန်လည်ခုခံရန် မတတ်နိုင်ပေ၊

ဆန်ကွမ်းချီသည်ကြားထဲမှ ဝင်ရောက်၍ ကာကွယ်ရ သည်၊

'ဝုန်း'

'ဟင်'

တုထန်ဟိုနှင့် အဘိုးအိုတို့ကြားထဲသို့ ဆန်ကွမ်းချီ ရော လာ၏၊

ဆန်ကွမ်းချီ၏ ခုခံနိုင်စွမ်းကို အဘိုးအိုအံ့သြသွားသ



'ကောင်လေး.... မင်းက ငါ့ရိုက်ချက်ကိုတောင် ခုခံနိုင် သလား'

ဆန်ကွမ်းကွမ်းချီက ပြုံး၍တောင်းပန်၏၊

'ဆရာကြီး....မှားမယ်၊ စုံစမ်းမေးမြန်းပြီးမှ တိုက်ခိုက်ပါ'

ရန်ရှယ်ရသေ့ကြီးကလည်း ဝင်တား၏၊

'ဟုတ်တယ်၊ ဘာဖြစ်လို့ ခင်ဗျား အရမ်း လုပ်ရတာလဲ၊ ခင်ဗျားလဲ ကျုပ်လိုပဲ သိုင်းလောကဝဲဂယက်ကြီးထဲ ပြန်ရောက် လာရပြန်ပြီမဟုတ်လား'

အင်္ကျီစိမ်းအဘိုးအိုသည် သူ့သမီးအနီးသို့ ပြန်ဆုတ်သွား ပြီ....

'ခင်ဗျားလဲ သိုင်းလောကကို စွန့်သွားပြီးပြီဆို၊ ဘာဖြစ်လို့ ပည့်တွေ ညှော်သည်သိုင်းသမားတွေနဲ့ တစ်ဝိုင်းတည်းထိုင်းနေ ပြန်တာလဲ၊ သိုင်းလောကထဲကို တကယ်ပဲ ခြေချ ဝင်ရောက် ပြီလို့ ကျုပ်ယူဆရမှာလား'

ရန်ရှယ်ရသေ့ကြီးက သက်ပြင်းချသည်၊

'တင်....တကယ်ပါပဲဗျာ၊ ကျုပ်လဲမလွှဲမရှောင်သာပဲနဲ့သိုင်း လောကထဲ ပြန်ဝင်ခဲ့ရတာပေါ့ဗျာ၊ ကိုယ်မွေးတဲ့မီးကို ကိုယ်ပဲ ငြိမ်းပေးရတော့မှာပေါ့'

အင်္ကျီစိမ်းအဘိုးအိုသည် သမီးဖြစ်သူ၏တေး၌ ထိုင်ချ၏၊

ဆန်ကွမ်းချိုက....

'ဆရာကြီး....ဆရာကြီးရဲ့ သမီးကလေး ဘက်သာရှိ[လ] ခင်ဗျာ'

အဘိုးအိုသည် ဆန်ကွမ်းချိုအား ယခုပင်ထသတ်တော့[မ]ကဲ့သို့ လှမ်းကြည့်၏။

စောစောက သူ့အား ခုခံထားသည့်အတွက် ဒေါသ ထနေပုံရသည်။

ဆန်ကွမ်းချိုသည် ကျိတ်၍ အတွင်းအား ထုတ်ထားရ[မ]၏။

ရှတ်တရက်ထတိုက်ပါက ခုခံနိုင်အောင် အဆင့်သင့်ဖြစ်[နေ]ထားခြင်းဖြစ်ပေသည်။

ဆန်ကွမ်းချို၏စိတ်ထဲ၌....

'တကယ့်အဘိုးကြီးပဲ၊ ငါကစေတနာနဲ့မေးတာကို ဝါ[...] ရန်မူမယ့်အကြည့်နဲ့ ပြန်ကြည့်နေသေးတယ်'

ဆန်ကွမ်းချိုတွေးနေစဉ် အဘိုးအိုက....

'မင်း တယ်ပြီးသတ္တိကောင်းပါလား၊ ငါနဲ့ တစ်ပွဲတစ်လ[မ်း] ဆလောက် စမ်းချင်သေးလို့လား'



ဆန်ကွမ်းချိုမှာ အလွန်တရာ စိတ်တိုနေသည်။

အဘိုးအိုအား အတိုက်အခံပြောရန်မသင့်ဟု ဆုံးဖြတ်သည်။

'ကျွန်တော် ဆရာကြီးနဲ့ မတိုက်ဝံ့ပါဘူးခင်ဗျာ၊ အခုမေး[တာ]ကလဲ ဆရာကြီးရဲ့ သမီးကလေးအတွက် ရိုးရိုးသားသား [စေ]တနာနဲ့ မေးတာပါ'

ကျော်ချိမ်းအဘိုးအိုက ခါးသီးစွာပြောလေ၏။

'ငါ့ကိစ္စမှာ တ၁စေတနာမှ မလိုဘူးကွ၊ ဘယ်သူမှမေးဖို့မလို[ဘူး]'

အတော်ပင် ဘုကန့်သန့်ကျဲသော အဘိုးကြီးပင်တည်း။

'ဒီအဘိုးကြီးဟာ လူတကာကို သုန်သုန်မှုန်မှုန်ကြည့်တယ်၊ [...]ါသီးသီးစကားပြောတယ်၊ ရန်လိုတယ်၊ လောကကြီး [...]လုံးကို မကျေမနပ်ဖြစ်နေပုံရတယ်၊ သူနဲ့ ဆက် စကား [...]ရင် ရေ့ဆက် ရန်ဖြစ်ရုံပဲရှိမယ်၊ ဒီတော့ ကိုယ့်ဘက်က [...]ျှော့ဖက်ပြီး တိတ်တိတ်နေလိုက်ရတော့မှာပဲ'

[ဆ]န်ကွမ်းချိုသည် ထိုသို့ တွေးမိလိုက်သဖြင့် အဘိုးအိုနှင့် [...]၍ စကားမပြောတော့ဘဲ ငြိမ်သက်သွားတော့သည်။

## အခန်း (၁၀၃)

### အကျည်းတန် အရုပ်ဆိုးသောအတိတ်

'ဟေ့ လူ....ဟို တိဗက်မိတ်ဆွေကြီး တုထန်ဟိုကို သွားပြီး
လုပ်ပါနဲ့၊ သူဟာ ကျွန်လုံဝမ်ရဲ့ လက်အောက်ငယ်သား
မဟုတ်ပါဘူး'
ရှယ် ရသေ့ကြီး၏ တားမြစ်ချက်ကြောင့် အင်္ကျီစိမ်း
တို့ ငြိမ်သက်သွား၏။
ထိုခဏ....
'ကျွန်မ....ကျွန်မ ရေငတ်တယ်'
ကျောက်ပြင်ပေါ်၌ ချထားခြင်း ခံရသည့် မိန်းကလေးထံမှ
ညည်းသံ ထွက်ပေါ်လာရာ အင်္ကျီစိမ်းအဘိုးအိုမှာ ပျာပျာ
ဖြစ်သွား၏။

သူ့တွင် ရေဘူးမပါသဖြင့် တုထန်ဟိုနှင့် ဆန်ကွမ်းချီ
သို့ လှည့်၍ ခပ်ငေါက်ငေါက် မေးသည်။

'ဟေး....မင်းတို့ထဲမှာ ဘယ်သူရေဘူးပါလာသလဲ'

ဆန်ကွမ်းချီမှာ သူ့တွင် ရေဘူးမပါသော်လည်း ယော
ယမ်း၍ စမ်းသပ်မိသည်။

တုထန်ဟို၏ခါးပတ်မှ ရေဘူးရှိသည်။

တုထန်ဟိုကရေဘူးကိုဖြုတ်ယူ၍ ဆန်ကွမ်းချီအား လှမ်း
သည်။

'ညီလေး ရေဘူးပေးလိုက်ပါ'

ဆန်ကွမ်းချီသည် ရေဘူးကိုလှမ်းယူပြီး အဘိုးအိုအား လှ
ပေးလိုက်၏။

အင်္ဂလိပ်စိမ်းအဘိုးအိုသည် ရေဘူးကို လက်ခံယူသော်လ
ကျေးဇူးတင်စကားခွတော့ မပြောပေ။

သူ့သမီးကို ကောက်ချီပွေ့ယူပြီး ဘုရားကျောင်းအပြ
ထွက်ခွာသွားတော့သည်။

ဆန်ကွမ်းချီမှာမူ အံ့သြနေသည်။

'အင်း....ဒီအဘိုးကြီးဟာ အတော်ဘုကန့်သန့်ကျတဲ့ အ
ကြီးပဲ၊ ဒီလိုစိတ်ထားမျိုး ရှိနေတဲ့နောက် ဘယ်လိုမိတ်ကော
ဆွေကောင်းရှိတော့မှာလဲ'



ရန်ရွှယ်ရသေ့ကြီးက....

'လူကလေး ဒီအဘိုးကြီးကို လူကလေးသိသလားကွယ့်'

ဆန်ကွမ်းချီ ခေါင်းခါ၏။

'မသိပါဘူး၊ ဒါပေမယ့် သူ ဒီပုံစံအတိုင်း ဆက်လက်နေရင်
ကော့ သူ့မှာ မိတ်ဆွေကောင်းရှိမှာ မဟုတ်ဘူး'

ရန်ရွှယ်ရသေ့ကြီးက ခေါင်းညိတ်ကာ....

'မှန်တယ်၊ သူ့ကို အောင်ပိုင်းနဂါးလို့လဲ ခေါ်ကြတယ်၊
မည်ရင်းကတော့ ကျန်စီမွန်ဝ၊ သူဟာ ဘယ်သူနဲ့မှ မတွေ့
၊ ဘယ်သူနဲ့မှလဲ ပေါင်းလို့မရဘူး၊ သူဟာ သူ့အတွက်ပဲ သူ
ပ်တယ်၊ သူတစ်ပါးကို ငဲ့ညှာခြင်း၊ ထောက်ထားခြင်း၊
ားခြင်းဆိုတာ လုံးဝမရှိဘူး၊ ဒါပေမယ့် သူတစ်ပါးအပေါ်
တော့ မကောင်းကြံလေ့ မရှိပါဘူး'

'ဆရာကြီးနဲ့သိတာတော့ ကြာပြီပေါ့'

'ကြာပြီ လွန်ခဲ့တဲ့ ဆယ့်လေးငါးနှစ်ကျော်ကပဲ၊ ဒါပေ
မယ့် သူစိမ်းတွေလိုပါပဲကွယ်'

ဆန်ကွမ်းချီမှာ သက်ပြင်းချသည်။

'ပြော်....သူက တစ်ကိုယ်တော်သိုင်းသမားကြီးကိုး၊ ငါလုပ်
မျှ မှန်တယ်ဆိုတဲ့ လူမျိုးဆိုတော့ တစ်ပါးသူနဲ့ ဘယ် တည့်
တော့လဲ'

ရန်ရှယ်ရသေ့ကြီးက သက်ပြင်းချသည်။

'သူ့အကြောင်းနဲ့သူပေါ့လေ၊ ငါသာ သူလိုစိတ်ထား ထားနိုင်ရင် သိုင်းလောကကြီးလဲ ခုလို ဘယ်ဒုက္ခရောက်ေ မလဲ၊ သူတစ်ပါးကို ကူညီတယ်၊ သနားတယ်၊ ထောက်ထ ညာတာတယ်ဆိုတာလဲ နေရာတိုင်း ကောင်းတာ မဟုတ်ဘ လူကိုကြည့်ပြီး သနားသင့်တယ်၊ ထောက်ထား ညာတာ တယ်'

ဆန်ကွမ်းချီက....

'ဟာ....ဒီအဘိုးကြီးနဲ့ ဆရာကြီး နှိုင်းယှဉ်လို့တော့ မယ်မထင်ဘူး၊ သူ့ကို တစ်နေရာမှာ တွေ့ခဲ့ဖူးပါတယ်၊ လူ ကို ဒီပုံစံအဘိုင်းဆက်ဆံဘာပဲ၊ အင်း....တစ်ခုတော့ရှိတာ လေ....'

သူသည် ဆက်မပြောတော့ပေ။

နိုင်ချစ်နေဘ်၏ အရိုးစိမ့်အဆိပ်အပ်ကို ထိုအဘိုးအိုက ထုတ်ယူပေးခဲ့သည့် အချက်ကို စဉ်းစားမိသောကြောင့် သည်။

ရန်ရှယ်ရသေ့ကြီးမှာလည်း သူ့ခံစားချက်နှင့်သူ ဖြစ် သဖြင့် ဆန်ကွမ်းချီစကားကို ကောက်၍ မေးမြန်းမိခြင်း ပေ။



င်း....သူတစ်ပါးကို သနားခြင်းဒုက္ခ၊ သနားခြင်းဒုက္ခ၊ ဝမ်....ကွန်လုံဝမ်'

န်ကွမ်းချီ အံ့ဩသွားသည်။

ပ်လူနှင့် ပတ်သက်နေကြောင်း သိရသဖြင့် ရန်ရှယ် ကြီးအား မေးခွန်းထုတ်လိုက်မိ၏။

ရာကြီး...အဲဒီအကြောင်းတွေကိုပြောပြပါလားခင်ဗျာ၊ ကျော်တို့ မှတ်သားစရာဖြစ်ရင်လဲ ဖြစ်နေမှာပေါ့'

ရှယ်ရသေ့ကြီးသည် တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့ စ်ချက် လှမ်းကြည့်ပြီး....

င်း....ပြောရတာပေါ့ကွယ်၊ လွန်ခဲ့တဲ့ အနှစ်သုံးလေး ာက်တုန်းက ငါ့ရဲ့ စိတ်ဓာတ်ပျော့ညံ့မှုကြောင့် သေလု ဖြစ်နေတဲ့ ကွန်လုံဝမ် အလောင်းအလျာ ကလေးဟာ သန်လာခဲ့ရတယ်၊ သူ့အသက်ရှင်သန်လာတာနဲ့ အမျှ ကကြီးလဲ ချောက်ကျရတော့တာပါပဲကွယ်'

န်ကွမ်းချီက....

ဆိုရင် ဆရာကြီးဟာ ကွန်လုံဝမ်ရဲ့အသက်သခင်ကျေး တစ်နည်းအားဖြင့် သိုင်းလောကကို ဒုက္ခပေးခဲ့တဲ့ တို့လဲ မှန်တာပေါ့လေ'

ရန်ရှယ်ရဲသေကြီးမှာ သက်ပြင်းရှည်ကြီးကိုချသည်

'ငါသာမကယ်ခဲ့ရင် ကွန်လုံဝမ်ဆိုတဲ့ကောင်လဲ နေ နိုင်တော့ဘူး'

'ဒီကွန်လုံဝမ် အသောင်းအလျားပေါ့၊ သူဟာ ကျောင်းမှာ ဘာပြစ်မှု ကျူးလွန်ခဲ့တယ်မသိဘူး၊ အဲ လာတဲ့ သစ္စာဖောက်၊ ဘယ်သူ့ဝေ ရိုက်နှက်ပစ်ခဲ့ ဘူး၊ လမ်းဘေးမှာ သေလုမျောပါဖြစ်ပြီး လဲကျ

'ဟင်....ကွန်လုံဝမ်ဟာ ဟို....ငယ်မင်ဦကဘည်းတာ မျှားနဲ့ ကြီးပြင်းလာခဲ့တဲ့ လူပေါ့နော်'

'မှန်တယ်၊ တကယ်လို့ ငါနဲ့သာ မတွေ့ခဲ့ရင် သူ ပါပြီ၊ ဒဏ်ရာက ပြင်းထန်သယ် သူ့ ဒဏ်ရာနဲ့ မသေရင်လဲ သားရဲတိရစ္ဆာန်တွေ အစား မှာပဲ၊ အင်း....ဖြစ်ချင်တော့ ငါမရောက်သွားတဲ့အချိန် သောခါနီး၊ ကယောင်ကတမ်းစကားတွေ ပြောနေတ ခါနီး မီးတောက်လိုပေါ့၊ သူ့ဒဏ်ရာကို စမ်းဆေး အင်မတန် ပြင်းထန်နေတာကို တွေ့ရတယ်၊ ငါ့သိမှာ တဲ့ ဆေးတွေလဲ သူ့အသက်ကို မကယ်နိုင်ဘူး၊ ဟူတန်းကိုဏ်းရဲ့ အတွင်းအားနဲ့ သူ့ကို ကုသပေးရတ နည်း သက်သာမှုလဲရရော သူ့ကို အတွင်းအား ပါ သင်ပေးခဲ့တယ်၊ ဒါမှ သူ့အသက် ဆက်ရှင်မ အဲဒါဟာ ငါ့ရဲ့ မဟာအမှားကြီးပါပဲ'



ရှယ်ရဲသေကြီးမှာ သူ့အမှားကိုအကြီးအကျယ်နောင်တ ရသည်၊

နိုက်ကွမ်းချိကာ....

'ဒါကတော့ ဆရာကြီးမှာ အပြစ်မရှိပါဘူး၊ ဆရာကြီး သူ့ကို လူကောင်းမှန်း လူဆိုးမှန်း ဘယ်ခွဲခြားနိုင်မှာ နောက်ပိုင်း ဖြစ်လာတာကတော့ ကံတရားအတိုင်းပေါ့၊ ကိုယ်ကိုတိုင် ဒီသောက် ယူကျုံးမရ ဖြစ်မနေပါနဲ့ ခင်ဗျာ'

'ယူကျုံးမရဖြစ်တာလဲ မပြောနဲ့လေ၊ သူ့ကို အသက်ကယ် ရင်တော့ ခေတ်နှောင်းသေတာပေါ့၊ အခုဟာက သူ့ကို ကယ်ပေးရုံတင်မကဘူး ဟူတန်းတောင်ပေါ်အထိခေါ် ခဲ့မိတယ်'

နိုက်ကွမ်းချိမှာ ရင်ဘတ်ဖိမိသွားသည်၊

'ဗြော်....ဒီလိုကိုး'

'ဒီ ဒုတိယအမှားက ပထမအမှားထက် ပိုကြီးတယ်'

'ဒါလဲ သူ့ဒဏ်ရာ ကင်းကင်းရှင်းရှင်း ပျောက်ကင်းစေ စေဘာနဲ့ ခေါ်တာပဲဟုတ်လား'

'င်း....ပျောက်ကင်းစေချင်တာလဲ ပါတယ်၊ တပည့်မွေး ာလဲ ပါတယ်ဆိုပါတော့'

'ခင်ဗျာ....ကျွန်တော် နားမလည်ဘူး'

'ဒီလိုလေ....ဒီလူက ဒဏ်ရာနည်းနည်းကလေး သက်သာ မှာပဲ ဟူတန်းဂိုဏ်းရဲ့ အတွင်းအား လေ့ကျင့်နည်းကို တိုတိုအတွင်း သင်ယူနိုင်ခဲ့တယ်၊ အဲဒါ ဘာကိုပြသလဲ သူ့မှတ်ဉာဏ်ဟာ သူမတူအောင် ထက်မြက်တယ် ဆို ပြတာပဲ၊ ငါ့စိတ်ကူးက ဒီလို၊ သူ့ကို ဟူတန်းတော ခေါ်သွားတယ်၊ ဂိုဏ်းသားသစ်အဖြစ် သွတ်သွင်းပြီး သိုင်းပညာ သင်ကြားပေးမယ်၊ ဉာဏ်ကောင်းတဲ့လူဆို ဟူတန်းဂိုဏ်းရဲ့ သိုင်းပညာအားလုံးကို လွယ်လွယ်ကူကူ တတ်မြောက်ပြီးတော့ သိုင်းပညာ အသစ်တွေ တီထွင် မယ်လို့ မျှော်လင့်ခဲ့တယ်'

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသည့် တုထ ဝင်ပြောလေ၏။

'ဆရာကြီး မျှော်လင့်တဲ့အတိုင်း ဖြစ်လာတာပဲမဟုတ်

'ဖြစ်လာတယ်လို့ ပြောရမှာပဲ၊ သူဟာ ဟူတန်းတော မှာ နှစ်နှစ်တိတိ နေခဲ့တယ်၊ နှစ်နှစ်အတွင်း ... တစ်ကြိမ်မှမဆင်းခဲ့ဘူး၊ ကျုပ်တို့လဲ ကျုပ်ပညာ ... ကောင်းကောင်းနဲ့ သင်ယူနိုင်တာတွေတော့ သိပ်ပြီး ... နေခဲ့တယ်၊ သူဟာ ကျုပ်တတ်ထားတဲ့ သိုင်းပညာရဲ့ ခြောက်ပုံလောက်ကို ဒီနှစ်နှစ်အတွင်းမှာ အမြဲအရသင်ယူ တယ်'



'တကယ် အတတ်မြန်တာပဲနော်'

ဆန်ကွမ်းချီက ဝင်၍ မှတ်ချက်ချ၏။

'တစ်နေ့ကျတော့ ကျုပ်ဟာ သူ့ကို ဟူတန်းဂိုဏ်းရဲ့ အဆင့် မြင့် သိုင်းပညာတစ်ရပ်ဖြစ်တဲ့ ကျင်ဆန်ဆိုတဲ့ သိုင်းပညာကို သင်ပေးဖို့ စိတ်ကူးနေခဲ့တယ်၊ အဲဒီ အချိန်မှာပဲ ရှောင်လင် ကျောင်းက ကိုယ်တော်နှစ်ပါး ရောက်ရှိလာတော့တာပဲ'

ဆန်ကွမ်းချီက....

'သူတို့က....'

ရန်ရွှယ်ရသေ့ကြီးက လက်ကာပြရင်း....

'ဆက်ပြောမယ်၊ အဲဒီအခါကျမှ သူဟာ နှစ်နှစ်လုံး ဘာ ဖြစ်လို့တောင်ပေါ်က တစ်ဖဝါးမခွာတယ်ဆိုတဲ့အချက်ကို သိရ တော့တယ်'

တုထန်ဟိုက....

'ကြေနှ ရှောင်လင်ကိုယ်တော်နှစ်ပါးဟာ သစ္စာဖောက်ကို လာဖမ်းတာပဲ ဖြစ်ရမယ်'

ရွှန်ရွှယ် ရသေ့ကြီးက ခေါင်းညိတ်ရင်း....

'ကျုပ်လဲ ရှောင်လင် ကိုယ်တော်တွေကို ထွက်ပြီး ကြိုဆို တာပေါ့၊ ကျောင်းဆောင်ရဲ့ ခြေရင်းမရောက်ခင်ပဲ ရှောင်လင် ကိုယ်တော်တစ်ပါးက ကျုပ်ကို အကြီးအကျယ် အပြစ်တင်တော့ တယ်၊ သူတို့ကျောင်းက သစ္စာဖောက်ကို ဒီလို မပြုစု မယု ထောင်သင့်ဘူးလို့ သိုင်းလောကရဲ့ စည်းကမ်းတွေကို ထောက်ပြီး ရှုတ်ချတယ်'

'အဲဒီတော့ ဆရာကြီးက ဘယ်လိုဆုံးဖြတ်သလဲ'

'တပည့်တစ်ယောက်ကို ချက်ချင်းခေါ်ပြီး ကွန်လုံဝမ် အခန်းကို လွှတ်ရတာပေါ့၊ သစ္စာဖောက်ကို ရှောင်လင်ကျောင်း ရဲ့ ကိုယ်စားလှယ် ကိုယ်တော်နှစ်ပါးရဲ့လက်ထဲကို ပြန်အပ်မယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့'

'အင်းလေ....ဒါမှလဲ ရှောင်လင်ကျောင်းက ကျေနပ်မှာ ပေါ့၊ နို့မို့ရင် ရှောင်လင်နဲ့ ဟွာအန်း ရန်ငြိုး ဖွဲ့သွားကြလိမ့် မယ်'

ရန်ရွှယ်ရသေ့ကြီးက သက်ပြင်းချသည်။

'ရန်ငြိုးဖွဲ့တဲ့အဆင့်ကို လုံးဝမရောက်ပါဘူးလေ၊ ဘာဖြစ် လို့လဲဆိုတော့ ကွန်လုံဝမ်ဟာ သူ့အခန်းမှာ မရှိတော့လို့ပဲ၊ သူ့ကို တောင်တစ်တောင်လုံး တပ်ဖြန့်ရှာခဲ့ကြတယ်၊ သူဟာ



ဂိုဏ်းလက်က ဟွာတန်းဂိုဏ်းသား တစ်ယောက်ကိုတောင် သတ်ခဲ့တယ်၊ ဘယ်လောက် ရက်စက်တဲ့စိတ်ထား ရှိတယ်ဆို တာ ဒီတစ်ချက်ပဲ ကြည့်တော့'

ကြက်ကွမ်းချီမှာ ကွန်လုံဝမ်၏ ရက်စက်မှုကို အတော်အလေး သွား၏။

ရန်ရွှယ်ရသေ့ကြီးက ဆက်ပြော၏။

'ရှောင်လင် ကိုယ်တော်နှစ်ပါးလဲ အိတ်မကောင်းတဲ့ ပြန် ကြရတယ်၊ ငါလဲ ဒီကောင့်ကို စရှာရအောင် ပြန်ဖမ်း ဖမ်းမိရင် ရှောင်လင်ကျောင်းမှာ သွားအပ်မယ်လို့ ဆုံး တယ်၊ အဲဒီလိုဆုံးဖြတ်ပြီး လိုက်ရှာတော့လဲ ထင်သလိုဖြစ် ခဲ့ပါဘူး'

တုထန်ဟိုက....

'ကွန်လုံဝမ်ကို ခြေရာခံလို့ မရဘူးလား'

'ခြေရာခံလို့ရပါတယ်၊ သူက အဖမ်းမခံဘဲ ပြန်ပြီးတော့ တောင်ခုခံတယ်၊ လက်နက်သုံးပြီးတော့ တိုက်ခိုက်တယ်၊ ကျုပ် တပည့်လေးယောက် ကျဆုံးတယ်'

'ဆရာကြီးကိုယ်တိုင် လိုက်ဖမ်းတာ မဟုတ်ဘူးလား'

'မဟုတ်ဘူး၊ ကျုပ်တပည့်တွေကိုလွှတ်ပြီး ဖမ်းခိုင်းလိုက်ပါ၊ ဒါကြောင့်လဲ သူထင်သလို လုပ်သွားနိုင်တာပေါ့'

ဆန်ကွမ်းချိုက မသက်မသာ ပြောလိုက်၏။

'တကယ် သွေးဆာတဲ့ လူသတ်သမားပဲ'

ရန်ရွှယ်ရသေ့က ဆက်၍ပြောပြန်သည်။

'ကျုပ်ဟာ ကွန်လုံဝမ်ရဲ့လက်ချက်နဲ့ သေဆုံးရတဲ့ တ တွေရဲ့ အလောင်းတွေကို ကြည့်ပြီး ဝမ်းနည်းပက်လက် ဖြ တယ်၊ ဟုတ်တယ်လေ၊ သူ့အသက်ကို ကယ်တင်ခဲ့မိတဲ့အ ဟွာတန်းတောင်ရဲ့ တောင်ခုလတ်မှာ တပည့်တစ်ယောက်အ ခံခဲ့ရတယ်၊ အခု လေးယောက် အသတ်ခံရတယ်၊ စုစုပေ ငါးယောက် အသတ်ခံခဲ့ရပြီ'

တုထန်တိုက....

'နောက်ထပ်တော့ကော ခြေရာခံလို့ ရသေးသလား'

'ရတယ်၊ ဟွာတန်းဂိုဏ်းသားတွေ အများအပြား ထွေ ထားတာပဲ၊ တစ်နေ့ကျတော့ ကွန်လုံဝမ်ဟာ ခိုင်ဖုန်းမှာရှိ လို့ သတင်းရောက်လာတယ်၊ ကျုပ်လဲ သတင်းရရချင်း ချက် လိုက်သွားတာပဲ၊ လိုက်သွားတော့ ကျုပ်တပည့်နှစ်ယောက် အသတ်ခံရပြီးနေပြီ'



'ဟင်'

'ပထမ တစ်ကြိမ် တပည့်လေးယောက် အသတ်ခံရပြီး ကတည်းက ကွန်လုံဝမ်နဲ့တွေ့ရင် ရင်မဆိုင်ရဘူးလို့ အမိန့်ထုတ်ထားတယ်၊ ဒါကြောင့် ဒီတပည့်နှစ်ယောက်ဟာ နောက်ယောင်ခံလိုက်ရုံတင်ပဲလိုက်ကြတယ်၊ ဒါကို ကွန်လုံဝမ်က ရိပ်မိသွားပြီး သတ်ပစ်လိုက်တာပဲ၊ အဲဒီတပည့်နှစ်ယောက်ရဲ့ သေနေတဲ့ မျက်နှာတွေဟာ အေးအေးချမ်းချမ်းပဲ၊ သူတို့ကို ဘယ်သူသတ်သွားမှန်း သိပုံတောင်မရဘူး၊ ကွန်လုံဝမ်က ချောင်းမြောင်းလုပ်ကြံလိုက်တာပဲ'

တုထန်ဟိုက....

'ဆရာကြီးပေါ့၊ သူနဲ့လွဲသွားမှာပေါ့'

'မလွဲဘူး၊ ဒီတစ်ကြိမ်တော့ ရင်ဆိုင်တွေ့ရတယ်'

'ဒီလိုဆိုရင်....'

'တွေ့တော့တွေ့တယ်၊ တွေ့ပုံကလဲကြည့်ဦး၊ သူကခရီးသည်ကင်လှည်းကြီးထဲ ရောက်နေတယ်၊ သူ့ကိုဝင်တိုက်ရင် ခရီးသည်တွေအသတ်ခံရနိုင်တယ်၊ ဒါကြောင့် သူ့ကိုရှောင်းဖျပြီး ကမ်းပေါ်တက်ဖို့ ခေါ်ရတယ်'

'သူ တက်လာသလား'

'တက်လာတယ်၊ လူပြတ်တဲ့နေရာလဲရောက်ရော သူကပဲကျုပ်ကို စတင်တိုက်ခိုက်တော့တယ်'

ရန်ရွှယ်ရသေ့ကြီးသည် သက်ပြင်းချပြီး ဆက်ပြောသည်။

'ကျုပ်နဲ့ အဲဒီသစ္စာဖောက်တို့ဟာ သုံးနာရီ ကြာအောင် တိုက်ခိုက်ခဲ့ကြတယ်၊ ကျုပ်တပည့်ဖြစ်ခဲ့ပေမယ့် တပည့်ကဆရာ့ထက် လက်စောင်းထက်နေတော့ ကျုပ်အနေနဲ့ သူ့ကိုမနိုင်ခဲ့ဘူး၊ သစ္စာဖောက်သုံးတဲ့ သိုင်းကွက်တွေတာလဲ အမျိုးမျိုးပါ၊ ရှောင်လင်သိုင်းကွက်လဲ ပါရဲ့၊ ဟူဘန်းသိုင်းကွက်လဲ ပါရဲ့၊ တခြားအမျိုးအစည်မသိတဲ့ သိုင်းကွက်တွေလဲပါရဲ့၊ အဲဒီတော့ ကျုပ်လဲ သူ့ကို ဘယ်လွယ်လွယ်နဲ့ အနိုင်ယူနိုင်တော့မှာလဲ'

တုထန်ဟိုက....

'နောက်ဆုံး အရှုံးအနိုင် ဘယ်လို ဖြစ်သွားပါသလဲ ဆရာကြီး'

'ကျုပ်ပဲ မတတ်သာတဲ့အဆုံးတူတန်းရဲ့အဆင့်မြင့်သိုင်းကွက်ဖြစ်တဲ့ ကျင်ဆန်သိုင်းကွက်ကိုထုတ်သုံးရတော့တယ်၊ ဒီတော့မှပဲ ကျုပ်လဲ သူ့ကိုစိုးမိုးနိုင်တော့တယ်၊ ဒါပေမယ့် သူဟာလေထဲက အဆိပ်မှုန့်တွေ လွှတ်ပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးသွားနိုင်ခဲ့တယ်'

'ဟင်'



တုထန်ဟိုရော ဆန်ကွမ်းချီပေါ် အကြီးအကျယ် အံ့ဩ ထိတ်လန့်သွားသည်။

ရန်ရွှယ်ရသေ့ကြီးက မချိပြုံးပြုံးသည်။

'ကျုပ်လဲ အငိုက်မိပြီး အဆိပ်မှုန့်တွေကို ရှူမိုက်မိတယ်၊ အဲဒီအတွက် ခြောက်လလောက် ဆေးကုယူရတယ်၊ အဲဒီနောက်ပိုင်းမှာ ရှောင်လင်ကျောင်းက ကိုယ်တော်တွေနဲ့ သက်တဲ့ပြီး သစ္စာဖောက်ကို ရှာဖွေကြပေမယ့် သတင်း အစအနကိုတောင် မရခဲ့ဘူး၊ ဒါနဲ့ ဟူတန်းတောင်ကို ပြန်လာခဲ့တယ်၊ ဟူဘန်းတောင်လဲရောက်ရော နောက်ထပ်လူသတ်မှုတစ်ခုလဲ ကြုံတွေ့ရတော့တာပဲ'

'ဟင်....ဘယ်လိုဖြစ်သွားတာလဲ'

ထိုမေးခွန်းကို တုထန်ဟိုရောဆန်ကွမ်းချီပေါ် တစ်ပြိုင်တည်း မေးမြန်းမိသည်။

ရန်ရွှယ်ရသေ့ကြီးက....

'ကျုပ် ဟူဘန်းတောင်ကို ရောက်သွားတော့ လူသတ်မှုနဲ့ ထပ်ပြီးကြုံတွေ့ရတယ်၊ ကျုပ်မရောက်ခင် သုံးရက်လောက်အလိုမှာ မျက်နှာဖုံးစွပ်ထားတဲ့လူသတ်သမားဟာ ဟူတန်းတောင်မှာ အစိက အကျဆုံးဖြစ်တဲ့ ဆန်ရွှယ်ကွမ် ကျောင်းတော် စောင့်ရှောက်တဲ့ ရသေ့ကြီးလေးပါးထဲက တစ်ပါးကို သတ်သွားသတဲ့'

တုထန်ဟိုက စုတ်သပ်လျက် မေးသည်။

'ကျွတ်....ကျွတ်....ကျွတ်....ကျန်တဲ့ရသေ့သုံးပါးကော'

'ကျန်တဲ့ရသေ့သုံးပါးကတော့ ဒဏ်ရာရသွားကြတယ်၊ ဟာ ကျောင်းတော်ထဲ စိတ်ကြိုက်မွှေနှောက်သွားသတဲ့၊ တပည့် တွေပြောပြချက်အရဆိုတော့ အဲဒီလူဟာ ကွန်လုံဝမ်ပဲ ဖြစ်ဖို့များ ပါတယ်'

ရန်ရွှယ်ရသေ့ကြီး၏မျက်နှာပေါ်၌ ကြေကွဲဝမ်းနည်းသည့် အရိပ်အယောင်များ ပေါ်လာသည်။

ဆန်ကွမ်းချီသည် ရသေ့ကြီးအား နှစ်သိမ့်မှု ပေးချင် သော်လည်း မည်သို့နှစ်သိမ့်မှုပေးရမည်မှန်း မသိသဖြင့် သည် အတိုင်းပင် ငြိမ်နေလိုက်ရတော့သည်။

ရန်ရွှယ်ရသေ့ကြီး၏ ငြိမ်သက်တိတ်ဆိတ်မှုမှာ အတော် ကလေး အချိန်ကြာမြင့်လာသည့်အတွက် ဆန်ကွမ်းချီမှာ မမျို သိပ်နိုင်တော့ဘဲ စိတ်ထဲရှိရာကို ပြောချမိတော့သည်။



'ဆရာကြီးမှာ ဘာအခက်အခဲများရှိနေပါသလဲ၊ ကျွန်တော် တာများကူ....'

ဆန်ကွမ်းချီသည် ရုတ်တရက် နှုတ်ပိတ်သွားသည်။

ဟွာတန်းဂိုဏ်း၌ အဆင့်မြင့်သိုင်းသမားများစွာ ရှိနေသည်ပဲ။

မိတို့ကကူညီမည်ဟုကမ်းလှမ်းလျှင် ဟွာတန်းဂိုဏ်းကို စော် ရာ ကျပေလိမ့်မည်။

ရန်ရွှယ်ရသေ့ကြီးက....

'ဒီ လျှို့ဝှက်ချက်ကြီးကို ကျုပ်စိတ်ထဲမှာ နှစ်ပေါင်းများစွာ မ်းခဲ့ရတယ်၊ ဘယ်သူ့ကိုမှဖွင့်မပြောခဲ့ဘူး၊ ဒါပေမယ့်ဒီနေ့ တော့ ဖွင့်မပြောလို့မဖြစ်တော့ဘူး'

'ဘာဖြစ်လို့လဲ ဆရာကြီး'

ကုထန်ဟိုက ဝင်မေးသည်။

'ဘာဖြစ်လို့လဲ ဆိုတော့....'

ရန်ရွှယ်ရသေ့ကြီးသည် သူ၏ ဖြူဖွေး ရှည်လျားလှသော မုတ်ဆိတ်ရှည်ကြီးကို လက်ဖြင့်ဆုပ်ကိုင်ရင်း ဆက်ပြော၏။

'ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အနေနဲ့ လူ့ပြည်မှာ နေရမယ့် အချိန်က သိပ်မရှိတော့လို့ဘဲ'

တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့မှာ ထိုစကားနှင့် ပတ် မည်သို့မျှ ဆွေးနွေးနိုင်စွမ်းမရှိ၍ ငြိမ်သက်၍ နားထေ ကြရသည်။

'ကျုပ်တို့ဂိုဏ်းမှာ လူကောင်းလဲ သိပ်မရှိတော့ဘူး၊ ပေါက် တပည့်တွေထဲမှာ ဟူဘန်းဂိုဏ်းရဲ့ဂုဏ်ကို ဆောင် တပည့်တစ်ယောက်မှ မပါဘူး၊ ကျုပ်ဟာ လူတော်လူ ကိုရှာရင်း ဖိနပ်ပေါက်ခဲ့ရတဲ့ကိန်း ဆိုက်လာတယ်၊ ကွ ကို ကျုပ်မွေးမြူခဲ့တာလဲ အဲဒီရည်ရွယ်ချက်နဲ့ပေါ့၊ တု လို့ ကိုးကွယ်ပါတယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိ ကွန်လုံဝမ်အကြောင်း သိခဲ့ပြီးတဲ့နောက် ဘယ်လို တပည့် မွေးနိုင်တော့မှာလဲ'

တုဆန်ဟိုနှင့် ဆန်ကွမ်းချီတို့သည် ရန်ရှယ် ဂ သေ အကြောင်း သိပ်မသိကြပေ။

မသိခြင်းမှာ အကြောင်းကြောင်းကြောင့် ဖြစ်သည်။

ကွန်လုံဝမ်သည် သိုင်းလောကထဲသို့ ယခုမှ ဝ ဖြစ်သည်။

တိဗက်ကြီး တုထန်ဟိုသည် တိဗက်နှင့် တရုတ်ပြည် ပိုင်း ကူးချည်သန်းချည် လုပ်နေသူဖြစ်၍ သိုင်းလောက အကြုံ ရင့်ကျက်သော်လည်း တရုတ်ပြည်တွင်းမှ အချို ဝါစဉ်ကြီး သိုင်းသမားကြီးများကို သိပ်မရင်းနှီးချေ။



ရန်ရှယ်ရသေ့ကြီးကိုယ်တိုင်က သိုင်းလောကမှ လွန်ခဲ့သည့် နှစ်ကတည်းက ထွက်ခွာသွားခြင်းကလည်း ရန်ရှယ်ရသေ့ ကို လူသိနည်းစေခြင်း ဖြစ်သည်။

သော် စကားပြောရင်း ပြောရင်း ရန်ရှယ်ရသေ့ကြီး ဟူတန်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ဖြစ်ခဲ့သည်ကို တုထန်ဟို ဆန်ကွမ်းချီတို့ တဖြည်းဖြည်း ရိပ်မိလာကြသည်။

နောက်ပိုင်း ပြောသော စကားများက သူတို့အသိကို ပို၍ စေခဲ့ပေသည်။

ရန်ရှယ်ရသေ့ကြီးက....

'ကျုပ် တစ်ခုမေးမယ်၊ သေသေချာချာ ပြောကြစမ်းပါ၊ ပါ့ဆာ မပြေနဲ့နော်'

'မေးပါ ဆရာကြီး'

'ဂိုဏ်းကြီးတစ်ခုခုကို အုပ်ချုပ်တည်ထောင်တဲ့လူမှာ ဘာ ကြီးဆုံး အရည်အချင်း လိုအပ်သလဲ'

ဆန်ကွမ်းချီက ခေါင်းခါ၏၊

'ကျွန်တော်တော့ မသိဘူး'

တုထန်ဟိုကလည်း....

'ကျွန်တော်တော့ ရေးတေးတေး သိသလိုပဲ၊ ဒါ
ကျွန်တော့်ရဲ့ မပြောပလောက်တဲ့ ခန့်မှန်းချက်ကလေးကို
ဖော်မပြောသင့်ဘူးလို့ထင်ပါတယ်၊ဆရာကြီးပဲ ရှင်းပြပါ

ရန်ချယ်ရသေ့ကြီးက လေးနက်စွာ ပြောလေ၏၊

'ဂိုဏ်းကြီးရဲ့ ဂုဏ်ပုဒ်ကို အမြဲတောက် ပြောင်
ထိန်းသိမ်းသွားနိုင်ဖို့ အရည်အချင်းဟာ အဓိက အရေး
ဆုံးပဲ'

တုထန်ဟိုနှင့် ဆန်ကွမ်းချိတို့ ငြိမ်သက်နေကြသဖြင့် ရ
ရသေ့ကြီးက ဆက်ရှင်းသည်၊

'ကျုပ်ပြောတဲ့အချက်က တိုတိုကလေးပဲ၊ ဒါပေမယ့်
အချက်ထဲမှာ တခြား အရေးကြီးတဲ့ အချက်ကလေး
များစွာ ပါဝင်နေတယ်၊ ကြိုးမျှင် သေးသေးကလေး
စုပေါင်းပြီး လိမ်ကျစ်ထားတဲ့ ကြိုးကြီးတစ်ချောင်းလိုပဲ
ဂိုဏ်းရဲ့ဂုဏ်ကို ဆောင်နိုင်မယ့် တပည့်ကို ရွေးဖို့ဆိုတာလဲ မ
ဘူး၊ သိုင်းလောကမှာ ရှောင့်လင်၊ ဟွာတန်း၊ ဝါမေ၊ ခွန်
ကျွန်လုန့် ချင်းချန်ဂိုဏ်းကြီးတွေ ရှိကြတယ်၊ အဲဒီဂိုဏ်
တွေဟာ နှစ်ပေါင်းများစွာ တည်တံ့လာခဲ့ကြပေမယ့် အ
တစ်ပြိုင်တည်း အမြဲတမ်း ကျော်ကြားနေကြတာ မဟုတ်



ဆက်ခံတဲ့ တပည့် အသစ် အသစ်တွေရဲ့ စွမ်းရည်အပေါ်
ပြီး ရှောင်လင်ကကျော်ကြားလိုက်၊ ကျွန်လုကကျော်ကြား
ခွန်းလွန်က ကျော်ကြားလိုက်၊ ဟွာဘန်းက ကျော်ကြား
တစ်လှည့်စီ တစ်မြန့်စီ ကျော်ကြားခဲ့ကြတယ်'

ဟုတ်ပါတယ်၊ ဒီအချက်ကို ကျွန်တော် သဘောတူ လက်ခံ
တယ်'

တုဘန်ဟိုက ထောက်ခံလိုက်သည်၊

'ကျုပ်ဟာ ဟွာဘန်းဂိုဏ်းကို ကျော်ကြားစေနိုင်မယ့် တပည့်
မျိုးဆက်သစ်ကို မပြုစုမပျိုးထောင်နိုင်ခဲ့ဘူး၊ ကျုပ်လောက်
မကျတဲ့လူ ဘယ်မှာ ရှိတော့မလဲ၊ ဒီအထဲမှာ မြေပွေး
ပိုက်ပိုက်မိသလို ကွန်လုံဝမ်ဆိုတဲ့ လူဆိုးကိုသွားပြီး မြေ
င်မြှောက်ပေးခဲ့မိသေးတယ်၊အခုတော့ ကွန်လုံဝမ်နဲ့ ကျုပ်
ရန်ငြိုးဖွဲ့မိကြပြန်ပြီ၊ ကွန်လုံဝမ်က ကျုပ်တို့ ဟွာတန်းဂိုဏ်း
အမှည့်ခြွေ ခြွေတော့မယ်၊ ဟွာတန်းဂိုဏ်းကြီး တည်တံ့
ောင် မထိန်းသိမ်းနိုင်ရင် တမလွန်ဘဝက ဆရာ့ဆရာတွေကို
ကျုပ်က ဘယ့်နှယ် မျက်နှာပြရဲတော့မလဲ'

တုထန်ဟိုက စိတ်မကောင်းခြင်း ကြီးစွာဖြင့် ခပ်တိုးတိုး
ရှုတ်သည်၊

'ကြော်....ဒီအရေးကြောင့် ဆရာကြီးဟာ သိုင်းလောကထဲ
ရှုန်းစွာပြီးလျက်က သိုင်းလောကထဲ ပြန်ဝင်ခဲ့ရတာကိုး'

ရန်ရှယ်ဆရာတော်က လေးနက်စွာ ပြောသည်။

'ကျုပ်မှာ လောလောဆယ် တာဝန်ကြီးနှစ်ရပ် ရှိတယ်၊ ပထမတာဝန်က ကူတန်းဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို ပြောင့်အောင် မြှင့်တင်ပေးနိုင်မယ့် တူ ဘန်းဂိုဏ်းသားသစ် ဆက်သင်ကို ရှာဖွေဖို့ပဲ၊ ဒုတိယ တာဝန်ကတော့ အဲ့ ကောင် ကွန်လုံဝမ်ကို သုတ်သင်ရှင်းလင်းဖို့ပဲ'

ရန်ရှယ်ရသေ့ကြီး၏အကြည့်သည် ရုတ်တရက် ဆန်ကူ ပေါ်သို့ ကျရောက်သွား၏။

'ဒါပေမယ့် ခုအခြေအနေအရတော့ ကျုပ်ဆန္ဒ လိုး တော့မှာ မဟုတ်ပါဘူး'

ဆန်ကူမ်းချီသည်အိုကြီးအိုမအရွ[illegible] ဂိုဏ်းအ ပူပန်ကြောင့်ကြနေရမှာ ရသေ့ကြီးအား [illegible] သည်။

'ဆရာကြီး....ဒီလိုလဲ စိတ်မလျှော့ပါနဲ့၊ ဟူဘန်းဂိုဏ် သိုင်းလောကထဲမှာ ရှောင်လင်ကျောင်းနဲ့အပြိုင် နာမည် တာပဲ၊ ဆရာကြီး မကွယ်လွန်မီ သူရဲကောင်း တစ်ယေ ယောက် တွေ့နိုင်ပါသေးတယ်၊ ဘာဖြစ်လို့ စိတ်လျှော့ရ[illegible]

'အင်း....ကျုပ်ဟာ သိုင်းလောကထဲက ဆယ်နှစ်စွန့်ခွာ အလကား စွန့်ခွာခဲ့တာ မဟုတ်ပါဘူး၊ သိုင်းပညာကို အ[illegible]



မယ့် ကျုပ်တို့ဂိုဏ်းကိုဦးဆောင်နိုင်မယ့်ပါရမီထူးချွန်သူကို ရှာတာပါ၊ လူတွေသိန်းနဲ့ချီပြီးတွေ့ပါရဲ့ ကွန်လုံဝမ်လို ကောင်းတဲ့လူ တစ်ယောက်မှမတွေ့ခဲ့ရဘူး'

ဆန်ကူမ်းချီက ခေါင်းညိတ်ရင်း ပြော၏။

'ဒါလဲဟုတ်တာပဲလေ၊ ကွန်လုံဝမ်လို အရည်အချင်းမျိုး တွေ့ဘယ် ခပ်ရှားရှားပဲ'

ရန်ရှယ်ရသေ့ကြီးက....

'ကျုပ်ရဲ့ခန္ဓာကိုယ်ထဲမှာ အတွင်းအားတွေ အပြောင်းအလဲ [illegible]ယ်၊ အဲဒီအချက်ဟာ ကျုပ်အတွက် အလားအလာ [illegible]ကောင်းတဲ့အချက်ပဲ၊ ကိုယ့်ဝမ်းနဲ့ကိုယ်သာသိဆိုတာလိုကိုယ့် [illegible]င်းကိုယ်ပဲသိတယ်၊ ကျုပ်ဟာ လူ့လောကမှာသိပ်နေရ [illegible]တော့လို့ ပထမတာဝန်ကိုတော့ လက်လျှော့ [illegible]၊ ဒီဆယ်ရက်အတွင်းမှာ ကွန်လုံဝမ်ကို ရှာပြီးအပြတ် [illegible]ယ်၊ ကျုပ်သေရင်လဲသေပါစေတော့လေ၊ ဒုတိယတာဝန် [illegible]ပြီးမြောက်သွားရင်တော့ သေပျော်တယ်လို့ သတ်မှတ်ရ

ဆန်ဟိုက ဝင်ရှင်းပြ၏။

ဆရာကြီး....အဲဒီဒုတိယတာဝန်ကလဲ မလွယ်ပါဘူး၊ သူ့ [illegible]အလာက အင်မတန်ပီရိလျှို့ဝှက်တယ်၊ သူ့ကိုတွေ့တာ [illegible] ဆရာကြီးအနေနဲ့ အနားကပ်ဖို့မလွယ်ဘူး၊သူ့ပတ်လည်

မှာ ကိုယ်ကျပ်အင်္ကျီနက် ကိုယ့်ရဲ့ဘော်ဆယ့်နှစ်ယောက်က ရှောက်နေကြလို့အဲဒီဆယ့်နှစ်ယောက်စလုံး သိုင်းပညာခ တယ်၊ ပွဲပေါင်းတိုက်ကွက်လဲရှိတယ်၊ ဆရာကြီးအနေနဲ့ သူ နိုင်မှာပါ၊ ဒါပေမယ့် အချိန်ယူပြီး တိုက်ရမှာတော့ ခ တယ်၊ အဲဒီအချိန်မှာ ကွန်လုံဝမ်မြေလျှိုးပြီးသွား ဖြစ်ေ မယ်၊ နောက်ပြီး ကွန်လုံဝမ်ကိုယ်တိုင်က စိတ်မငြိမ်ဘူး၊ ထွက်တိုက်ပေမယ့် အခုဆုတ်ချင်ဆုတ်ဘ၊ အဲဒီအချက်ေ သူ့ဂိုဏ်းထဲ သူလျှိုဝင်လုပ်ပြီး သိခဲ့ရတာပါ'

ရန်ရှယ်ရသေ့ကြီးက သက်ပြင်းချသည်၊

'ဘယ်တတ်နိုင်မလဲလေ၊ သေခါမှ သေရော၊ သူ့ကို တိုက်ရမှာပဲ'

ရသေ့ကြီးသည် အပေါက်ဝမှာ စောင့်နေသည့် ရန် အား လှမ်းခေါ်၍ အမိန့်ပေးလိုက်၏၊

'ညီတော်ရန်ကျင့်၊ကျောင်းပတ်ပတ်လည်ကို ဘယ်သူမှ နိုင်အောင်စောင့်စမ်း'

'ဟုတ်ကဲ့'

ရန်ကျင့်သည် လက်အုပ်ချီ၍ဝပြုလျက် ချာခနဲလှည့် သွား၏၊



ရန်ရှယ်ရသေ့ကြီးသည် ရန်ကျင့် ပျောက်ကွယ်သွားသည့် ရှိန်အထိ စောင့်ကြည့်ပြီးမှ သူ့လက်တစ်ဖက်ကို ဝတ်ရုံ ကင်းမှ ထုတ်ပြီး ဆန့်တန်းလိုက်သည်။

'ဆန်ကွမ်းချီ ငါ့လက်ကို လာကြည့်စမ်းပါ၊ ကိုယ်ထဲမှာ တွင်းအား စီးဆင်းပုံသိပ်မကောင်းဘူး၊လက်တွေ အေးချင် ေနေလို့မယ်'

ဆန်ကွမ်းချီသည် ရှေ့သို့တိုးလာပြီး ရန်ရှယ်ရသေ့ကြီး၏ က်ကို စမ်းသပ်လိုက်၏၊

လက်မှာ အေးမနေချေ။

'မအေးဘူးဆရာကြီး'

ထိုခဏ၌ပင် ဆန်ကွမ်းချီ၏လက်ကောက်ဝတ်မှာ ရန်ရှယ် ရသေ့ကြီး၏လက်တွင်း၌ တင်းကျပ်စွာ ဖမ်းဆုပ်ခြင်း ခံလိုက် ရသည်၊

ထို့ပြင် ရသေ့ကြီး၏လက်ဝါးမှ အတွင်းအားများ စီး ဝင်လာပြီး သူ့အတွင်းအားများကို ဖိနှိပ်နေသဖြင့် သူလည်း ဖောက်သာတော့ဘဲ အတွင်းအားထုတ်ကာ ခုခံရတော့သည်။

တုဆန်ဟိုဏ်၏မျက်နှာမှာ ဖြူရော်သွား၏။

သူသည် ချက်ချင်းထခုန်ပြီး အော်လိုက်သည်။

'ရဲဘော်ကြီး…ဒါဘာလုပ်တာလဲ'

ရန့်ရွှယ်ရှေကြီးသည် တုဆန်ဟိုအား လုံးဝမကြည့်တကား။

❖

## အခန်း (၁၀၄)

### အရာမဟုတ်သောအရာနှင့် တပည့်မဟုတ်သောတပည့်

တုဆန်ဟိုမှာ ဒေါသထွက်လှသဖြင့် ခန္ဓာကိုယ် တစ်ခုလုံး တုန်တက်တုန်လာသည်။

တုဆန်းဂိုဏ်းချုပ်ကြီး တစ်ယောက်အနေဖြင့် ဤသို့သော ယောက်လမ်းနည်းမျိုးကို မသုံးသင့်ဟု ယူဆ၏။

သို့သော်…

ရန့်ရွှယ်ရှေကြီးနှင့်ဆန့်ကွမ်းချိတို့၏မျက်နှာမှာ တဖြည်းဖြည်း နီရောင်ထလာသည်။

နှစ်ယောက်စလုံး ကြီးမားသောအတွင်းအားကို ထုတ်သုံးနေကြောင်း လွန်စွာသိသာထင်ရှားသည်။

ထိုစဉ်....

ရသေ့ကြီးသည် ဆန်ကွမ်းချီ၏လက်ကို ဖြန်းခနဲ လွှ
လိုက်၏။

ထို့နောက် ပြန်၍ပြောသည်။

'မိတ်ဆွေကြီး တုဆန်ဟို၊ ကျုပ်ကို တလွဲမဆင်ပါနဲ့၊
ကလေးရဲ့အတွင်းအား တယ်လောက်နက်ရှိုင်းတယ်ဆိုတာ
ချင်လို့ ခုလို စမ်းသပ်ကြည့်တာပါ'

တုဆန်ဟိုမှာ သက်ပြင်းချပြီး သူ့နေရာ၌ ပြန်ထိုင်လိုက်ရ

ဆန်ကွမ်းချီက....

'ဆရာကြီးရဲ့အတွင်းအားကတော့ အံ့ပခန်းပါဘဲ၊ ဆရာ
သာ ရန်မူချင်ရင် ဒီနေရာမှာ ကျွန်တော် တုံးခနဲသေမှာပဲ'

ရန်ရွှယ်ရသေ့ကြီးသည် လက်ကိုဖြည်းညင်းစွာ ဆန့်ထုတ်
ဆန်ကွမ်းချီ၏ ပခုံးပေါ်သို့ ညာသာစွာ တင်လိုက်သည်။

ထို့နောက် လေးနက်စွာ ပြောသည်။

'လူကလေး၊ မင်းရဲ့ အတွင်းအားနဲ့ဆိုရင် ဟူတန်းဂိုဏ်
ကျင့်ဆန်သိုင်းကွက်နဲ့ ထိုက်ကျိဖေခါးသိုင်းကို သင်ယူဖို့ အ
အချင်း လုံလောက်ပါပြီ'



ဆန်ကွမ်းချီသည် ရန်ရွှယ်ရသေ့ကြီးအနေဖြင့် ဘာကိုဆိုလို
နမှန်း မရိပ်မိပေ။

'ဆရာကြီး၊ ကျွန်တော့်အတွင်းအားက ဒီလောက် မဟုတ်
ပါဘူး၊ ခုလိုချီးကျူးတာကတော့ ကျေးဇူးတင်ပါတယ်'

တုဆန်ဟိုမှာ ဆန်ကွမ်းချီအက်မျှားစွာအသက်ကြီးရုံမျှမက
သိုင်းလောကအတွေ့အကြုံပါ ပြည့်ဝများပြားသူဖြစ်၍ ရန်ရွှယ်
ရသေ့ကြီး၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ကောင်းစွာနားလည်သိရှိ
လေ၏။

ဟူတန်းဂိုဏ်းဆိုသည်မှာ နှယ်နှယ်ရရဂိုဏ်း မဟုတ်ပေ။

သူ့သိုင်းပညာများကိုလည်း တော်ရုံတန်ရုံလူက သင်ယူနိုင်
ခြင်းလည်း မရှိပေ။

တုဆန်ဟိုက....

'ဆရာကြီး၊ ကျွန်တော့်ညီလေး ဆန်ကွမ်းချီကို အရေးကြီး
ဲ့ ဟူတန်းရဲ့ သိုင်းပညာအမွေတွေကို ခွဲဝေပေးချင်လို့ မဟုတ်
လား'

ရန်ရွှယ်ရသေ့ကြီးက ခေါင်းညိတ်၏။

'မှန်ပါတယ်၊ ကျုပ်တို့ဟူဘန်းဂိုဏ်းမှာ ကျင့်ဆန်သိုင်းနဲ့ ထိုက်ကျိုဖေခေါ်သိုင်းကို လက်ခံသင်ယူနိုင်လောက်တဲ့လူ ဘူး၊ တကယ်လို့သာ ကျုပ် သေဆုံးသွားခဲ့ရင် ဒီသိုင်းပညာကို နေ့စဉ် ဟူဘန်းဂိုဏ်းထဲက ဘယ်သူမှ တတ်မြောက်မှာမဟုတ်တော့ဘူး၊ ဟောဒီ ဆန်ကွမ်းချီဆိုတဲ့ သူကောင်း မျိုးက ကသား....'

ဆန်ကွမ်းချီမှာ ကမန်းကတန်း ဝင်ပြောသည်၊

'ကျွန်....ကျွန်....ကျွန်တော် အရည်အချင်းနဲ့ ဒီပညာတွေ သင်ယူနိုင်မယ် မထင်ပါဘူး၊ ဆရာကြီး ပြန်စဉ်းစားပါဦး'

ရန်ရှယ်ရသေ့ကြီးက လေးလေးနက်နက် ရှင်းလင်းပြောပြ ပေးသည်၊

'ငါဟာ သိုင်းလောကထဲမှာ ကျင်လည်ခဲ့တာ ကြာပါပြီ ပေးဝေသူနဲ့ ဆက်ခံသူတွေရဲ့ အရည်အချင်း ကန့်သတ်ချက်ကို ကောင်းကောင်းကြီး တတ်သိ နားလည်ပါတယ်၊ ကျင့်ဆန် သိုင်းကွက်နဲ့ ထိုက်ကျိုဖေခေါ်သိုင်းကို လူတိုင်း သင်ယူချင်လို့မ နိုင်ပါဘူး၊ လုံလောက်တဲ့ အတွင်းအား နက်ရှိုင်းမှုရှိရမယ် လူကလေးရဲ့ အတွင်းအား နက်ရှိုင်းပုံကိုကြည့်တာနဲ့ လူကလေး ဆီမှာ ဆရာကောင်းရှိမယ်ဆိုတာ သိသာထင်ရှားပါတယ်၊ ဒါ ငါစိတ်ကူးထားတာက လူကလေးကို တပည့်အဖြစ် လက်ခံ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျုပ်ရဲ့ ပညာကိုတော့....'



ဆန်ကွမ်းချီ နားမလည်တော့ပေ။

'ခင်ဗျာ....ဆရာကြီးပြောတာ ကျွန်တော်တော့ နားမလည် '

ရန်ရှယ်ရသေ့ကြီးက သက်ပြင်းရှည်ကြီးကိုချသည်။

'ငါ့ကို တလွဲမထင်စေချင်လို့ ဒါတွေကို ရှင်းပြနေတာပဲ၊ ဟာ ခနောက်ထပ် ဆယ်ရက်ထက်ပိုပြီး အသက်ရှည်ရှည် မနေ တော့ဘူး၊ ဒီဆယ်ရက်အတွင်းမှာ စောစောက ပြောခဲ့တဲ့ ပညာတွေကို သင်ပေးချင်ပါတယ်၊ ဟူဘန်းဂိုဏ်းရဲ့ တပည့် ဖြစ် ဝင်ဖို့ မလိုဘူးဆိုပေမယ့် ငါနဲ့ လူကလေးတို့ကြားမှာ တိကဝတ် ပြုထားရမယ့် ကိစ္စတွေတော့ ရှိပါသေးတယ်'

ဆန်ကွမ်းချီသည် တွေဝေစဉ်းစားနေ၏။

တုဟန်ပိုသည် ရသေ့ကြီး အခွင့်အရေးကြီးကို ဆန်ကွမ်း ချီ ပြင်းပယ်လိုက်မည် စိုးရိမ်သဖြင့် အရင်ဦးစွာ ဝင်၍ မေးမြန်း သည်၊

'ဆရာကြီးက ဘာကတိတွေ တောင်းချင်တာလဲ၊ ပြောကြည့် ဦးလေ၊ ကျွန်တော်တို့ လက်မခံနိုင်ရင်တော့....'

'ကောင်းပြီ၊ ကျုပ်ပြောမယ်၊ ပထမအချက်က ဒီပညာကို သင်ယူတတ်မြောက်ပြီးရင် ဘယ်သူ့ကိုမှ သင်မပေးရဘူး၊ ယုတ်စွ အဆုံး ကိုယ့်သားသမီးကိုတောင် သင်ပေးခွင့် မရှိဘူး'

တုထန်ဟိုက ခေါင်းညိတ်၏၊

'ဟုတ်ပြီ၊ ဒါကတော့ ဒီအထိုင်းပဲ ဖြစ်ရမယ်လေ၊ ဒီအ[illegible] ကို ကျွန်တော့်ညီလေး လက်ခံနိုင်ပါတယ်'

'ဒုတိယအချက်က ကျုပ်တို့ ဟူတန်းဂိုဏ်းမှာ အကူ[illegible] လိုအပ်လာရင် အချိန်မရွေး အကူအညီပေးရမယ်၊ ကျေ[illegible] တော်ရဲ့ လုံခြုံမှုကို အကာအကွယ်ပေးရမယ်'

'ဒါလဲ လက်ခံနိုင်တဲ့အချက်ပဲ၊ ဟူတန်းရဲ့ အရေးကြီ[illegible] ပညာတွေကို သင်ယူပြီးမှ ဟူတန်းကို ပြန်အကူအညီမပေ[illegible] ဆိုရင် အဲဒီလူယောက် ကျေးဇူးကန်းတဲ့လူ ရှိပါတော့မလ[illegible]

'တတိယအချက်ကတော့ အရေးအကြီးဆုံးပဲ၊ ကျုပ် [illegible] ဆုံးသွားပြီးတဲ့ နောက်ပိုင်းကာလတွေမှာ ဆန်ကွမ်းချီလို့အ[illegible] အချင်း ဗီဇ ပါရမီရှိတဲ့လူတွေ ဟူတန်းဂိုဏ်းထဲ ပါရှိလာ[illegible] ဆန်ကွမ်းချီက ကျင့်ဆန်သိုင်းကွက်နဲ့ ထိုက်ကျိဖေ ခ်ားသိုင်[illegible] ပြန်လည်သင်ကြားပေးရမယ်'

တုထန်ဟိုက ခေါင်းညိတ်၏၊

'ဆရာကြီးပြောတဲ့ "အချက်သုံးချက်စလုံးဟာ တရားမျှ[illegible] ကတိတွေချည်းပဲ၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေလဲ ဖြ[illegible] တယ်'



ထိုအချိန်၌ ဆန်ကွမ်းချီမှာ ထိုခ်ားသိုင်းပညာကို သင်ယူရန် [illegible]ပါနေလေပြီ၊

ရန်ရွှယ်ရသေ့ကြီးက....

'ကျုပ်တို့ဂိုဏ်းရဲ့ အမွန်အမြတ် ခ်ားသိုင်းဖြစ်တဲ့ ထိုက်ကျိဖေ [illegible]းသိုင်းဟာ သိပ်အစွမ်းထက်တယ်လို့တော့ မဆိုပါဘူး၊ ဒါပေ[illegible] လက်ရှိ သိုင်းလောကမှာတော့ ထိုက်ကျိဖေ ခ်ားသိုင်းကို [illegible]နိုင်တဲ့ တခြားသိုင်းပညာကတော့ ခပ်ရှားရှားပါပဲ၊အဆင့် [illegible] သိုင်းပညာကို သင်ယူတဲ့အခါမှာ နှစ်ရှိရမယ်၊ ဗီဇပါရမီရှိရ[illegible] အတွင်းအား နက်ရှိုင်းမှုကလဲ ရှိနေရဦးမယ်၊လူကလေးရဲ့ [illegible]တွင်းအားဟာ ငါ့သိက အဆင့်မြင့် သိုင်းပညာတွေ သင်ယူဖို့ [illegible]ဆင့်အတန်း မီနေတယ်၊ ဆယ်ရက်ဆိုတဲ့အချိန်ဟာ အင်မတန် [illegible]တောင်းပေမယ့် လူကလေးကသာ လိုချင်စိတ်ရှိရင် တစွန်း [illegible]စမကျန်အောင် သင်ယူနိုင်အောင် ငါစီစဉ်ပေးပါ့မယ်'

'ညီလေး ဆန်ကွမ်းချီ၊ ဆရာကြီးရဲ့ ကျေးဇူးဟာ ညီလေး [illegible]ပေါ် တောင်ကြီး တစ်တောင်ထက်တောင် ကြီးမားနေပြီ၊ [illegible]ကျေးဇူးတင်စကားပြောဖို့ မေ့နေပြီလား'

ဆန်ကွမ်းချီသည် ရသေ့ကြီးရှေ့၌ ဒူးထောက်ထိုင်ချကာ [illegible]ရိုးလိုက်၏၊

ဆရာကြီးရဲ့ ကျေးဇူးဟာ အင်မတန် ကြီးမားလှပါတယ်၊ [illegible]တော် ဦးညွှတ်ရှိခိုးလိုက်ပါတယ် ဆရာကြီး'

ရန်ရှယ်ရဒေသကြီးက ပြုံးလိုက်သည်။

'လူကလေး...ငါ့ကို ကျေးဇူးတင်ဖို့ မလိုပါဘူး၊ တင်ချ တင်ရင် ငါကသာ လူကလေးကို ပြန်ပြီး ကျေးဇူးတင်ရမှာပ လူကလေးကသာ လက်မခံရင် ငါဘယ်လိုမှ အသေဖြောင့် မဟုတ်တော့ဘူး'

ဆန်ကွမ်းချိုက လေးနက်စွာ ပြောဏ်၏။

'ဆန်ကွမ်းချိုသာ မသေခဲ့ဘူးဆိုရင် သူဟာ အနှစ်နှစ်ဆ အတွင်းမှာ တတ်နိုင်သမျှ နည်းမျိုးစုံနဲ့ ဟူဘန်းဂိုဏ်းအတွ အရည်အချင်းပြည့်ဝတဲ့ မျိုးဆက်သစ်ကို ရှာဖွေပေးမယ်၊ ဒါ မျိုးဆက်သစ်ကို ကျင့်ဆန်သိုင်းကွက်နဲ့ ထိုက်ကျိဖေားသိုင်း ပြန်လည် သင်ပေးမယ်၊ ဆရာကြီးရန်ရှယ်နဲ့ ဆန်ကွမ်းတို နှစ်ဦးနှစ်ဖက် သဘောတူခဲ့တဲ့ ကတိကဝတ်တွေကို ဆန်ကွ ချိုဟာ တာဝန်သဘောအရ မဟုတ်ဘဲနဲ့ မေတ္တာစေတနာသ ပါ အကောင်အထည် ပေါ်အောင် ဆောင်ရွက်ပေးပါမ ဒီစကားဟာ နှလုံးသားထဲက ထွက်ပေါ်လာတဲ့ စကားမဟု ဘူးဆိုရင် အသေဆိုးနဲ့ သေပါစေလို့ ကျိန်ဆိုကတိပြုပါတ'

ရန်ရှယ်ရသေ့ကြီးသည် မျက်ရည်ဝဲသော မျက်လုံးများဖြ ကြည့်ကာ ဆန်ကွမ်းချို၏ ပခုံးပေါ်သို့ အသာအယာ လက်ဖ လိုက်သည်။



'ဒီလိုမကျိန်ပါနဲ့ လူကလေး၊ ငါဟာ ကွန်လုံဝမ်နဲ့ တွေ့ဆုံ တည်းက လူကဲခတ် မှားခြင်းအတွက် ပေးရတဲ့တန်ဖိုးဟာ လောက် ကြီးမားတယ်ဆိုတာ သိပြီးပါပြီ၊ လူကလေး ပါမှာ နည်းနည်းကလေး သံသယရှိတာနဲ့ ဒီပညာတွေကို သင်ပေးမှာ မဟုတ်ပါဘူး'

တုထန်ဟိုသည် ဆန်ကွမ်းချိုအတွက်အလွန်တရာဝမ်းမြောက် သာ ဖြစ်သွား၏၊ အတွေ့အကြုံ များပြားလှသော တံဗက် ည် သိုင်းပညာထက်မြက်ပ လျက် အလွန်တရာ ရိုးသား သာ ဆန်ကွမ်းချိုအပေါ် အံ့ဩဖွယ်ကောင်းလောက်အောင် ၊အစ်ကိုကဲ့သို့ ရင်းနှီးခင်မင်လျက်ရှိနေလေ၏။

ရန်ရှယ်ရသေ့ကြီးသည် တိုတောင်းသောဆယ်ရက်အတွင်း ပညာသင်ပေးမည် ဆိုသဖြင့် အချိန်သည် ရွှေနှင့်စက်ရ တန်ဖိုးရှိနေကြောင်း တုထန်ဟို နားလည်သဘောပေါက်

'ညီလေး....ဆရာကြီးရဲ့ ဆုံးမစကားတွေကို မြေ့ဝယ်မကျ သောင်ပါ'

သူသည် ရန်ရှယ်ရသေ့ကြီးအား ဦးညွှတ်ဂါရဝပြုပြီး....

'ဆရာကြီး....ကျွန်တော် ကိုခွင့်ပြုပါဦး၊ ကျွန်တော်ထိုင်နေ ဆရာကြီးတို့ရဲ့ အချိန်တွေကို အလကားဖြုန်းသလိုဖြစ်နေ မယ်'

ရန်ရှယ်ရသေ့ကြီးက သာဓုခေါ်လေ၏။

တုထန်ဟို အပြင်ထွက်သွားသောအခါ ဆန်ကွမ်းချီ လိုက်လာလေ၏။

'အစ်ကိုကြီး တုထန်ဟို'

တုသန်ဟို လှည့်ကြည့်၏။

'ညီလေး....ဒါဟာ ညီလေးအတွက် မမျှော်လင့်ဘဲရော လာတဲ့အခွင့်အရေးကြီးပဲ၊ ဟွာတန်းဂိုဏ်းရဲ့ ကျင့်ဆန့်သိုင်း နဲ့ ထိုက်ကျိဖေဓားသိုင်းဟာ သိုင်းလောကမှာ ထိပ်သီးပညာ ဖြစ်တယ်၊ ဒီပညာတွေကိုသာ တတ်မြောက်လိုက်ရင် ညီလေး ကွန်လုံဝမ်ကိုကြောက်ဖို့မလိုတော့ဘူး၊ မိုးရွာတုန်းရေခံရ ဆိုတဲ့စကားအတိုင်း အခွင့်ရခိုက်မှာ ကြိုးစားသင်ယူပါ'

'အစ်ကိုကြီးဆုံးမတဲ့ စကားတွေကို ကျွန်တော့် အသ နှလုံးက မှတ်သားထားပါမယ်'

'ကဲ....ငါသွားမယ်၊ညီလေးကတော့ ဒီဘုရားကျောင်း မှာပဲနေခဲ့ပေတော့၊ နောက်အယ်ရက် လွန်မြောက်တဲ့ နေ့ တစ်နေ့မှာ ဒီနေရာကို ငါပြန်လာခဲ့မယ်'

'ဟုတ်ကဲ့....အစ်ကိုကြီးကို ညီလေး လိုက်မပို့နိုင်တဲ့အ ခွင့်လွှတ်ပါ'

'ကိစ္စမရှိဘူး'



ထန်ဟိုသည် ပြေးထွက်သွားပြီးမှ ရုတ်တရက်လှည့်ကာ....

လေး....အခုရုံတော့ မတွေ့ပြားနဲ့နော်၊ အသည်းနှလုံးနဲ့ ပြီး ပူဆွေး ဆွေးမြည့်နေတာတွေကို မေ့ထားလိုက်'

....ဟုတ်ကဲ့'

တွေ့ပြားပြီး ဆရာကြီးသင်ပေးခဲ့တဲ့ သိုင်းပညာ တစ် ကို မေ့လျော့သွားခဲ့ရင် နောင်တစ်ချိန်မှာ ညီလေး နောင်တရတော့မယ့်လူ ရှိတော့မှာ မဟုတ်ဘူး'

ကဲ့၊ ကျွန်တော်မှတ်ထားပါ့မယ်'

တစ်ရာ အကြောင်းထူးရှိရင် ငါလာပြီးအကြောင်း မယ်၊ မင်းသာ ဆရာကြီးပေးတဲ့ ပညာတွေကို ယူနိုင် ယူပေတော့၊ ကဲ....ငါသွားတော့မယ်'

ဟိုပြေးထွက်သွားရာသို့ ဆန်ကွမ်းချီ ငေးမောကြည့် ၏။

ဆုံး တစ်ကိုယ်လုံး ပျောက်ကွယ်သွားသော အခါမှ ကျောင်းပျက်အတွင်းသို့ လှည့်ဝင်၏။

ကွမ်းချီ ဘုရားကျောင်းပျက်ထဲသို့ ရောက်ရှိလာသော ရှယ်ရသေ့ကြီးသည် ကျောင်းပျက်ခန်းမကြီးထဲ၌ သည် လျှောက်ကြည့်နေ၏။

တည်ကြည်သောမျက်နှာ၌ ဖြူဖွေးသောဆံကျစ်မှ ဖွေးသော မုတ်ဆိတ်များဖြင့် တန်ဆာ ဆင်လိုက်သေ ရန်ရွှယ်ရသေ့ကြီး၏မျက်နှာမှာ လွန်စွာ တည်ကြည် လှသည်။

နတ်ဘုရားတစ်ပါး မြေပြင်သို့ ဆင်းသက်လာသည့် ထင်မှတ်မှားရ၏။

ဆန်ကွမ်းချီသည် ဆရာမဟုတ်သော ဆရာ၏ ရှေ့ တပည့်မဟုတ်သောတပည့်အဖြစ် ပူးထောက် ထိုင်ချ သည်။

'ဆရာကြီး....ကျွန်တော် ဆန်ကွမ်းချီ အသင့် ဖြ ခင်ဗျာ'

ရန်ရွှယ်ရသေ့ကြီး ခေါင်းညိတ်၏။

'ကောင်းတယ်၊အချိန်နဲ့ဒီရေဟာ လူကိုမစောင့်ဘ က ဝါးမျိုခံရခြင်းဟာ အဆုံးရှုံးဆုံး အနှစ်နာဆုံးပဲ ရွတ်ပြမယ်၊ အဲဒီသိုင်းကျမ်းလင်္ကာကို ဖြည်းဖြည်း ရွတ်ပါ'

'ဆရာကြီး အဲဒါ....'

'ထိုက်ကျိဖေဓားသိုင်းရဲ့လင်္ကာပဲ၊ တစ်အချက် ဝိ လင်္ကာတစ်ခုလုံးကို မင်း အလွတ်ရနေရမယ်၊



ကွက်အားလုံးကို တစ်ကွက်ချင်းကစားပြမယ်၊ အဲဒါကို ပင်တကယ်လို့ ဝါသေသွားရင်လဲ မင်းအဖို့ နစ်နာမှု မရှိ ကဘူး'

ဟုတ်ကဲ့'

ပီနှစ်အချက်ကိုအပိုင်ရအောင်မယ်ဆိုမှ ဗီဓားသိုင်းရဲ့ လှည့် ကွက်တွေကို အချိန်ရသမျှ အသေးစိတ်သင်မယ်၊ သိုင်း တစ်ကွက်မှာ လှည့်ပြောင်းကွက် သုံးဆယ့်နှစ်ကွက်ရှိတယ်၊ ကွက်ပေါင်း ခြောက်ဆယ့်ရှစ်ကွက်မှာ လှည့်ပြောင်းကွက် ပေါင်းလေးဆယ့်ရှစ်ကွက် ရှိတယ်၊ အဲဒါတွေအားလုံးကို ကွက်အတွင်း အကုန်သက်ဖို့ ဆိုတာတော့ မလွယ်ဘူး၊ ပြီး ကျင့်ဆန်သိုင်းကွက်ကို သင်စရာလဲ ရှိသေးတယ်၊ နှစ်ဖြစ် မင်းရဲ့ဉာဏ်ရည်အပေါ်မှာ မူတည်တယ်၊ ကဲ... ကိုပေတော့'

ရန်ရွှယ်ရသေ့ကြီးသည် သိုင်းကျမ်းလင်္ကာကို ဖြည်းဖြည်း ရွတ်ဆိုသွား၏။

ဆန်ကွမ်းချီက နောက်မှလိုက်ဆိုသည်။

သိုင်းကျမ်းလင်္ကာမှာ ရှည်လျားလှခြင်းမရှိသဖြင့် မကြာမီ ကွမ်းချီ အလွတ်ကျက်မှတ်ရရှိသွားသည်။

'လူကလေး တော်တယ်၊ မှတ်ဉာဏ် ကောင်းတယ်၊ သင်ပေးရမယ့်လူကို တအား တက်စေတာပဲ၊ ကဲ.... ရအောင်၊ သိုင်းကွက်တွေကို ကစားပြမယ်'

ရသေ့ကြီးသည် ကြမ်းပြင်၌ချထားသည့် ဓားတစ်ကို ကောက်ယူပြီး ဖြည်းညင်းစွာ ကစားပြ၏။

ဆန်ကွမ်းချီမှာ အလျင်အမြန် လိုက်လံမှတ်သားရ

အာရုံစိုက်၍ ကြည့်နေရသည်။

တစ်နာရီခန့်ကြာသောအခါမှ သိုင်းကွက်အားလုံး သွား၏။

ထိုအထဲတွင် လှည့်ပြောင်းကွက်များ မပါချေ။

'လူကလေး....ငါ နောက်တစ်ခါ ကစားပြမယ်'

ရသေ့ကြီးသည် ဒုတိယအကြိမ် ဖြည်းညင်းစွာ က ပြန်၏။

ဆန်ကွမ်းချီမှာ အထူးအာရုံစိုက်၍ ကြည့်နေရသည်။

တတိယအကြိမ် ကစားပြသောအခါ သိုင်းကွက်များ လာသည်။



'လူကလေး...ကြည့်လို့ တွေ့လို့ရရဲ့လား'

'အကြမ်းအားဖြင့်တော့ ကြည့်လို့ရပါတယ်၊ အသေးစိတ် မရသေးဘူး၊ အစပိုင်းမှာ ရှင်းပေမယ့် နောက်ပိုင်းမှာ ထွေးလာတယ်'

ရသေ့ကြီးက ကျေနပ်အားရစွာ ပြောလေ၏။

'ကောင်းတယ်၊ ဒီထိုက်ကျိဖေ ဓားသိုင်းရဲ့ အနှစ်သာရကို လေးဟာ သုံးပုံနှစ်ပုံနားလည်သွားပြီ'

'ခင်ဗျာ'

'ဒီဓားသိုင်းဟာ သဘာဝတရားကို ကျောရိုးခံထားတယ်၊ ပိုင်းမှာ ရှင်းတယ်၊ အလယ်မှာ ရှုပ်ထွေးတယ်၊ အဆုံးပိုင်း ပြန်ရှင်းသွားတယ်၊ ဒီသဘောတရားဟာ ထိုက်ကျိဖေဓား ရဲ့ အနှစ်သာရပဲ'

'ခင်ဗျာ'

ဆန်ကွမ်းချီမှာ အံ့သြလွန်းသဖြင့် 'ခင်ဗျာ' ဆိုသောစကားမှ အခြား ဘာမျှပြန်မပြောနိုင်ပေ။

'ဓားသိုင်းရဲ့အစပိုင်းဟာ ရိုးစင်းတယ်၊ ရိုးစင်းမှုတွေထပ်ခါ ရဲ့ အဖန်တစ်ရာရာပုံစံအမျိုးမျိုးနဲ့ ထုတ်သုံးတဲ့အခါမှာ ရှုပ် လာတယ်၊ ရှုပ်ထွေးမှုတွေအားလုံးကို ကြည့်မြင်နိုင်စွမ်း

ရှိလာတဲ့အခါမှာတော့ ဒီရှုပ်ထွေးမှုတွေ အားလုံးဟာ ရိုး
တွေအားလုံးကို ပုံစံအမျိုးမျိုးနဲ့ ထုတ်သုံးသွားတာပါက
လို့ နားလည်သဘောပေါက်လာလိမ့်မယ်၊ ရိုးစင်းခြင်းဟာ
ထွေးခြင်းရဲ့အစပဲ၊ ရှုပ်ထွေးခြင်းရဲ့အဆုံးဟာ ရိုးစင်းခြင်းပဲ'

ဆန်ကွမ်းချီသည် ပိုင်မာစန်းတောင်၌ အဘဆရာကြီး
သင်ကြားခဲ့ရသည့် သိုင်းပညာ သဘောတရားမှာ ဤသ
တရားများနှင့် မတူပေ။

ထို့ကြောင့် သူ့အဖို့ ဆန်းကြယ်သလို ဖြစ်နေ၏။

'အကြမ်းအားဖြင့် နားလည်နိုင်စွမ်းရှိတာကပဲ အခတော်
ဖိုးရှိနေပြီ၊ ဒီနေ့ တစ်ရက်ဘောင် မကုန်သေးဘူး၊ အ
ကလေး အရာရောက်နေပြီ၊ ဒါပေမယ့် တိုက်ကျိုဖေ ခေါ
ဟာ တစ်ကွက်နဲ့တစ်ကွက် ကွင်းဆက်သဘောမျိုးရှိတယ်၊
ကုန်းတွေဆက်သလို ဆက်နေတယ်၊ တောင်ကုန်းနှစ်ခုကြ
ဆက်စပ်မှု အဆင်းအတက်ရှိတယ်၊ နောက်တစ်ခုကို ဆက်
ရှိနေတဲ့တစ်ခုက ချောချောမွေ့မွေ့ ဆင်းနိုင်ဖို့ လိုအပ်တ
အဲဒီကြား အလှည့်အပြောင်းတွေကို မေ့နေရင်တော့ ဒီ
ပညာ ခြောက်ဆယ့်လေးကွက်စလုံး ဘာမှ တန်ဖိုးမရှိတော့
ကဲ....ခေါထုတ်၊ အပြီးလေ့ကျင့် လိုအပ်တာကို ငါပြော

ဆန်ကွမ်းချီသည် ခေါကိုင်ပြီး ရန်ရွှယ်ရသေ့ကြီး လှ
ကစားပြသွားသည့်အတိုင်း စတင်လေ့ကျင့်တော့သည်။



သိုင်းပညာ သဘောတရားနှင့် လက်တွေ့လှုပ်ရှားကစားခြင်း
ပေါင်းစပ်ကစားလိုက်သောအခါ ဆန်ကွမ်းချီသည် လှည့်
ပြောင်းကွက်များကို တဖြည်းဖြည်း နားလည် သဘောပေါက်
လာလေတော့၏။

သင်ကြားပေးသူက စိတ်ဇောထက်သန်စွာ သင်ကြားပေး
သင်ယူသူက အထူးလုံ့လဝီရိယစိုက်၍ သင်ယူသဖြင့် အချိန်
ကုန်မှန်းမသိ ကုန်လာ၏။

မှောင်စပျိုးလာသောအခါ ရန်ရွှယ်ရသေ့ကြီးက ဆန်ကွမ်း
အား ရပ်ဆိုင်းခိုင်း၏။

'တော်နေဦး၊ အခု အခေါက်ကလေး မှတ်မိနေပြီ၊ လာမန် လူ
ယောက်ဆိုရင် လူကလေး သဘောပေါက်တဲ့အထိ တစ်နှစ်
လောက် သင်ယူရလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ဆယ်ရက်အတွင်းမှာ
တို့ မျှော်မှန်းထားသလို ပေါက်ရောက်အောင်မြင်မှာ သေ
ချာတယ်'

ဆန်ကွမ်းချီသည် လေ့ကျင့်မှု ရပ်ဆိုင်းလိုက်၏။

ရန်ရွှယ်ရသေ့ကြီးက....

'အခုတော့ မှောင်ပြီ၊ ခဏနားကြမယ်၊ စားစရာ တစ်ခုခု
စားပြီးမှ ဟုန်ဂိုက်းရဲ့ ကျင့်ကျံအတွင်းအား လေ့ကျင့်နည်းကို
ပြပေးမယ်'

'ဆရာကြီး၊ ကျွန်တော် အရိုးကျေကျေ အရေခန်းခန်း ယူပါမယ်၊ ကတိစကားတွေကိုလဲ တတ်နိုင်သမျှ အောင်မြင် မြောက်အောင် ဆောင်ရွက်ပေးပါမယ်'

'လူကလေး၊ ဒီအတွက် မင်းက ငါ့ကို ကျေးဇူးတင်ဖို့ ဘူး၊ ငါကသာ မင်းကို ကျေးဇူးတင်နေရမှာ၊ ငါက ဒီဟူ ဂိုဏ်းရဲ့ ဓားသိုင်းပညာကို သင်ပေးတာဟာ ဟူတန်းရဲ့ မျိုး ပညာ မတိမ်ကောစေဖို့နဲ့ ဟူတန်းကျောင်းတော်ရဲ့ တည် မှု လုံခြုံမှုကို အကာအကွယ် ပေးစေချင်လို့ပဲ'

ရသေ့ကြီးသည် လက်ခုပ်သုံးချက် တီးလိုက်၏။

ရန်ကျင့်ရသေ့ကြီး ဝင်လာသည်။

လက်ထဲ၌ သစ်သီးများထည့်ထားသည့် သစ်သားဗန်း ကိုင်ဆောင်လာ၏။

သစ်သားဗန်းကြီးကို ရန်ရှွယ်ရသေ့ကြီးရှေ့၌ ချထား ဂါရဝပြုသည်။

သစ်သားဗန်းထဲ၌ သီးနှံမျိုးစုံ ပါရှိသည်။

'လူကလေး...ကြိုက်တာယူစား၊ နောက်မှ ဆက်သင်မယ်'

ရန်ရှွယ်ရသေ့ကြီးက....



'ညီတော် ရန်ကျင့်၊ ဒီဆယ်ရက်အတွင်းမှာ ဒီခန်းမထဲကို ဘယ်သူမှ ဝင်မလာစေနဲ့၊ ဘယ်သူမှလဲ ချောင်းမကြည့်စေနဲ့၊ ါ ခေါ်မှ ဝင်လာခဲ့ကြ'

'ဟုတ်ကဲ့...အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်'

'ညဘက်မှာ အသုံးပြုဖို့ ဖယောင်းတိုင်တွေကိုလဲ ဟောဒီ ကွင်ပျက်ပေါ်မှာ တင်ထားပါ၊ ညဘက်မှာ အလင်းရောင် ရှိဖို့လိုတယ်'

'ဟုတ်ကဲ့'

'ကိစ္စရှိရင် ငါလက်ခုပ်တီး ခေါ်လိုက်မယ်'

ရန်ကျင့် ရသေ့ကြီးသည် လက်အုပ်ချီပြီး တဖြည်းဖြည်း နောက်ဆုတ်သွားလေ၏။

ရန်ကျင့်ရသေ့ကြီးသည် ပြောင်းလဲသွားသည့်အဖြစ်အပျက် လုံးဝ နားမလည်ချေ။

သူ့အစ်ကိုတော် ရသေ့ကြီးက ကျွန်လုံဝမ်နှင့် ပတ်သက် ကိစပသူများ တွေ့ရှိပါက သူ့ဆီသို့ ခေါ်ခဲ့ရန် အမိန့်ပေးခဲ့ သည်။

သူကလည်း ကံအားလျော်စွာ တွေ့ရှိပြီး ခေါ်ဆောင်လာ သည်။

အုံးဩဖွယ်ကောင်းသည့် အချက်မှာ ယနေ့မှ တွေ့ရသော လူငယ်ကို နောင်တော်ရသေ့ကြီးက သိုင်းပညာ သင်ကြားပေးနေခြင်း ဖြစ်သည်။

သို့သော် လူ့အနေဖြင့် နောင်တော်ရသေ့ကြီးအား မမေးသဖြင့် သိချင်စိတ်ကို မျိုသိပ်ကာ တဖြည်းဖြည်း နောက်ဆုတ်သွားရသည်။

ရန်ကျင့်သည် ကျောင်းပျက်အပြင်သို့ရောက်သည်နှင့်လက်ခုပ်သုံးချက် တီးလိုက်သည်။

အစိမ်းရောင် ဝတ်ရုံရှည်နှင့် မီးခိုးရောင် ဝတ်ရုံရှည်များ ဝတ်ဆင်ထားသည့် ရသေ့ငယ်ဆယ်ပါး ရောက်ရှိလာ၏။

'ဘပည့်တို့....ဒီကျောင်းပျက်ရဲ့ ကိုက်ငါးဆယ်အတွင်း ဘယ်သူမှ ဝင်မလာနိုင်အောင် စောင့်ကြပ်ကြပါ၊ အရပ်ဆယ်မျက်နှာစလုံးခွဲခံဝပြီး စောင့်ကြပ်ကြ၊ အကြောင်းထူးရင် ငါ့ကို အချက်ပေးပါ၊ မင်းတို့ထဲက ဘယ်သူမှ ကျောင်းပျက်ထဲ မဝင်မကြည့်ရ၊ အားလုံးကြားသလား'

'ဟုတ်ကဲ့.... ကြားပါတယ်၊ အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်'

'ဒါဖြင့် ကိုယ့်တာဝန်ကိုယ် ထမ်းဆောင်ကြပေတော့'



ရသေ့ငယ်ဆယ်ပါးသည် အနည်းငယ် တိုင်ပင်နှီးနှောကြပြီး အရပ်ဆယ်မျက်နှာသို့ ပြေးထွက်သွားလေတော့၏။

ရန်ကျင့်ရသေ့ကြီးမှာမူ ဆန့်ကျင်မ်းချီတည်းဟူသော လူငယ်အကြောင်းကို ငေးမော တွေးတောနေမိလေ၏။

❁

## အခန်း (၁၀၅)

### ဟူထန်း ဂိုဏ်းချုပ်ကြီး၏ ဘဝနိဂုံး

'ထိုက်ကျိုဖေ ဓားသိုင်းဟာ သိုင်းလောကထဲမှာ အကောင်း
ဓားသိုင်း၊ ပြိုင်ဘက်မရှိတဲ့ ဓားသိုင်းလို့ မပြောသိုဘူး၊
ပေမယ့် အင်မတန် အဆင့်အတန်းမြင့်တယ်ဆိုတာတော့ ငါ
နိုင်ပါတယ်၊ နက်ရှိုင်းတဲ့ အတွင်းအားမရှိရင် ဒီဓားသိုင်း
မသုံးနိုင်ခြင်းကပဲ ဒီဓားသိုင်းရဲ့ ထူးခြားမှုကို ပြသနေတယ်'

'ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ်'

'မင်းကို ငါသင်ပေးနေရင်း ငါ့ခန္ဓာကိုယ်ထဲမှာ အတွင်း
ပြောင်းလဲမှုတွေ ဖြစ်ပေါ်နေတယ်၊ ဒီပုံအတိုင်းဆိုရင်
ရက်တောင် ခံပါ့မလား မသိဘူး၊ ဒါကြောင့် ရနိုင်သမျှ
အတွင်းမှာ ဆက်တိုက် ဆက်သင်မယ်လို့ ငါဆုံးဖြတ်လိုက်

'ဆရာကြီး....ဆရာကြီးရဲ့ ခန္ဓာကိုယ်ထဲမှာ ပြောင်းလဲ ဖြစ်ပေါ်နေတယ်ဆိုရင် ခေတ္တခဏ အနားယူလိုက်ပါ ခင်ဗျာ၊ အနားယူပြီးမှ ဆက်သင်ရင်....'

ရန်ရှယ်ရသေ့ကြီးက လက်ကိုကာရင်း....

'ဖြစ်ပျက်ပြောင်းလဲမှုဆိုတာမျက်စိစ မှိတ်လက်ဖျစ်တစ် အတွင်းမှာပဲ ပြောင်းလဲတတ်တယ်၊ သေခြင်းတရားကို ဘယ် ဟန့်တားလို့ မရဘူး၊ ငါဟာ အသက် ကိုးဆယ်ကျော် ဒါကြောင့် ညဘက်မှာလဲ ဆက်ပြီး လေ့ကျင့်ကြမယ်'

ဆန်ကွမ်းချီမှာ တည်ကြည်ခန့်ညားလှသော ရသေ့ကြ မျက်နှာကို မော့ကြည့်မိသည်။

ရသေ့ကြီးသည် သူ တတ်ထားသည့် သိုင်းပညာ့မျ အိတ်သွန်ဖာမှောက် သင်ကြားပေးမပေတော့မည်။

'ဟုတ်ကဲ့ ဆရာကြီး သင်ပေးသမျှ ကျွန်တော် သင် အဆင်သင့် ရှိနေပါတယ်၊ စိတ်ကြိုက်သာ သင်ပေးပါ ခ

'ကောင်းတယ်၊ မျက်လုံးမှိတ်ထား၊ စိတ်ထဲမှာရှိတဲ့ အတွေးတွေကို ဖယ်ထုတ်လိုက်၊ ကျင့်ကျုံ အတွင်းအားလ ရှုတ်ပြမယ်၊ နောက်မှ ကိုယ့်ဘာသာ အနုလုံပဋိလုံရှုတ်ပြ စဉ်းစား၊ ပြန်လေ့ကျင့်'



ရသေ့ကြီးသည် လမ်းလျှောက်ရင်း လက်ာကို ရှုတ်ပြသွား ၏။

လက်ာ အလွတ်ရသွားသောအခါ တင်ပျဉ်ခွေ ထိုင်စေပြီး ကျင့်အား လေ့ကျင့်စေသည်။

အတွင်းအား လေ့ကျင့်မှုကို အနည်းငယ် သဘောပေါက် အခါ 'ကျင့်ဆန်သိုင်းကွက်'ကို သင်ကြားပေးပြန်လေ၏။

ထိုသိုင်းကွက်ကို အနည်းငယ် သဘောပေါက်သည့်အခါ ကျွဲဖခားသိုင်း၏ လှည့်ပြောင်းကွက်များကို သင်ကြား ပြန်၏။

ရောတပည့် နှစ်ဦးစလုံး တစ်မှေးမျှ မအိပ်စက်ဘဲ မိုးလင်း အထိ လေ့ကျင့်ကြရသည်။

အချိန်သည် လွန်စွာကုန်လွယ်လှ၏။

ကိုတို့၏စိတ်ထဲ၌ တစ်ရက်မျှသာ ရှိသေးသည်ဟု ထင်ချိန်၌ တွတစ်ပတ် ကုန်ဆုံးသွားခဲ့သည်။

တို့သည် ရက်သတ္တတစ်ပတ်လုံး တစ်နေ့တွင် တစ်ကြိမ်သာ သစ်ဥများကို စားသောက်ကြ၏။

ရန်ရှယ်ရသေ့ကြီးကမူ ဆန်ကွမ်းချီလောက်ပင် မစား က်ချေ။

ရှစ်ရက်မြောက်သော နေ့တွင် ဆန်ကွမ်းချိုသည် ရ
ရသေ့ကြီး၏ အံ့သြဖွယ် ကောင်းသော တပည့် မဟုတ်
တပည့်အဖြစ် မှတ်တမ်းတင် ချီးကျူးခြင်းခံရသည်။

အဘယ်ကြောင့်ဆိုသော် သိုင်းကွက်ပေါင်း ခြောက်
လေးကွက်နှင့် လှည့်ပြောင်းကွက်ပေါင်း နှစ်ထောင့်လေး
ရှစ်ကွက်စလုံးကို ဆန်ကွမ်းချိုတစ်ယောက် မှတ်မိ တတ်
သွားသောကြောင့်တည်း။

သို့သော်....

ထိုအချိန်မှာပင် ရန်ရွှယ်ရသေ့ကြီးသည်လည်း မီးစာ
ဆီခန်းဖြစ်သွားတော့သည်။

ရသေ့ကြီးသည် တင်ပျဉ်ခွေထိုင်၍ အာရုံအား လေ
သည်။

သူ၏ နောက်ဆုံးအချိန်များကို တတ်နိုင်သမျှ ဆွဲထား
ကြိုးစားနေခြင်းပင် ဖြစ်တော့၏။

ဆန်ကွမ်းချိုသည် စိုးရိမ်တကြီးဖြင့် အနား၌ သွား
သည်။

ထို့နောက် စိုးရိမ်တကြီး ခေါ်လိုက်၏။

'ဆရာကြီး....ဆရာကြီး၊ ကျွန်တော် ဘာလုပ်ပေးရမ
အတွင်းအား ဆက်ပေးရမလား'



သေ့ကြီး၏ မျက်လုံးများ ပွင့်လာသည်။

ကိုကုန်ပြီ၊ ဒါပေမယ့် ငါ့ရဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝတဲ့
ငါ အများကြီး သေပျော်ပါပြီ၊ ထိုက်ကျိုးဖခဲ့ားသိုင်းနဲ့
န်သိုင်းကွက်ဟာ သိုင်းလောကထဲမှာ ရှင်သန်ဖို့ကို စွဲဟာ
....အောင်မြင်....'

သေ့ကြီး၏အသံများ ပြတ်တောင်း ပြတ်တောင်း ဖြစ်
၏။

ကလေး....ရန်ကျင့်ကို ခေါ်လိုက်စမ်း'

န်ကွမ်းချို ခုန်ထွက်ပြေးလွှားသွား၏။

ပြန်ဝင်လာသောအခါ စိုးရိမ်တကြီး လိုက်လာသည့်
ရသေ့ကြီး ပါလာ၏။

ကွမ်းချိုမှာ ရန်ရွှယ်ရသေ့ကြီး မောဟိုက်နေပုံကိုကြည့်
က်ရည်များ ဝေလာ၏။

င်း....ငါ့ကို ဒီဆယ်ရက်အတွင်း အပြင်းအထန်ကင်မပေး
ရာကြီးဟာ အခုလိုဖြစ်မှာ မဟုတ်ဘူး'

ကျလာသော မျက်ရည်များကို လက်ခုံဖြင့် သုတ်လိုက်

ရန်ရှယ်ရသေ့ကြီးသည် ဝင်သက်ထွက်သက်ကိုမှတ်၍ ကို ထိန်းနေ၏။

ရန်ကျင့်ရသေ့ကြီးနှင့် ဆန်ကျွမ်းရှီတို့မှာ စကား ငေးစိုက်ကြည့်နေကြသည်။

အတန်ကြာမှ....

ရသေ့ကြီး၏မျက်လုံးများ ပွင့်လာလေ၏။

ရန်ကျင့်ရသေ့ကြီးအား မြုံးကြည့်၏။

'ညီတော် ရန်ကျင့်၊ ဇီသွင်ယဟာ ဟွာဘန်းဂိုဏ်းရဲ့ ကျွမ် ကျောင်းတော်ကို ထစ်ခါနီချိန်မှာ ဆောက်ရှိသာ တဲ့ဒီအခ မှာ ညွှဝတ်ကျေပွန်ပ'

ရန်ကျင့်ရသေ့ကြီးသည် ကြမ်းပြင်နှင့် ဦးခိုက်မြေ

'စိတ်ချပါ နောင်တော်'

'ငါ သေဆုံးသွားတဲ့အခါမှာ ညီတော်ရန်ကျင့်ကပဲ ဂိုဏ်းကို အုပ်ချုပ်သွားရမယ်'

'နောင်တော်'

ရန်ကျင့်ရသေ့ကြီးက ထိတ်လန့်တကြား အော်



ရှယ်ရသေ့ကြီးက တည်ကြည်လေးနက်စွာ ပြော၏။

ညီတော်ရန်ကျင့် သခ်ါရတရားကို ဘယ်သူမှမလွန်ဆန်နိုင် ါနေရာကို ဆက်ခံနိုင်သူဆိုလို့ ညီတော်ပဲရှိတယ်၊ ဘာမှ ကတက်မနေနဲ့၊ ငါ အမိန့်ပေးသလို ဆောင်ရွက်ပါ'

ဟုတ်...ဟုတ်ကဲ့၊ အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်'

ရှယ်ရသေ့ကြီး၏ အသံမှာ တိုးညင်းလာသည်။

ါသေရင် ငါ့အလောင်းကို ဆန်ရှယ်ကျွမ် ကျောင်းကို ုံးယူသွားကြ၊ ဒီသတင်းကိုလျှို့ဝှက်ထားရမယ်၊ ကျောင်း တိုင်းလုပ်နေရင် ဒီသတင်း ပေါက်ကြားသွားလိမ့်မယ်၊ ျင့် အလောင်းကို လျှို့ဝှက်ပြီး မြေမြှုပ်ရမယ်၊ ဘာမှ ကျယ်ကျယ် မလုပ်ရဘူး'

ကျင့် ရသေ့ကြီးမှာလည်း အသက်ငယ်လှသည် မဟုတ်

သော်....

နောင်တော်က နောက်ဆုံးအသက်မထွက်မီ မှာကြားနေ ၊ သိနေသဖြင့် မျက်ရည်များ စီးကျလာလေသည်။

နောင်တော်....နောင်တော်'

'ဘာမှထပ်မပြောနဲ့၊ ငါပြောသမျှကိုသာ တိတိကျကျ နား၊ ဂိုဏ်းကိုစောင့်ရှောက်....'

ရန်ရှယ်ရသေ့ကြီး၏ မျက်လုံးများ တဖြည်းဖြည်း မှိတ်သွား၏။

နောက်ဆုံး ခေါင်းငိုက်စိုက်ကျသွားပေတော့သည်။

'နောင်တော်'

'ဆရာကြီး'

ဂိုဏ်းတူညီဖြစ်သူနှင့် တပည့်မဟုတ်သော တပည့်တို့၏ ကြွေးသံ အော်ခေါ်သံသည် ဘုရားကျောင်းပျက်အတွင်း၌ ထပ်မတတ် ထွက်ပေါ်လာလေ၏။

ဆန်ကွမ်းချီသည် ရန်ရှယ်ရသေ့ကြီး၏ နှလုံးခုန်သံကို ကြည့်၏။

နှလုံးမခုန်တော့ပြီ။

ရသေ့ကြီးသည် လူ့လောကမှ တလွန်ဘဝသို့ ပြောင်းရွှေ့ ကူးပြောင်းသွားခဲ့လေပြီ။

သိုင်းလောက၌ ကြီးမြင့်သော ဝါစဉ်ကြီး ဂိုဏ်းချုပ် တစ်ပါးသည် ဤသို့ဖြင့် ဘဝနိဂုံးချုပ်သွားခဲ့ရလေပြီ။



ဆန်ကွမ်းချီမှာ မျက်ရည်များ မဆည်နိုင်အောင် ကျဆင်းလာသည်။

'ဆရာကြီး....ဆရာကြီးဟာ ကျွန်တော့်အပေါ် တပည့်အဖြစ် မှတ်မှတ်ပေမယ့် စိတ်စေတနာရင်းကတော့ ဆရာတပည့် စေတနာရင်းအတိုင်း ရှိတယ်ဆိုတာ ကျွန်တော်နားလည် တော့ပေါက်ပါတယ်၊ ကျွန်တော်အသက်ရှိနေသမျှ ကာလ လုံးဆရာကြီးရဲ့ကျေးဇူးကို မမေ့ပါဘူးခင်ဗျာ'

ဆန်ကွမ်းချီသည် ရန်ရှယ်ရသေ့ကြီး၏ အလောင်းဘေး၌ တွေတွေတွတ်ရှုတ်နေသည်။

ရန်ကျွင့်ရသေ့ကြီးသည် မျက်ရည်သုတ်လိုက်သည်။

'မိတ်ဆွေလေး....လမ်းကြုံလို့ပဲ ဖြစ်ဖြစ်၊ တမင်သက်သက် ပဲဖြစ်ဖြစ် ဆန်ရှယ်ကွမ်ကို တနည်းနည်းနဲ့ရောက်အောင် ပေးပါ၊ မမေ့ပါနဲ့နော်'

ဆန်ကွမ်းချီသည် မျက်ရည်များသုတ်ပြီး....

'စိတ်ချပါ၊ ကျွန်တော်အရောက်လာခဲ့ပါမယ်'

ဆန်ကွမ်းချီသည် ရန်ရှယ်ရသေ့ကြီး၏အလောင်းကို မြှိုသေ မြတ်စွာ ရှိခိုးကန်တော့၏။

ရန်ကျင့်ရသေ့ကြီးသည် ဘုရားကျောင်းပြင်သို့ ခေတ္တခဲ့ သွားပြီး ဟူတန်းဂိုဏ်းသား ရသေ့များအား အော်ဟစ်အ ပေးသည်။

အဘန်ကြာသော် သစ်ခက်သစ်ကိုင်းများ၊ အစိမ်းရေ ဝတ်ရုံရှည်ကြီးများ ကာရံထားသည့် ဝေါယဉ်တစ်ခုကို ကျောင်းပျက်ထဲ သယ်ဆောင်လာ၏။

ရန်ရှယ်ရသေ့၏ အလောင်းကို ဝေါယာဉ်ထဲ ထည့် ဟူတန်းရသေ့လေးပါးက ထမ်းယူလိုက်ကြသည်။

ရန်ကျင့်ရသေ့ကြီးက....

'မိတ်ဆွေကလေး၊ ကျုပ်တို့သွားတော့မယ်၊ နောင်....

'စိတ်ချပါခင်ဗျာ၊ ကျွန်တော်အရောက်လာခဲ့ပါ့မယ်'

ဆန်ကွမ်းချီသည် ရန်ကျင့်ရသေ့ကြီးအား ဦးညွှတ်ဂါ ပြုလိုက်သည်။

ရန်ကျင့်ရသေ့ကြီးသည် ဘောင်ဝှေးကိုကိုင်လျက် ဦးဆောင်ထွက်ခွာသွားတော့သည်။

ဆန်ကွမ်းချီသည် မျက်ရည်များဝေနေသည့် မျက်လုံး ဖြင့် ရန်ရှယ်ရသေ့ကြီး၏ဝေါယာဉ်အား ငေးမောကြည့် ကျန်ရစ်ခဲ့ရှာတော့သည်။



သူ၏ရင်ထဲ၌ ဟာ၍ကျန်ရစ်ခဲ့၏။

သူ့အား ထိုက်ကျိုးဇေ ဓားသိုင်းကွက်များကို လှုပ်ရှား ားပြခဲ့သည့် ရန်ရှယ်ရသေ့ကြီး၏ လှုပ်ရှားမှုကို မျက်စိထဲ၌ ယောင်လာသည်။

ယခုမှ ဆရာကြီးသည် တမလွန်ဘဝမှနေ၍ မိမိအားစောင့် ကြည့်နေပေတော့မည်။

'ကြော်....ဘယ်ပုဂ္ဂိုလ်မဆို သူ့ သေဆုံးတာနဲ့ အဆောင် ယောင်အနှုးလုံး မြေကြီးထဲရောက်သွားတော့တာပဲ၊ဂုဏ်ပုဒ် လေး ကျန်ရစ်ခဲ့တဲ့လူကတော့ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်အဖြစ် င်းတင် ကျန်ရစ်ခဲ့တာပဲနော်'

ညနေ နေဝင်ဆည်းဆာဖြစ်နေသဖြင့် ကောင်းကင်ကြီး လုံး နီရဲနေသည်။

န်ကွမ်းချီသည် ကောင်းကင်ကြီးကို မော့ကြည့်လိုက်၏။

ုတ်စဉ်....

'ညီလေး ဆန်ကွမ်းချီ'

န်ကွမ်းချီသည် အိပ်ရာမှလန့်နိုးလာသူကဲ့သို့ လှည့်ကြည့် ည်။

ရာဟန်ယိုသည် သူ့အား ပြုံး၍ကြည့်နေ၏။

ဆန်ကွမ်းချိုမှာ ချက်ချင်း မျက်ရည်များ စီးကျလာပြီ

'အစ်ကိုကြီးတုထန်ဟို....ရန်ရှယ်ရသေ့ကြီး ကွယ်လွန်သွားပြီ'

'ဟင်'

တုထန်ဟိုမှာ မယုံနိုင်အောင် ဖြစ်သွားလေ၏။

'ညီလေး....အခုဆယ်ရက်တောင် မရှိသေးဘူး'

'ဟုတ်တယ်၊ ကျွန်တော့်ကို ပြင်းပြင်းထန်ထန် သင်ကြားပေးတဲ့အတွက်၊ အခုလို နှစ်ရက်စောပြီး ကွယ်လွန်သွားတာ ဖြစ်လိမ့်မယ်'

'ဘယ်မှာလဲရုပ်ကလာပ်၊ ငါသွားကန်တော့မယ်'

တုထန်ဟိုသည် ဘုရားကျောင်းပျက်ထဲသို့ ဝင်ရန် ဟန်ပြင်လိုက်သည်။

ဆန်ကွမ်းချိုက လက်ဖြင့်ကာရင်း....

'ရန်ရှယ်ရသေ့ကြီးရဲ့ရုပ်ကလာပ်ကို ဟူတန်းတောင်ပေါ် သယ်သွားပြီး၊ သူ့သေဆုံးမှုသတင်းဟာ ဆန်ရှယ်ကွမ်ကျောင်းရဲ့ တည်တံ့မှုကို အများကြီး အထောက်အကူ ပြုနိုင်တဲ့အတွက် လျှို့ဝှက်ထားရမယ်လို့လဲ မိန့်ကြားခဲ့ပါတယ်'



တုထန်ဟိုသည် အဝေးသို့ငေးမျှော်နေပြီးမှ ခပ်တိုးတိုးမေးလေ၏။

'ညီလေး....ဓားသိုင်းပညာကို အကုန်အစင် ရအောင်ယူနိုင်လိုက်ရဲ့လား'

ဆန်ကွမ်းချိုက စိတ်သိရိုက်စွာ ပြောသည်။

'ဆရာကြီးဟာ ဒီခုနစ်ရက်အတွင်းမှာ ထိုက်ကျိဖ ဓားသိုင်းရော၊ ကျင့်ဆဲ့သိုင်းကွက်ရော၊ ကျုံ့ကျင်အတွင်းအားသိုင်းရော အားလုံးကို သင်ကြားပေးနိုင်ခဲ့ပါတယ်၊ ဒီပညာတွေအားလုံးကို တကယ်တမ်း ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ဖို့ကတော့ အနည်းဆုံးတစ်နှစ်ကနေ အများဆုံးငါးနှစ်အထိ လေ့ကျင့်ရမယ်လို့ မိန့်ကြားခဲ့ပါတယ်၊ ကျွန်တော့်ကို ဒီလိုအပြင်းအထန် သင်ကြားပေးလို့သာ အခုလိုသေဆုံးသွားရရှာတာပါပဲ အစ်ကိုကြီးရာ'

'ဒီလိုလဲမထင်ပါနဲ့၊ ဆရာကြီးဟာ သူသေရမယ့်အချိန်ကိုသိနေလို့ အားသွန်ပြီးသင်ကြားပေးခဲ့တာပါ၊ ညီလေးကို မသင်ပေးလဲ သူသေမှာသေချာပါတယ်၊ ဘာမှစိတ်မကောင်း ဖြစ်မနေပါနဲ့၊ သူ့ကိုကတိပေးခဲ့တဲ့အတိုင်း ညီလေးကဆောင်ရွက်ပေးရင် ညီလေးကို တမလွန်ဘဝကနေ သာဓုခေါ်နေမှာ သေချာပါတယ်'

'ဆရာကြီး ပေးအပ်သွားတဲ့ တာဝန်တွေက ကြီးလေးတာတော့ အမှန်ပဲနော်'

တုထန်ဟိုက ခေါင်းညိတ်ကာ....

'အချို့ကိစ္စတွေဟာ တစ်ဖော်ကတည်းရဲ့ အင်အားမတတ်နိုင်ဘူး၊ ဒါပေမယ့် ညီလေးထမ်းဆောင်ရမယ့် တာဝန်ကတော့ တစ်ဦးချင်းတစ်ယောက်ချင်း ထမ်းဆောင်လို့ရနိုင်တဲ့ တာဝန်ပါပဲ'

ထိုစဉ် စူးရှလောလေချွန်သံသည် လေထုကို ဖောက်ခွဲထွက်ပေါ်လာလေ၏။

'ဒါ ဘာလဲ'

ဆန်ကွမ်းချီက ထိတ်လန့်တကြား ပြောလေ၏။

ထိုလေချွန်သံမျိုးကို ယွမ်ရှောက် လေချွန်တတ်သောကြောင့် ဖြစ်ပေသည်။

တုထန်ဟိုက....

'ဒါ ဘာထူးဆန်းသလဲ၊ ကွန်လုံဝမ်ရဲ့ ဂိုဏ်းသားတွေကော ကျွန်လုဂိုဏ်းသားတွေကော ဒီအနီးတစ်ဝိုက်မှာ ရှိနေကြတာပဲ၊ သူတို့ဟာ ပြောင်တလင်း စိန်ခေါ် တိုက်ခိုက်နေရာ တအမ



အမှောင်ရိပ်ထဲကတိုက်တဲ့ တိုက်ပွဲအဆင့်ကို ပြောင်းလဲသွားကြပြီ၊ ဒီလေချွန်သံဟာ တစ်ဖက်ဖက်က လူစုဖို့ အချက်ပေးတဲ့ လေချွန်သံပဲ ဖြစ်မှာပေါ့၊ ဘာမှ မထူးဆန်းပါဘူး'

'ဟား....ဟား....ဟား၊ အတွင်းအားကောင်းတဲ့ အဆင့်မြင့်သိုင်းသမားတစ်ယောက်ယောက် လေချွန်တဲ့အသံလို့ ပြောမလို့ မဟုတ်လား၊ ဒီမှာ ညီလေး....ကျွန်ရှာတင်ဝိုက်မှာ အဆင့်မြင့်သိုင်းသမားတွေ တော်တော်များများ ရောက်နေကြတယ်လေ၊ အားလုံး အစုံအလင် မရှိပေမယ့် လေးငါးခြောက်ယောက်တော့ ကျန်နေဦးမှာပေါ့'

'မဟုတ်ဘူး အစ်ကိုကြီး၊ ဒါဟာ ကျွန်တော့်ညီ ယွမ်ရှောက်ရဲ့ လေချွန်သံ ဖြစ်ဖို့များတယ်၊ သူ ထွက်သွားတာ ရှင်ရက်ရှိပြီ၊ ရှုထို အဘေးကြီးကို ရောက်နေသင့်ပြီ၊ ဘာဖြစ်လို့ ဒီနားမှာတင် ဖြစ်နေရသလဲ မသိဘူး'

'သူဟုတ်ချင်မှ ဟုတ်မှာပေါ့ ညီလေးရေ၊ တခြားသိုင်းသမား တစ်ယောက်ယောက် ဖြစ်ချင်ဖြစ်နေမှာပေါ့'

'အစ်ကိုကြီး....ကျွန်တော်တို့ သွားကြည့်ရင် ကောင်းမယ်'

'ကောင်းသားပဲ'

ဆန်ကွမ်းချီသည် ဓားအိမ်နှင့်တကွရှိသော ဓားကို နောက်ကျောတွင် သိုင်းလွယ်လိုက်၏။

ထို့နောက် နှစ်ယောက်သား လေချွန်သံကြားရာအရပ်သို့ ပြေးထွက်သွားကြတော့သည်။

သူတို့သည် သစ်တောတစ်အုပ်ကို ဖြတ်ကျော်သွားကြရ၏။

သစ်တောအုပ်ကို လွန်သည်နှင့် ကိုယ်ကျပ်အင်္ကျီအနက်ရော ဝတ်ဆင်ထားသည့် လူတစ်စုနှင့် အခြားလူတစ်ယောက် အပြ အထန် တိုက်ခိုက်နေသည်ကို တွေ့လိုက်ကြရတော့သည်။

ဓားရောင်တလက်လက် ထနေသဖြင့် အလွန်တရာ တိုက်ပွဲ ပြင်းထန်ကြောင်း ခန့်မှန်းသိရှိလိုက်ကြရသည်။

ဆန်ကွမ်းချီက....

'အစ်ကိုကြီး....အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားတဲ့ လူအုပ်စု ဟာ ကွန်းလုံဝမ်ရဲ့ လက်အောက်ငယ်သားတွေ ဖြစ်ပုံရတယ် အစ်ကိုကြီးလဲ ဒီဝတ်စုံကြီးနဲ့ ဖြစ်နေတော့ ဒီပုံစံအတိုင်းဝင်ပြေ လို့ မဖြစ်နိုင်ဘူး၊ အစ်ကိုကြီး တစ်နေရာရာမှာ ပုန်းနေခဲ့ ကျွန်တော် သူတို့ဆီသွားမယ်'

'အေး....ငါပုန်းနေခဲ့မယ်'

ဆန်ကွမ်းချီက လျှင်မြန်စွာသော အရှိန်အဟုန်ဖြင့် ပြေးထွက် သွားသည်။

ဆန်ကွမ်းချီ တွေ့ဆသည်မှာ မှန်ကန်ပါသည်။



ရန်သူများအသယ်၌ စက်ဝိုင်းပမာ မွှတ်မွှတ်လည်ကာ ခုခံ ကွယ်နေသူမှာ ယွမ်ရှောက်ပင် ဖြစ်တော့သည်။

ယွမ်ရှောက်၌ လက်နက်မပါချေ။

လက်ချည်းဗလာသက်သက်ဖြင့် ခုခံကာကွယ်နေသော်လည်း ူများသည် ယွမ်ရှောက်ကို ထိခိုက်ဒဏ်ရာရအောင် မလုပ် ကြချေ။

ယွမ်ရှောက်၏ဘေးတွင် နိုင်ချစ်နေဘ်တစ်ယောက် ထိုင်နေ င်း အံ့သြဖွယ် တွေ့ရှိရသည်။

မျက်နှာ၌ ဖြူရော်နေပြီး နဖူးမှ ချွေးသီးချွေးပေါက်များ ကျနေ၏။

ပြင်းထန်သောဝေဒနာတစ်မျိုးကို ခံစားနေရသည့်ပုံသဏ္ဌာန် ပေါက်နေကာ....

ကောင်း.... ဒီမိန်းကလေး တာများ ဒဏ်ရာ ထပ်ရနေပြီလဲ ဘူး'

သူသည် စိတ်ထဲမှပြောရင်း ဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက် ပြီ

ရန်သူများမှာ သိုင်းပညာ ကျွမ်းကျင်သူများ ဖြစ်သော် လည်း ယွမ်ရှောက်၏ပညာကို မမီဘဲ ရှိနေကြ၏။

ထိုစဉ် ဆန်ကွန်းချီ ရောက်လာသောအခါ သူတို့မှာ ထ
အစည်းပြေသကဲ့သို့ ဖရိုဖရဲ ဖြစ်သွားရတော့သည်။

'ရှမ်း....ရှမ်း....ရှမ်း'

ပတ်လည်ဝိုင်းထားသည့် စက်ဝိုင်းကြီးမှာ ပျက်စီးသွား

ဆန်ကွမ်းချီ၏ ဓားချက်အောက်၌ တစ်ယောက်ပြီး
ယောက် သေဆုံးကုန်တော့သည်။

ကျန်သော ရန်သူများသည် ဆန်ကွမ်းချီအား မည်
မခုခံနိုင်မှန်း ရိပ်မိသဖြင့် ဆုတ်ခွာထွက်ပြေးကြ
သည်။

ယွမ်ရှောက်သည် ထွက်ပြေးသွားသည့် ရန်သူများနောက်
မလိုက်တော့ပေ။

'အစ်ကိုကြီး....ကျွန်တော်တို့ ပြန်ဆုံတွေ့ကြရပြန်ပြီနော်'

'အေး...ဟုတ်တယ်၊ မင်းတို့ ထွက်ခွာသွားတာ ရှ
လောက် ရှိသွားပြီ၊ မိုင်ရာချီပြီး ခရီးပေါက်နိုင်လော
သားနဲ့ ဘာဖြစ်လို့ ဒီနေရာမှာ ပြန်တွေ့နေရတာလဲ'

ယွမ်ရှောက် နိုင်ချစ်နော်အား လက်ညှိုးထိုးပြပြီး....

'သူက ဒီနယ်မြေထဲကထွက်မသွားနိုင်ဘူးတဲ့၊လူတစ်ယော
ကို စောင့်ဦးမယ်တဲ့'



'ဟင်....'

ဆန်ကွမ်းချီ အံ့ဩသွားသည်။

'လူက ဘယ်သူ့ကို စောင့်မှာတဲ့လဲ'

'မသိဘူးလေ၊ သူက စောင့်မယ်ဆိုတော့ ကျွန်တော်လဲ
စောင့်ရတာပေါ့'

ဆန်ကွမ်းချီမှာ နိုင်ချစ်နော်အတွက် စိတ်မကောင်းဖြစ်သွား

လူ ဒီနယ်မြေထဲက ထွက်ခွာမသွားရင် ကွန်လုံဝမ်က
ကွေးပေးဦးမှာ သေချာတယ်၊ ဒါမှမဟုတ် ကွန်လုံဝမ်က
တာတယ်ပြီး အကျပ်ကိုင်နေတာလဲ မသိဘူး'

သူသည် တွေးတောခေးမောနေသည်။

'ဒါမှမဟုတ် ကွန်လုံဝမ်က သူ့ကို ပြန်ဖမ်းနိုင်းလိုက်တာ
သိဘူး'

ရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် သိုင်းသမားများ
ရိပ်အငယောင်မျှပင် မတွေ့ရတော့ပါ။

ဆလာဆယ်ဆယ်အားဖြင့် ဆန်ကွမ်းချီ၊ ယွမ်ရှောက်
ချစ်နော်တို့ သုံးယောက်သာ ကျန်ရစ်ခဲ့တော့သည်။

ည် ခေါင်းတစ်ချက် ယမ်းလိုက်ပြီး ချီချီသာသာပင်
လိုက်၏။

‘ညီမလေး’

နိုင်ချစ်နော်က မျက်လုံးလှန်ကြည့်သည်။

‘ဘာကိစ္စရှိလို့လဲ’

‘ညီမလေးက လူတစ်ယောက်ကို စောင့်နေတယ်ဆို’

‘ဟုတ်တယ်’

‘ဘယ်သူ့ကို စောင့်နေတာလဲ’

နိုင်ချစ်နော်သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်ပြီး ဝ မှ တလားလေ၏။

‘ရှင့်ကို စောင့်နေတာပေါ့၊ ရှင့်ကို ဒီနယ်ပယ် အတွင်း ထပ်တွေ့ဦးမယ်လို့ ကျွန်မ ထင်ထားတယ်’

ဆန်ကွမ်းချိမှာ ရင်ဝသို့ ကျောက်တုံးကြီးဖြင့် အပစ်ခံ ရသကဲ့သို့ နင့်ခနဲ ဖြစ်သွား၏။

‘ညီမလေး၊ ဒီနယ်မြေဟာ ညီမလေးအတွက် အန္တရာယ် ကြီးတယ်၊ ကွန်လုံဝမ်ဟာ ညီမလေးအတွက် အချိန်မရွေး ပေးနိုင်တယ်၊ ထားပါတော့ ငါ့ကို ဘာဖြစ်လို့ စောင့်တာ

‘ရှင့်ညီလေးက ပြောတယ်၊ သူ့ခနထိုင်တဲ့ တောတော မှာ အင်မတန်ထူးခြားတဲ့ ဓားတစ်လက် ရှိနေသတဲ့’

‘အဲဒါ ဘာဖြစ်သလဲ’



ဲဒီဓားဟာ သိုင်းလောကမှာ အထက်မြက်ဆုံး ဓားဖြစ် ရှင့်ညီလေးကပြောတယ်၊ အဲဒီဓားကို သွားယူကြမယ် င့်ညီလေးက ပြောတယ်၊ ဓားရှိတာကော ဟုတ်ရဲ့လား’

န်ကွမ်းချိသည် ပိုင်မာစန်းတောင်မှ အဖြူရောင်များ တို့ ဆိုင်းနေသော ကျောက်တံခါးချပ်ကြီးများနှင့် နီးသောရေအိုင်၊ ထူးဆန်းသော ကျောက်ဂူကြီးတို့ကို မိ၏။

မ်ရှောက်ဟာ အဲဒီတောထဲမှာ ကြီးပြင်းလာတဲ့လူ ဆို အဲဒီဂူထဲမှာ အမျိုးသားနဲ့ အမျိုးသမီး နှစ်ယောက်ရဲ့ င်းအကြောင်းတွေကို ကောင်းကောင်း သိနေတာပေါ့၊ ိန်တုန်းကတော့ အဲဒီအဖြစ်တွေဟာ သူ့အဖို့ ဘာမှမထူး မယ့် အခု သူတွေ့ကြုံနေရတဲ့ အဖြစ်အပျက်တွေနဲ့ ဆက် ရင် သိပ်ထူးခြားသွားပြီ၊ ဒီအကြောင်းတွေကို နိုင်ချစ် ပြန်ပြောလိုက်တော့ နိုင်ချစ်နော်ဟာ ဒီဂူကို စိတ်ဝင် သေချာတာပေါ့’

ချစ်နော်သည် စူးရှတောက်ပြောင်သော မျက်လုံးများ န်ကွမ်းချိ၏မျက်နှာပေါ်သို့ အဓိပ္ပာယ် ဖွေရှာနေ၏။

ဘာတွေစဉ်းစားနေတာလဲ၊ ဘာဖြစ်လို့ စကားမပြော ’

န်ကွမ်းချိသည် နိုင်ချစ်နော်၏မေးခွန်းကို ပြန်လည်မဖြေ ပေ။

သူ့အတွေးက မကုန်သေး၊

ထိုဂူထဲ၌ ရွှေလက်ကိုင်ရိုးတပ် ဓားတစ်ချောင်းနှိ…

ထိုဓားသည် အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသည့် …သား အရိုးစု၏ ဓားဖြစ်သည်၊

ထိုအချိန်က ထိုဓား တန်ဖိုးရှိလိမ့်မည်ဟု သူလည်း မိခဲ့ချေ၊

ယခု….

ဟူမ်ရှောက်က အဘယ်ကြောင့် ရှာရှာဖွေဖွေ မေး… လေသနည်း၊

နိုင်ချစ်နော်က အသိစူးစူးကလေးဖြင့် အော်ဟစ် … လိုက်လေ၏၊

'ဘယ်လိုလဲ၊ ရှင် ကျောက်ရုပ်ကြီး ဖြစ်သွားပြီလား၊ မေးနေတာတွေကို ရှင်မကြားတော့ဘူးလား'

ဆန်းကွမ်းချိုမှာ အိပ်မက်ဆိုး မက်နေရာမှ လန့်နိုး… ယီးတီးယောင်တောင် ဖြစ်နေသည်၊

ထို့နောက် နိုင်ချစ်နော်အား လှမ်းကြည့်မိလေ၏၊

အခန်း (၁၀၆)

အချစ်၏ ပူလောင်သော ဝေဒနာ

…ချစ်နော်က ပီပီသသမေးနေသည်၊
…ပီဓားရှိတယ်ဆိုတာ တကယ်ပဲလား၊ ရှင့်ညီပြောတဲ့ဓား

'တကယ်ရှိပါတယ်'
'ရှင့်ညီနဲ့ ကျွန်မ သွားမယ်ဆိုရင် ရှင် သဘောတူသလား၊ …တို့နှစ်ယောက်တည်း သွားစေချင်သလား'
…ချစ်နော်သည် လေတိုက်သဖြင့် ပွရောင်းရောင်း ဖြစ်နေ… ဆံပင်များကို စုသိမ်းလိုက်သည်၊
…နေခင်းနေရောင်ခြည်အောက်၌ သူမ၏မျက်နှာမှာ အလွန် … လှပနေသည်၊

ဆန်ကွမ်းချိုမှာ သူမ၏အလှကို ခံစားမိလေ၊ သူ့ နာကျင်မှုကို ခံစားရလေလေ ဖြစ်နေသည်။

ယွန်ရှောက်၏ ဘဝကြင်ဖော်အဖြစ် လက်ခံရန် တိုက် ပေးရသည့်အဖြစ်ကိုလည်း လိပ်ပြာမသန့်သလို ခံစား သည်။

နိုင်ချစ်နော်က လှပသလောက် ယွန်ရှောက်အ ရှပ် သည်။

တစ်ခုပဲ ယွန်ရှောက်အတွက် အခုအခံရှိသည်။

ရိုးသားခြင်း၊ သိုင်းပညာ ထက်မြက်မှုကလေးကို ဆောင်းပေးလျှင်တော့ မညီးလှသည်ဟု မဆိုသာပေ။

'ညီမလေး'

ဆန်ကွမ်းချိုက ခြောက်ကပ်စွာ ခေါ်လိုက်၏။

နိုင်ချစ်နော်မှာ မျက်ရည်များ ဝေနေသည်။

'ရှင်ဘာပြောမလို့လဲ၊ ရှင့်ညီက ကျွန်မအပေါ် သံယော ကြီးနေတယ်ဆိုတဲ့အကြောင်းပဲ ထပ်ပြောမလို့လား၊ သူ့ ပျော်ရွှင်မှုအတွက် ကျွန်မက သူ့ရဲ့ ဘဝကြင်ဖော်အဖြစ် ပါလို့ ပြောဦးမလို့လား'

စကားဆုံးသောအခါ နိုင်ချစ်နော်၏ မျက်ဝန်းအစုံ ရည်ပေါက်ကြီးများ တလိမ့်လိမ့်ကျဆင်းလာတော့၏။



'ရှင် သိပ်ရက်စက်တာပဲ'

ဆန်ကွမ်းချိုမှာ မည်သည့်စကားမျှမပြောနိုင်ဘဲ ငိုင်နေတော့ သည်။

'ရှင့်ကို ကျွန်မ အသက်စွန့်ပြီး စောင့်ရှောက်ခဲ့တာ၊ ရှင့်ဆီ ဒီစကားတွေပဲ ပြောဖို့ရှိသလား၊ တခြားစကားတွေ ပြော ရှိတော့ဘူးလစ၊ ရှင့်ရင်ထဲမှာ ရှင့်ညီအတွက်ပဲ ပြောစရာ နေသလား'

ဆန်ကွမ်းချိုက ဆို့နစ်စွာ ပြော၏။

'ညီမလေး....ငါ့မှာ....ငါ့မှာ....ငါ့မှာ....'

'ဒီစကားပဲ ပြောစရာရှိတယ် ဆိုပါတော့'

နိုင်ချစ်နော်မှာ လဲကျလုနီးနီး ဖြစ်သွားသည်။

'ညီလေးယွန်ရှောက်....မြန်မြန်လာစမ်း၊ ညီမလေးကိုပွေ့ချီ ၊ သူ လဲကျတော့မယ်'

ယွန်ရှောက်မှာ သနားဖွယ် မျက်လုံးများဖြင့် လှမ်းကြည့် ....

'အစ်ကိုကြီး....သူ့ကို'

'ညီလေး....ဘာကြောင်နေတာလဲ၊ မြန်မြန် လာဖေးမပေး ၊ မင်းအစ်မ လဲကျတော့မယ်'

ယွမ်ရှောက်သည် နိုင်ချစ်နော်အား ဖေးမခြင်း၊ ကူတွဲခြင်း မပြုရှဲပေ၊

တိုက်ပွဲများစွာ ဆင်နွှဲရဲသည့် ယွမ်ရှောက်သည် အချစ်ပွဲ၌ အားငယ်လျက် ရှိနေရှာလေပြီ၊

ဆန်ကွမ်းချီ၏ စိတ်နှလုံးခံစားမှု ပြင်းထန်လှသဖြင့် ခေါင်းထဲမှ သွေးများ လိုးတက်လာသည်၊

သို့သော် သူပြန်မျိုချပစ်လိုက်သည်၊

နိုင်ချစ်နော်က အံကြိတ်၍ ပြောလေ၏၊

'ကျွန်....ကျွန်မကို သူနဲ့လိုက်မသွားရဲဘူးလို့ ထင်နေသလား'

ဆန်ကွမ်းချီက ပင်ပန်းနွမ်းလျစွာ ပြောသည်၊

'ညီမလေး ငါ့ကိုခွင့်လွှတ်ပါ၊ သူ့ကို မင်းစောင့်ရှောက်၊ သူ့ရှေ့ဘဝခရီး သာယာပါလိမ့်မယ်၊ ငါ့ကို ခွင့်လွှတ်ပါ ညီ လေးရယ်'

နိုင်ချစ်နော်က ယွမ်ရှောက်အား လှမ်းခေါ်လိုက်၏၊

'လာ....ကျွန်မကို လာတွဲပါ'

ယွမ်ရှောက်က ရှုံတွန့်တွန့် ဖြစ်နေသည်၊

'လာစမ်းပါ၊ ကျွန်မကိုမြန်မြန် တွဲစမ်းပါ၊ အခုရှေ့ခ နေရာကိုသွားမယ်၊ ရှင် ကျွန်မနဲ့အတူတူ သွားမယ်မဟုတ်လား'



'တစ်မလေးနဲ့ ဆိုရင် ကျွန်တော် ဘယ်နေရာပဲ ဖြစ်ဖြစ် လိုက်တော်လိုက်ပါ့မယ်'

နိုင်ချစ်နော်က ခြောက်ကပ်စွာ ရယ်သည်၊

သူ့ရယ်သံမှာ ငိုသံပေါက်နေ၏၊

'ကဲ....ကျွန်မတို့ သွားမယ်'

'ကျွန်....ကျွန်တော် အစ်ကိုကြီးကို နှုတ်....နှုတ်ဆက်....'

'မလိုပါဘူး၊ သူ့ကိုတွေ့ဖို့ မလိုတော့ဘူး'

'အစ်ကိုကြီးဟာ ကျွန်တော့်အပေါ် သိပ်....သိပ်ကောင်း ခဲ့တယ်၊ သူ့....သူ့ကို'

'မလိုဘူး၊ ကျွန်မက သူ့ထက်ဆယ်ဆကောင်းအောင် ရှင့်ကို ဆက်ဆံမယ်'

ဆန်ကွမ်းချီက လက်ကိုခါထုတ်၍ ပြောလိုက်သည်၊

'မင်းတို့သွားကြတော့၊ တကယ်လို့များ ဆရာ့ကို တွေ့ရင် ဆန်ကွမ်းချီ နေကောင်းပါတယ် လို့သာ ပြောလိုက်ပါတော့ ညီလေး'

ယွမ်ရှောက်သည် ဘာမျှမပြောသာတော့သဖြင့် နိုင်ချစ်နော်အား ဖေးမကူတွဲကာ ပြေးထွက်သွားလေတော့သည်၊

မကြာမီ အမှောင်ထဲ၌ ပျောက်ကွယ်သွားလေတော့၏၊

သူသည် မျက်စိမှိတ်၍ အနားယူနေ၏၊

သို့သော် ရင်ထဲ၌ ဆွေးမြည့်မှုကား မပြေနိုင်၊

သူ့ကို သံယောဇဉ်ရှိနေရှာသည့် နိုင်ချစ်နော်၏မျက်နှာ

ထိုမျက်နှာလေးကို မြင်ယောင်လာပြီး ရင်ထဲ၌ ပူ။ ...
လာပြန်သည်၊

ထိုစဉ် တစ်စုံတစ်ယောက်က သူ့ ကျောပြင်ကို အသာ
နယ်ပေးလာ၏၊

'ညီလေး....သိပ် ဝမ်းနည်းနေသလား'

ဆန်ကွမ်းချို လှည့်ကြည့်၏၊

... အပေါ် ညီတစ်ယောက်ကဲ့သို့ သံယောဇဉ်တွယ်နေ...
တီဗက်ကြီး တုထန်ဟိုပေတည်း၊

တုထန်ဟို၏ အကူအညီသာမရလျှင် ဆန်ကွမ်းချို ...
နစ်ရပေလိမ့်မည်၊

'အစ်ကိုကြီးရဲ့ ဂရုစိုက်မှုကို ကျေးဇူးတင်ပါတယ် ...
ကြီးရယ်'

တုတန်ဟိုက ဖျောင်းဖျသည်၊

'ညီလေး....အခုအချိန်မှာ စိတ်ဆင်းရဲစရာ ဘာမှတွေး...
နဲ့၊ ညီလေးဟာ ရှစ်ရက်လုံးလုံး သိုင်းပညာကို အပြင်းသ...
လေ့ကျင့်သင်ကြားခဲ့ရပြီးပြီ၊ ကျန်းမာရေးကို မထိခိုက်စေ...
ဆင်ဆင်ခြင်ခြင်နေပါ'



'ကျွန်တော် နေကောင်းပါတယ်'

'မင်းနေကောင်းရင် ငါ ဝမ်းသာပါတယ်'

'ကျွန်တော်လုပ်လိုက်တာ မှန်ပါတယ်နော်'

'မှန်တယ်မှားတယ်တော့ ငါမဆုံးဖြတ်လိုဘူး၊ ဒါပေမယ့်
...င်းအနေနဲ့ ဒီကိစ္စကို စိတ်ဆင်းရဲခံပြီး ဆုံးဖြတ်လိုက်တာကို
...တော့ ငါသိပါတယ်၊ တစ်ခုတော့ရှိတယ်'

'ပြောပါ အစ်ကိုကြီး'

'နိုင်ချစ်နော်က ရုပ်ရည် အင်မတန်ချောတယ်၊ နတ်သမီး
...လေးတစ်ပါးလိုလှတယ်၊ ယွမ်ရှောက်ကတော့ ကြံ့ခိုင်သန်စွမ်း
...ရဲ့အချောပဲရှိတယ်၊ ရုပ်ရည်ကအတော်ဆိုးတယ်၊ မင်းဘယ်လိုပဲ
...တို့ကို ပေါင်းစပ်ပေးဖို့ကြိုးစားပေမယ့် အင်း....ငါလွဲမပြော
...တော့ပါဘူးကွာ'

ဆန်ကွမ်းချိုက...

'ထန်ကိုကြီး၊ ယွမ်ရှောက်သာ တကယ်ကြိုးစားရင် တစ်
...တ် တစ်ယောက် သိုင်းသမား ဖြစ်လာလိမ့်မယ်၊ သိုင်း
...လောကရဲ့ ခေါင်းဆောင်ဟာ သူပဲ ဖြစ်လိမ့်မယ်၊ နိုင်ချစ်နော်နဲ့
...ပေါင်းစပ်လိုက်ရင် သိုင်းသမားသူရဲကောင်းနဲ့ နတ်မိမယ်လို့
...ကျော်ကြားမှာ သေချာပါတယ်'

တုထန်ဟိုက သက်ပြင်းချသည်၊

'အင်းလေ....မင်းမျှော်မှန်းသလိုလဲ ဖြစ်ချင်ဖြစ်လာမှာ ပေ ညီလေးရာ'

သူသည် ပတ်ဝန်းကျင်ကို အကဲခတ်ပြီးနောက်....

'ညီလေး....ဒီနေရာဟာ ကွန်လုံဖမ်ရဲ့ ဘက်တော်သားတေ ရှုံးနိမ့်ပြီး ထွက်ပြေးသွားတဲ့နေရာဖြစ်တယ်၊ သူတို့ မကြာခ ပြန်လာနိုင်တယ်၊ သူတို့ဟာ နိုင်ချစ်နေ့ဆိုတဲ့ မိန်းကလေး လက်ရဖမ်းချင်လို့ ကြိုးစားနေတာပဲဖြစ်ရမယ်၊ မင်းရဲ့ညီလေ ကာကွယ်နေလို့ သူတို့မဖမ်းနိုင်တာ'

ဆန်ကွမ်းချီက....

'ကဲ....ဒါဖြင့်လဲ ကျွန်တော်တို့ ဒီနေရာက ခွာကြစို့.'

'ညီလေးကို ငါတွဲဖို့ လိုသေးသလား'

'ရပါတယ် အစ်ကိုကြီးရာ၊ ကျွန်တော် ဘာမှမဖြစ်ပါဘူ'

ဟုဆိုသော် ဆန်ကွမ်းချီ ယိမ်းယိုင်နေသည်၊

တုထန်ဟို ဖေးမလာမှသာလျှင် တည့်တည့်မတ်မတ် လမ် လျှောက်နိုင်တော့သည်၊

ဤသို့ဖြင့် ငါးမိုင်ခန့်လျှောက်လာရာ သစ်ပင်ထူထပ်သေ သစ်တောအုပ်တစ်ခုအတွင်းသို့ ရောက်ရှိသွားလေတော့၏၊

ဆန်ကွမ်းချီက....



'အစ်ကိုကြီး....ကျွန်တော်တို့ ခဏနားကြရအောင်'

တုထန်ဟိုအံ့ဩသွားသည်၊

သူ့ထက် သိုင်းပညာကောင်းသူက ခေတ္တနားချင်သည်ဟု ပြောသဖြင့် ဆန်ကွမ်းချီ၏ မျက်နှာကို သက်ာမကင်းကြည့်မိ သည်၊

မျက်နှာတစ်ခုလုံး နီရဲနေသည်ကို တွေ့ရသောအခါ ရင်ထဲ သိတ်ခနဲ ဖြစ်သွား၏၊

'ညီလေး... ပြစမ်း'

တုထန်ဟိုသည် ဆန်ကွမ်းချီ၏ခုဖူးကို စမ်းသပ်ကြည့်သော အခါ ခြစ်ခြစ်ပေါက် ပူလောင်နေကြောင်း တွေ့ရလေ၏၊

'ညီလေး....မင်းဖျားနေပြီ'

'သိပ်မဖျားပါဘူးအစ်ကိုကြီး၊ ဟို....ရက်ဆက် ခေါ်သိုင်း လေ့ကျင့်လိုက်လို့ပါ၊ ခဏအနားယူလိုက်ရင် ပျောက်သွားမှာ ပါ'

'ညီလေး....သူရဲကောင်းဟာ တိုက်ပွဲကျမှ သေတာမဟုတ် ဘူး၊ ရောဂါနှိပ်စက်ရင်လဲ သေတာပဲ၊ မပေါ့ပါနဲ့'

ဟုဆို၍ ရှုးရှသောဆေးသံများ ကြားလိုက်ရသည်၊

'ညီလေး၊ဒါ....ဒါ ကွန်လုံဝမ် လက်အောက်ငယ်သားတွေ ရောသံပဲ၊ ငါတို့ ခဏလောက်ရှောင်နေလိုက်ကြရအောင်'

ဆန်ကွမ်းချိုသည် တုထန်ဟိုအိသက်ထဲမှ ရုန်းထွက်လိုက်

'အစ်ကိုကြီး ရှောင်လိုက်ပါ၊ ဒီကောင်တွေကို အကုန်ရှင်းပစ်မယ်'

'ညီလေး....ဒီအချိန်ဟာ မိုက်ရမယ့်အချိန် မဟုတ်ဘူး၊ ဟာ ကိုယ်ရဲ့တော်အဖွဲ့ထဲ ရောက်နေခဲ့လို့ သူတို့ရဲ့ ခရာသံ အာ အစားကို ခွဲခြားတတ်နေပြီ၊ ဒီခရာသံဟာ အဖွဲ့လိုက်လာ ရောသံပဲ၊ လူစုလူဝေးကြီးလာတာမို့ ငါတို့က အမိုက်မခံ ဘူး၊ နောက်ပြီး မင်းက အဖျားရှိနိုင်တက်နေတယ်'

သူသည် စိတ်ဝေဒနာ ခံစားရခြင်း၊ အဖျားရှိနှိုက်ပြ တို့ကြောင့် ရန်ရှယ်ရသောကြီးအား ပေးခဲ့သည့် ကတိများ မေ့လျော့သွားခဲ့ပေပြီ၊

အသေခံ၍ တိုက်ရန်သာ စိတ်စောနေသည်။

ထိုစဉ် ခရာသံများသည် တဖြည်းဖြည်း နီးကပ်လာလေ

အန္တရာယ်သည် တဖြည်းဖြည်း နီးကပ်လာနေပေပြီ၊

သိုင်းလောက အတွေ့အကြုံ ရင့်ကျက်သော တုထန်ဟိုသ ဆန်ကွမ်းချိုအား ဖျောင်းဖျ၍ ရတော့မည် မဟုတ်ကြော နားလည်သဘောပေါက်သွားလေ၏၊

'ညီလေး....မင်း တကယ်ပဲ ရင်ဆိုင်တော့မလို့လား'

ဆန်ကွမ်းချိုသည် ဓားကို ဆွဲထုတ်ရန် ဟန်ပြင်နေ၏၊



'ရင်ဆိုင်မယ်၊ ဒီကောင်တွေကို အလောင်းချင်း ထပ်သွား ...င် သတ်ပစ်မယ်'

သို့သော် သူ သတ်နိုင်သည့်အဆင့်သို့ မရောက်တော့ပါ။

နောက်ဆုံး ဓားကိုပင် ဆွဲမထုတ်နိုင်ရှာပါ၊

တုထန်ဟိုက အကြောကို ထိုးပိတ်လိုက်သောကြောင့် ဖြစ် ...သည်။

တုထန်ဟိုသည် ဆန်ကွမ်းချို၏ ခန္ဓာကိုယ်ကို ထမ်းယူပြီး ...ထဲသို့ ပြေးဝင်သွား၏၊

သစ်တောထဲ၌ သစ်ကိုင်းသစ်ခက်များ အလွန် နိမ့်သည့် ...ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသောအခါ မည်သို့မျှမစဉ်းစား ...တဲ ဆန်ကွမ်းချိုအား နွယ်ကြိုးများဖြင့် ချည်နှောင်ကာ ...ကိုယ်တိုင် သစ်ပင်ပေါ်တက်၍ အပေါ်သို့ ဆွဲတင်သည်၊

...စိတ်ချရသည့် အမြင့်သို့ရောက်မှ ဆန်ကွမ်းချိုအား သစ်ပင် ...ထားသျက် သစ်ပင်အခက်များကြားမှ တုထန်ဟို ချောင်း ...င်း ကြည့်ရှုနေတော့၏၊

နွယ်ကြိုးများကို ဖြေပေးပြီးသော်....

'ညီလေး....စိတ်မရှိနဲ့၊ မင်းစိတ်ဟာ နဂိုမူမှန် မဟုတ်တော့ ...ကောင်းရာကောင်းကြောင်းဖြစ်အောင်လုပ်လိုက်ရတာပဲ'

မကြာမီ ခရာသံများ ကြားရပြီး အင်္ကျီအနက်ရောင် ဝတ်ထားသူ ငါးယောက်ခန့် သူတို့ပုန်းအောင်းနေသည့် သစ်ပင်ကြီးအောက်သို့ ဝင်လာကြ၏။

'အလို...ကျိတ်ကွဲပါလား'

တုထန်ဟိုသည် တီးတိုးရေရွတ်မိလေ၏။

ကျိတ်ကဲဆိုသည်မှာ ကိုယ်ကျပ်အင်္ကျီနက် ကိုယ်ရံတော်အဖွဲ့ ဒုတိယခေါင်းဆောင် ဖြစ်၏။

ကျိတ်ကဲကိုယ်တိုင် ပါလာသဖြင့် အထူးဂရုစိုက်နေကြသည်။

'ဒီဘက် ပြေးလာတာရော ဟုတ်ရဲ့လား'

'ခြေရာက နှစ်မျိုးဖြစ်နေတယ်၊ တချို့ ခြေရာကတော့ ဒီဘက်ကို ပြေးလာတာကို ခြေရာခံမိပါတယ်'

ပထမ မေးခွန်းထုတ်သူမှာ ဒုတိယခေါင်းဆောင် ကျိတ်ကဲ ဖြစ်၏။

ကျိတ်ကဲက....

'ဒီထဲပြေးဝင်လာလို့ကတော့ သူတို့မလွတ်နိုင်ဘူး၊ ဒီနေရာ ငါတို့ ကြီးစိုးတဲ့နေရာပဲ၊ ငါတို့လက် ငါတို့ခြေထဲက မလွတ်နေရာမို့လို့ ဒီကောင်တွေကို ဖမ်းမိဖို့ မခဲယဉ်းဘူး'



ကျိတ်ကဲသည် စကားဆုံးသည်နှင့် ခရာကိုထုတ်၍ မှုတ်လိုက်ပြီ။

တုထန်ဟိုနှင့် ဆန်ကွမ်းချိတ်ပြင် နားအူသွား၏။

မကြာမီ ကိုယ်ကျပ်အင်္ကျီနက် ဝတ်ဆင်သူ ဆယ်ယောက်ခန့် ကျိတ်ကဲရှိရာ သစ်ပင်အောက်သို့ အပြေးအလွှား ရောက်ရှိလာကြ၏။

ထိုဆယ်ယောက်သည် ကျိတ်ကဲအား ရိုသေ လေးစားစွာ အလေးပေးကြသည်။

ကျိတ်ကဲက အေးစက်သော မျက်လုံးများဖြင့် အကဲခတ်ကြည့်ပြီး....

'မင်းတို့ လမ်းခရီးမှာ ရန်သူအရိပ်အခြည်ကို တွေ့မိကြလား'

အင်္ကျီနက် ဆယ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

ထိုသော် မည်သည့်စကားသံမျှ ထွက်ပေါ်မလာပေ။

ကျိတ်ကဲ ဒေါသထွက်လာပေပြီ။

'ဟေ.... ငါမေးနေတာကို မကြားကြဘူးလား၊ မင်းတို့ နားပင်းနေကြသလား'

ထိုအခါကျမှ တစ်ယောက်က ဖြေသည်။

'ကျွန်တော်တို့ ပြေးလာတဲ့ လမ်းခရီးမှာ ရန်သူ တစ်ဦးမှ မတွေ့ခဲ့ပါဘူး'

အခြားတစ်ယောက်ကသည်း ဝင်ရောက်ဖြေသည်။

'ကျွန်တော်လဲ မတွေ့ခဲ့ပါဘူး'

ဤသို့ဖြင့် တစ်ယောက်ပြီးတစ်ယောက် ဖြေကြရာ မည် တစ်ဦးတစ်ယောက်မျှ ရန်သူအား မတွေ့ခဲ့ရကြောင်း ပေါ် လာ၏။

ကျိတ်ကဲ ခေါင်းညိတ်ပြန်သည်၊

'ဒါဖြင့် ရန်သူတွေဟာ အတောင်ပေါက်ပြီး ပျံပြေးကုန် ပြီပေါ့၊ ကောင်းကွာ'

ထိုစဉ် တစ်ယောက်က ဝင်ပြော၏။

'သူတို့ ဒီသစ်တောထဲ ဝင်ပြေးချင်ပြေးမှာပေါ့၊ ဒီသစ်တော ထဲကိုတော့ ဘယ်သူမှ မရှာရသေးပါဘူး'

ကျိတ်ကဲ ခေါင်းညိတ်၏။

'ကောင်းပြီ၊ ဒီတောထဲဝင်ပြီး ရှာခဲ့ကြစမ်း'

အင်္ဂလိပ်နက်ဆယ်ယောက်တို့သည် တစ်ဟုန်ထိုး ပြေးထွက်သွား ကြတော့၏။



ကျိတ်ကဲသည် သစ်ပင်ကြီးအောက်၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ယခုအချိန်၌ ကျိတ်ကဲအား လုပ်ကြံလျှင် အလွန်လွယ်သည်။

သို့သော် နောက်ကြောင်း မအေးသဖြင့် တုထန်ပုံကိုသည် ထို ကိုကို စွန့်လွှတ်လိုက်၏။

ထိုစဉ် ကျိတ်ကဲထံမှ ဟားဟားဟားရယ်သံ ထွက်ပေါ်လာ တော့၏။

'ဟား...ဟား...ဟား၊ မင်းတို့က လူလည်လုပ်နေကြတာ ပုန်းနေတဲ့နေရာက ထွက်ခဲ့ကြစမ်း'

ထုထန်ပုံ ထိတ်ခနဲဖြစ်သွား၏။ အရေးတကြီး လှမ်းကြည့် ရာ ကျိတ်ကဲသည် အပေါ်ကို မော့ကြည့်၍ အော်နေခြင်း ကဲ အမဝေးရှိချုံပုတ်တစ်ခုကိုကြည့်၍ အော်နေခြင်းဖြစ် း တွေ့ရသည်။

'တော်တော်လာတဲ့အကောင်ပဲ၊ အလည်လည်ကောင်ဆိုရင် ာမိမှာ သေချာတယ်'

ထုထန်ပုံသည် ကျိတ်ကဲတစ်ယောက် သူတို့ပုန်းခိုနေသည့် အောက် ရောက်မှုနေသဖြင့် လွန်စွာ ကျေးဇူးတင်နေ ။

သစ်ပင်သည် အကိုင်းအခက်များ ဝေဆာလွန်းလှသဖြင့် မြန် အလွန်ကောင်းသည်။

ကျိတ်ကဲသာ ဤသစ်ပင်အောက်၌ ရှိမနေလျှင် အကိ
များသည် ဤသစ်ပင်ပေါ်သို့ တက်ရှာကြမည်မှာ သေ

ထိုစဉ် အဝေးမှတိုက်ခိုက်သံများ ရုတ်တရက် ကြား
ရသည်။

ကျိတ်ကဲသည် အသံကြားရာသို့ ပြေးထွက်သွားလေ

တုထန်ဟိုသည် သစ်ကိုင်းများကို ရဲရဲဘင်းတင်း ဖ
ကြည့်သော်လည်း မည်သည့်ရန်သူကိုမျှ မတွေ့ရဘဲရှိနေ

လက်နက်ချင်း ထိခတ်သံများကိုမူ ကြားနေရ၏။

ထိုစဉ် တုဘန်ဟိုက ဆန်ကွမ်းချီ၏နားနားသို့ကပ်၍
လေ၏။

'ညီလေး၊ ငါ့ခါးကြိုးကို ဖြေဆွဲ၊ အခု မင်းကို
ကြော ပြန်ဖွင့်ပေးမယ်၊ ငါ့ပြောမယ့် ငါ မလှုပ်မရှား
မင်းလဲ ဘာမှမလှုပ်ရှားရဘူး၊ အခုအချိန်ဟာ သည်း
အချိန်ဆိုတာ မင်းနားလည်ထားစမ်းပါ'

သူသည် စကားဆိုးသည်နှင့် သွေးကြောကို ဖွင့်ပေ
၏။

ဆန်ကွမ်းချီထံမှ သက်ပြင်းချသံ ကြားလိုက်ရသည်။

အဖျားတက်နေဆဲဖြစ်ရာ ဆန်ကွမ်းချီ၏ မျက်နှာမှာ
နေ၏။



တုဘန်ဟိုသည် ဆန်ကွမ်းချီ၏နဖူးကို စမ်းကြည့်လိုက်၏။
တုဘန်ဟိုမှာ သူ့လက်ကို ဆတ်ခနဲရုတ်လိုက်မိ၏။
ကြွထိတ်လန့်မှုသည် ငယ်ထိပ်သို့တက်ဆောင့်၏။
ဆန်ကွမ်းချီ၏ နဖူးမှာ နှင်းခဲကဲ့သို့ အေးစက် နေသော
ကြောင့်တည်း။

တို့ပြင် နီရဲနေသောမျက်နှာသည်လည်း တဖြည်းဖြည်းဖြူ
လာကြောင်း တွေ့ရ၏။

တိုက်ပွဲဖြစ်ပေါ်ရာမှ လက်နက်ချင်းထိခတ်မိသည့် အသံများ
လည်း ထွက်ပေါ်နေဆဲဖြစ်ကြောင်း တုဘန်ဟို သိနေရ
၏။

ပြင်းထန်သောတိုက်ပွဲဖြစ်နေကြောင်း ရိပ်မိ၏။

ထို့ကြောင့် သူတို့နှစ်ယောက်အဖို့ ရန်သူ၏ရှာဖွေမှုမှကင်း
နေကြရသည်။

'ညီလေး၊ ဒီးဘားမှာပဲ ခဏသည်းခံနေဦး၊ ကော်ဆွ ကျန်လု
သားတွေနဲ့ ကွန်လုံဝမ်ဂိုဏ်းသားတွေ တိုက်ပွဲဖြစ်နေပုံရ
'

ဆန်ကွမ်းချီအား တင်ထားသည့်သစ်ပင်ခွဆုံကြီးမှာ အလွန်
ကြီးမားသဖြင့် လိမ့်ကျရန် မစိုးရိမ်ရပေ။

တုထန်ဟိုသည် ဆန်ကွမ်းချီအား အသာကလေး ပေးထားပေးသည်။

ထိုစဉ် ဆူညံသော ရေသံများ ကြားလိုက်ရပြီးနော် အင်္ကျီနက်ဝတ်ဆင်ထားသည့် ကွန်လုံဝမ်ဂိုဏ်းသားများ ပေါ်လာကြောင်း တွေ့ရသည်။

ဗုတ်ယခေါင်းဆောင် ကျိတ်ကဲကိုတော့ မတွေ့ရပေ။

သစ်ပင်ထူထပ်သောနေရာမှ အဘိုးကြီးတစ်ယောက် ပေါ်လာကြောင်း တွေ့ရသည်။

မီးခိုးရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားပြီး အထေးများကလည်း ဖွေးဖွေးဖြူနေ၏။

ထိုအဘိုးကြီးကား ကျွန်လုဂိုဏ်း၏ လေ့ကျင့်ရေးမှူး ကွမ်းစန်စင်ပေတည်း။

ကွမ်းစန်စင်၏နောက်၌ ကျွန်လုဂိုဏ်းသား ဆယ်ငါးယောက်ခန့် ပါလာကြောင်း တွေ့ရှိရသည်။

'အဟမ်း....အဟမ်း'

တုထန်ဟိုသည် ချောင်းဟန့်ပြီး ဆန်ကွမ်းချီကို ပွေ့ချီ သစ်ပင်ပေါ်မှ ခုန်ချလိုက်လေ၏။

'ငှန်သူ'



လူသည် ကွန်လုံဝမ်ဂိုဏ်းခေါင်းဆောင် ဗုတ်ယ၏ ဝတ်ဆင်ထားသည်ဖြစ်ရာ ကျွန်လုဂိုဏ်းသားများ ရဲ့ခနဲ ဖြစ်သွား၏။

ချက်ချင်းပင် ကျွန်လုဂိုဏ်းသားများက ဝိုင်းပစ်လိုက်ကြသည်။

'ဟေ့....မလုပ်ကြနဲ့၊ မှားကုန်မယ်'

ကွမ်းစန်စင်က သူ့လူများအား တားမြစ်လိုက်၏။

ထို့နောက် တုထန်ဟိုအား လှမ်းမေးလိုက်သည်။

'နောင်ကြီးတုထန်ဟို မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်တော်တုထန်ဟိုပါ၊ သိပ်တော့ရှည်ရှည်ဝေးဝေးရှင်းမပြနိုင်သေးဘူးဗျာ၊ ဒီမှာ ကျွန်တော့် ညီလေး အဆိပ်ဒဏ်ရာရနေတယ်၊ ဆရာကြီးထန်ရှင်ဆီ အမြန်ပို့ပေးဖို့ပါ။ သိပ်မကြာခင်မှာပဲ သူက ဆေးကုတဲ့နေရာမှာလဲ ကျွမ်းတယ်လို့ ပြောသံကြားဖူးတယ်၊ ညီလေးကိုကုသပြီးရင် နောင်ကြီးကွမ်းစန်စင်တို့သိချင်သမျှ ပြောပြဖို့ဝန်မလေးပါဘူးဗျာ'

'မှန်းစမ်း'

ကွမ်းစန်စင်သည် ရှေ့သို့တိုးလာပြီး ဆန်ကွမ်းချီ၏မျက်နှာကို ကြည့်၏။

ဖြူဆုတ်နေသောမျက်နှာကို တွေ့လိုက်ရသည်နှင့် အခြေအနေဆိုးကြောင်း ချက်ချင်း ရိပ်မိသည်။

'နောင်ကြီးတုထန်ဟို၊ ဂိုဏ်းချုပ်ကြီးရဲ့အမိန့်အရ ကျု လေးဆယ့်ရှစ်အဖွဲ့နဲ့ ဒီတောအုပ်ကို ထိန်းသိမ်း ထားရတ ဒီတော့ ကျုပ်အနေနဲ့ ဆရာကြီးထန်ရှင်ဆီ လိုက်မပို့နိုင် ဒါပေမယ့် ဖြစ်အောင်တော့ စီစဉ်ပေးလိုက်ပါ့မယ်၊ ကျု နောက်လိုက်လေးယောက်ကို ခင်ဗျားတို့နဲ့အတူ ထည့်ပေးလ မယ်၊ ခင်ဗျားတို့အာသာ ဆရာကြီးထန်ရှင်ဆီ သွားကြပေ'

'ကျေးဇူးတင်ပါတယ်၊ အဲဒီအစီအစဉ် ကောင်းလှဲကော ပါတယ်'

ကွမ်းစန်စင်သည် လူလေးယောက်ကို ရွေးထုတ်လိုက်၏

'မင်းတို့လေးယောက် ဒီဆရာကြီးနဲ့ လူနာကို ဆရာ ထန်ရှင်ဆီ ရောက်အောင် ပို့လိုက်ကြ'

ကွမ်းစန်စင်က တုထန်ဟိုအား နှုတ်ဆိမ့်လိုက်၏၊

'ဆရာကြီးထန်ရှင်ဆီ ရောက်ရင်တော့ ခင်ဗျား ညီမ ပိန်းကြာဖက်ရေမတင်သလို ရောဂါတွေ ကင်းစင် ပပျော သွားမှာ သေချာပါတယ်၊ ဆရာကြီးဟာ ဉာဏ်သိပ်ကော သလို ဆေးပညာမှာလဲ သိပ်ထူးချွန်ပါတယ်၊ ကဲ....ကဲ....သ ကြပေတော့၊ ဟော့....ဒီဆရာကြီးကို ဘေးက စောင့်ရှောက် လိုက်ကြ'

စင်စစ် ဤလေးယောက်မှာ လမ်းပြသက်သက် မဟုတ်

တုထန်ဟိုအား စိတ်မချသဖြင့် စောင့်ကြပ်ကြည့်ရန် ကွ စန်စင်က အလိမ္မာသတ်၍ ထည့်ပေးလိုက်ခြင်း ဖြစ်ပေသ



ကဲ့သည်ကို တုထန်ဟိုကလည်း သိရှိ၏၊

ထိုအတွက် ကွမ်းစန်စင်ကို သူ အပြစ်မတင်ပေ၊

တုထန်ဟိုသည် ကွမ်းစန်စင်အား နှုတ်ဆက်လျက် ခရီးထွက် ည်၊

ထင်တောကို ဖြတ်ကျော်ပြီးနောက် မြက်ရိုင်းလွင်ပြင်ကြီး ရကို ဖြတ်ကျော်ရပြန်သည်၊

လမ်းပြလေးယောက်က ခြေပိုသွက်လာသဖြင့် တုထန်ဟို ည်း သူ့ခြေလှမ်းနှုန်းထားကို ပို၍ မြှင့်တင်ရလေ၏၊

လမ်းပြ လေးယောက်သည် တုထန်ဟိုအား ပညာစမ်းကြ ဖြစ်သည်၊

လူတို့သည် ထိဗက်မှ ကျောပွတ်ဘုရင်ကြီးအား အသင်သေး ကြသည်၊

စင်စစ် သူတို့၏ ဗဟုသုတနည်းပါးမှုသာ ဖြစ်သည်၊

တကယ်တမ်း ပြေးလွှားသွားကြသောအခါ လူတစ်ယောက် ချီပိုးထားသည့် တုထန်ဟိုသည် သူတို့နှင့် ထက်ကြပ်မကွာ တမ်း ကပ်လိုက်နိုင်ကြောင်း တွေ့ရှိရသဖြင့် ဟံ့ဩသွား ည်၊

ယခင်ကလို အထင်မသေးဝံ့ကြတော့ပေ၊

မြက်ရိုင်းလွင်ပြင်ကို ဖြတ်ကျော်ပြီးသောအခါ ယာ... ကလေးများကို တွေ့လာရ၏။

အိမ်စုစုကလေး သုံးလေးလုံးကိုလည်း လှမ်းတွေ့ရ၏။

'အင်း...ငါတို့ပြေးလာတာ ခြောက်မိုင်လောက်တော့ ...ပြီ၊ ဒီတဲအိမ်တွေမှာ မနားရင်တော့ မှောင်ကြီးမည်း... ဘယ်လိုမှ ခရီးဆက်နိုင်မှာ မဟုတ်ဘူး'

တုထန်ဟိုသည် ခရေ့ရေးကိုတွေးနေရာမှ ဆန်ကွမ်းချို... ငုံ့ကြည့်မိ၏။

ဆန်ကွမ်းချိုမှာ၊ မေ့မြောသလို ဖြစ်နေသဖြင့် စိတ်ပူ... သည်။

'ဒီလေးက ခရီးပြင်း နှင်နေတာကြောင့် သူ့နည်း... ကလေးမှ မလှုပ်ရှားဘူး၊ သူ့ရောဂါ သိပ်ပြင်းထန်နေပြီ'

ထိုစဉ်မှာပင်....

လမ်းပြလေးယောက်သည် တဲအိမ်စုကနေသားများ ... မရောက်မီ ကိုက်ငါးရာခန့်အကွာတွင် တုံ့ခနဲ ရပ်ဆိုင်းသွား... သည်။

လမ်းပြတစ်ယောက်က....

'နောင်ကြီး....ဒီမှာ ခဏလောက် စောင့်ပါနော်၊ ကျွန်တော်... သွားပြီး သတင်းပို့လိုက်ပါဦးမယ်'



'ကောင်းပြီ၊ ကျုပ် ဒီကစောင့်နေပါမယ်'

ကျန် လမ်းပြသုံးယောက်သည် တုထန်ဟိုနှင့်အတူ နေရစ်ခဲ့ကြ၏။

မကြာမီ သွားရောက်သတင်းပို့သူ ပြန်ပြေးလာ၏။

'ဆရာကြီးထန်ရှင်က ခေါ်ခဲ့ဖို့ အမိန့် ပေးလိုက်ပါတယ်၊ နောင်ကြီး ကြွပါ'

တုထန်ဟိုသည် လမ်းပြလေးယောက်ကိုပင် မစောင့်တော့ဘဲ ကိုယ်ဖော့ပညာကို အစွမ်းကုန်သုံးလျက် ရှေ့မှ ပြေးဝင်သွားလေ၏။

တဲအိမ်ကြီးတစ်အိမ်ရှေ့၌ ပညာရှိ ထန်ရှင်သည် ကြိုဆိုနေသည်။

'နောင်ကြီးတုထန်ဟို....အတွင်းကိုကြွပါ၊ လူနာကို ဝါးခုတင်ပေါ် တင်ထားလိုက်ပါ'

တုထန်ဟိုသည် တဲအိမ်ထဲသို့ သွက်လက်စွာ ဝင်သွားပြီး ဆန်ကွမ်းချိုအား ဝါးခုတင်ပေါ် တင်ထားလိုက်၏။

'ဪ....ကျုပ်တို့မိတ်ဆွေလေး ဆန်ကွမ်းချိုကိုး၊ သူ ဘာဖြစ်လာတာလဲ'

'ဖျားလာတာပါ၊ ကျေးဇူးပြုပြီး အမြန်ဆုံး ကြည့်ပေးပါ'

ထန်ရှင်သည် နောက်ပိုင်းမှ ဝင်လိုက်လာသော လ
လေးယောက်အား လှည့်ကြည့်ပြီး....

'မင်းတို့ နောင်ကြီး ကွမ်းစန်စင်ရဲ့ အဖွဲ့ကလား'

'ဟုတ်ပါတယ် ဆရာကြီး'

'ဒါဖြင့် အဲဒီအဖွဲ့ကို ပြန်ကြပေတော့'

လမ်းပြလေးယောက်သည် ပညာရှိ ထန်ရှင်အား ဦးည
ဂါရဝပြုကာ ပြေးထွက်သွားတော့သည်။

ထန်ရှင်က ရယ်ပြီး....

'နောင်ကြီး တုထန်ဟို....လေ ကျင့်ရေးမှူးကြီး ကွမ်းစ
ကတော့ အရာရာကို စိုးရိမ်တတ်တယ်၊ အစောင့်လေးယေ
ထည့်လိုက်တဲ့အတွက် ကျုပ်ကပဲ တောင်းပန်ပါတယ်'

'ကိစ္စမရှိပါဘူးဗျာ'

တုထန်ဟိုမှာ ပွပန်သော မျက်နှာထားဖြင့် ဆန့်ကွမ်း
သာ ကြည့်နေ၏။

ထန်ရှင်၏ တောင်းပန်စကားကို ပြန်မပြောကောင်းမှ
ပြန်၍ပြောနေရသည်။

ထန်ရှင်သည် တုထန်ဟို၏ စိတ်သဘောထားကို နား
လိုက်သဖြင့် လူနာဆောင်သို့ ချဉ်းကပ်သွား၏။



'နောင်ကြီး တုထန်ဟို....ဖျားနေတဲ့အတွက်တော့ သိပ်မစိုး
ပါနဲ့၊ ကျုပ်ပျောက်အောင် ကုသပေးနိုင်ပါတယ်၊ ကဲ....
သွားခုန်နှုန်း စမ်းသပ်ကြည့်ရအောင်'

ထိုအခါကျမှ တုထန်ဟိုမှာ သက်ပြင်းချနိုင်ပေတော့သည်။

ဪ....သံယောဇဉ် ကြီးလှသော တုထန်ဟိုပေတကား။

အခန်း (၁၀၇)

## သေရွာပြန်

ထင်ရှင်သည် ဆန်ကွမ်းချီ၏ လက်ဝဲဘက် လက်ကောက်ဝတ်ကိုင်၍ သွေးခုန်နှုန်းကို စမ်းသပ်ကြည့်သည်။
ထိုသို့စမ်းသပ်ရာတွင် ထန်ရှင်သည် မျက်လုံးကိုစုံမှိတ် အထူးမှိန်းလျက် စမ်းသပ်သည်။
အတန်ကြာမှ မျက်လုံးပွင့်လာသည်။
ထန်ဟိုအား ပြောပြလေတော့၏။
'ဤသူငယ်ဟာ တစ်သက်လုံး မဖျားဖူး မနာဖူးတဲ့ သူငယ်ပဲ ဖြစ်မယ်၊ အခု သူ့အဖျားကား ကြီးလွန်းတယ်၊ စပြီး ကဲ့လာတဲ့ အဖျားရောဂါပဲ'
ထန်ဟို ထိတ်လန့်သွား၏။

'နောင်ကြီး....သူမပျောက်နိုင်ဘူးလား'

'မပျောက်နိုင်ဘူးလို့ ကျုပ် မပြောပါဘူး၊ ရောဂါသ နေတာကိုသာ ပြောတာပါ၊ အချိန်ယူပြီး အနားယူ ကု လိုတယ်၊ သူ ဒီရက်တွေအတောအတွင်းမှာ တော်တော်က ပင်ပန်းခဲ့ရမယ်'

တုထန်ဟို ခေါင်းညိတ်၏။

'သိပ်သော်ချာတာပေါ့ နောင်ကြီးရယ်၊ နှစ် ရက်လုံး နေ့မအိပ် ညမအိပ် သိုင်းပညာ လေ့ကျင့်ခဲ့တယ်၊ ဒီ အ တယ်လောက် ပင်ပန်းခဲ့တယ်ဆိုတာတော့ ကျုပ်လဲ မသိပါ သူ့ကို နောင်ကြီးလက်ထဲ အပ်ပါတယ်၊ ကုသပေးပါ'

ပညာရှိထန်ရှင်က ဖြည်းညင်းစွာ ပြော၏။

'အင်း....ဒီအရပ်က ပရဆေးပစ္စည်း၊ ဆေးပင် သိပ်ခေ ပါးတဲ့ အရပ်ဖြစ်တော့ သူ့အတွက် ထိရောက်မယ့် ဆေ ချက်ချင်း ဖော်စပ်ဖို့ မဖြစ်နိုင်ပြန်ဘူး၊ ကျုပ်ဆီမှာရှိတဲ့ တွေနဲ့ပဲ ချက်ချင်း ကုရတော့မှာပဲ'

'လုပ်ပါ၊ နောင်ကြီးထန်ရှင် ကြိုက်သလိုသာ ကုပါ'

'စိတ်ချ၊ သူ မသေစေရပါဘူး'

ထန်ရှင်သည် အိတ်ထဲမှ ပုလင်းကလေးတစ်လုံးကို ထုတ် ဆေးလုံးကလေး နှစ်လုံးကို ထုတ်ယူလိုက်သည်။



ကွမ်းချိုကို ပါးစပ်ဟစေကာ ဆေးလုံးနှစ်လုံး ပစ်သွင်း ည်။

ပန်းဖျော့ ဖျော့သွားတာပါဗျာ၊ ဒီကြားထဲမှာ သူ ခိုက်စရာတွေလဲ ကြုံပါလိမ့်မယ်'

ထန်ဟို အံ့သြသွားသည်။

ဖျော့ဖျော့ခြင်းကို ထန်ရှင် သိနိုင်သည်။

ထိခိုက်ခြင်းကိုတော့ ထန်ရှင် မသိနိုင်ဟု ယူဆသည်။

သော်....

ရှင်က သိနေသည်။

သည့်အထောက်အထားအရ သိသည်ကိုတော့ တုထန်ဟို တတ်ပေ။

ရှင်က တုထန်ဟိုကို ကြည့်၍ ပြုံးလိုက်သည်။

နောင်ကြီး တုထန်ဟို၊ ဒီသူငယ်ကလေးဟာ ဒီရက်အတွင်း ပြီး စိတ်ထိခိုက်စရာများ ကြုံခဲ့သလား၊ သိရင် ရှင်း ကွင်းတွင်း ပြောပြစမ်းပါဗျာ၊ ကျုပ် ကုသတဲ့နေရာမှာ မေးနေတာပါ'

ထန်ဟိုက မချိတရိ ပြုံးလိုက်၏။

'သူတစ်ပါးအတွက် စေတနာထားလွန်းတော့ သူ့အသည်းကွဲရော ကြုံရတာပေါ့ဗျာ'

'အကျယ် ခဲပြောပါလားဗျာ'

တုဆန်ဟိုသည် ဆန်ကွမ်းချို ကြုံတွေ့ခဲ့ရသော အသည်းလှုပ်ဖွယ်ကောင်းလှသည့် သုံးပွင့်ဆိုင် ဇာတ်လမ်းအကြောင်းအသေးစိတ် ရှင်းလင်းပြောပြလိုက်ရလေ၏။

ဟူတန်းဂိုဏ်းချုပ်ကြီးက ဒေးသိုင်းပညာ သင်ပေးအချက်များကိုမှ ချန်လှပ်ထားပစ်ခဲ့သည်။

ထန်ရှင်မှာ ခေါင်းတဆတ်ဆတ်ညိတ်ရင်း....

'အင်း....အတော်စိတ်ထားမွန်မြတ်တဲ့သူငယ်ပါပဲ၊ ဒါပေမဲ့ လှဲ သူသေဖို့ ဖြစ်လာတာပဲ၊ ကျုပ်ဆီ ရောက်မလာရင်ပေ

'ဗျာ....ဘယ်လိုလဲဗျာ'

'သူ့အတွင်းအားနဲ့ ခုခံထားနိုင်ရင် နှလုံးပန်းဖျား ထိ သူတွန်းလှန်နိုင်ပါတယ်၊ သူက လုံး၀ စိတ်လျှော့လိုက် သူ သေနိုင်စရာအကြောင်း ပေါ်လာတာပေါ့ဗျာ'

'ကျွန်တော်က အဲဒီလိုဖြစ်နိုင်တယ်လို့ တွေးမိပါမဲ့ဗျာ မယ့် သူ့အသားအနွယ်ဆုယ် ထိခိုက်တာကို မြင်တော့ ကျွ စိတ်မကောင်းပါဘူး'

ထန်ရှင်က ဖြည်းညင်းစွာ ပြော၏။



ကျုပ်အမြင် ပြောရရင်တော့ သူ့ ဒီလိုလုပ်လိုက်တာဟာ မြင့်မြတ်တဲ့ နှလုံးသားကို ထုတ်ဖော်ပြရုံသာမကဘူး၊ နိုင် ငံနဲ့ ယှဉ်ချောက်တို့ကိုလဲ သိုင်းလောကမှာ မထွန်းကား ထွန်းကားမယ့် စုံတွဲအဖြစ် ဖြစ်ပေါ်စေနိုင်ပါတယ်'

တုဆန်ဟိုက သက်ပြင်းချ၍ပြော၏။

'အင်း.... လူ့လောကမှာ အသက် အဆုံးရှုံးခံပြီး ရယူတဲ့ ကျမှုကလဲ ရှိသေးတာကိုး၊ နောင်ကြီးထန်ရှင်ရဲ့ စကားကို တော့ ကျုပ်သံယောဇဉ်ဖြစ်နေတဲ့ ဟောဒီသူငယ်ကလေး ရင်နာနာနဲ့ ဂုဏ်ယူမိပါတယ်ဗျာ'

ထန်ရှင်က စဉ်းစား၍ ပြော၏။

ကျုပ်က အင်္ဂလိပ်ဓာအတတ်လဲ တတ်ကျွမ်းပါတယ်၊ နိုင်ချစ် တဲ့ မိန်းကလေးရဲ့ ရုပ်ရည်ဟာ အင်မတန် ချောမော ပါပေမယ့် စိတ်ဓာတ်ကတော့ အင်မတန်မာဆတ်တယ်၊ အိမ်ထောင်ကို ဦးစီးမယ့် မိန်းမမျိုးဖြစ်တယ်'

ငချွေးတို့ဟန်ထရက်တွေထဲမှာ မိန်းမဦးစီးတဲ့အိမ်ထောင် အတော်ရှားပါးတာပဲ'

တယ်၊ ရှားပါးတယ်၊ သူဟာ ဆန်ကွမ်းချိုဆိုတဲ့ သူ့ရဲ့ ကလေးနဲ့သာ ညားမယ်ဆိုရင် ဆန်ကွမ်းချိုကို ချစ်တဲ့ သူ့စွမ်းရည်၊ သူ့ဉာဏ်ရည်၊ သူ့ ပရိယာယ် မှန်သမျှကို ပုံးထုပ်လိုက်လိမ့်မယ်၊ အဲဒီတော့ သူဟာ သာမန်

တရုတ်တစ်ဦးနဲ့ သာမန် အိမ်ထောင်ရှင်မသာ ဖြစ်သွ မယ်၊ ဆန်ကွမ်းချီဟာ ရိုးသားလွန်းတယ်၊ ပရိယာယ်တ ဘူး၊ ရဲရင့်မှုနဲ့ မြင့်မြတ်မှုနှစ်ခုပေါင်းပြီး သိုင်းလောက လာတာဟာ သိုင်းလောကအတွက် ကံကောင်းခြင်းတစ် သော်လဲ သူ့အတွက်တော့ ကံဆိုးခြင်းတစ်ရပ်ပဲဖြစ်တ

ထန်ရှင်က ရဲရဲတောက် တစ်ခုပြီးတစ်ခု ပြောကြာ

'နောင်ကြီး ထန်ရှင်၊ ယွမ်ရှောက်ဆိုတဲ့ သူငယ အကြောင်းကိုတော့ ပြောပါဦး'

'အားလုံး ပြီးပြည့်စုံသောအရာသည် ဤလောက တဲ့ စကားကို ရှေး ပညာရှိကြီးတွေအားလုံး ခဲ့ကြတယ်၊ ယွမ်ရှောက်ဟာ ရုပ်ရေးပေမယ့် သိုင်းပညာ သက်တဲ့ ဉာဏ်ရွှမ်းဉာဏ်စရှိတယ်၊ သူဟာ သူချစ်တဲ့ နိုင် ထက် သာမယ့်အချက်ကို ကြိုးစားလိမ့်မယ်၊ အဲဒ ပညာရွှမ်းရည်ကို အမြင့်ဆုံး မြှင့်တင်ခြင်းပဲ၊ နိုင်ချစ် ရှုပ်ရည်လှတယ်၊ ယွမ်ရှောက်က သိုင်းလောကရဲ့ ကျော်ဇ ဖြစ်မယ်၊ သူတို့အိမ်ထောင်ရေးဘဝဟာ ရေနဲ့ငါးလို လိမ့်မယ်'

'နောင်ကြီးထန်ရှင်ရဲ့ တွေးခေါ်ချက်တွေဟာ အံ့ဩ ကောင်း၊ လက်ခံစရာလဲ ကောင်းပါတယ်'

ထန်ရှင်က ပြုံး၍ဆက်ပြော၏။



'ဆန်ကွမ်းချီဟာ ဘာဖြစ်လို့ ခုလောက် ပန်းဖျားဖျားသွား ၊ ကျုပ်စမ်းသပ်ပြီးပါပြီ၊ သိုင်းသမား တစ်ယောက်ဟာ ်ရုံတန်ရုံ ဖျားနာခြင်းကို လုံးဝဂရုမစိုက်ပါဘူး၊ ဖျားလဲ ုးနိုင်ပါဘူး၊ အခု သူဟာ သေမယောက်ဖြစ်နေတယ်၊ သူ့ ကွင်းအား အင်မတန်ကောင်းလျက်နဲ့ ဘာဖြစ်လို့ ဒီလိုဖြစ်ရ ဆိုတဲ့ အဖြေကိုရှာရတယ်၊ ဘု့နှလုံးဖိသွးကြောကို ရှာ ့တဲ့အခါကျတော့ သူ့နှလုံးသွေးကြောဟာ လူသာမန်တစ် ကမှာ မရှိနိုင်တဲ့ သွေးလည်ပတ်ပုံမျိုးနဲ့ နှေးကွေးစွာ ပ်ပတ်နေတယ်၊ သူမို့လို့ အသက်ရှင်နေတာ၊ ကျန်တဲ့လူဆို သေပြီ၊ သူ့မှာ စိတ်နှလုံးထိခိုက်ရတဲ့အကြောင်းမျိုး တစ် ရှိရမယ်လို့ ကျုပ်မှန်းဆမိလာတယ်၊ သူ သွေးမအန်ဘူးလား'

တုဆန်ပတိုအံ့ချက်ခိုး မြင့်တက်သွား၏။

'နောင်ကြီးထန်ရှင်၊ ကျုပ်....ကျုပ်'

'မအံ့ဩပါနဲ့ မိတ်ဆွေကြီး၊ သူ သွေးအန်ခဲ့ရမယ်၊ တော်ရုံ ဟာ အဲဒီနေရာမှာ ဗုန်းဗုန်း လဲသွားရမယ်၊ သူဟာ စိတ် ဆင်းရဲခံပြီး မိန်းကလေးကို သူ့ညီလက်ထဲ ထည့်ခဲ့တုန်းက ူသွေးအန်ခဲ့တယ် မဟုတ်လား'

'နောင်ကြီး တွေးကြည့်တာ ပြေးကြည့်တာထက် မှန်ပါ ယ်ခင်ဗျာ'

'ဆန်ကွမ်းချီဟာ သူတစ်ယောက်တည်း အနစ်နာခံတယ်လို့ င်နေတယ်၊ တကယ်တော့ နိုင်ချစ်နော်ကလဲ အနစ်နာခံလိုက်

တာပဲ၊ မြက်ရိုင်းလွင်ပြင်တိုက်ပွဲ ခင်းကျင်းတဲ့ မြက်ရိုင်းလွ ရှဲဟိုကို ရောက်လာကတည်းက အဲဒီလုံမလေးရဲ့ ဆန်က အမေပါထားတဲ့ ချစ်မေတ္တာကို လုံမလေးရဲ့ မျက်လုံးထဲ ကျုပ် မြင်တွေ့ခဲ့တယ်၊ မျက်လုံးများဟာ အသည်းနှလုံး ပြတင်းတံခါးပေါက်များ ဖြစ်တယ်လို့ ရှေး ဇာရှတ်ပညာ တွေ ပြောခဲ့ကြတယ်မဟုတ်လား၊ ကျုပ်ဟာ ဘယ်သူ့ မျ ကိုမှ အလွတ်မပေးခဲ့ပါဘူး၊ လူတွေရဲ့ အတွင်းအစွဲတွေ ဟာ ဒီမျက်လုံးပေါ်မှာ အများဆုံး တွေ့မြင်နိုင်တယ်'

'မှတ်သားစရာပါပဲဗျာ'

'အဲဒီလုံမလေးနဲ့ ယှမ်ရှောက် အိမ်ထောင်ကျသွားရင် လေးက ယှမ်ရှောက်ကို စွန့်ခွာသွားမယ် ထင်သလား'

'ဒါတော့ ကျုပ်လဲ မထင်တတ်ပါဘူး နောင်ကြီးရာ'

'အဲဒီ လုံမလေးဟာ မာနကြီးတယ်၊ သူ့ ခင်ပွန်းကို တော့မှ စွန့်ခွာမှာမဟုတ်ဘူး၊ ဒါပေမယ့် ဘဝရဲ့ ပျော်ရွှ သွင်ခံစားရမှာ မဟုတ်ဘူး နောက်ဆုံး ကုန်ကုန်ပြောရရင် လုံမလေးရဲ့ ဉာဏ်ရည်ဟာ ကျုပ်ထက် မအောက်ကျ တကယ်လို့မျာ...'

ထန်ရှင် စကားရပ်သွား၏၊

တုထန်ဟိုကလည်း အလိုက်သိသည်၊

စကားကို လမ်းကြောင်းပြောင်း၍ မေးမြန်းလိုက်၏၊



'နောင်ကြီးထန်ရှင်၊ သိပ်ပြီး ပင်ပန်းနေတယ် ထင်တယ်၊ င်ကြီးကြည့်ရတာ'

ထန်ရှင်က ရယ်သည်၊

'ကျုပ်ကို ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်၊ မိတ်ဆွေကြီး ပင်ပန်းလာတယ်၊ အနားယူလိုက်ပါဦး၊ လူပင်ပန်းတာထက် ပင်ပန်းတာက ပိုဆိုးတယ်'

တုထန်ဟိုက ဂါရဝပြုပြီး တဲပြင်သို့ ပြန်ထွက်သည်၊

တံခါးဝရောက်မှ သမင်လည်ပြန်ကြည့်ကာ....

'နောင်ကြီး....ဆန်ကွမ်းချီကို နောင်ကြီးရဲ့လက်ထဲ အပ်ပြီး နော်'

ထန်ရှင်က ပြုံး၍ပြောသည်၊

'မိတ်ဆွေကြီးကို အနားယူပါလို့ ကျုပ်မပြောခဲ့ပြီ၊ စိတ်ပင် တာဟာ ခန္ဓာပင်ပန်းတာထက် ဆိုးတယ်လို့ပြောခဲ့ပြီ၊ ဘာ ဆန်ကွမ်းချီအတွက် ပူပန်နေရပြန်တာလဲ၊ ကျုပ်သက် ဒီသူငယ် မသေစေရပါဘူး'

တုထန်ဟိုက ရိုသေလေးစားစွာ ထပ်မံ၍ ဂါရဝ ပြုပြန် ၏၊

'အနောက်ဘက်မှာ တဲ့တစ်တဲရှိပါတယ်၊ အဲဒီမှာ နောင် တုထန်ဟို နားပါ'

'ဟုတ်ကဲ့'

တုထန်ဟိုု ထွက်သွားသည်။

သူသည် ကွန်လုံဝမ်၏ ဘက်တော်သားများ ဝတ်ဆင် အင်္ကျီနက်ကို ဝတ်ဆင်ထားသဖြင့် ကွန်လုဂိုဏ်းသားမျ အခြားသိုင်းသမားများ ဝိုင်းတိုက်မည့်ဘေးကို ရှောင်ရှ

ကွန်လုံဝမ်၏ ဝမ်ဂိုဏ်းသားများက သူ့အား မယုံ ဖြစ်မည့်ဘေးကို ရှောင်ရသည်။

သိုင်းလောက အတွေ့အကြုံ ကြီးမား၍သော တုထန် ယခုအထိ ခေါင်းနှင့်ကိုယ် မြဲနေခြင်းဖြစ်သည်။

ထိုအချိန်များအတွင်း သူ စိတ်ချလက်ချ အိပ်ပျော်ခဲ့ရ ဟု မရှိပေ။

ယခု အနေဒုက်ဘက် တဲအတွင်း၌ စိတ်လွတ် ကိုယ် အိပ်ချလိုက်သောအခါ တစ်ချိုးတည်းနှင့် အိပ်ပျော်သွား တော့သည်။

သူ မည်မျှကြာအောင် အိပ်ပျော်ခဲ့သည်မသိ။

တဲအပြင်သို့ လှမ်း၍ကြည့်သောအခါ ထိန်သင်း ရှုး နေရောင်ကို တွေ့လိုက်ရ၏။



ကျုံနေလုံးကြီးသည် တစ်နေ့တာ ကုန်ဆုံးပြီးမှ ထွက်ခဲ့သော လုံးကြီးလား သူ မမှန်းဆတတ်တော့ပေ။

သူ တော်တော်အိပ်ပစ်လိုက်သည်ကိုသာ သိတော့သည်။

'အဟမ်း....အဟမ်း'

ထိုစဉ်မှာပင် ချောင်းဟန့်သံ ကြားလိုက်ရလေ၏။

တုထန်ဟို ကမန်းကတန်း လှုးလဲထလိုက်သောအခါ ယပ် တောင်ကို တဖျပ်ဖျပ်ခတ်ရင်း ဝင်လာသော ထန်ရှင်ကို တွေ့ လိုက်ရလေသည်။

တုထန်ဟိုက ကမန်းကတန်းထ၍ ဂါရဝပြုလေ၏။

'ကျွန်တော် အိပ်လျက်ဖြစ်နေတာကို ခွင့်လွှတ်ပါ နောင်ကြီး ခင်ဗျာ'

ထန်ရှင်က ပြုံး၍ပြော၏။

'နောင်ကြီး သိပ်ပင်ပန်းနေတယ်၊ ကျွန်လုဂိုဏ်းအတွက် ဝမ် ဂိုဏ်းထဲ အသက်စွန့် သူလျှိုလုပ်ပေးနေတဲ့ ကျေးဇူးတရားကို ကျုပ်တို့က ဘယ်မှာမေ့ထားလို့ဖြစ်မလဲ၊ နောင်ကြီး ဆက်မအိပ် နိုင်အောင် ကျုပ်ကလာပြီး ဒုက္ခပေးသလို ဖြစ်နေမှာကိုပဲ စိုးရိမ် ပါတယ်'

'ဟာ....ကျုပ် အိပ်ရေးဝနေပါပြီ၊ အားအင်လဲ အတော် ပြည့်သွားပါပြီ'

ထန်ရှင် ပြုံးချိနေသော်လည်း ဟန်ပန်က လွန်စွာ နွမ်းလှသည်။

မျက်နှာလည်း ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

ရက်ပေါင်းမည်မျှ အိပ်ရေးပျက်နေသည်ကို တုထန်ဟို မမှ ဆနိုင်တော့ပေ။

ထိုအချက်ကို သတိပြုမိသော တုထန်ဟိုမှာ သူ့ကိုယ် အရှက်ကြီး ရှက်သွားလေတော့၏။

'သူက သိုင်းပညာ မတတ်တဲ့လူ၊ လူကလဲ စာသမား သမား ပျော့ညံ့ညံ့ပုံစံ၊ ဒါပေမယ့် သိုင်းပညာတတ်ပါတယ်ဆို ငါ့လို ခေါင်ခေါင်မြည် သိုင်းသမားထက် သူတာပိုပြီး အပင်ပ ခံနေတယ်၊ တကယ်လေးစားထိုက်တဲ့ လူပဲ'

တုထန်ဟိုသည် အတွေးစကို ဖြတ်လိုက်ပြီး....

'နောင်ကြီး ထန်ရှင်၊ ဘာကိစ္စများ ရှိပါသလဲ၊ အမိန့်ရှိပ'

'နောင်ကြီး အိပ်ရေးဝရဲ့လား'

'ဝပါတယ်ဗျာ၊ မာတာယ့်ကို အိပ်ပျော်ခဲ့ပါတယ်'

'ကျုပ်လဲ့ နောင်ကြီး အိပ်မောကျနေတာ တွေ့တော့ မ ရက်ဘူး၊ ဒါကြောင့် ခုအချိန်အထိ စောင့်နေတာပါ'

'ဟာ....'



တုထန်ဟိုမှာ အကြီးအကျယ် အားနာသွားသည်။

'ကျုပ်....ကျုပ်....'

'ကိစ္စမရှိပါဘူး၊ခင်ဗျားရဲ့ ညီတော်ကလေးကို ဒီနေ့ သတိရ မယ်လို့ ကျုပ်မှန်းထားတယ်၊ ဒါပေမယ့် သူငယ်ကလေး က်ထိ သတိမရဘူး၊ နောင်ကြီး လာကြည့်ပါဦး၊ ကျုပ် မှန်းချက်တော့ လွဲနေပြီ'

'အသက်အန္တရာယ် ရှိနေသလား မဲနောင်ကြီးထန်ရှင်'

'ကျုပ်ပြောဖို့တောင် ခက်နေပြီ၊ ကဲ....လာ....လာ'

ထန်ရှင် ထွက်သွားသဖြင့် ထုထန်ဟိုမှာ နောက်က ကမန်း တန်း လိုက်ရလေ၏။

ဆန်ကွမ်းချီကို ပထမနေ့က တဲထဲတွင် မထားတော့ပေ။ ခြားတဲထဲတွင် ပြောင်းရွှေ့ထား၏။

အခန်းနှစ်ခန်းရှိသည့်အနက် အခန်းတစ်ခန်းရှိ ခုတင်ပေါ် ဆန်ကွမ်းချီကို တွေ့ရသည်။

ဖြူရော်နေသည့် ဆန်ကွမ်းချီ၏ ရုပ်ရည်မှာ ကြည့်မြင်သူ ကို ကြေကွဲဖွယ်ရာ ဖြစ်စေသည်။

'ညီလေး....ငါ့မေးနေတယ်'

တုထန်ဟိုက ခပ်ကျယ်ကျယ် အော်လိုက်၏။

ဆန်ကွမ်းချီ တုတ်တုတ်မျှ မလှုပ်ပေ။

'ညီလေးဆန်ကွမ်းချီ....ငါတုထန်ဟိုလေ၊ မင်းရဲ့ နောင်တော်ကြီး မေးနေတယ်၊ ကြားရဲ့လား'

တုထန်ဟိုသည် သုံးလေးကြိမ် အော်သည်၊

ဆန်ကွမ်းချီမှာ လုံးဝမလှုပ်ပေ၊

သိုင်းလောက၏ သူရဲကောင်းကြီး တုထန်ဟိုမှာ မျက်ရည်များ ဝဲလာသည်၊

ထန်ရှင်က တီးတိုးပြော၏။

'နောင်ကြီး....ကျုပ်တစ်ခု စဉ်းစားမိတယ်၊ သူ့ရောဂါက စိတ်နဲ့ယှဉ်ပြီးဖြစ်တာဆိုတော့ စိတ်ကိုအရင်ကုရမယ်၊ နောင်ကြီး တစ်ခုစဉ်းစားစမ်းပါ၊ သူ ဘာကို အစွဲလမ်းဆုံး ဖြစ်နေသလဲ နှိုင်းချိန်နော်ရဲ့ကိစ္စက လွှဲရင်ပေါ့၊ သူဟာ မြင့်မြတ်တဲ့ နှလုံးသား ရှိတဲ့ လူသားတစ်ယောက် ဖြစ်တယ်၊ သူ့မြင့်မြတ်မှု၊ သူ့ သူ့မာနကို အထိအခိုက် မခံနိုင်တဲ့ ကိစ္စတစ်ခုခုများ ရှိနေ သိပ်ကောင်းမှာပဲ၊ အဲဒီအချက်ကို စဉ်းစားပြီး နောင်ကြီး စိတ်ဓာတ် ပြန်မာလာအောင် ပြောနေစမ်းပါ၊ ကဲ....ကျုပ် အပြင်ထွက်ဦးမယ်'

ထန်ရှင်သည် တိတ်ဆိတ်စွာ ထွက်သွား၏။

တုထန်ဟိုသည် နာရီဝက်ခန့်ကြာသည်အထိ ငုတ်တုတ်ထိုင် စဉ်းစားနေရလေ၏။



သူ့ဦးခေါင်းများ ထူပူနေသဖြင့် ဆန်ကွမ်းချီအား မည်သည့် စကားဖြင့် နှိုးဆွရမည်မှန်း မသိအောင် ဖြစ်ခဲ့နေလေ၏။

ထိုစဉ်....

သူ့ဦးခေါင်းထဲသို့ ဟွာတန်းဂိုဏ်းချုပ်ကြီး ရန်ရှယ်ရသေ့ကြီးသည် ဖျတ်ခနဲ ရောက်ရှိလာလေ၏။

'ထိုက်ကျိဖေဓားသိုင်း'

'ဟွာတန်းဂိုဏ်း'

'ဆန်ရှယ်ကွမ်းကျောင်းတော်'

'တာဝန်'

'ကတိ'

အကြောင်းအရာများသည် တုထန်ဟို၏ခေါင်းထဲသို့ ဇယ်ဆက်သလို ဝင်လာ၏။

သူ့ခေါင်းထဲ၌ ကတိဟူသောစကားလုံးသည် အဆက်မပြတ် မြည်ဟိန်းနေ၏။

တုထန်ဟိုသည် ဆန်ကွမ်းချီ၏ဘေးသို့ တိုးကပ်လာပြီးလျှင် တီးတိုးပြောလေ၏။

သူပြောနေသည့် အကြောင်းအရာများမှာ . အသစ်အဆန်း မဟုတ်ပေ။

ဆန်ကွမ်းချိန်နှင့် ရှန်ရွှယ် ရသေ့ကြီးတို့ တွေ့ဆုံရသ အကြောင်းအရာများပင်။

သို့သော်....

'ရသေ့ကြီးဟာ ညီလေးကို ထိုက်ကျိဖေခါးသိုင်း သင်ပေး ခဲ့တယ်၊ ဒါ့ အလကားသင်ပေးတယ်ထင်သလား၊ ဟွာဘန်းဂိုဏ်း ကိုစောင့်ရှောက်ဖို့၊ ဆန်ရှွယ်ကွမ်း ကျောင်းတော်ကို စော ရှောက်ဖို့ တာဝန်ပေးခဲ့တာပဲ၊ ညီလေးကသုံ့ ဒီခါးသိုင်းမပ ခင်က ဘာကတိပေးခဲ့သလဲ၊ အဲဒီကတိတွေကို ညီလေးမေ့ ပြီလား၊ မမေ့ရင် ဒီကတိတွေ အပျက်ခံတော့မလား၊ မင်း သစ္စာ လူမှာကတိကွယ့်၊ ငါ့ညီရဲ့ ဂုဏ်သိက္ခာအတွက် ငါ လို့ မျက်နှာပြုရတော့မှာလဲ'

ထိုစကားများမှာ ကျယ်လောင်သည် မဟုတ်ပေ။

နားနားသို့ကပ်၍ တိုးညင်းစွာ ပြောနေခြင်း ဖြစ်သည်။

တုထန်ဟိုး၏ ကြီးပမ်းမှုမှာ အံ့ဩဖွယ် ကောင်းလော အောင် အောင်မြင်သွားလေ၏။

ဆန်ကွမ်းချီ၏ မျက်လုံးများ ပွင့်လာသည်။

ဆန်ကွမ်းချီ၏ ပါးစပ်များ တလှုပ်လှုပ်ဖြစ်လာ၏။

ပထမပိုင်း၌ လုံးဝအသံမထွက်ပေ။



'ညီလေး....ငါ တုထန်ဟိုလေ၊ ပြော....ပြော၊ တာပြောချင် လဲ'

ဆန်ကွမ်းချီ၏ တိုးညင်းသောလေသံ ထွက်ပေါ်လာ၏။

'အစ်ကိုကြီး၊ ကျွန်တော်သေလို့ ဘယ်ဖြစ်မလဲနော်'

တုထန်ဟိုမှာ မျက်ရည်ကျလုလု ဖြစ်လာလေ၏။

သူသည် မျက်ရည်မကျအောင်ထိန်း၍ ကမန်းကတန်း ဆက် ပြောလေ၏။

'ညီလေး ဘယ်လိုသေလို့ဖြစ်မှာလဲ၊ ညီလေးပဲ ကတိပေးခဲ့ ယ် မဟုတ်လား၊ ဟွာဘန်းဂိုဏ်းရဲ့ မျိုးဆက်သစ်တွေကို ထိုက် ကျိဖေခါးသိုင်း ဘယ်သူသင်ပေးမှာလဲ၊ ငါ့ကို ရှန်ရွှယ်ရသေ့ ကြီးက သင်ပေးခဲ့ရင် ညီလေးကို ဒီစကားတွေ မပြောပါဘူး၊ ညီလေးပဲစဉ်းစားပါ၊ ကတိပျက်တဲ့လူတွေဟာ လူ့လောကထဲ မှာ...'

'ကျွန်.... ကျွန်တော်.... ထိုက်ကျိဖေ ခါးသိုင်းကို သင်ခဲ့မိ လား'

'သင်ခဲ့မိတာပေါ့၊ မသင်ခင် ကတိပေးခဲ့သေးတယ်လေ၊ အခု အချိန်မှာ ထိုက်ကျိဖေ ခါးသိုင်းပညာကို တတ်တဲ့လူဆိုလို့ ညီ လေးတစ်ယောက်ပဲ ရှိတော့တယ်၊ ညီလေး သေသွားရင် နှစ် ပေါင်းများစွာ တည်တံ့လာတဲ့ ဟွာဘန်းဂိုဏ်းကြီး ပျက်စီးပြီး လွန်ဘဝမှာ ရှန်ရွှယ်ရသေ့ကြီးဘို့ ညီလေး ဘယ်လို သွား ပြီး မျက်နှာပြမှာလဲ'

ဖြူရော်နေသည့် ဆန်ကွမ်းချိ၏မျက်နှာ၌ သွေးရောင်... ချက် လွှမ်းသွားကြောင်း တွေ့လိုက်သဖြင့် တုထန်ဟို အ... တက်သွားသည်။

'အန်ကိုကြီး....ကျွန်တော် ထိုင်ချင်တယ်'

တုထန်ဟိုမှာ ပညာရှိ ထန်ရှင်အား ထိုင်၍ ရှိခိုးချင်... မေ့ပါက်သွားလေ၏။

စောစောက သေလုမျောပါးဖြစ်နေသည့် ဆန်ကွမ်းချိသ... ယခုအခါ ထထိုင်ရန် ကြိုးစားနေပေပြီ။

'နေ....နေ ညီလေး၊ ငါကူပေးမယ်'

တုထန်ဟိုသည် ဆန်ကွမ်းချိ ထိုင်နိုင်အောင် ဖေးမ ကူ... ပေးလေ၏။

ဆန်ကွမ်းချိသည် ဖြည်းညင်းစွာထိုင်ပြီး သူ့လက်မျာ... လှုပ်ရှားကြည့်၏။

ထို့နောက်....

'အစ်ကိုကြီး ကျွန်တော့်ကို ကတိတစ်ခု ပေးရမယ်'

တုထန်ဟိုမှာ မျက်လုံးပြူးသွားလေ၏။

သို့သော် ဟန်မပျက် ပြန်မေးသည်။



တာများလဲ ညီလေးရယ်၊ ညီလေးဆီက ဘာအကြောင်း... ကာ သိမှ ငါက ကတိပေးနိုင်မှာပေါ့'

'ကျွန်တော့်ကို ကွန်လုံဝမ်ဆီရောက်အောင် ခေါ်သွားရ...'

'ဘုရားရေ'

တုထန်ဟိုက ဘုရားတသည်။

'ညီလေး....ကွန်လုံဝမ်ကို တွေ့ဖို့ လွယ်တယ် မှတ်သလား၊ ...လိုဂိုဏ်းချုပ်ကြီးကို တွေ့ဖို့ လွယ်ချင်လွယ်မယ်၊ ရှောင်လင် ...ချုပ်ဆရာတော်ကြီးကို တွေ့ဖို့ လွယ်ချင်လွယ်မယ်၊ ခွန်းလွန် ...ချုပ်ကြီးကို တွေ့ဖို့ လွယ်ချင်လွယ်မယ်၊ ကွန်လုံဝမ်ကိုတော့ မလွယ်ဘူး'

တုထန်ဟိုက ခေတ္တနားပြီး ဆက်ပြော၏။

'ကွန်လုံဝမ်ဆီမှာ အလံအဖွဲ့ခေါင်းဆောင် လေးယောက် ...၊ လေးယောက်စလုံး သိုင်းပညာအဆင့်မြင့်တယ်၊ အဲဒီ ...ကိုယ်ရံတော် ဆယ့်နှစ်ယောက်လဲ ရှိတယ်၊ ကွန်လုံဝမ်ဆီ ...ရင် ကွန်လုံဝမ်တစ်ယောက်တည်းနဲ့ တွေ့မှာ မဟုတ်ဘူး'

'တွေ့ဖို့လွယ်နေရင် အစ်ကိုကြီးဆီက ကတိကို ကျွန်တော် ...တောင်းတော့မလဲ'

တုထန်ဟိုမှာ ချွေးများ သီးလာသည်။

'အင်း… ဒီမှာ အချည်းအနှီးသေတာထက်စာရင် တိုက်… သေတာက ပိုမြတ်တယ်၊ မသေမယ်လို့လဲ ကျိန်းသေတော့ မ… နိုင်ဘူးတူး'

တုတန်ဟိုမှာ အလျင်အမြန်စဉ်းစားရတော့သည်၊

'ကောင်းပြီ၊ သူ့ကိုတွေ့ဖို့ အင်မတန်ခဲယဉ်းတယ်၊ ဒါပေ… ငါကြိုးစားပေးမယ်'

ဆန်ကွမ်းချီ၏ မှိန်ဖျော့နေသည့်မျက်လုံးများသည် သ… စားပြားပေါ်သို့ နေရောင်ကျသကဲ့သို့ လင်းလက်လာသည်၊

'နေဦးကြိုး ကျွန်တော် တစ်ခုပြောချင်သေးတယ်'

'ငါတို့ညီအစ်ကိုနှစ်ယောက်ဆီမှာ တာလျို့ဝှက်ချက်မှ… ဘူး၊ မင်းပြောချင်တာပြော'

'ဒီကိစ္စကို ဘယ်သူမှ အသိမပေးပါနဲ့'

'စိတ်ချ….ဘယ်သူမှ မသိစေရဘူး'

တုတန်ဟိုစကားဆုံးလျှင် အပြင်မှ ချောင်းဟန့်သံ… ရလေ၏၊

တုထုန်ဟိုက….

'နောင်ကြီး ထန့်ရှင်၊ နောင်ကြီးရဲ့ အကြံဉာဏ်က… တကယ့် မဟာဗြိဟာ ဆောကြီးပါပဲဗျာ၊ ဝင်ခဲ့ပါတော့ … ကြီးရဲ့လူနာကို လာကြည့်ပါဦး'



…န်ရှင်သည် ယပ်တောင်ခတ်ယင်း ပြုံးပြုံးရွှင်ရွှင်ဖြင့် ဝင် …၊

…ိတ်ဆွေကြီးရဲ့ စကားတစ်ခွန်းက ကျုပ် ရက်တစ်ရာ …က် ကုရမယ့်လူနာကို ထထိုင်စေနိုင်လိုက်တာပဲ'

'…ာ….မဟုတ်တာ၊ ဒီအကြံက နောင်ကြီးရဲ့ အကြံဉာဏ်ပဲ'

'…ကျုပ်မှာ ဒီသူငယ်ထထိုင်နိုင်ဖို့ နှစ်ရက်လုံးလုံးမအိပ်နိုင်ဘဲ …းခဲ့ရတယ်၊ နောင်ကြီး အိပ်နေတဲ့ အချိန်အတွင်းမှာ …းရဘာလေ၊ ဒီကြားထဲမှာ ဒီသူငယ် တစ်ကြိမ်မှသတိမရ … ကျုပ်လဲ စိတ်ပူလာတာပဲ၊ ကျုပ်ကိုအပ်ပြီးတဲ့ လူနာ …က်ထဲမှာသေသွားရင် ကျုပ်ကိုယ်ကျုပ် သတ်သေဖို့ပဲ …တယ်၊ အခု နောင်ကြီးက ကျုပ်ရဲ့တာဝန် တစ်ဝက်ကို …က်ပြီ၊ ကျုပ်လဲ ခုမှပဲ အသက်ရှူချောင်တော့တယ်'

…န်ရှင်၏စကားကို ကြားသောအခါ ဆန်ကွမ်းချီရော …န်ဟိုပါ စိတ်ထိခိုက်သွားကြလေ၏၊

…န်ကွမ်းချီက….

'…ရာကြီး ကျွန်တော့်အပေါ် ဒီလောက် ကောင်းခဲ့တဲ့ …ူကို ကျွန်တော် တစ်သက်မမေ့ပါဘူးခင်ဗျာ'

…န်ရှင်က ပြုံး၍ပြော၏၊

'ကျုပ်က အပြောကြီးသွားတာကိုး၊ မောင်ရင့်ရော ပျောက်စေရမယ်၊ မသေစေရဘူးလို့ ကတိခံလိုက်တယ်၊ အဲဒီ တုန်းက ကျုပ် ဇာစ်ဇာစ်မြစ်မြစ် စဉ်းစားဖို့ ကောင်းခဲ့

တို့နောက် သက်ပြင်းချကာ...

'လူနာကိုဆေးကုတယ်ဆိုတာ လူနာကိုယ်တိုင်က သူ့ တစ်ဝက်ကုသရတယ်၊ ဆေးဆရာက လူ့ဆေးနဲ့ တစ် ကုသရတယ်၊ ကျုပ်ရဲ့ဆေး ဘယ်လောက်ပဲစွမ်းစွမ်း ကသာ အသက်ရှင်ချင်စိတ် မရှိရင် ကျုပ်ဆေးဟာ ၁၀၊ အသက်တစ်ချောင်းဟာ စိတ်တစ်ဝက်နဲ့ ဆေးတ အပေါ်မှာ မူတည်နေတယ်၊ အခုဆိုရင် လွယ်သွားပြီ၊ မော ဟာ ရောဂါတစ်ဝက်ပျောက်သွားပြီ၊ ကျန်တဲ့တစ်ဝက်ကို ကုသလို့ရပြီ၊ နောက် ဆေးသုံးလေးလုံးလောက်ရုံနဲ့ မော ရောဂါ ပျောက်ပါပြီ'

တုထန်ဟိုသည် ခုတင်ပေါ်မှဆင်းကာ ဦးညွှတ် ဂါ လေ၏၊

'နောင်ကြီးထန်ရှင်ရဲ့ ဆေးပညာ၊ စိတ်ပညာ၊ အခေါ်တွေကို ကျုပ် အံ့ဩချီးကျူးလို့ မဆုံးပါဘူး ကျေးဇူးအနန္တပါပဲ'

ထန်ရှင်က ရယ်သည်၊



'စောစောက ကျုပ်ပြောခဲ့တယ် မဟုတ်လား၊ လူနာရဲ့ က်ဟာ စိတ်တစ်ဝက်နဲ့ ဆေးတစ်ဝက်အပေါ်မှာ မူတည် လို့'

ထန်ကွမ်းချီက...

'ဟုတ်ပါတယ် ခင်ဗျား'

'မောင်ရင့်ကိစ္စမှာတော့ ခြွင်းချက်ရှိတယ်'

'ဗျာ....'

'ဟုတ်တယ်၊ မောင်ရင့်အသက်ကျတော့ ဟောဒီမိတ်ဆွေ တုထန်ဟိုရဲ့ မေတ္တာစေတနာက သုံးပုံတစ်ပုံ ပါဝင်လာ မောင်ရင့်ကိုမသေစေချင်တဲ့ ဟောဒီမိတ်ဆွေကြီးရဲ့မေတ္တာ နာက သုံးပုံတစ်ပုံ၊ ကျုပ်ရဲ့ဆေးက သုံးပုံတစ်ပုံ'

ထန်ကွမ်းချီသည် တုထန်ဟိုအား ချစ်ခင်လေးစားစွာကြည့် ပက်အုပ်ချီသည်၊

'ကိစ္စမရှိပါဘူး ညီလေးရာ၊ ညီလေးရဲ့ အသက်သခင်က ဒီ နောင်ကြီးထန်ရှင်ပါ'

ထန်ရှင်က ရယ်ရယ်ပြုံးပြုံး လက်ခံသည်၊

'ထားပါတော့....ထားပါတော့'

'နောင်ကြီးထန်ရှင်၊ ကျုပ် တစ်ခုတောင်းပန်ချင်ပါတယ်'

ထန်ရှင်၏ ထူထဲသော မျက်ခုံးကြီးများ မြင့်တက်သွားသည်၊

'ဘာများပါလိမ့်ဗျာ'

'ကျုပ်ကို မိကျောင်းမင်း ရေခင်းပြတယ်လို့ဘော့ မ[...] နဲ့လို့ ကြိုတင် တောင်းပန်ပါတယ်ဗျာ'

'ပြောပါ၊ ကိစ္စမရှိပါဘူး'

'နောင်ကြီးဟာ ဟိုတစ်လောတုန်းက မြင်ရတာနဲ့ မြင်ရတာ ကွာခြားလွန်းနေပါတယ်၊ သိပ်ပိန်သွားတယ် ဖြူရော်သွားတယ်၊ သိပ်အပင်ပန်း မခံပါနဲ့ဗျာ၊ [...] တစ်လေ အနားယူပါဦး'

ထန်ရှင်က သက်ပြင်းချသည်၊

'အင်း....ကျုပ်လဲ သိပါရဲ့ဗျာ၊ သိပ်နေရတော့မယ် [...] ပါဘူး'

တုဆန်ဟိုမှာ လွန်စွာ ကရုဏာသက်သွား၏၊

သို့သော် ထန်ရှင်ကဲ့သို့ ပညာကြီးမားသောလူတစ်ယော[က်] ကိုထပ်မံ၍ ဆရာလုပ်၍မဖြစ်ကြောင်းသိသဖြင့် ဘာမျှ မပြောတော့ပေ၊

ဆန်ကွမ်းချီက....

'သိုင်းလောကကြီး မုန်တိုင်းနဲ့ကြုံတွေ့နေရတဲ့အချိန်မှာ ဆရာကြီးသေလို့ ဘယ်ဖြစ်မလဲ'

ထန်ရှင်က ရယ်ရင်း....



'သေဖို့ရှင်ဖို့ဆိုတာက လူသားတွေ ပိုင်းခြားသင့်တဲ့ အရာ [မ]ဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် မောင်ရင်နဲ့ ဟောဒီကမိတ်ဆွေ [ကြီ]း တုထန်ဟိုက ကျုပ်ကို ဂရုစိုက်ကြတဲ့အတွက် အထူးပဲ [ကျေ]းဇူးတင်ပါတယ်'

တုထန်ဟိုက....

'နောင်ကြီးဟာ သိုင်းလောကအပေါ်မှာ သိပ် စေတနာ [ထ]ားပါတယ်၊ ကျုပ်ကလဲ ကျေးဇူးတင်ပါတယ်၊ သိုင်းလောက [...]ကို ဆက်ပြီးကူညီနိုင်အောင် နောင်ကြီး အသက်ရှည်ရှည် [...]လိုပါတယ်၊ ကျုပ်ကိုအနားယူခိုင်းသလို နောင်ကြီးကလဲ [အန]ားယူဖို့လိုအပ်နေပါပြီ'

ထန်ရှင်က လေးစားစွာ ခေါင်းညိတ်၏၊

'စိတ်ချပါ၊ ကျုပ်လဲ တတ်နိုင်သမျှ အနားယူဖို့ကြိုးစားနေ [ပါ]တယ်'

တဲကလေးအတွင်း၌ ပညာရှိထန်ရှင်၊ တိဗက်ကြီးတုထန်ဟို [နှ]င့် ဆန်ကွမ်းချီတို့ သုံးဦးသာရှိကြပြီး၊ သူတို့ သုံးဦးစလုံး၌ [...]ဦးပေါ်တစ်ဦး ကြင်နာမှု၊ ခင်မင်မှု၊ လေးစားမှုများ [...]ပြန်အလှန် ခံစားနေကြရသဖြင့် တဲကလေးမှာ ခေတ္တခဏ [...]ဖြင့် ငြိမ်းအေးသောရသကို ပေးစွမ်းနေလေ၏၊

## အခန်း (၁၀၈)

## သမီးတော်နှင့် သေဒဏ်သည်

'အင်း.... တကယ်တော့ အကြောင်း ကြုံကြိုက်လာတာပါ၊ ကျွန်လုံဝမ်ကို ယှဉ်ပြိုင်ဖို့ ဂိုဏ်းချုပ်ကြီးအို ယန်ထုံတို့၊ နောင်ကြီး ကျန်ဟိုတို့၊ ဟောဗီက် ဆန်ကူမ်းချီတို့နဲ့ပေါင်းစပ်ဖို့ ကံကြမ္မာ ဖန်လာတာပါပဲလေ၊ ကျုပ်တစ်ယောက်တည်းရဲ့ စွမ်းရည်နဲ့ ဆိုရင်တော့ ကွန်လုံဝမ်ကို ဘယ်ယှဉ်နိုင်ပါ့မလဲ'

ထန်ရှင်က အဝေးသို့ ငေးမျှော်၍ ခပ်တိုးတိုး ပြောသည်။

ထန်ရှင် ပြုံးလိုက်သည်။

'ဒါပေမယ့် ခင်ဗျားတို့ စိတ်သာချပါ၊ ကျန်းသေရင် ဓမ္မ ပါလာဦးမှာ သေချာပါတယ်၊ ထန်ရှင်သေသွားလို့ ဒုတိယ

ထန်ရှင်တစ်ယောက် ပေါလာဦးမှာပါ၊ကျုပ်ကတော့ ဒီအ စာချက်မှ မပူမိပါဘူးဗျာ'

တုထန်ဟိုက ခေါင်းခါ၏၊

'ကျုပ်တော့ နောင်ကြီး ထန်ရှင်နေရာကို ဆက်ခံမယ် မမြင်မိပါဘူးဗျာ'

ထန်ရှင်သည် သူ၏ဖိတ်ထဲမှ ဆေးပုလင်းကလေးကိုထု ဆေးလုံးကလေးနှစ်လုံး ထုတ်ယူလိုက်သည်၊

ထို့နောက် ဆန်ကွမ်းချီကို လှမ်းပေး၏၊

ဆန်ကွမ်းချီကလည်း ပါးစပ်ထဲ ပစ်သွင်းလိုက်၏၊

ထန်ရှင်သည် သူ့ဆေးပုလင်းကို သေချာစွာ ပြန်သိမ်း ပြီး....

'နောင်ကြီးတုထန်ဟို၊ကျုပ်အစားဝင်မယ့်လူဟာ ခုက က အသင့်ရှိနေပါတယ်ဗျ၊ သူမဟာ....'

ထန်ရှင်သည် ဆန်ကွမ်းချီအား လှမ်းကြည့်ပြီး ရှုတ် စကားရပ်သွား၏၊

'အင်း....နောင်ကြီးထန်ရှင် ပြောချင်တဲ့လူဟာ....'

တုထန်ဟိုလည်း အတွေးမဆုံးလိုက်ချေ၊



မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ကျန်လုဂိုဏ်းသား နှစ်ယောက်သည် ခြေလှမ်းကျဲကြီးများဖြင့် ဝင်လာကြသည်၊

သူတို့၏ လက်ထဲတွင် သစ်သားလင်ဗန်းကြီးများ ပါလာ သည်၊

အငွေ့ တထောင်းထောင်းထသော ဟင်းလျာများလည်း ပါလာ၏၊

ထိုအခါကျမှ တုထန်ဟိုလည်း ဆာလောင်ရမှန်း သိလာ တော့သည်၊

တစ်ကြိမ်တည်းဖြင့် နှစ်ရက်တာမျှ အိပ်မောကျခဲ့သည့်အဖြစ် ကိုလည်း သတိရလာသည်၊

ပညာရှိထန်ရှင်၏ သည်းခံ စောင့်ဆိုင်းနိုင်စွမ်းကို ချီးကျူး လေးစားမိသည်၊

ထန်ရှင်က....

'ဟင်းလျာတွေကတော့ အကောင်းဆုံး မဟုတ် ပေဘူး၊ ဒါပေမယ့် ဆာလောင်နေတဲ့ အချိန်မှာတော့ ဘယ်ဟင်းမဆို ဟင်းကောင်းပါပဲ၊ ကဲ.... သုံးဆောင်ကြပါဦး။ ဆန်ကွမ်းချီ ပြန်လည်ကျန်းမာလာတဲ့ အထိမ်းအမှတ်အဖြစ်ပေါ့'

ဘေး၌ စားပွဲခုံများတွင် တုထန်ဟို ဝင်ထိုင်သည်၊

ဆန်ကွမ်းချိလည်း အံ့ဩဖွယ်ကောင်းလောက်အောင် ... လျှောက်နိုင်သည်။

တုထန်ဟိုမှာ အရက်နှင့် ဟင်းလျာများ ကင်းဝေးခဲ့... မှာ ကြာပြီဖြစ်၍ မည်သို့မျှ ရှက်ကြောက်ခြင်းမရှိဘဲ ကုန်း... စတော့သည်။

အရက်အိုး တစ်ဝက်ခန့် ကုန်သောအခါမှ ... ကျေးဇူးတင်စကား ပြောသည်။

'နောင်ကြီးထန်ရှင်ကို သိပြီး ကျေးဇူးတင်ပါတယ်... သစ်ဥသစ်ဖုလောက်နဲ့ ပြီးနေတာ ရက်တော်တော်ကြာနေပြီ... အရက်နဲ့ ဟင်းလျာတွေနဲ့ ညှို့ခံတဲ့အတွက် အထူးပဲ ကျေး... တင်ပါတယ်ဗျာ'

'ခင်ဗျားတို့ကို ဂိုဏ်းချုပ်ကြီးကိုယ်တိုင်လာပြီး ညှို့ခံ... ဗျ၊ အရေးပေါ် သတင်းပို့ချက်ရောက်လာလို့ ဂိုဏ်းချုပ်ကြီး... ထိပ်တန်း သိုင်းသမားတွေပါ လိုက်သွားကြရတယ်၊ ဒါကြော... နို့ ကျုပ်တစ်ယောက်တည်းလာပြီး ညှို့ခံနေရတာပါ၊ ... ကတော့ အရက်မသောက်တတ်ဘူး၊ ခင်ဗျားတို့သာ စိတ်ကြိုက် သောက်ကြပါ၊ ဆန်ကွမ်းချိလဲ သောက်နိုင်ပါတယ်'

'ကွန်လုံဝမ်ရဲ့ သတင်းကိုရလို့ လိုက်သွားကြတာလား'

တုထန်ဟိုက လှမ်းမေးလိုက်၏။



'ဟုတ်တယ်၊ ဒီစခန်းနဲ့ ငါးမိုင်အကွာမှာ ကွန်လုံဝမ်ကို ...တွေ့လိုက်ရသတဲ့၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီး လိုက်သွားတာပဲ'

'ဩ်....'

'ကွန်လုံဝမ် ထွက်ပေါ်လာတာဟာ မရိုးဘူး၊ ကြီးမားတဲ့ ...ကြံအစည်တစ်ခုခု ရှိနိုင်တယ်လို့ ယူဆရတယ်၊ ဒါကြောင့် ...ဂိုဏ်းချုပ်ကြီးဟာ အဆင့်မြင့် သိုင်းသမားအားလုံးကို ခေါ်ပြီး ...လိုက်သွားတာပဲ'

တုထန်ဟိုမှာ သောက်မည့်ဆဲဆဲ အရက်ခွက်ကို အောက်သို့ ...ချလိုက်၏။

'နောင်ကြီး ထန်ရှင်'

'ဘာများ ပြောစရာရှိလို့လဲဗျာ'

'နောင်ကြီးရဲ့ အဆောင်အယောင်တွေဟာ အမြဲတမ်းလိုလို မှန် ...တတ်ပါတယ်၊ ကျုပ်အနေနဲ့ လျှို့ရှည်သလိုများ ဖြစ်နေ ...မသိဘူး၊ ပြောချင်လွန်းလို့ ကျုပ်လည်ချောင်းထဲမှာ ...ဆို့ကြီး ဖြစ်နေတယ်ဗျာ'

'ဒီလောက် ခက်ခဲမနေပါနဲ့ဗျာ၊ ပြောစရာ ရှိတာကိုသာ ...ပါ'

'ကွန်လုံဝမ်ဟာ သားရဲတွင်းထဲက ကျားမကြီးကို မျှားထုတ် ...တာများလား မသိဘူး၊ ဂိုဏ်းချုပ်ကြီးဟာ ကျွန်လုဂိုဏ်းရဲ့

ထိပ်သီးသိုင်းသမားအားလုံးကို ခေါ်မသွားသင့်ဘူးလို့ ထ ပါတယ်၊ ကျန်တဲ့လူတွေကို ကွန်လုံဝမ် လာမတိုက်နိုင်ဘူး ဘယ်သူအာမခံနိုင်မှာလဲ'

ထန်ရှင်က ခေါင်းခါလိုက်၏၊

'ကွန်လုံဝမ် မစွန့်စားတော့ပါဘူး'

'မသေချာရဲလားဗျာ'

''သိပ်သေချာပါတယ်၊ မြက်ရိုင်းလွင်ပြင်တိုက်ပွဲကို အော အောင်မြင်မြင် မခင်းကျင်းနိုင် ကတည်းက ကွန်လုံဝမ်တ ကြောက်သွားပါပြီ၊ ကျုပ်တို့ကို အထင် မသေးရဲတော့ဘူ ဘယ်ရန်သူကိုမှ သူ အထင်မသေးရဲတော့ပါဘူး'

ထိုစဉ် တံခါးဝ၌ ကျွန်လုဂိုဏ်းသားတစ်ဦး လာရပ်၏၊

ထန်ရှင်က လက်ရပ်ခေါ်လိုက်၏၊

ထိုသူသည် ထန်ရှင်၏ နားအနီး၌ကပ်ကာ တီးတိုး ပြေ လေ၏၊

'အဲဒါ ပြဿနာတစ်ခုပဲ'

ထန်ရှင် တီးတိုးခရေရွတ်လိုက်သည်၊

တုထန်ဟိုမှာ မနေနိုင်တော့ပေ၊



'နောင်ကြီး၊ ကွန်လုံဝမ်ရဲ့ လက်အောက်ငယ်သားတွေရောက် ကြပြီလား၊ ကျုပ် ထွက်ပြီးတိုက်ပါမယ်'

ဆန်ကွမ်းချီကလည်း...

'ဆရာကြီး ဘာမှမပူပါနဲ့၊ ကျွန်တော်နဲ့ အစ်ကိုကြီး တုထန် ထွက်ပြီးတိုက်ပါမယ်'

ထန်ရှင်က ပြုံး၍ လက်ကာပြ၏၊

'သက်သက်သာသာနေကြပါ၊ ကွန်လုံဝမ်ရဲ့ လက်အောက် သားတွေ မဟုတ်ပါဘူး၊ ဆန်ကွမ်းချီအနေနဲ့ တိုက်ပွဲဝင် မဖြစ်သေးပါဘူး'

တုထန်ဟိုက မြောင်ခမေး၏၊

'ဘာကိစ္စများလဲဗျာ၊ သိခွင့်မရှိဘူးလား'

'နောင်ကြီး တုထန်ဟို...အင်္ကျီစိမ်းဝတ်တဲ့ ကျုန်စီမွန်ဆိုတဲ့ ကြီးကိုသိရဲ့လား'

တုထန်ဟိုသည်ထိုအဘိုးကြီးကို ရန်စွယ်ရသော ကြီးနှင့်စတွေ့ဆုံ တစ်ခါကြုံကြိုက်ခဲ့ဖူးသဖြင့် သိနေ၏၊

'ဟုတ်ကဲ့...သိပါတယ်'

'သူပေါ့၊ ကျုပ်တို့ခန်းပတ်လည်မှာ လာပြီး ဝုက္ခပေးနေ ်'

'နောင်ကြီးထန်ရှင်…သူ့ကိုနှင်လွှတ်လို့ မရဘူးလား'

'ဒီအဘိုးကြီးက သိုင်းပညာ အဆင့်မြင့်တယ်၊ သူ့ကိုယှဉ်တဲ့သိုင်းသမားကလဲ ခပ်ရှားရှားပဲ၊ သူ ဒုက္ခပေးလို့ ကျုပ်လူနှစ်ယောက် ထိခိုက်အနာတရ ရသွားပြီလို့ စောစောကသတင်းလာပေးတယ်'

တုထန်ဟိုသည် ဖြူနီးခဲနဲ မတ်တတ်ရပ်လိုက်၏။

'ကျုပ်လွှားကြည့်လိုက်မယ်'

ဆန်ကွမ်းချီကလည်း ထရပ်၏။

'ကျွန်တော်လဲ လိုက်သွားမယ်'

ထန်ရှင်က လက်ဖြင့်တားပြီး…

'တိုင်ကြပါဦး၊ နှစ်ဦးစလုံး ထိုင်ကြပါဦး'

ထိုစဉ် အပြင်မှ အော်သံကြားရလေ၏။

'ဟော့…ဘယ်သူလဲ ငါ့သမီးကို ခေါ်သွားတာ၊ ဘယ်သူ ကွ၊ ဟေး…'

ငိုသံပါကြီးဖြင့် အော်လိုက်သည့်အသံကို ကြားလိုက်ရသော အခါ ဆန်ကွမ်းချီ စိတ်မကောင်းဖြစ်သွားသည်။

သည်အဘိုးကြီးကို သူလည်း ကောင်းစွာသိပါသည်။



…င်ချစ်ခနဲ့ ၏ အရိုးစိမ့်အဆိပ်အုပ်ကိုပင် ထုတ်ယူပေးခဲ့သည့် …ကြီး မဟုတ်ပါလော။

…မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် ကျွန်လုဂိုဏ်းသား …ယောက်သည် သုတ်သီးသုတ်ပျာ ပြေးဝင်လာ၏။

'…ဆရာကြီး…ဟိုအဘိုးကြီးကို တားလို့ မရတော့ဘူး၊ ကျွန် …တော်တို့စခန်းထဲ ဝင်လာပြီ'

…ထန်ရှင်က…

'ကိစ္စမရှိဘူး၊ ဝင်လာပါစေ၊ မင်းတို့သာ အထိအခိုက်မရှိ …အောင် ကြည့်ရှောင်ကြ'

…မီးခိုးရောင်ဝတ် ဂိုဏ်းသားတစ်ဦးက…

'…ဆရာကြီး…သူ စိတ်တွေ သိပ်ပြီး ကယောင်ကတမ်းဖြစ်နေ …၊ ဒီကို ခေါ်လာလို့ဖြစ်ပါ့မလား'

'…အရေးမကြီးဘူး၊ ဒီထဲရောက်အောင်သာ မျှားခေါ်ခဲ့ကြ'

ကျွန်လုဂိုဏ်းသားနှစ်ဦးသည် ပြေးထွက်၍ သွားကြလေ …သည်။

ထန်ရှင်က တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့ကို လှမ်းပြော၏။

'ကျွန်စီမှန်ဝင်လာရင် နောင်ကြီးတို့ ဘာမှမလုပ်ကြပါနဲ့၊ …ာ စောင့်ကြည့်ကြပါ၊ ဆန်ကွမ်းချီကတော့ လုံးဝမတိုက် …ရဘူး၊ တိုက်ခိုက်မှုကို ရှောင်ရမယ်'

ထန်ရှင် စကားပြောနေစဉ် ကျွန်ုပ်ကိုကျားသားတစ်ဦးသည် စဉ်ခွက်ကော်ခွက်ကို ကိုင်၍ ဝင်လာ၏။

ထန်ရှင်က လှမ်းယူလိုက်သည်။

'ဆန်ကွမ်းချီ....မင်းအတွက် နောက်ထပ် ဆေးရည်၊ သောက်ချလိုက်'

ဆန်ကွမ်းချီသည် မိုးသစ္စာလှမ်းယူပြီး မော့ချလိုက်လေ၏။

ထန်ရှင်က အရက်တစ်ခွက် ငှဲ့ထည့်ပြီး လှမ်းပေးပြန်သည်။

'အဲဒါကိုပါ သောက်ချလိုက်ပါ'

'ဟာ....ဆရာကြီးရယ်၊ ကျွန်တော့် ဘာသာ ယူပါ့မယ်'

'ကိစ္စမရှိပါဘူး၊ သောက်မှာသာ သောက်ပါ'

ဆန်ကွမ်းချီသည် အရက်ကိုပါ သောက်ပစ်လိုက်သည်။

ထန်ရှင်ပေးလျှင် ဆန်ကွမ်းချီသည် သေဆေးကိုပင် သောက်ချပေလိမ့်မည်။

ထန်ရှင်က ဖြည်းဖြည်း ပြော၏။

'ဆန်ကွမ်းချီဆီက အကူအညီတောင်းစရာရှိနေတယ်၊ ဖြည်းဖြည်းမှ ပြောမယ်'



ဆရာကြီး ဘာအကူအညီ တောင်းမှာလဲ၊ မီးပင်လယ်ကို ဖြတ်မှာလား၊ ဓားတောင်ကိုတက်ခိုင်းမှာလား၊ ရေခဲမြည်ကို ...ခိုင်းမှာလား၊ သေဆေးကို မသောက်ခိုင်းမှာလား၊ ကျွန်တော် အားလုံးကို ...နိုင်ပါတယ်၊ ကျွန်တော့် အသက် ...သေပါစေ'

'...စကား လွန်မယ်နော်'

...ရှင်က ရယ်၍ ပြော၏။

'ဆရာကြီးနဲ့ပတ်သက်လာရင် ကျွန်တော့်မှာ စကားလွန်...တာ မရှိပါဘူးခင်ဗျာ'

...ရှင်သည် အပ္ပဒက်ကို ကာကွယ်သည့်အနေဖြင့် ယပ်...ကို တဖျပ်ဖျပ်ခတ်လေ၏။

'...ပြောဖို့အချိန်မတန်သေးဘူး၊ နောက်မှပဲပြောတော့မယ်'

'ဆရာကြီး ကြုံ...တဲ့အချိန်ကို ပြောပါ၊ ကျွန်တော် ကူညီဖို့ ...ပါပဲ'

...ကွမ်းချီသည် ထန်ရှင်နှင့် ပြောဆို ဆက်ဆံရသည်မှာ ...သော်လည်း ဆရာကြီး၏ သဘောကို နားလည် ...မပေါက်နေလေပြီ၊

သူ မည်မျှအတင်းအကျပ်မေးမေး ထန်ရှင်က ပြော မည် မဟုတ်ပေ။

မကြာမီ ညစ်ပတ်ပေရေနေသည့် ... ဒိမ်းရောင်အင် ဆင်ထားသည့် အဘိုးကြီးသည် ထန်ရှင်၏တဲအဝသို့ လာလေ၏။

ထိုအခါ တဲ၏မျက်နှာကြက်ပေါ်မှ ခုန်ချလာ ကျွန်လုဂိုဏ်းသားငါးယောက်သည် အဘိုးကြီးရှေ့သို့ ရှိလာလေ၏။

'ဟင်...ပညာရှိထန်ရှင်ဟာ ဘယ်အချိန်မှာမဆို ဆေးဆေးပဲ၊ ဒါပေမယ့် သူဟာ ဘယ်နေရာမှာမဆို အဆင်သင့် ပြင်ဆင်ထားပြီးဖြစ်နေတာပဲ'

'မင်းတို့ဖယ်ပေးလိုက်ကြ၊ သူ လုံးဝရူးနေတာ မဟု အသိဉာဏ်ရှိနေသေးတယ်'

ကျွန်လုဂိုဏ်းသားများ ရှဲခနဲ ဘေးဖယ်လိုက်ကြ၏။

အဘိုးကြီး ကျွန်စီမွန်သည် မည်သူ့ကိုမျှ ဂရုမစိုက် အတွင်းသို့ဝင်လာကာ တုထန်ဟိုနှင့် ဆန်ကွမ်းချိတ်တို့ ဆင်ထားသည့် ဟင်းလျာများနှင့် အရက်များကို စားသောက်တော့၏။



...လည်း တုထန်ဟိုကဲ့သို့ အစာအာဟာရနှင့် ပြတ်လတ်နေ ...၏။

...ထန်ဟိုသည် ထန်ရှင်အား ကျွန်စီမွန်က ရုတ်တရက် ရန် ... ပြုပါက ကာကွယ်နိုင်ရန်အလို့ငှာ ထန်ရှင် အနီးသို့ ...သွားလေ၏။

...ရှင်သည် တုထန်ဟို၏စေတနာကို သိရှိသဖြင့် ခေါင်း ...သိအမှတ်ပြုလေ၏။

...စီမွန်သည် စားပွဲပေါ်ရှိ အရက်အိုး တစ်အိုးလုံးကို ...ပစ်လိုက်သည်။

...မီ အစားအသောက်များပါ ပြတ်လတ်သွားတော့

...ရှင်ကမူ ယပ်ခတ်၍ အေးအေးဆေးဆေးပင် စောင့် ...သည်။

...စီမွန်က ထန်ရှင်ကို မော့ကြည့်ပြီး...

...သမီး ခသပြီလား'

...သေးမါဘူး၊ ကောင်းကောင်းမွန်မွန် ရှိပါတယ်'

...ကယ်ပြောဘာလား'

'ကျုပ် တစ်ခါမှ လိမ်ညာ မပြောဖူးဘူး'

'ဒါဖြင့် ငါ့သမီး ဘယ်မှာလဲ'

'ဆရာကြီး ခဏအနားယူပါ၊ အနားယူပြီး... လန်းလန်းဆန်းဆန်းဖြစ်လာရင် ကျုပ်ပြောပြမယ်'

'ကောင်းပြီ'

ကျန်စီမွန်သည် တိုင်ခုံပေါ်မှဆင်းပြီး တင်ပျဉ်ခွေ...

မျက်စိနှစ်လုံးစုံမှိတ်ကာ အတွင်းအား ...ကျင့်သ...

ထန်ရှင်သည် ကျန်လုဂိုတ်းသားငါးယောက်အား ... လိုက်၏။

'ရပြီ...မင်းတို့အပြင်ကပဲ စောင့်ကြပေတော့'

ကျန်လုဂိုဏ်းသားငါးယောက် ထွက်သွားကြသည်...

တုထန်ဟိုက ချီးကျူး၏။

'နောင်ကြီးထန်ရှင် အစောင့်ချထားတာ သိပ်... ကျုပ်ဖြင့် နည်းနည်းမှမရိပ်မိဘူး'

ထန်ရှင်က ပြုံး၍ပြော၏။



'ဖဲဒီလိုသာလုပ်မထားရင် ကျုပ်ဟာ ကွန်လုံဝမ်ရဲ့သက်ထဲ... ကြက်ကလေး ငှက်ကလေးတစ်ကောင်လို ပါသွားတာ... ...ာလုပြီပေါ့ဗျာ၊ ကျုပ်အကြောင်းလဲ ခင်ဗျားတို့သိကြသားပဲ'

ထန်ရှင်သည် ကျန်စီမွန်ကိုကြည့်၍....

'သူ အနားယူနေပြီ၊ ဘယ်လောက်ကြာမလဲမသိဘူး၊ ကျုပ် ... ခဏတော့ အနားယူမှပဲ'

တုထန်ဟိုက ပျာပျာသလဲပြော၏။

'ဟာ...ယူပါ...ယူပါ၊ အစ္ဆရာယ်မတွေကို အသက်ပေးပြီး ကျုပ်တို့ကာကွယ်ပါ့မယ်'

ထန်ရှင်သည် စားပွဲခုံပေါ်၌ မှောက်အိပ်လိုက်၏။

မည်မျှ ပင်ပန်းထားသည်မသိ။

တစ်ခဏအတွင်း အိပ်ပျော်သွားလေ၏။

ထန်ရှင် ဤသို့အိပ်နိုင်ခြင်းမှာ အကြောင်းရှိသည်။

ထန်ကူမ်းချီနှင့် တုထန်ဟိုတို့ကို သူသည် အကြွင်းမဲ့ ယုံ... ...ည်၏။

အန္တရာယ်များကို တားနိုင်စွမ်းလည်း ရှိကြသည်မဟုတ်ပါ
လား။

ဆန်ကွမ်းချိုနှင့် တုထန်ပိုတို့၏ နှစ်ယောက်ပေါင်းဘင်ထား
သည် ကျန်လုပ်ကိုင်းမှ ထိပ်သီးသိုင်းသမား အယောက်လေး
ဆယ်မျှနှင့် ညီများကြောင်း ယန်ရှင် ကောင်းစွာ သိရှိပေသည်။

အဘိုးအိုမှ ငြိမ်သက်နေသည်။

သူ၏သမီး မသေမသေကို မည်သူမျှ မသိကြပေ။

ပညာရှိထန်ရှင် ကုသပေးလိုက်သည့်အသက်ကို ကျန်စီမှ
ကိုယ်တိုင် ဆက်၍ ရှင်သန်အောင် မကုသနိုင်သည့် အချက်
လည်း မည်သူမျှ မသိခဲ့ပေ။

သမီးကို ချစ်လှန်းသည့်စိတ်ကြောင့် ကယောင်ချောက်မှ
ဖြစ်ပြီး သမီးရှာပုံတော် ဖွင့်ခနေမိခြင်း ဖြစ်သည်။

သူသည် နက်ရှိုင်းသော အတွင်းအားရှိသူဖြစ်၍ အ
အစာ ရေမသောက်ဘဲ တောင့်ခံခဲ့သည်။

ယခု ထန်ရှင်၏စကားကြောင့် သူ့သမီး ရှိနေသေးသည်
ယူဆသွားကာ တင်းထားသမျှ စိတ်များကိုလျှော့ချပြီး အ
ယူနေခြင်း ဖြစ်တော့၏။



ဆန်ကွမ်းချိုက....

'အစ်ကိုကြီး တုထန်ပို၊ အစ်ကိုကြီးလဲ ပင်ပန်းလှပြီ၊ အိပ်
ပါဦးလား'

တုထန်ပိုက ဟက်ဟက်ပက်ပက် ရယ်လေ၏။

နှစ်ရက်တာမျှ အိပ်စက်မိပုံအကြောင်း ပြောပြသော
အရယ်အပြုံးနည်းသော ဆန်ကွမ်းချိုပင် ရယ်မောမိ
သည်။

'ညီလေး၊ မင်းက ငါ့ထက် ပိုပင်ပန်းတာကွ၊ မင်းအိပ်လိုက်
ငါ စောင့်ကြည့်နေပါ့မယ်'

တို့သည် တစ်ယောက်ကိုတစ်ယောက် အဘင်း အိပ်နိုင်း
ကြသည်။

တစ်ယောက်ကိုတစ်ယောက် ညှာနေကြသည်။

နောက်ဆုံး၌ တုထန်ပိုက ရယ်ပြီးပြောလေ၏။

'ဟား....ဟား....ဟား....ညီလေး၊ မင်း ဘာမှမပြောနဲ့တော့
မအိပ်ဘူး၊ မင်းလဲမအိပ်နဲ့၊ နှစ်ယောက်စလုံး စောင့်ကြ
'

ဆန်ကွမ်းချိုက ပြုံး၍ ခေါင်းညိတ်၏။

'အဲဒါ အစ်ကိုကြီးရော ကျွန်တော်ရော ရှုံးတာပေါ့'

'ဟား....ဟား....ဟား၊ မင်းကို မြတ်အောင်အိပ်နိုင်းတဲ့ကာမှ မအိပ်ဘဲကိုးကွ'

သူတို့နှစ်ယောက်သည် ပညာရှိထန်ရှင် ကောင်းမွန်စွာ စက်နိုင်စေရန် ယပ်တောင်ဖြင့် တစ်ယောက်တစ်လှည့် ခတ်ကြသည်။

နှစ်နာရီခန့်မျှ ကြာသောအခါ ကျွန်စီမွန်၏ မျက်လုံးပွင့်လာ၏။

တုထန်ဟိုနှင့် ဆန်ကွမ်းချီတို့သည် ကျွန်စီမွန်၏အနီးသို့ သွားကြ၏။

ထိုအချိန်မှာပင် ကျွန်စီမွန်က ဖျတ်ခနဲခုန်ထွက်ကာ သိပ်ပျော်နေသော ထန်ရှင်၏ ပခုံးကြောကို ဖမ်းကိုင်လိုက်လေ၏။

ဆန်ကွမ်းချီသည် နိုင်းပညာ အဆင့်မြင့်မြင့် တတ်မြောက်ထားသူဖြစ်၏။

ဤအတိုးအို ဤသို့ပြုလုပ်လိမ့်မည်ဟု လုံးဝမမျှော်လင့်မထားသဖြင့် တားဆီးနိုင်ခြင်း မရှိခဲ့ပေ။

ထန်ရှင်မှာ အိပ်ရာမှ လန့်နိုးလာ၏။



သူ့ပခုံး၌ နာကျင်မှု ခံစားလိုက်ရသော်လည်း ကျွန်စီမွန်ကို ပြုံး၍ ကြည့်နိုင်သည်။

'ဆရာကြီး ဘာလုပ်တာလဲ'

'ငါ့သမီး ဘယ်မှာလဲ'

ထန်ရှင်မှာ ကျွန်စီမွန်၏ လက်တွင်း၌ အချိန်စွဲ ဖမ်းထားသည်နိုင်၏။

ဆန်ကွမ်းချီနှင့် တုထန်ဟိုတို့မှာ ဘာလုပ်ရမှန်း မသိသဖြင့် ချွေးပြန်လာကြသည်။

ထန်ရှင်က ဆန်ကွမ်းချီနှင့် တုထန်ဟိုအား တစ်ချက် ကြည့်သည်။

သူ့အကြည့်က ဘာမှမလုပ်ကြနဲ့ဟု တားမြစ်သည့် အဓိပ္ပာယ်ပင် ဖြစ်တော့သည်။

'ဆရာကြီးသမီးကို ဆရာကြီး ဘယ်မှာထားခဲ့သလဲ၊ ဆရာကြီးကိုယ်တိုင် မသိရင် ကျုပ်က ဘယ်မှာ သိနိုင်တော့မှာလဲ'

ကျွန်စီမွန် ဒေါသထွက်လာ၏။

'စောစောက မင်းပဲ ရှိတယ်လို့ပြောတယ်မဟုတ်လား'

ကျန်စီမွန်၏ သန်မာလှခဲ့သော လက်ဖြင့် ဆုပ်ကိုင်မှုကြောင့် ထန်ရှင်၏ နဖူးမှ ချွေးအစီးစီး ကျဆင်းလာတော့သည်။

ဆန်ကွမ်းချိုက ဒေါသဖြင့် အော်လိုက်၏။

'ဆရာကြီးရဲ့လက်ကို အရင်လွှတ်၊ နောက်မှ သိချင်တာကို မေး၊ လက်မလွှတ်ရင် ကျွန်တော့်ကို အဆိုးမဆိုနဲ့'

ဆန်ကွမ်းချို၏ ဒေါသဖြင့်အော်သံသည် ထူးထူးခြားခြားပင် ကျန်စီမွန်၏ ကာယဉ်ချောက်ချား အသိဉာဏ်များကို တည်မတ်ပေးလိုက်သလို ဖြစ်သွား၏။

သူ့မျက်လုံးများ ကြည်လင်လာသည်။

ထန်ရှင်၏ ပခုံးကို လွှတ်ပေးလိုက်၏။

ထန်ရှင်မှာ ပခုံးတစ်ခုလုံး နာကျင်နေသော်လည်း လက်ဖြင့် ပွတ်သပ်ခြင်း မပြုပေ။

ဆန်ကွမ်းချိုကို ကျေးဇူးတင်သောအကြည့်ဖြင့် လှမ်းကြည့်သည်။

ဆန်ကွမ်းချိုနှင့် တုထန်ဟိုတို့မှာလည်း ထိုအခါမှ သက်ပြင်းချနိုင်တော့သည်။

တုထန်ဟိုသည် ထန်ရှင်၏အနီးသို့ တိုးကပ်သွားသည်။



ထန်ရှင် နောက်တစ်ကြိမ် အဖမ်းမခံရအောင် ကာကွယ်ရပေတော့မည်။

ကျန်စီမွန်က....

'ပြောလေ....ငါ့သမီး ဘယ်မှာလဲ'

ထန်ရှင်က ပြုံး၍ပြောလေ၏။

'ကျုပ် တကယ်မသိပါဘူး၊ ဆရာကြီးဟာ သမီးကို ချစ်တဲ့ ဇောနဲ့ သောကသိပ်ရောက်နေတယ်၊ အမှန်ကို အမှန်လို့ မမြင်နိုင်ခဲ့ဘူး၊ ကျုပ်က ဆရာကြီးရဲ့ဦးနှောက် ကြည်လင်လာအောင် စေတနာနဲ့ လိမ်ပြောလိုက်ရတာပဲ'

ကျန်စီမွန်မှာ စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

'ဟင်း....ဒီလိုဆိုရင် ငါ့သမီး တကယ်သေပြီပေါ့'

'ကျွန်တော်လဲ အဲဒီလိုပဲ ယူဆပါတယ်၊ ဘာပဲဖြစ်ဖြစ် ဆရာကြီးကို စိတ်မှန်ပြန်ရအောင် ကူညီမယ်လို့ဆုံးဖြတ်ပြီး လိမ်လိုက်ရတာပါ၊ အဲ....နှစ်သိမ့်လိုက်ရတာ ဆိုပါတော့လေ'

'ဒါပေမယ့် ငါ့သမီးအလောင်း'

'အဲဒါကတော့ ဆရာကြီးမှ သိမှာပဲ'

'ကျုပ်သမီးအလောင်းဟာ'

အတိုးအို ကျန်စီမွန်သည် မည်သည့်နေရာက စပြောရမှန်း မသိတဲ ဖြစ်နေ၏။

ထန်ရှင်က....

'ဆရာကြီးရဲ့ အဖြစ်အပျက်တွေကို ဖြည်းဖြည်း ပြောပြ... လား၊ ကျုပ်တို့ ဆက်စပ် စဉ်းစားကြမယ်၊ အဖြေရှာကြမ... မကောင်းဘူးလား'

အဘိုးအိုက ခေါင်းညိတ်၏၊

'အေးဗျာ....ကျုပ်လဲ ကယောင်ချောက်ချား ဖြစ်နေ... ဘာတွေလုပ်လို့ ဘာတွေဖြစ်မှန်းတောင် မသိတော့ပါ... ကျုပ် ဖြည်းဖြည်းစဉ်းစားပြီး ပြောပြပါမယ်'

ကျန်စီမှန်၏ ဦးနှောက်များ ပြန်လည်ကြည်လင်လာပြီ... ကြောင်းကို သူ့အသုံးအနှုန်းများက သက်သေပြလျက်ရှိနေ...

သူသည် ပညာရှိထန်ရှင်ကို လေးလေးစားစား ဆက်ဆံ... ကောင်းမှန်း သိလာလေပြီ။

ထိုကြောင့် ကျန်စီမှန်အား တားဆီးရန် သို့မဟုတ် တို... ခိုးမှုရန် မာန်တင်း၍ အသင့်ပြင်ထားမိကြသည့် တုထန်... ဆန်ကူမ်းချီတို့သည် တင်းကျပ်နေသည့် သူတို့၏ စိတ်များ... အသာအယာ လျှော့ချပစ်လိုက်ရတော့သည်။

အခန်း (၁၀၉)

## တစ်ကွက်သာသွားသော ကွန်လုံဝမ်

'...ဗျာ....ကျုပ် သမီးရဲ့ အဲလောင်းကိုလဲ မတွေ့ရဘူး၊ ...တ ဖမ်းသွားမှန်းလဲ မသိဘူး၊ အတော့်ကို စဉ်းစားရ ...နေတာပဲ'

ကျန်စီမှန်က စဉ်းစဉ်းစားစား ပြောသည်၊

ထန်ရှင်က....

'ဆရာကြီး....တစ်ခုတော့ ဧိတ်ချပါဗျာ၊ ဆရာကြီးရဲ့ သမီး ...ဘူးမသိရန်မှ ရှိနေမှာပါ၊ ငါးလးငါးရက်အတွင်းမှာ ...တင်းရလာမှာပါ'

'...ဗျာ့ အတပ်ပြောနိုင်သလားဗျာ'

'အတပ်ပြောနိုင်တယ်၊ဆရာကြီးမှာဘာရန်ငြိုးရန်စ ရန်ငြိုးရန်စမရှိဘဲ ရောဂါအပြင်းအထန် ဖိစီးနှိပ်စက်ခံ သမီးကလေးကိုဖမ်းခေါ်သွားတာတခြားအကြောင်းကြေ ဖြစ်ရမှာပေါ့'

'တခြား ဘာအကြောင်း ရှိနိုင်မှာလဲ'

'ကျုပ်စိတ်ထဲတော့ ဆရာကြီးကို အကျပ်ကိုင် အောက်မေ့တယ်၊ ဆရာကြီးရဲ့ နာမည်ဟာ သိုင်းလော သေးတဲ့နာမည်မှ မဟုတ်ဘဲဗျာ၊ စောင့်ကြည့်ပါ၊ မ ဆရာကြီးဆီ အကြောင်းကြားစာ ရောက်လာမှာပဲ'

ကျွန်စီမွန် သက်ပြင်းချ၏၊

'ဟင်း...ခင်ဗျားကတော့ နတ်မျက်စိမျှား ရသလို ပြောတာပဲ၊ ကျုပ်မှာတော့....'

ထိုစဉ် အော်သံတစ်သံ ထွက်ပေါ်လာ၏၊

'ဂိုဏ်းချုပ်ကြီး ရောက်ရှိလာပါပြီ'

အော်သံဆုံးသည်နှင့် ဂိုဏ်းချုပ်ကြီး အို့ယန်ထု ၊ လေ ရေးမှူးကြီး ကွမ်းစန်စင်၊ ပေကုံးလျှန်နှင့် တက်မှုဆ တို့ ရောက်ရှိလာ၏၊



ယုတ်မျက်နှာ၌ စိုးရိမ်သောကများပြားသည့်အရိပ်အယောင် ပေါ်လွင်နေသည်၊

တန်ရှင်က ကမန်းကတန်း ထရပ်ကာ ဂါရဝပြုလေ၏၊

'ဂိုဏ်းချုပ်ကြီး ပြန်ကြွလာပြီလား၊ နေ့စက်က မိတ်ဆွေ သိပ်ပင်ပန်းနေကြပြီနော်'

ဝင်လာသူ အားလုံးကလည်း တန်ရှင်ကိုပြန်လည်၍ ဂါရဝ ၏၊

ကို ယန်ထု သည် ကျွန်စီမွန်ကို ချက်ချင်း သတိပြုမိ၏၊

တို့ကြောင့် သီးခြား ဂါရဝပြု၍ နှုတ်ဆက်သည်၊

ဆရာကြီး ကျွန်စီမွန်ပါလား၊ ဘယ်တုန်းက ရောက်သလဲ'

ကျွန်စီမွန်သည် သမီးဖြစ်သူအတွက် သောကများနေသဖြင့် ချုပ်ကြီး အို့ယန်ထု ၏ ပဋိသန္ထာရစကားကို မကြားမိပေ၊

ကွမ်းစန်စင်က ခေါ်ပွသွား၏၊

'ဘယ်လိုလဲ...ခင်ဗျား နားကန်းနေသလား'

တန်ရှင်က ကမန်းကတန်း ထားမြစ်လိုက်ရ၏၊

'ကွမ်းစန့်ခင်.... ဆရာကြီး ကျွန်စီမွန်ဟာ သမီးဖြစ်
တစ်ပါးသူဖမ်းသွားလို့ အကြီးအကျယ် သောကရောက်နေ
ပြေးပြေးပြစ်ပြစ် ဆက်ဆံဖို့ ကျုပ်တောင်းပန်ပါတယ်'

ကွမ်းစန့်ခင်သည် ထန်ရှင်အားအလွန်တရာကြည့်ညို၊ လေး
သူဖြစ်ရာ ထန်ရှင် စကားတစ်ခွန်း ပြောလိုက်သည်နှင့် ချက်
နောက်ဆုတ်သွားလေတော့သည်။

ထန်ရှင်က....

'ဂိုဏ်းချုပ်ကြီး ခင်ဗျာ၊ ကွန်လုံဝမ်ရဲ့ သတင်းကို
လှမ်းလို့ ရခဲ့ပါသလား'

အိုယန်ထုံက စိတ်ပျက်လက်ပျက် ပြောသည်။

'ဟာ.... ကွန်လုံဝမ်လောက် ဆိုးယုတ်တဲ့လူ ဒီလော
ရှိမှာမဟုတ်ဘူး၊ သိုင်းပညာလဲ တကယ် ပြိုင်စံရှားတဲ့လူပဲ'

ထန်ရှင် အံ့ဩသွား၏။

'ဂိုဏ်းချုပ်ကြီးတို့ ထူးထူးခြားခြား တွေ့ဆုံခဲ့ပြီးခဲ့တာ

'ဟာ....တွေ့ခဲ့ပြီလားဗျာ၊ ကျုပ်တို့သွားတော့ ကွန်လုံ
မရှိတော့ပါဘူး၊ဒါပေမယ့် သူထားပစ်ခဲ့တဲ့ကျောက်တုံး
တာတော့ ရှိနေခဲ့တယ်၊တက်မုဆရာတော်နဲ့ ကျုပ်တို့ အဲဒီဝ
ထဲ ဝင်ကြည့်မိပြီး ချောက်ကျသွားခဲ့ရတာပေါ့ဗျာ'



ဝက်ပါထဲ ဝင်မိသွားတယ် ဟုတ်လား'

ကျောက်တုံးတွေကိုဟိုတစ်ပုံဒီတစ်ပုံချထားတဲ့အဌဂံဝက်ပါ
ကျုပ်ကြားဖူးထားတာ ကြာပါပြီ၊ ကိုယ်တွေ့တော့
မှ မကြုံဖူးခဲ့ပါဘူးဗျာ၊ ကံကောင်းလို့ အရိုးဆွေးတဲ့အထိ
ရတာပဲ'

န်ရှင်က ယပ်တောင်ကိုခေါက်ရင်း....

င်းပြပါဦး ဂိုဏ်းချုပ်ကြီး'

ကျုပ်နဲ့ တက်မုဆရာတော် အထဲဝင်သွားတာနဲ့ အပြင်
တာနဲ့ အဆက်အသွယ် ပြတ်သွားတာပဲ၊ အဲဒီကျောက်ပုံ
ကြားထဲက ဘယ်လိုပြန်ထွက်ရမှန်း လုံးဝမသိတော့ပါဘူး'

ထန်ရှင်က စဉ်းစဉ်းစားစား ပြော၏။

အဲဒါ ငှဖိုးလို့ နာမည်ရှိသူတစ်ယောက်ရဲ့ လက်ရာဖြစ်ရင်
တော်လဲ အဲဒီဝက်ပါထဲက ထွက်နိုင်မယ် မထင်ဘူး'

တို့အားလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

တက်မုဆရာတော်နှင့်ဖေကျုံးလျှန်တို့သည် မြက်ရိုင်းလွင်ပြင်
ဆင်နွှဲပြီးသည့်နောက်ပိုင်းတွင် သိုင်းလောက၏ ပြဿနာ

ရုပ်များအား သိုင်းပညာတစ်ခုတည်းဖြင့် ရှင်း၍မရနိုင်
သဘောပေါက် နားလည်လာခဲ့ကြလေ၏။

သူတို့သည် ပညာရှိထန်ရှင်အား တစ်ကြိမ်ထက်တစ်ကြိမ်
လေးစားလာကြ၏။

ယခုအချိန်တွင်ကွန်လုံဝမ်၏ ဘဏ္ဍာရာယ်ကိုရှောင်လင်ကျောင်း
တော်တစ်ခုတည်း ကာကွယ်၍မနိုင်ကြောင်း တက်မှုဆရာ
သဘောပေါက်နေလေပြီ။

ရှောင်လင်ကျောင်းတော်သည် နှစ်ပေါင်းသုံးလေးရာ
တံ့ကြံ မြင့်ခဲ့သည့် ဂိုဏ်းကြီးဖြစ်သည်။

ထက်မြက်သော သိုင်းပညာတော် ရှောင်လင်ဘုန်းတော်
ပေါင်း မြောက်မြားစွာကိုလည်း မွေးထုတ်ခဲ့သည်။

သို့သော် ယခု မျက်မှောက်ခေတ်တွင်မူ ကျွန်လုဂိုဏ်း
ရှောင်လင်ကျောင်းတော်ထက် အင်အားသာလျက် ရှိနေ

ထို့ထက် ပိုဆိုးသည်မှာ တိုတောင်းလှသည့် နှစ်များအ
ကွန်လုံဝမ်သည် အဆိပ်ဆေးများကို အသုံးပြုလျက် အဆ
သိုင်းသမားများကို စုစည်းနိုင်ခဲ့ခြင်း ဖြစ်သည်။

လူဆိုး၊ ဓားပြ၊ ထွန်းမကျန် သိုင်းပညာတတ်သူမှန်
စုစည်းသိမ်းသွင်းသဖြင့် ကွန်လုံဝမ်၏ဂိုဏ်းသည် ကျွန်လု
ထက် အင်အားသာလွန်နေပေတော့သည်။



အချိန်၌ ကျွန်လုဂိုဏ်းသည် ဝမ်ဂိုဏ်းကို တစ်ဦးတည်း
နေ၏။

ရှင်ကို ကျွန်လုဂိုဏ်းက အားထားသည်ဖြစ်ရာ ဝမ်ဂိုဏ်း
ရှင်သည် ထိပ်တိုက်တွေ့နေကြတော့၏။

ရှင်သည် ကျွန်လုဂိုဏ်းအတွက် သူရဲကောင်းဖြစ်ရုံတင်
တဲ့ သိုင်းလောကကြီးတစ်ခုလုံး၏ကယ်တင်ရှင်လည်း
သည်။

ကြောင့်ဆိုသော် ကျွန်လုဂိုဏ်းသာ ရှုံးနိမ့်သွားလျှင်
သိုင်းဂိုဏ်းကြီးများကိုလည်း ဝမ်ဂိုဏ်းက တိုက်ခိုက်
တော့မည် ဖြစ်သောကြောင့်ပေတည်း။

ချက်ကို တက်မှုဆရာတော်၊ ဖေကူး၊လျှန်နှင့် ဂိုဏ်း
တို့ ယန့်ထုံတို့အားလုံး နားလည် သဘောပေါက်ကြ

ချုပ်ကြီး အဌဂ ဝက်ပါထဲက ဘယ်လိုလွတ်မြောက်

န့်ထုံက ပြန်ဖြေ၏။

ပ်တို့ ဝက်ပါထဲ ရောက်နေတဲ့အချိန်မှာပဲ ကွန်လုံဝမ်
တယ်

ထန်ရှင်က....

'ဂိုဏ်းချုပ်ကြီးတို့ကို ကွန်လုံဝမ်က ခင်ဗျားတို့ အဲ့ဒီ ဂူဝက်ပါထဲရောက်နေပြီလို့များ ပြောသေးသလား'

ထိုစကားကို ကြားလိုက်ရသောအခါ တက်မုဆရာ ထိတ်လန့်သွား၏။

'ဒကာကြီးထန်ရှင် ဘယ်လိုလုပ်သိနေသလဲ၊ ကွန်လုံ အဲဒီစကားလုံးအတိအကျနီးပါး ကျွန်တော်တို့ကို ခဲ့ပါတယ်'

ထန်ရှင်က ပြုံး၍ဖြေ၏။

'တပည့်တော်လဲ ခန့်မှန်းပြီးပြောတာပါ၊ အတ တော့ မဟုတ်ပါဘူး'

ဂိုဏ်းချုပ်ကြီး ကို့ယန်ထိုက ချောင်းဟန့်ပြီး ပြော

'ကျုပ်ကတော့ လူက မေတ္တာရပ်ခံပါတယ်'

ထန်ရှင်က ရယ်ပြီး....

'ဂိုဏ်းချုပ်ကြီးကို သိုင်းလောက က ထွက်ခွာပြီ ဖို့ တိုက်တွန်းတယ်မဟုတ်လား၊ ဒါမှမဟုတ် ဝမ်ဂိုဏ် လုဂိုဏ်း မကျူးကျော်စတမ်း၊ မတိုက်ခိုက်စတမ်း ပြုရမယ်လို့ အကျပ်ကိုင်တယ်မဟုတ်လား'



ကို့ယန်ထိုက ခေါင်းညိတ်၏။

'ဟဲဂီအတိုင်းပါပဲဗျာ၊ ကျုပ်က မကျူးကျော်စတမ်း ကတိ မတွက်တော့ ကတိပေးနိုင်မယ်လို့ ပြောခဲ့တယ်၊ ဒါနဲ့ကျုပ်တို့ အဲ့ဒီ ဂူဝက်ပါထဲက ထွက်နိုင်ခွင့်ရလာတာပဲ'

ကို့ယန်ထိုက စိတ်ပျက်စွာ ဆက်ပြော၏။

'ကျုပ်တို့ အဲ့ဒီ ဂူဝက်ပါထဲ ရောက်နေတဲ့အချိန်မှာ ကျုပ်ရဲ့ ကျွန်လုဂိုဏ်းသား အခေါ်များများ သေကြေပျက်စီးခဲ့ရတယ်၊ အဲဒီအတွက် ကျုပ် စိတ်မကောင်းဘူး'

'ကွန်လုံဝမ် ဘယ်လိုသတ်ဖြတ်သလဲ'

'သူ့လေးသမားတွေကို အသင့်စောင့်ပြီး ဝိုင်းပစ်တာပါပဲ၊ ကိုယ်သီး မဟုတ်တဲ့အတွက် ကျုပ်တို့ လက်အောက်ငယ်သား အတော်များများ အကြီးအကျယ်ကျဆုံးခဲ့ရတယ်'

ထန်ရှင်က လက်သီးဆုပ်၍ ပြော၏။

'ကျွန်တော် သိတယ် ဂိုဏ်းချုပ်ကြီး၊ ကွန်လုံဝမ်ဟာ သူ့ အသက်ကိုမခြေမချင်း ကျွန်လုဂိုဏ်းကို ခုလိုပဲဒုက္ခပေးလိမ့်မယ်'

ကို့ယန်ထိုက တားဆီးလိုက်၏။

'နောင်ကြီး ထန်ရှင် သည်းခံပါ၊ နောင်ကြီး သိပ်ပင်ပန်း နေပါတယ်၊ ကျုပ်တို့ဌာနချုပ်ကိုပြန်ပြီး အနားယူကြပါမယ်၊ အဲဒီလိုနားပြီးမှ နောင်ကြီးထန်ရှင် စီစဉ်ချင်တာကို စီစဉ်ပါ'

ထန်ရှင်က ခေါင်းခါ၏။

'ဘယ်လိုနားနိုင်မှာလဲ၊ ကျွန်တော်တို့ ဗိုက ဆုတ်ခွာတ ကွန်လုံဝမ်ဟာ ဒီနေရာတွေကို အစားထိုး ဝင်ယူလာလိမ့်မ ဂိုဏ်းချုပ်ကြီး ပေးပြီးခဲ့တဲ့ကတိအတွက် ကျွန်တော်တို့ကို စိုက်ဖို့ မလိုပါဘူးနော်'

'မလိုပါဘူး၊ သူက ကျုပ်တို့ကို သက်သက် ပြောင်လှေ သခရော်တာပဲ၊ ကျုပ်လူတွေ အများကြီးအသေခံခဲ့ရပြီးမှ ကျ က 'သူ့ရဲ့မကျူးကျော်စေတမ်းဆိုတဲ့ ကတိကိုလိုက်နာတိန်းသိ နေရဦးမှာလား'

ထန်ရှင်က ခေါင်းညိတ်၏။

'ကျွန်တော်လဲဒီလိုပဲသဘောပိုက်ပါတယ်၊ ကဲ....အဲဒီကိစ္စ အသာထားပြီး ဟောဒီက ဆရာကြီးကျွန်စီမွန်ရဲ့ သမီးကမေ အတွက် ပေဒင်ကြည့်ပေးရဦးမယ်၊ ဂိုဏ်းချုပ်ကြီးတို့ ရော လာတဲ့အတွက် အဲဒီကိစ္စကို ခေတ္တခဏချပ်ဆိုင်းထားရပါတယ်'

'ဒါဖြင့်လုပ်ပါ....ဆက်လုပ်ပါ'

ထန်ရှင်သည် သူ့အင်္ကျီအိတ်အတွင်းမှ ငွေခွက်ငယ် တစ်လုံ နှင့် ကြွေစေ့ခြောက်လုံးကို ထုတ်ယူလိုက်၏။

အဘိုးကြီး ကျွန်စီမွန်အား လှမ်းပြောသည်။



'ဆရာကြီးရဲ့သမီးအတွက် ကျွန်တော် ပေဒင်ကြည့်ပါတော့ ဆရာကြီး ယုံကြည်ရဲ့ မဟုတ်လား'

ကျွန်စီမွန် ကမန်းကတန်း ခေါင်းညိတ်၏။

'ခင်ဗျားရဲ့အစွမ်းကို ကျွန်တော် မယုံမရှိပါဘူး၊ ဒါပေမယ့် ရဲ့သမီး အသက်ရှင်လျက်ရှိတာကိုပဲ ကျုပ်လိုချင်ပါတယ်၊ ကဲ...ကြည့်ပါခင်ဗျား၊ ပေဒင်ကြည့်ပါ'

ထန်ရှင်သည် ငွေခွက်ငယ်အတွင်း ကြွေစေ့များကိုထည့်၍ ကနေ၏။

ပို့နောက် စားပွဲပေါ်သို့ ကြွေစေ့များကို ခေါက်ချလိုက်

ကြွေစေ့များ မွှတ်မွှတ်လည်နေ၏။

ကိုမှုဆရာတော်အပါအဝင် ထိပ်သီးသိုင်းဆရာကြီးများ မျက်စိကျွတ်ကျူမထာတ် ကြွေစေ့များကို ငေးနေသည်။

ကြွေစေ့များ ငြိမ်သက်သွားသောအခါ ထန်ရှင်က လက် တက်ပြီး ဟောပြောလေ၏။

'ဆရာကြီး....ခင်ဗျားရဲ့သမီးဟာ အသက်ရှင်လျက် ရှိသေး

'တကယ်လား'

ကျွန်စီမွန်က ဝမ်းသာအားရ မေး၏။

'တကယ်ပါ'

'ဒီလိုဆိုရင် ကျုပ် ထပ်ရှာမယ်'

အဘိုးအိုသည် ခုန်ထွက်သွား၏။ 

တဲအပြင်သို့ ရောက်လုနီးပါး ဖြစ်သွားသည်။

'ဆရာကြီး၊ ခဏနေပါဦး'

ထန်ရှင်က ကမန်းကတန်း တားလိုက်၏။

'ဘာလဲ'

ကျွန်စီမွန် လှည့်မေး၏။

'ဆရာကြီးသမီးကလေးရဲ့သတင်းကို ဆယ်ရက်အတွင်း ရပါ့မယ်၊ ဆရာကြီးသာ ကျုပ်တို့ဆီမှာ အေးအေးဖျ အနားယူပါ'

'ကျုပ် အနားမယူနိုင်ဘူး၊ ကျုပ်သမီးကိုတွေ့ရမှ



'ဆရာကြီး စဉ်းစားကြည့်ပါ၊ ကျုပ်တို့ ကျန်လုဂိုဏ်းသား တွေဟာ တရုတ်ပြည်အနှံ့အပြား ရှိကြတယ်၊ ဆရာကြီးရဲ့သမီး သတင်းကို ဆရာကြီးတစ်ယောက်တည်း ရှာတာထက် ကျုပ်တို့ ကျန်လုဂိုဏ်းက ပိုရှာနိုင်တယ်၊ ကျုပ်ပြောတာ သဘောပေါက် ရင် ပြန်လာပါ၊ အေးအေးဆေးဆေး အနားယူပါ'

ကျွန်စီမွန် တွေဝေနေ၏။

ကျန်လုဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် ထန်ရှင်လုပ်သမျှ စောင့်ကြည့်နေသည်။

ထန်ရှင်သည် အဓိပ္ပါယ်မရှိသည့်အလုပ်ကို မည်သည့်အခါမျှ မလုပ်ပေ။

နောက်ဆုံး၌ ကျွန်စီမွန် ပြန်လှည့်လာ၏။

'ပညာရှိထန်ရှင်၊ ခင်ဗျား ကတိတည်ပါစေ'

'ဆရာကြီး ကျွန်စီမွန်၊ ကျုပ် ဆယ်ရက်အတွင်း ခင်ဗျား သမီးရဲ့ သတင်းကို ရှာပေးမယ်၊ ဆယ်ရက်အတွင်း သတင်း မရရင် ကျုပ်ကို သတ်လှည့်ဗျာ'

'ကောင်းပြီ၊ ကျုပ်ယုံကြည်ပြီ'

ထန်ရှင်သည် လက်ခုပ်သုံးချက် တီးလိုက်၏။

အပြာရောင်ဝတ်ဆင်ထားသည့်ကျန်လုဂိုဏ်းသားတစ်ယောက် အပြေးဝင်ရောက်လာပြီး အားလုံးကို ဂါရဝပြု၏။

'လျှန်းစိန်၊ ဒီက ဆရာကြီး ကျန်စီမွန်ကို အေးချမ်းတဲ့ တစ်ဆောင်ဆီ ပို့ပေးလိုက်ပါ၊ကောင်းကောင်းအနားယူပါစေ'

လျှန်းစိန် အမည်ရှိသည့် ကျန်လုဂိုဏ်းသားက အသိုး ကျန်စီမွန်ကို ဦးညွှတ်ဂါရဝပြု၏။

'ဆရာကြီး၊ ကျွန်တော် နောက်ကို ကျေးဇူးပြုပြီးလိုက်ခဲ့ပါ၊ ဆရာကြီးအနားယူရမယ့် တဲစခန်းကို ကျွန်တော်လိုက်ပြပါ့မယ်'

ကျန်စီမွန်သည် လျှန်းစိန်နောက်မှ တက်ကြွပ်မကြွ လိုက်သွားသည်။

ကျန်စီမွန် လုံးဝ ပျောက်ကွယ်သွားသောအခါမှ ဂိုဏ်းချုပ်ကြီး အိုယန်ထုက စိတ်ပျက်လက်ပျက် ပြောသည်။

'နောင်ကြီး....ထန်ရှင်၊ နောင်ကြီးကို ကျုပ်တို့ ဘယ်လို အားထားတယ်ဆိုတာ သိလျက်သားနဲ့ ဘာဖြစ်လို့ အဲဒီဆရာကြီးရဲ့ သမီးနဲ့ အသက် လောင်းကြေးတင်လိုက်ရတာလဲ၊ ဆယ်ရက်အတွင်းမှာ ရှာမတွေ့ရင် ဘယ်လိုလုပ်မလဲ'

ထန်ရှင်က ရယ်၍ပြော၏။



'ဂိုဏ်းချုပ်ကြီး....အဲဒီဆရာကြီးရဲ့ သိုင်းပညာ အဆင့်ဟာ ယ်လောက်ရှိမလဲ၊ ကျွန်တော်တို့ဂိုဏ်းက လေ့ကျင့်ရေးမှူး ကွမ်းစန်စင်နဲ့ဆိုရင် ဘယ်လိုနေမလဲ'

'လေ့ကျင့်ရေးမှူးကြီး ကွမ်းစန်စင်ထက် သာလိမ့်မယ်လို့ ပ်ထင်တယ်'

'အဲဒါ အချက်ပေါ့ ဂိုဏ်းချုပ်ကြီးရဲ့၊ အဲဒီဆရာကြီးဟာ ကို ပျောက်သွားနေရင် ကွန်လုံဝမ်ရဲ့ လက်အောက် ရောက် နိုင်တယ်၊ ကွန်လုံဝမ်ဆီမှာ သိုင်းပညာကောင်းတဲ့လူကော ပညာကော ရှိတယ်မဟုတ်လား၊ ဒီဆရာကြီးသာ ကွန်လုံ ဆီ ရောက်သွားရင် ကျွန်တော်တို့အဖို့ အင်မတန် ကြီးမားတဲ့ သူတော်ကြီးတစ်ဦး တိုးလာတယ်လို့ သတ်မှတ်ရမှာပဲ၊ အခု လုံဝမ် မသိပ်းသွင်းခင် ကျွန်တော်တို့က ကြိုတင်သိမ်းသွင်း လိုက်တာပဲ၊ နည်းနည်းတော့ စွန့်စားရတာပေါ့လေ'

ထန်ရှင်သည် တဲ့အပြင်သို့ ငေးမော၍ ပြောနေရာမှ ဂိုဏ်း ကြီး အိုယန်ထုအား ဆတ်ခနဲ ကြည့်ကာ....

'ကဲ...အခုဆိုရင် ကွန်လုံဝမ်အတွက် ရန်သူတော်ကြီးတစ်ဦး လာပြီပေါ့ဗျာ'

တို့ယန်ထုက....

'ဆယ်ရက်အတွင်း သူ့သမီးသတင်းရဖို့ဆိုတာ မလွယ်ဘူး တာလဲ့ နောင်ကြီးထန်ရှင် သိမှာပဲ'

ထန်ရှင် ခေါင်းညိတ်၏။

'မလွယ်ပါဘူး။ ကျွန်တော် ကံစမ်းလိုက်တာပါ'

'အဲဒါ ပြောတာပေါ့ဗျာ၊ နောင်ကြီး ကံမစမ်းသင့်ဘူး။ နောင်ကြီးရဲ့ အသက်ဟာ သိပ်ပြီး အရေးပါတယ်'

ထန်ရှင်က ဂိုဏ်းချုပ်ကြီး အိုယန်ထုကို ဦးညွှတ်ဂါရဝ ပြုလေ၏။

'ဂိုဏ်းချုပ်ကြီးဟာ ကျွန်တော် အပေါ် အမြဲတမ်းလေးလေး စားစား ရှိပါတယ်၊ ကျွန်တော် ကို ဒီလိုတန်ဖိုးထားတဲ့အတွက် ကျွန်တော် အများကြီး ဂုဏ်ယူပါတယ်'

ဂိုဏ်းချုပ်ကြီး အိုယန်ထုက တက်မုဆရာတော်၊ မေကျ လျှန်နှင့် နောက်ပါ ထိပ်သီး သိုင်းသမားများကို ကြည့်ပြီး

'ကဲ....ကဲ...အားလုံးလဲ ပင်ပန်းလာကြပါတယ်၊ ဗိုလ်ခန်းမှာ ရှိတဲ့ တဲအသီးသီးမှာ နေရာယူကြပါ၊ နားကြပါ၊ ငါ့ဂိုဏ်းသားတွေက ဒီကဆရာကြီးတွေကို နေရာချပေးကြပါ'

တက်မုဆရာတော်အပါအဝင် ဧည့်သည်သိုင်းသမားကြီးများသည် အသီးသီး အသာလိုက်မပါသွားကြလေ၏။

သူတို့ ပင်ပန်းနွမ်းနယ်လာကြသည်။



တဲကလေးများအတွင်းတွင် အတွင်းအားကျင့်စဉ်များကျင့်၍ ပင်ပန်းနွမ်းနယ်မှုများကို ပြေပျောက်ကြပေတော့မည်။

ဂိုဏ်းချုပ်ကြီး အိုယန်ထုကမူ ထန်ရှင်နှင့် ကျန်ရစ်ခဲ့၏။

'နောင်ကြီးထန်ရှင်....ဦးနှောက် ပင်ပန်းတာက ခန္ဓာကိုယ် ပင်ပန်းတာထက် ပိုပြီးပင်ပန်းပါတယ်၊ ဒါကြောင့် နောင်ကြီး ဒီကိုင် အနားယူပါ၊ အခုဆိုရင် နောင်ကြီးဟာ သိပ်ပိန်လှ ပြီ'

'ဟုတ်ကဲ့....ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်ကို ကျွန်တော် နာခံပါ မယ်၊ ကျွန်တော် သွားပြီး အနားယူပါတော့မယ်၊ အနား ယူပြီးရင် ဂိုဏ်းချုပ်ကြီးကို တစ်ခု မှာထားခဲ့ရဦးမယ်'

'ဘာများလဲ နောင်ကြီး'

'တန်ကွမ်းချိန်နဲ့ တုထန်ဟိုတို့ကို ဂရုစိုက်ပါ၊ သူတို့ဟာ ကျွန် တော်တို့ ကျွန်လုဂိုဏ်းသား အတွက်သာ မဟုတ်ဘူး၊ သိုင်း လောကအတွက်ပါ တစ်တပ်တစ်အား ဖြစ်ပါတယ်'

'စိတ်ချပါ၊ နောင်ကြီးသာ စိတ်ချလက်ချ သွားရောက်အနား ယူပါ'

ထန်ရှင်သည် အိုယန်ထုံကို ဂါရဝပြုပြီး ထွက်ခွာသွား လေတော့၏။

ထန်ရှင် ထွက်သွားသည်နှင့် ဖေကုံးလျှန် ပြန်လည်ရော လာ၏။

'ဂိုဏ်းချုပ်ကြီး....အနားမယူသေးဘူးလား ခင်ဗျာ'

'မယူနိုင်သေးဘူးဗျာ၊ နောင်ကြီး ထန်ရှင်အတွက် ကျ စိတ်မကောင်းလွန်းလို့ အတွေးဝေနေမိပါတယ်'

'ဟုတ်တယ်၊ သိုင်းအတွင်းအားကျင့်စဉ် အခြေခံပညာ တတ်ထားရင် နောင်ကြီးသန်ရှင်ဟာ ခုထက်ပိုပြီး ကြံ့ကြံ့ မှာ သေချာတယ်'

'ခက်တယ်ဗျာ၊ သူဟာ သိုင်းပညာသော မတတ်တာ ပညာအကြောင်းတော့ ကျုပ်တို့လောက်ကို သိထားပါတယ်'

'ဗျာ'

'နောင်ကြီးဖေကုံးလျှန် အံ့ဩသွားသလား၊ မအံ့ဩပါ လူနဲ့ ကျုပ် သိုင်းပညာအကြောင်း အများကြီး ဆွေးနွေး ပါတယ်၊ ဒါကြောင့် သူ့အကြောင်း ကျုပ် သိနေတာမ ကဲ....နောင်ကြီးဖေကုံးလျှန့်လဲ ပင်ပန်းလာတာပဲ၊ သွာ အနားယူလိုက်ပါလား'

ဖေကုံးလျှန်က အို့ယန်ထုံအား ဂါရဝပြုပြီး....

'ဂိုဏ်းချုပ်ကြီး အနားယူရအောင် လာသတိပေးတာ ဒီစခန်းကို ကျွန်တော် စောင့်ရှောက်လိုက်ပါ့မယ်၊ ဂိုဏ်း ကြီးသာ အနားယူပါ'



ယန်ထုံသည် ဖေကုံးလျှန်၏ စေတနာကို လွန်စွာ လေး ား၏။

နောင်ကြီးဖေကုံးလျှန်၊ ခင်ဗျားရဲ့ စေတနာကို ကျုပ် ကျေးဇူးတင်ရမှန်း မသိဘူး၊ ဒါပေမယ့် ကျုပ်ကတော့ မယူနိုင်သေးဘူးဗျာ၊ စခန်း တစ်ခုလုံးကို လိုက်စစ်ဖို့ ရှိသေးတယ်၊ နောင်ကြီးသာ အနားယူပါ၊ နောင်ကြီး ယူချင်တယ် ဆိုရင်တော့ တက်မုဆရာတော်နဲ့ အခြား ည်တွေရဲ့ လိုအပ်ချက်တွေကို ဖြည့်စွမ်းပေးဖို့ တာဝန်ယူ ပါဗျာ'

စ်ချပါ၊ ကျွန်တော် တာဝန်ယူပါတယ်'

ဲ....ဒီလိုဆိုရင် နောင်ကြီး သွားနိုင်ပါပြီ'

ကုံးလျှန်သည် အို့ယန်ထုံအား လက်သီးနှစ်ဖက်ဆုပ် ပြုကာ ထွက်ခွာသွားလေတော့၏။

ယန်ထုံသည် ထိုတဲအတွင်း၌ တစ်ယောက်တည်းငိုင်၍ စ်ခဲ့သည်။

## အခန်း (၁၁၀)

## ရန်သူ့စခန်းဆီသို့

ို့ယန်ထုံ သည် သိုင်းလောကကြီး တစ်ခုလုံးအတွက် စိတ်ရှုအဖြင့် ခေါက်တုံ့ ခေါက်ပြန် စကြံလျှောက်ရင်း စဉ်းနေ၏။

ို့နောက် ထန်ရှင်တစ်ယောက် အနားယူ အိပ်စက်ခြင်းပါ၏လောဟု စုံစမ်းလိုသဖြင့် ထန်ရှင်၏ တဲရှိရာဘက်သို့သွားခဲ့သည်။

ပြီးရောင်ဝတ် ဂိုဏ်းသားနှစ်ဦးသည် ထန်ရှင်၏တဲတံခါးရပ်စောင့်နေကြ၏။

ဖိုးသူနှစ်ဦးက ဂါရဝပြုသောအခါ အိုယန်ထုက [illegible] ကို လက်ညှိုးနှင့် ပိတ်ပြ၏။

အသံမထွက်နှင့်ဟူလို....

အိုယန်ထု တဲထဲဝင်လာသောအခါ ထန်ရှင်သည် [illegible] ပေါ်၌ ခေါင်းစိုက်၍ အိပ်ပျော်နေ၏။

'ခြော်....နောင်ကြီးယန်ရှင်၊ အနားယူမယ်ဆိုပြီး [illegible] ပေမယ့် ခုတင်ပေါ်မှာမအိပ်ဘဲ စားပွဲပေါ် ပြန်အ[illegible] တယ်၊ အလုပ်လုပ်ရင်းမှပဲ အိပ်ပျော်သွားရှာတော့တယ်၊ [illegible] ငါပင်ပန်းတယ်ဆိုတာ သူအိပ်နေသလောက်ပဲရှိပါသေး[illegible]

အိုယန်ထုသည် ထန်ရှင်အား တစိမ့်စိမ့်ကြည့်ရင်း [illegible] ကရုဏာသက်လာ၏။

ဤပညာရှိကြီးသည် သူ့အတွက် ဘာတစ်ခုမျှ စဉ်း[illegible] တောခြင်း မရှိဘဲ ကျန်လူကိုကျိုးအတွက် သူ့ဘဝကို [illegible] ကြောင်း အိုယန်ထု တစိမ့်စိမ့်တွေးသည်။

ထို့ကြောင့် ဝါရင့်သိုင်းသမားကြီး ဖြစ်ပါလျက် [illegible] များ လည်လာခဲ့ရသည်။

သူသည် ထမင်းအိုးတစ်လုံးကျက်ခန့် ကြာသည်အ[illegible] ရှေ့၌ ထိုင်နေမိသည်။



[illegible]န်ရှင် နိုးသွား၍ ခည်းစိုးရိမ်သဖြင့် သူသည် မည်သို့မျှလှုပ်လှုပ် [illegible]ရှားမလုပ်ဘဲ ငြိမ်သက်စွာ ထိုင်နေသည်။

'[illegible]င်း....နောင်ကြီးထန်ရှင်ဟာ တကယ် ပင်ပန်းရှာတယ်၊ [illegible]ောင် သူ တစ်ချက်ကလေး မညည်းဘူး'

[illegible]ို့ယန်ထု စိတ်ထဲ၌ တွေးနေခိုက် ထန်ရှင်နိုးလာ၏။

[illegible]သည် ကမန်းကတန်းထ၍ ထန်ရှင်ကို ဂါရဝပြု၏။

'ကိုကျော်ချုပ်ကြီး ရောက်နေတာ ကြာပြီလား'

'[illegible]ပဲ ရောက်တယ်'

'[illegible]ကျက်မကြိုဒီတာ သည်းခံပါ'

'[illegible]ကိစ္စမရှိပါဘူး၊ နောင်ကြီး သက်သာသလိုနေပါ၊ နောင် [illegible] ကျုပ်တို့ထက် အများကြီးပင်ပန်းနေခဲ့တဲ့လူပဲ'

'ကိုကျော်ချုပ်ကြီးရောက်လာတာ အတော်ပဲ၊ အချို့ကိုယ်ရေး [illegible]ကာ ကိစ္စတလေးတွေ တိုင်ပင်ချင်ရတာပေါ့'

'[illegible]တာထဲတောင်ထဲ နေဖို့ကိစ္စလား'

'[illegible]ကိစ္စအတွက် မဟုတ်ပါဘူး၊ အခု ကျွန်တော် သိပ်ပြီး [illegible]က်ရှည်ရှည် မနေရတော့ဘူး'

'ဗျာ'

ဂိုဏ်းချုပ်ကြီး အို့ယန်တုံမှာ ထိုင်ရာမှ ခုန်ထပါ ထိတ်လန့်သွားလေ၏။

ထန်ရှင်သည် သူ၏ ခေါက်ယပ်တောင်ကလေးကို ဖ ဖယ်လိုက်၏။

အို့ယန်ထုံမှာ အကြီးအကျယ် စိတ်ထိခိုက်နေသည်။

'နောင်ကြီးထန်ရှင် သေမယ်ဆိုရင် နောင်ကြီး ထန် သတ်တဲ့လူဟာ ကျုပ်ပဲဖြစ်လိမ့်မယ်'

'သေဖို့ အချိန်ကျရောက်လာပြီဆိုရင် ဘယ်သူမှ တား နတော့ပါဘူး ဂိုဏ်းချုပ်ကြီး'

'နောင်ကြီးထန်ရှင်ရဲ့ အသက်ကို ကယ်နိုင်မယ့်ဆေး မ လား'

'အမှန်အတိုင်း ပြောရင် ကျွန်တော်ဟာ ဆေးပညာ တစ်ဖက်ကမ်းခတ်ပါတယ်၊ ဒါပေမယ့် ကိုယ့်အတွက် ကု မယ့် ဆေးကတော့ မရှိတော့ပါဘူး'

'ဖြစ်ရလေနောင်ကြီးရယ်၊ တခြားနေရာမှာ ရှိကောင်း ပေါ့၊ ကျုပ်ကို ညွှန်ပြပေးပါ၊ ကျုပ် အသက်နဲ့လဲပြီး သွား ပေးပါ့မယ်'



ထန်ရှင်က ပြုံး၍ခေါင်းခါပြ၏။

'ကွန်လုံဝမ်ဟာ ကျွန်တော့်ကို သိပ်ပြီး သတ်ချင်နေတယ်၊ ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်အတည်းက ဆိုပါတော့၊ ဂိုဏ်း ကြီးသာ မတယ်ခဲ့ရင် ခုဆို ကျွန်တော် အရိုးတွေ ဆွေး တော်ပြီ'

အို့ယန်ထုံက ဝမ်းနည်းကြေကွဲစွာ ပြောသည်။

'နောင်ကြီးထန်ရှင်သာ မရှိရင်တော့ ကျုပ်တို့ ကျွန်လုဂိုဏ်း ဟာ....'

ထန်ရှင်က ကပျာကယာ တားလိုက်၏။

'ဟာ....အဲဒီလို မပြောပါနဲ့ ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် သေ တဲ့ အဖြစ်လို့ ကျွန်လုဂိုဏ်းကြီး ပျက်စီးရမှာလဲ၊ ကျွန်လု ဟာ ကျွန်တော် မရှိခင်ကတည်းက နှစ်ပေါင်းရာချီ တည်မြဲ ဂိုဏ်းကြီးပဲ၊ ကျွန်တော်သေလဲ ဂိုဏ်းချုပ်ကြီးရဲ့ စီမံ အုပ် ချုပ်မှုအောက်မှာ ကျွန်လုဂိုဏ်းကြီး ဆက်လက် တည်မြဲနေမယ်'

ကွန်လုံဝမ်ဟာ သိပ်ရက်စက်တယ်၊ အငြင်ဂဏ်ပါထဲမှီနေတဲ့ ကျုပ်တို့ကိုမသတ်ဘဲ ဘာကြောင့် လွှတ်ပေးသလဲဆိုတာ ခုထိ ကျုပ် စဉ်းစားလို့ မရသေးဘူး'

'ဂိုဏ်းချုပ်ကြီး....အဲဒါ ကျွန်တော် မပါသေးလို့ပါ၊ ဂိုဏ်း ကြီးတို့ ဒီလောက် ရဲရဲတင်းတင်း ဝင်လိုက်တာကို သူမယုံရဲ

ဘူး၊ သူ့ကို တစ်ခုခု တန်ပြန် ထောင်ချောက် ဆင်ထားတာ ယူဆနေတာယ်၊ ဒါကြောင့် ပြန်လွှတ်တာပါ၊ အဲ....ကျွန်တော် အဲဒီ အဌါဂ်ဝက်ပါထဲ မိနေပြီဆိုရင်တော့ အားလုံးမလွှ ဖြစ်သွားမှာ သေချာပါတယ်'

'အင်း....ကျုပ်စိတ်ပူနေတာလဲ ဒီကွန်လုံဝမ်ပါပဲ၊ နောင် မရှိရင် ကွန်လုံဝမ်ကို ယှဉ်နိုင်တဲ့လူရှိမှာ မဟုတ်တော့ဘူး၊ ကို ကိုယ်တိုင် သူ့ပညာကိုမမီဘူး၊ ဒါအမှန်အတိုင်း ပြောပြတာ

ထန်ရှင်သည် သူ၏ယပ်တောင်ကလေးကို စားပွဲပေါ်သို့ လိုက်၏။

ထို့နောက် ခပ်ဖြည်းဖြည်းပြောသည်။

'ဂိုဏ်းချုပ်ကြီး၊ ကွန်လုံဝမ်ကို ယှဉ်ပြိုင် တိုက်ခိုက်နိုင် ကွန်လုံဝမ်ကို အနိုင်ယူနိုင်တဲ့ လူနှစ်ယောက်ဟာ သိုင်းလော မှာ ပေါ်ထွန်းနေပါပြီ၊ ကွန်လုံဝမ်ကို ကြောက်ဖို့ မလို ပါဘူး'

'နှစ်ယောက် ဟုတ်လား၊ နှစ်ယောက်တောင်လား'

အို့ယန်ထုံက အံ့သြစွာ မေးလေ၏။

ထန်ရှင်က ခေါင်းညိတ်၏။



'အဲဒီနှစ်ယောက်ကို ဂိုဏ်းချုပ်ကြီး တွေ့ဖူးပြီးပါပြီ၊ ဆန် မ်းချီဆိုတဲ့သူငယ်နဲ့ သူ့ညီ ယွမ်ရှောက်လေ၊ သူတို့ဟာ ကွန် ဝမ်ကို အနိုင်ယူနိုင်ပါတယ်၊ သူတို့မှာ လိုအပ် နေတာက တွေ့အကြုံပဲ၊ သိုင်းပညာအရ အဲဒီသူငယ်တွေဟာ ကွန်လုံဝမ် နိုင့်နိုင်တယ်၊ အတွေ့အကြုံ ပရိယာယ်ကျတော့ ကွန်လုံဝမ် သာနေတယ်၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံက...'

'ဆက်ပြောပါဦး နောင်ကြီး'

'ဒါပေမယ့် ဉာဏ်နဲ့ ပရိယာယ်အရာမှာ ကွန်လုံဝမ်ကို ယှဉ် တဲ့ တခြားတစ်ယောက် ရှိပါသေးတယ်'

'ဗျာ....တခြားတစ်ယောက် ရှိသေးတယ် ဟုတ်လား'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံမှာ အံ့သြပြီးရင်း အံ့သြနေရ တော့၏။

ထန်ရှင်က စားပွဲပေါ်မှ ယပ်တောင်ကို ပြန်၍ စုသိမ်း လိုက်၏။

'လောလောဆယ် ကွန်လုံဝမ်ကို ဉာဏ်အရာမှာ ပရိယာယ် အရာမှာ ယှဉ်ပြိုင်နိုင်တဲ့ လူကတော့ နိုင်ချစ်နော်ဆိုတဲ့ မိန်း ကလေးပဲ'

'နိုင်ချစ်နော် ဟုတ်လား'

ဂိုဏ်းချုပ်ကြီး ဘိုယန်ထုံမှာ အသစ်အဆန်းများကို တ ပြီးတစ်ခု ကြားသိနေရသဖြင့် အံ့ဩပြီးရင်း အံ့ဩနေရ သည်။

'တွတ်ပါတယ်....အဲဒီမိန်းကလေးပါပဲ၊ သူဟာ ကွန်လုံ စိတ်ဓာတ်တွေကို သိနေတယ်၊ ကျွန်တော်ဟာ သိထား အတွေးအခေါ်တွေကို မှတ်တမ်းပြုစုထားပါတယ်၊ အရင် ရင် ဒီမှတ်တမ်းကို ဘယ်သူ့လက်ထဲ အပ်ရမယ်ဆိုတာ လုံ မသိခဲ့ပါဘူး၊ အဲဒီတော့ စိတ်မအေးနိုင်ဘူးပေါ့ ခင်ဗျာ၊ ကိုကောင်းထောက်မပြီး ဒီမိန်းကလေးကို လာတွေ့ရ သူ့ကို ကျွန်တော်တို့ အသုံးချရမယ်'

ထန်ရှင်သည် ဂိုဏ်းချုပ်ကြီးကို အားတုံ့အားနာကြည့်ပြီ

'ကျွန်တော်တို့ သူ့ကို အသုံးချတဲ့ နေရာမှာ ဂိုဏ်းချုပ်ကြ အတွက် ခက်ခဲစရာကိစ္စတစ်ခုတော့ ရှိနေပါတယ်'

ဘိုယန်ထုံ၏ မျက်ခုံးများ မြင့်တက်သွား၏။

'ဘယ်လိုများလဲ နောင်ကြီး'

'သူ့ကို သိမ်းသွင်းဆက်ဆံတဲ့နေရာမှာ ကျွန်တော့်ကို ဂို ချုပ်ကြီး လေးလေးစားစား ဆက်ဆံတဲ့ပုံစံအတိုင်း ဆက် ကိစ္စပါပဲခင်ဗျာ'



ဘိုယန်ထုံမှာ အကျဉ်းအကျပ် ဖြစ်နေ၏။

သူသည် နှစ်ပေါင်းရာချီ တည်တံ့ခဲ့သည့် ကွန်လုဂိုဏ်း၏ ကြီးမြတ်သော ဂိုဏ်းချုပ်ကြီးတစ်ဦး မဟုတ်လား။

ကျွယ်သာမန်မိန်းကလေးအား ထန်ရှင်နှင့် တန်းတူထား၍ ဆက်ဆံရမည့် ကိစ္စမှာ အလွန် ဝန်လေးဖွယ်ရာ ဖြစ်သည်။

'ဂိုဏ်းချုပ်ကြီး၊ ကျွန်တော်မရှိရင် ကွန်လုဂိုဏ်းကြီး ပျက်စီး ယ်လို့တောင် ထင်မှတ်နေတယ် မဟုတ်လား၊ ကျွန်တော့်လို ရည်အချင်းမျိုးရှိပြီး ကွန်လုံဝမ်ကို အပြတ်အသတ် အနိုင်ယူ ်မယ့် ဘယ်သူ့ကိုမဆို ဂိုဏ်းချုပ်ကြီးအနေနဲ့ အလေးထား ဆက်ဆံသင့်ပါတယ်'

ဘိုယန်ထုံက ဖြည်းညင်းစွာ ပြော၏။

'နောင်ကြီးထန်ရှင် ကျန်းမာအောင် အနားယူပါဦးဗျာ၊ ကိစ္စကိုပြောဖို့ စောပါသေးတယ်'

ထန်ရှင်က ဖြည်းညင်းစွာ ထရပ်လိုက်၏။

'ဟုတ်ပါတယ်၊ စောပါသေးတယ်၊ ကျွန်တော်လဲ ချက်ချင်း တော့ မသေသေးပါဘူး၊ ဒါပေမယ့် ဘယ်သူ ဘယ်သူတွေဟာ ဂိုဏ်းချုပ်ကြီးအတွက်အရေးကြီးတယ်ဆိုတာ သိအောင်ပြောပြ ထားတာပါ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံလည်း ထရပ်လိုက်၏။

သူ ဆက်၍စကားပြောနေခြင်းဖြင့် ထန်ရှင် အနားယူရမည့် အချိန်များကို ဖြုန်းတီးပစ်ရာရောက်ကြောင်း သူတွေးတော သောကြောင့်ဖြစ်သည်။

'ကဲ....ကျုပ်သွားတော့မယ်၊ နောင်ကြီး ထန်ရှင် ပြန်ပြီး အနားယူစမ်းပါ၊ ကျုပ်နဲ့ ကျုပ်ရဲ့ ကျွန်လုဂိုဏ်းကြီးကို ခင်တွယ် တယ်ဆိုရင် စိတ်အေးလက်အေး အနားယူစမ်းပါဗျာ'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံသည် သူ့အား ဂါရဝပြုနေသူ ထန်ရှင်ကို လုံးဝ မကြည့်တော့ဘဲ ခပ်သုတ်သုတ် ထွက်ခွာသွား တော့သည်။

စင်စစ် သူလည်း ပင်ပန်းလှချေပြီ။

ထန်ရှင်နှင့် ဂိုဏ်းချုပ်ကြီး အို့ယန်ထုံတို့မှာ တစ်ဦး၊ တစ်ဦး ပိန်မသာ လိန်မသာ ပင်ပန်းသူများ ဖြစ်ကြ၏။

ထန်ရှင်သည် တဲအပြင်သို့ မလိုက်ချေ။

သို့သော် သူ့အား အလွန်တရာ ခင်မင် အားကိုးလှသော ဂိုဏ်းချုပ်ကြီး အို့ယန်ထုံအား မျက်ရည်များ ရီဝေစွာဖြင့် လှမ်းကြည့်နေမိသည်။



သူသည် ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းပြီး စားပွဲ၌ ပြန်ထိုင်သည်။

ထို့နောက် စာရွက်လွတ်များကိုယူကာ ဇယားကွက်များ ရေးချက် တွက်ချက်တော့သည်။

အချိန်မှာ မှောင်စပြုနေ၏။

သူသည် စိတ်ပါလက်ပါ တွက်ချက်နေသဖြင့် လောကကြီး တစ်ခုလုံးကို မေ့လျော့နေသည်။

တွက်ချက်မှု ပြီးစီးသောအခါ သက်ပြင်းရှည်ကြီးကိုချပြီး စားပွဲပေါ်၌ ဦးခေါင်းမှေး၍ အိပ်ပျော်လေတော့၏။

သူ အိပ်ရာမှ နိုးလာသောအခါ မိုးစင်စင်လင်းနေချေပြီ။

သူ လှည့်ကြည့်လိုက်သည်နှင့် သူ့နောက်၌ ရပ်နေသည့် အို့ယန်ထုံကို မြင်လိုက်ရသည်။

'အား....ဂိုဏ်းချုပ်ကြီး ကျွန်တော့်ကို ခွင့်ပြုပါ'

'ကိစ္စမရှိပါဘူး နောင်ကြီးထန်ရှင်၊ နောင်ကြီးဟာ ညတုန်းက ကောင်းကောင်း အနားမယူခဲ့ဘူးမဟုတ်လား'

ထန်ရှင် ပြုံးနေသည်။

'ကျွန်တော် အိပ်နေသားပဲ'

အို့ယန်ထုံက စားပွဲပေါ်မှ ရှုပ်ပွနေသည့် စာရွက်စာတမ်းများကို လက်ညှိုးထိုးပြပြီး....

'နောင်ကြီးထန်ရှင် တစ်ညလုံး ဒါတွေလုပ်နေတယ်မဟုတ်လား၊ မိုးလင်းကာနီးမှ အိပ်ရတာ ဖြစ်ရမယ်'

'အိပ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ ဒါတွေကလဲ မလုပ်လို့မပြီးဘူးလေ၊ ဆရာကြီး ကျွန်စီမွန်ရဲ့ သမီးကလေး ဘယ်မှာရောက်နေသလဲဆိုတာ သိရအောင် ပေဒင်တွက်နေထာပဲ'

အို့ယန်ထုံ စိတ်ဝင်စားသွား၏၊

'တွေ့ပြီလား'

'တွေ့ပြီ၊ အဲဒီနေရာမှာ သွားရှာမယ်'

အို့ယန်ထုံက ခါးခါးသီးသီး တားမြစ်၏၊

'နောင်ကြီး မသွားရဘူး၊ နောင်ကြီး အနားယူရမယ်၊ ကျုပ်ကိုသာ လမ်းညွှန်ပါ၊ ကျုပ် လူနှစ်ယောက်ခေါ်ပြီး ထဲ့ မိန်းကလေးကို သွားရှာပါ့မယ်'

'မဖြစ်ပါဘူး၊ ဒီကိစ္စက ကျွန်တော်သွားမှဖြစ်မှာမို့ပါ'



အို့ယန်ထုံမှာ ချီတုံချတုံ ဖြစ်သွား၏၊

'ဒါဖြင့် ဘယ်သူတွေကို ခေါ်သွားမှာလဲ၊ ကူမ်းစန်စင်နဲ့ (ကျ)းတာကြည်ကို ခေါ်သွားမလား'

'ဟင့်အင်း၊ ဆန်ကူမ်းချီနဲ့ တုထန်ဟိုကို ခေါ်သွားမယ်'

ဂိုဏ်းချုပ်ကြီး အို့ယန်ထုံ စိတ်လှုပ်ရှားသွားပြန်၏၊

'နောင်ကြီး ထန်ရှင်၊ ဒီလူတွေက ကျွန်လုဂိုဏ်းသားတွေ (မ)ဟုတ်ဘူး'

ထန်ရှင် ခေါင်းညိတ်၏၊

'ဂိုဏ်းချုပ်ကြီး၊ သူတို့ဟာ ကျွန်လုဂိုဏ်းရဲ့ မိတ်ဆွေတွေပါ၊ (ထ)န်ဟိုဆိုရင် ကျွန်တော်တို့အတွက် သူလျှိုဝင်လုပ်ပေးနေတဲ့ (မိတ်)ဆွေပါ'

အို့ယန်ထုံ မပြောသာတော့ပေ၊

သို့သော်....

'ဒီလိုဆိုရင်လဲ နှစ်ရက်လောက်တော့ အနားယူပါဦး၊ အနားယူ(ပြီ)းတော့ သွားပေါ့'

ထန်ရှင်က ခေါင်းခါ၏၊

'အချိန်နှောင့်နှေးလို့ မဖြစ်ဘူး၊ နည်းနည်းနောက်ကျတာ အခြေအနေ ပြောင်းသွားနိုင်တယ်၊ ဆရာကြီး ကျွန်စိမ့်နှံရဲ့ ...ကခလေးကို တွေ့ပြီးတဲ့အခါမှ ကျွန်တော် အနားယူပါ့မယ်'

အိုယန်ထုသည် ထန်ရှင်အား တားမြစ်၍ ရတော့မည် မဟုတ်မှန်း သိသဖြင့် မတားတော့ပေ။

ထန်ရှင်က...

'ဂိုဏ်းချုပ်ကြီး....ကျွန်လုံဝမ်ဟာ ငြိမ်သက်နေတယ်၊ ဒါ... မကောင်းဘူး၊ မုန်တိုင်းမတိုက်မီ ငြိမ်သက်နေခြင်းမျိုးပဲ ... တယ်၊ ဂိုဏ်းချုပ်ကြီးကိုယ်တိုင် ကျွန်းမာရေးကို ဂရုစိုက်... ကျွန်တော်တို့ အလွန်ဆုံးကြာရင် ခုနစ်ရက်ပဲ၊ အမြန်ဆုံးဒါ... ကျွန်တော် ဆက်ဆက်ပြန်လာမှာပါ'

'ကောင်းပြီလေ၊ကျွန်လုဂိုဏ်းအတွက် ကိုယ့်အသက်ကို ... စတေးတဲ့လူချင်းမို့ ကျုပ်လဲ မတားတော့ပါဘူး၊ ကဲ....... ကြီးတို့သွားဖို့ ကျုပ် အားလုံး အဆင်သင့်ဖြစ်အောင် ... ပေးလိုက်မယ်'

'ကျေးဇူးအနန္တပါပဲ ဂိုဏ်းချုပ်ကြီး'

ထန်ရှင်က ဂါရဝပြု၍ ပြောလေ၏။

အိုယန်ထုသည် လျင်မြန်သော အရှိန်နှုန်းဖြင့် ထွက်... သွားလေ၏။



ထန်ရှင်အဝတ်အစားလဲပြီး ဆန်ကွမ်းချီတို့ တဲရှေ့ရောက်...သောအခါ မြင်းသုံးစီးနှင့်အတူ ဆန်ကွမ်းချီ၊ တုဘန်ဟိုတို့ ...င့်နေကြောင်း တွေ့ရလေ၏။

ဂိုဏ်း ချုပ်ကြီးအိုယန်ထုံမှာမူ ခေါက်တုံ့ခေါက်ပြန် စကြံ ...ာက်နေ၏။

ထန်ရှင်က....

'ဂိုဏ်းချုပ်ကြီး....ကျွန်တော်တို့....'

...ို့ယန်ထုံက လျင်မြန်စွာဖြတ်၍ပြောလိုက်၏။

'နောင်ကြီးထန်ရှင်၊ ကိုယ့်ကိုယ်ကို ဂရုစိုက်ပါ၊ ဟောဒီတာ...ဆွေမျှားကလဲ ကျုပ်ရဲ့နောင်ကြီးကိုဂရုစိုက်ပါ၊ ကဲ....သွား...ပတော့'

ဆန်ကွမ်းချီက ပြုံး၍ ကတိပေးလေ၏။

'ဂိုဏ်းချုပ်ကြီး တစ်ခုတော့စိတ်ချပါ၊ ဆရာကြီး ထန်ရှင် ...က် ကျွန်တော်တို့အသက်ပေးပြီး ကာကွယ်မှာပါ'

...ို ယန်ထုံက ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်ကာ ...ကြံပေတော့ ဟူသော သဘောမျိုးဖြင့် လက်လှုပ်ကာ ...က်ပေးလေ၏။

မြင်းသုံးစီးသည် အရှိန်အဟုန်ပြင်းစွာဖြင့် ပြေးထွက်သွ
လေတော့သည်။

ဆန်ကွမ်းချိုနှင့် တုထန်ဟိုတို့သည် ထန်ရှင်ကို အသ
ထား၍ မြင်းစီးလာကြ၏။

ဆယ့်ငါးမိုင်ခန့်ခရီးပေါက်သောအခါ တုထန်ဟိုက မြ
ပေါ်မှ လှမ်းမေး၏။

'နောင်ကြီးထန်ရှင်၊ ကျုပ်တို့ကို ရွေးခေါ်လာတဲ့ရည်ရွ
ချက်များ မသိရဘူးလားခင်ဗျာ'

ထန်ရှင်က အသံထွက်အောင်ရယ်သည်။

'ခင်ဗျားတို့နှစ်ယောက်ကို ရွေးခေါ်လာတဲ့ရည်ရွယ်ချက်
တကယ်သိချင်သလား'

'ဟုတ်ကဲ့....သိချင်ပါတယ်'

'သိပ်တော့ မဆန်းပါဘူးဗျာ၊ ခင်ဗျားတို့ နှစ်ယောက်
ရွေးမှ ကျုပ်အသက်အန္တရာယ်အတွက် လုံခြုံမှုရှိမယ်လို့ ယုံကြ
လို့ပါပဲ'

'ဟာ'

တုထန်ဟိုမှာ ဘာမှ ဆက်မပြောနိုင်ဘဲ ဖြစ်သွားရလေ



တန်ကြာမှ....

ကျုပ်တို့က နောင်ကြီးအတွက် အသက်ပေး ကာကွယ်ရ
တွက်ဆထားခဲ့ကြတာပါ၊ ဒီစကားကြားလိုက်ရတော့
ထမ်းပိုး ကာကွယ်ပေးရတော့မှာပေါ့ဗျာ'

ရှင်သည် အလွန်တရာသန်းဆန်းနေ၏။

သိုင်းသမားနှစ်ယောက်ကို သူ ကောင်းစွာယုံသည်။

နှစ်ယောက်ဖြင့် သုံးယောက်သားခရီးထွက်ခဲ့ရခြင်းမှာ
ကြုံတောင့်ကြုံခဲ အခတွေ့အကြုံပင်....

တယ်ကြောင့်ဆိုသော် ဂိုဏ်းချုပ်ကြီး အိုယန်ထုံသည်
ကိစ္စတို့မှတစ်ပါး ထန်ရှင်အား ဤမျှ လူနည်းနည်းဖြင့်
စေလွှတ်လေ့ မရှိသောကြောင့်တည်း။

ထန်ရှင်က....

ခင်ဗျားတို့ပါလာတော့ တော်ရုံတန်ရုံဘေးရန်ကို ကျုပ်က
ပူရတော့ဘူးပေါ့ဗျာ'

ကိတ်ဆိတ် ငြိမ်သက်စွာ လိုက်ပါလာခဲ့သော ဆန်ကွမ်းချို
ရုတ်တရက် ဝင်ပြောလာ၏။

ကျွန်တော်ကတော့ ကျွန်တော်တို့ကို ကွန်လုံဝမ်ကိုယ်တိုင်
အန္တရာယ်ပြုပါစေလို့ ဆုတောင်းနေပါတယ်၊ ဒီပုဂ္ဂိုလ်
တစ်ပွဲဘစ်လမ်းလောက် နွှဲလိုက်ချင်ပါသေးတယ်'

ထန်ရှင်က ရယ်၍....

'ကွန်လုံဝမ်ဟာ တစ်ခေတ်တစ်ယောက်သိုင်းသမားပဲ၊ ကို ယှဉ်ရဲတဲ့လူ ခပ်ရှားရှားပါ၊ မောင်ရင်ကတော့ တ သတ္တိခဲပါပဲ'

'ကျွန်တော် ဒီပုဂ္ဂိုလ်နဲ့ထပ်တွေ့ချင်တယ်၊ နာမည် ကြားချင်လို့တော့ မဟုတ်ပါဘူး'

'ကွန်လုံဝမ်ကိုသာ မောင်ရင်နိုင်အောင်တိုက်နိုင်ရင် မ ကြားချင်လို့လဲ မရပါဘူး'

တုထန်ဟိုက ဝင်ရောက်ထောက်ခံ၏၊

'ကွန်လုံဝမ်ရဲ့ သိုင်းပညာဟာ တကယ် ကောင်းပါ အတွင်းအားလဲ သိပ်ကောင်းတယ်၊ ဒါပေမယ့်....'

ထန်ရှင်က ရယ်၍....

'ဆုံးအောင်ပြောပါဦးလေ၊ မိတ်ဆွေကြီး'

တုထန်ဟိုက ရယ်ပြီး....

'ကျွန်တော့်ညီလေးရဲ့အစွမ်းကိုလဲ ကျွန်တော်က မထားနိုင်တော့ ကွန်လုံဝမ်ကိုကြောက်ဖို့စိတ်ကို အတော် ရဦးမယ်ဗျ'



ထန်ရှင်က ဟက်ဟက်ပက်ပက် ရယ်လေတော့၏၊

'နောင်ကြီးတုထန်ဟိုလဲ့ နောက်ပြောင်တတ်တာပဲကိုး'

ထန်ရှင်အား တုထန်ဟိုနှင့် ဆန်ကွမ်းချိတ္တိုက လေးစားရင်း သည်၊

ကဲသို့ ရင်းရင်းနှီးနှီးနေသောအခါတွင်မူ ခင်မင်သွား တော့သည်၊

ကဲသို့နေထိုင်မှုပုံစံမျိုးမှာ သိုင်းလောက၌ အလွန်တရာ းလှပေသည်၊

ကဲသို့ စကားတပြောပြောနှင့် ထွက်ခွာလာကြရာ သစ် ကြီးတစ်ခုအတွင်းသို့ ရောက်ရှိလာလေတော့သည်၊

ကိုသည် ထိုသစ်တောကြီးကို သတိဝီရိယထား၍ ဖြတ် ကြ၏၊

တောအလွန် အရှေ့တောင်ဘက်အရပ်တွင်ရေအိုင်ကြီး ကိုင်နှင့် အိုင်ကြီး၏လက်ဝဲဘက်၌ ခနိတဲ လေးငါးတဲ့ခန့် သည်၊

ထန်ရှင်က ပတ်ဝန်းကျင်တစ်ခုလုံးကိုလက်ဝှေ့ယမ်းပြပြီး....

'ဟာဒီနေရာပတ်ဝန်းကျင်တစ်ဝိုက်မှာ ဆရာကြီးကျန်စီမွန် မီးကလေး ပျောက်ဆုံးခဲ့တယ်'

ဆန်ကွမ်းချိုက လှည့်ပတ်အကဲခတ်သည်။

ထို တဲအိမ်စုနေရာနှင့် ရေအိုင်ကွက်ကွက်ဌသာ ရှင်း
ရှိသည်။

အခြားနေရာ၌ သစ်ပင်ချုံနွယ်များနှင့် ရှုပ်ထွေးနေ

ထိုစဉ် ထန်ရှင်က မြင်းပေါ်မှဆင်းလိုက်ပြီး မြင်း
ပုတ်တစ်ခုအတွင်း ဝှက်၍ ချည်နှောင်လိုက်၏။

တုဆန်ပုိနှင့် ဆန်ကွမ်းချိုလည်း မနေသာတော့
ပေါ်မှဆင်းကာ ထန်ရှင်နည်းတူ မြင်းများကို ချုံပုတ်
ဝှက်ထားလိုက်ကြရ၏။

ထန်ရှင်က....

'ဆရာကြီးကျွန်စ်မှန်ဟာ ဒီနေရာကို မရောက်ဘဲဖြ
ဘူး၊ ရောက်တော့ရောက်မှာပဲ၊ ဒါပေမယ့် မျက်စိ
ပုံရတယ်၊ ဟိုခနိုတဲ့ လေးငါးအိမ်ထိ သွားစုံစမ်းကြ

ဆန်ကွမ်းချိုက တုဆန်ပိုအား လှမ်း၍အကြံပြု

'အစ်ကိုကြီးတုထန်ပို၊ အစ်ကိုကြီးက တဲတွေရဲ့
ဘက်ကိုသွားရင် ကောင်းမယ်နဲ့ တူတယ်၊ လူစုခွဲပြီ
သဘောပေါ့၊ ဆရာကြီးထန်ရှင်နဲ့ ကျွန်တော်က ရှေ့
ဝင်မယ်'



တုထန်ပိုက ခေါင်းညိတ်၏။

'ကောင်းတယ်၊ ငါ နောက်ကဝင်မယ်၊ ညီလေးတို့ကတော့
ထုးသတိဝီရိယ ထားရမယ်နော်'

'ဟုတ်ကဲ့....စိတ်ချပါ၊ ဆရာကြီးကိုယ်တိုင်ပါနေတာပဲ'

တုထန်ပိုသည် သစ်ပင်ချုံနွယ်များအကြား တိုးဝင်ပျောက်
ကွယ်သွားလေ၏။

ထန်ရှင်သည် ယပ်တောင်ခတ်ရင်း ရှေ့မှ ဦးဆောင်ထွက်
သွား၏။

ဆန်ကွမ်းချိုက အရေးတကြီး လှမ်းတားလေ၏။

'ဆရာကြီး....ကျွန်တော် ရှေ့ကသွားပါရစေ၊ အန္တရာယ်
ရှိတာ မပြောနိုင်ဘူး'

ထန်ရှင်က ခေါင်းညိတ်သဖြင့် ဆန်ကွမ်းချိုက ရှေ့သို့တက်
သွား၏။

သို့သော် သူတို့နှစ်ယောက် လမ်းလျှောက်လာပုံမှာ အား
အားလူလူ ခရီးသွားနေသည့် ခရီးသည်ပုံစံမျိုးသာရှိ၏။

တဲအိမ်များတွေ့သဖြင့် ဝင်ရောက် စုံစမ်းသည့် ပုံစံရှိသည်။

မကြာမီ ခနိုတဲတစ်တဲ့ရှေ့သို့ ရောက်ရှိလာ၏။

ဝါးလုံးများဖြင့် ဝင်းခြံခတ်ထားသော်လည်း ခြံစည်း တံခါး မရှိပေ။

ထိုခြံဝင်းထဲသို့ ဝင်တော့မည့်ဆန်ကွမ်းချိသည် ရုတ်တ ရပ်တန့်သွားပြီး ထန်းရှင်အား လှည့်ကြည့်၏။

'ဆရာကြီး....ကျွန်တော်တို့ ဝင်ကြမလား'

ထန်းရှင်က ခေါင်းညိတ်၏။

'ဝင်ကြမယ်....မဝင်လို့လဲ ပြီးတာမှမဟုတ်တဲ'

'ဒါဖြင့် ဆရာကြီး၊ ကျွန်တော့်နောက်ကကပ်လိုက်ပါ ကျွန်တော်နဲ့ အလှမ်းဝေးနေရင် ခုခံကာကွယ်လို့ရတဲ့ ဖြ မှာစိုးရိမ်လို့ပါ'

ထန်းရှင်က ခေါင်းညိတ်ပြီး ကပ်လိုက်၏။

တဲတံခါးမှာမူ ပိတ်ထားသည်။

ဆန်ကွမ်းချိက လှမ်းအော်လိုက်လေ၏။

'အိမ်ထဲမှာ လူရှိသလားဗျို့'

'ဘယ်ကလူတွေလဲ'

အထဲမှ မိန်းမတစ်ယောက်၏အသံကြားလိုက်ရပြီး [illegible] ပွင့်သွား၏။



အဘွားအိုတစ်ဦး....

ဆံပင်များ ဖွေးဖွေးဖြူ၍နေသည်။

လက်ထဲ၌ တောင်ဝှေးတစ်ချောင်း ကိုင်ထားသည်။

'အဘွား တစ်ယောက်တည်းလား'

ဆန်ကွမ်းချိက မေးလိုက်၏။

အဘွားအိုက ဆန်ကွမ်းချိကို ပြန်၍ အကဲခတ်လိုက်သည်။ န်ကွမ်းချိ၏ အမေးကို မဖြေဘဲ သူမကပင် ထပ်ဆင့်မေးခွန်း က်သည်။

'ရိက္ခာ ပြတ်သွားလို့လား....ရေငတ်လို့လား'

အဘွားအိုရုပ်သွင်ရှိနေသော်လည်း အသံကအတော်ကလေး ကျောနေသည်ဟု ဆန်ကွမ်းချိ ရိပ်မိသည်။

ထန်းရှင်ကို လှည့်ကြည့်၏။

ထန်းရှင်က ပြုံးပြသည်။

ဤ အဘွားအိုကို မည်သို့မည်ပုံ ရင်ဆိုင်ရမည်ကို စောင့် ကြည့် အကဲခတ်နေပုံရ၏။

ဆန်ကွမ်းချိသည် အဘွားအိုကိုကျော်၍ကြည့်လိုက်ပြန်၏။

အဘွားအိုး၏နောက်ဘက်တွင် ယင်းလိပ်အချို့ကာ၍ ကြောင်း တွေ့ရသည်။

အထဲတွင် လူများ ပုန်းအောင်းမည်ဆိုက ပုန်းအောင်း ပေသည်။

အဘွားအို၏မျက်စိများကလည်း စူးစူးရှရှရှိသည်။

အဘွားအိုသည် ဆန်ကွမ်းချိုကိုလည်း အကဲခတ်သည်။

ယပ်တောင်ကို တဖျပ်ဖျပ် ခတ်လျက် အေးအေးလူ စောင့်ကြည့်နေသည့် ထန်ရှင်ကိုလည်း အကဲခတ်နေသည်။

ဆန်ကွမ်းချိုက လေသံမာမာဖြင့် ပြောလိုက်၏။

'ခင်ဗျားဟန်ဆောင်တာ သိပ်မပီပြင်ဘူး၊ ကျုပ်ကို လွယ်လွယ်ကလေးနဲ့ လှည့်စားလို့ ရမယ်ထင်ရင် ခင်ဗျား မှား လိမ့်မယ်'

အဘွားအိုက စူးရှစွာပြော၏။

'မင်း....ဘာတွေ ပြောနေတာလဲ'

'ခင်ဗျား လိမ်နေတယ်၊ ခင်ဗျား ဟန်ဆောင် နေတယ်၊ ခင်ဗျားဟာ အဘွားအိုကြီးတစ်ယောက်မဟုတ်ဘူး'



'ငါနားမလည်ဘူး၊ ငါ အဘွားအိုကြီးမဟုတ်ဘူး ဆိုရင် ဘာလဲ ကလေးလေးလား'

'ခင်ဗျားဝါးတောင်ဝှေးက ဘယ်ဆိုးလို့လဲ'

ဆန်ကွမ်းချိုသည် ဝါးတောင်ဝှေးကို ခြေထောက်ဖြင့် ခပ် ပြည်းပြည်း ကန်လိုက်၏။

'ဝုန်း'

အတွ•းကြီး ပြိုလဲကျသွားတော့သည်။

'ဟာ....'

ဆန်ကွမ်းချို၏ မျက်နှာတစ်ပြင်လုံး နီရဲသွားသည်။

သိုင်းပညာရှင် တစ်ယောက်သည် ဤသို့ လဲကျသွားမည် မဟုတ်ပေ။

သူသည် အဘွားကြီးကို ပွေ့ထူပေးရန် အလျင်အမြန်ပင် ချဉ်းကပ်သွားလေ၏။

ထိုစဉ် ထန်ရှင်၏ အရေးတကြီး အော်ဟစ်သတိပေးသံ ထွက် လာသည်။

'ဆန်ကွမ်းချို သတိထား'

ဖြစ်ပုံပျက်ပုံမှာ မြန်လွန်းသောကြောင့် ထန်ရှင်၏ အော်ဟစ် သတိပေးသံမှာ အရာမရောက်ဘဲ ဖြစ်သွားသည်။

အဘွားကြီးသည် ဆန်ကွမ်းချို၏ လက်ကောက်ဝတ်နှစ်ဖက် ကို ဖမ်းဆုပ်လျက် အကြောဖ်ကိုင်လိုက်လေ၏။

'သေသွားချင်သလား'

အဘွားအို၏ ခြိမ်းခြောက်သံက ကြောက်လန့် သွေးပျက် ဖွယ်ရာ ပေါ်ထွက်လာသည်။

ထန်ရှင်ကမူ ယပ်တောင် တဖျပ်ဖျပ်ခတ်ရင်း အေးဆေးစွာ စောင့်ကြည့်နေ၏။

ဆန်ကွမ်းချိုမှာ အဘွားအို၏ အကြောကိုင်မှုကြောင့် အထက် ပိုင်း ကိုယ်တစ်ပိုင်း လှုပ်ရှားနိုင်ဘဲ ဖြစ်သွားသည်။

သူ ဤသို့ဖြစ်ရခြင်းမှာ သိုင်းလောကအတွေ့အကြုံ နည်းပါး ခြင်းကြောင့်သာ ဖြစ်သည်။

သို့ရာတွင် ဖြစ်ပြီးချိန်၌မူ ဆန်ကွမ်းချို သွေးအေးသွား၏။

သူ မှားသွားပြီဟု သိလိုက်သဖြင့် အခွင့်အရေးကို ငြိမ်သက်စွာ စောင့်နေလိုက်သည်။

လက်ကောက်ဝတ် သွေးကြောများကို ပြန်ဖွင့်နိုင်ရန် အမြဲ အခါကို စောင့်နေလိုက်သည်။



အဘွားအိုသည် ဆန်ကွမ်းချို၏ လက်ကောက်ဝတ် တစ်ဖက် ဖမ်းကိုင်ထားပြီး ထန်ရှင်နှင့် ရင်ဆိုင်လေ၏။

'ရှင် ဝတ်စားဆင်ယင်ပုံက သိုင်းသမားတစ်ယောက်မဟုတ် ဆိုတာ ဖော်ပြနေတယ်'

ထန်ရှင်က ယပ်တောင် တဖျပ်ဖျပ်ခတ်ရင်း....

'သိုင်းသမား မဟုတ်ရင် ဘာလဲဗျာ၊ ခင်ဗျား စိတ်ကြိုက် မြင်ယူဆနိုင်ပါတယ်'

'ရှင်ဟာ စာပေသမား ထန်ရှင်ပဲ ဖြစ်ရမယ်'

'ခင်ဗျားအတွေးအခေါ် မဆိုးပါဘူး'

အဘွားအိုက ဆက်ပြော၏။

'သိုင်းလောကမှာ ကျော်ကြားနေတာက ရှင်ဟာ ရန်သူတွေ သိုင်းပညာနဲ့ အနိုင်မယူဘူး၊ အနိုင်ယူနိုင်လောက်အောင် သိုင်းပညာလဲ မတတ်ဘူး၊ ဒါပေမယ့် ရှင့်ဖြတ်ထိုးဉာဏ်ကတော့ လူကြီးတစ်ဖွဲ့လုံးကိုတောင် အနိုင်ယူနိုင်တယ်လို့ ကျော်ကြား နေတယ်'

ထန်ရှင်က ပြုံး၍ ပြော၏။

'ကောလာဟလ သတင်းကို မယုံသင့်ပါဘူး'

'ရှင့်ပုံစံက လုံးဝ မကြောက်ရွံ့တဲ့ ပုံစံပဲ'

'ကျုပ်က ငယ်ငယ်ကလေးကတည်းက ဘာကိုမှ မကြောက်ခဲ့တဲ့ကိုး၊ အခုမှ ဘာကို ကြောက်ရမှာလဲ'

'ရှင့်လူ ကျွန်မလက်ထဲ ရောက်နေပြီလေ'

'ရောက်တော့ကော ဘာဖြစ်သလဲ၊ အစောကြီးကတည်းက ခင်ဗျားတို့က ကျုပ်တို့ကို ဝိုင်းရံထားတာပဲ မဟုတ်လား'

အဘွားအိုက အံ့သြသွားသည်။

'ဪ...ရှင်က ဒါတွေလဲ သိနေတာကိုး'

'ကျုပ် နည်းနည်းပဲ သိပါတယ်'

'ရှင် ဉာဏ်ကောင်းတယ်လို့တော့ ကြားဖူးထားတယ်၊ ဒီကနေ့တော့ ရှင်ဟာ ကျွန်မလက်ထဲကလွတ်ဖို့ မလွယ်တော့ဘူး၊ ရှင် ဘယ်လောက်ဉာဏ်ကောင်းတယ်ဆိုတာ ဒီကနေ့ တွေ့ချင်ရဲ့လဲ တွေ့ရမှာပေါ့လေ'

သူမသည် နောက်ဘက်သို့လှည့်၍ အော်ဟစ်လိုက်၏။

'ဟေ့....နင်တို့ ထွက်မလာကြသေးဘူးလား၊ လာမဖမ်းကြသေးဘူးလား'

လူလေးယောက် ခုန်ထွက်လာ၏။



တစ်ယောက်သည် ဆန်ကွမ်းချီအနီးမှ ကပ်လျှောက်သည်။

ဆန်ကွမ်းချီသည် ပညာရှိထန်ရှင်အတွက်စိုးရိမ်ပူပန်လှသဖြင့် ကိုယ်လုံး ပူလောင်လာသည်။

သူ့ခြေထောက်များ အကောင်းပကတိ ရှိနေသေးသဖြင့် ကပ်လျှောက်လာသူအား ပစ်ကန်လိုက်၏။

'ဗုန်း'

'အား'

ကန်ချက် ပြင်းထန်လှသောကြောင့် ထိုလူမှာ ယင်းလိပ် ကျင်းသို့ ပြန်ရောက်သွား၏။

တစ်ချက်တည်းနှင့် အသက် ထွက်သွားသည်။

အဘွားအိုမှာ ရုတ်တရက် မင်သက် ငေးကြောင်သွားသည်။

လွှသော် ချက်ချင်းပင် ဆန်ကွမ်းချီအား အကြောပိတ်မစ် လိုက်လေ၏။

ဆန်ကွမ်းချီမှာ လုံးဝ မလှုပ်ရှားနိုင်တော့ပေ။

ထန်ရှင်သည် ဆန်ကွမ်းချီ၏ လျှင်မြန်မှုကို ချီးကျူးမိ၏။

မည်သို့ပင်ဖြစ်စေ ရန်သူသုံးယောက်သည် ထန်ရှင်အား ဖမ်းရန် ဝိုင်းရံထားကြ၏။

ထန်ရှင်က ပြုံး၍ပြောသည်၊

'ကျွန်လုဂိုဏ်းက ပညာရှိထန်ရှင်ဆိုတာ ကျုပ်ပဲ'

သူသည် ယပ်တောင်ခတ်မပျက်ဘဲ ပြောသည်၊

ရန်သူတစ်ဦးက ဝန်ခံ၏၊

'ကျုပ်တို့ ကြားဖူးထားပါတယ်ဗျ'

ထန်ရှင်သည် ဆန်ကွမ်းချီအား မသိမသာလှမ်း၍ အကဲခတ်သည်၊

ဆန်ကွမ်းချီ လုံးဝ မလှုပ်ရှားနိုင်တော့ပြီကို ရိပ်မိလိုက်သဖြင့် စတင်စကားပြောတော့သည်၊

'ခင်ဗျားတို့ ကြားဖူးရုံပဲ ကြားဖူးမှာပါ၊ မြင်ဖူးမှာတော့ မဟုတ်ဘူး'

ရန်သူတစ်ဦးက....

'ဟုတ်တယ်၊ မမြင်ဖူးဘူး'

'ကျုပ်ဟာ ထန်ရှင်ပဲ'

အဘွားအိုက ဒေါသတကြီး ဝင်အော်၏၊

'ဟေ့....ထန်ရှင်ဟာ သိုင်းပညာ လုံးဝ မတတ်ဘူး၊ ကြက်တစ်ကောင်ကို သတ်နိုင်တဲ့ စွမ်းအားတောင် မရှိဘူး၊ မင်းတို့ ဝိုင်းဖမ်းကြစမ်း၊ မြန်မြန်သတ်ပစ်လိုက်စမ်း'



ပ်နေသူ သုံးဦးသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏၊ တိုင်ပင်သလို ကြည့်ကြခြင်း ဖြစ်ပေသည်၊ နောက် တဖြည်းဖြည်း တိုးကပ်လာကြ၏၊

ထန်ရှင်က ရယ်ရင်း....

'မပ်ကြစမ်း၊ ငါ့ကို ဘယ်လိုလူစားမျိုး မှတ်နေသလဲ၊ မင်းတို့ ပညာရကောင်တွေနဲ့ ရင်ဆိုင်နိုင်စွမ်းမရှိဘူးဆိုရင် ကွန်မိနဲ့ ဘယ်လိုယှဉ်ပြိုင်နိုင်မှာလဲ'

ရန်သူသုံးယောက်မှာ အလိုလို ရပ်တန့်သွားလေ၏၊

အဘွားအိုမှာ တောင်ဝှေးကို ဆောင့်ပြီး ဒေါသတကြီး ပ်မြန်းတော့သည်၊

'သေချင်းဆိုးတွေ၊ မင်းတို့ သူ့ကို မဖမ်းဘူးလား၊ မဖမ်းရင် တို့ခေါင်းတွေကို ငါက အရင်ဖြတ်ပစ်မယ်'

'ကောင်းတယ်၊ မင်းတို့ ငါ့ကို မဖမ်းရင် ခေါင်းဖြတ်ခံရမယ် ပြောတယ်၊ သူက မင်းတို့ကို လောလောဆယ် ခေါင်းဖြတ်နိုင်ရှာမဟုတ်ဘူး၊ ငါက မင်းတို့သုံးယောက်စလုံးကို သေမယ် အခုချက်ချင်း အလည်ပို့ပစ်နိုင်တယ်၊ စောစောစီးစီး ဖျင်ရင် တက်လာခဲ့ကြ'

ထန်ရှင်က ယပ်တောင်ကိုခတ်ရင်း လှမ်းပြော၏၊

အဘွားအိုက အသံကိုမြှစ်၍ အော်၏၊

'သူပြောတာ ယုံမနေနဲ့၊ ဖမ်းစမ်း၊ ဖျစ်ညှစ်ပြီး သတ်ပစ်လိုက်စမ်း'

'ဟုတ်တယ်၊ ငေါ်ဗျားကို လက်တစ်ဖက်တည်းနဲ့ ညှစ်ပြီး သတ်ပြမယ်'

ရန်သူတစ်ဦးက အော်၍ ရှေ့သို့တိုးလာ၏၊
ထန်ရှင်က ယပ်ခတ်မပျက်ပေ၊
ရှေ့သို့တိုးလာသော ရန်သူမှာ ရုတ်ဘရက် ပက်လက်
လဲကျသွား၏၊
သူ့မျက်နှာမှာ ကြောက်မက်ဖွယ်ရာ ရှုံ့လိမ်သွား၏၊
ကျန်ရန်သူနှစ်ဦးမှာ နောက်ဆုတ်သွားကြ၏၊
သူတို့ ထိတ်လန့်သွားကြလေပြီ၊
စုန်းကဝေ အဘတ်များလောဟု တွေးနေကြသည်၊
ထန်ရှင် လှမ်းခေါ်၏၊
'မင်းတို့နှစ်ယောက်က ဘာဖြစ်လို့ နောက်ဆုတ်သွားရ
လဲ၊ ရှေ့ကို တက်လာကြလေ၊ စမ်းကြည့်ကြပါဦးလား'
ထန်ရှင် ရယ်နေသည်၊
သူ့အမူအရာမှာ ရန်သူများကို စိုးစဉ်းမျှကြောက်ရွံ့ပုံမရ
ယပ်တောင်ကလည်း ခတ်မြဲပင်၊
အဘွားအိုပင် ရုတ်တရက် မအော်နိုင်ဘဲ ဖြစ်သွား၏၊
ထန်ရှင့်မျက်နှာကို အခွသအချာ အကဲခတ်နေ၏၊
သူမ၏ လူတစ်ယောက် မည်သို့မည်ပုံ သေရသည်ကို မျှ
လည်း မခန့်မှန်းတတ်ဘဲ ဖြစ်နေသည်၊
စုန်းကဝေ အဘတ်ပင်လော၊
သူမလည်း ဤသို့ပင် တွေးနေလေ၏၊

✿

အခန်း (၁၁၁)

အတိတ်၏ လျှို့ဝှက်ချက်တစ်ခု

'ဒီလူဟာ ကျော်ကြားတဲ့အတိုင်းကို စွမ်းတာပဲကိုး'
အဘွားအိုသည် ထိုစကားများကို စိတ်ထဲမှသာ ပြောသည်၊
တ်များကမူ....
'မဟာ ကောင်တွေဘာဖြစ်လို့နောက်ဆုတ်နေကြတာလဲ၊သတိ
ပြီး ချဉ်းကပ်ပါလား၊ နောက်မဆုတ်ကြနဲ့၊ ရှေ့တက်ကြ'
ထန်ရှင်က ဟားဟားတားရယ်သည်၊
သူ့အမူအရာက အလွန် ရဲရင့်လှသည်၊
ဤရန်သူများကို လုံးဝ ထီမထင်သည့် သဘောမျိုး ရှိပေ
သည်၊

'ဟား...ဟား...ဟား၊ မကြောက်တဲ့သူ ရှေ့တက်
ယပ်တောင်ကို ဝှေ့ယမ်းရင်း' ပြောလိုက်ရာ ဝ
တစ်ဦး ဗုန်းနဲ့ လဲကျသွားပြန်သည်။
နောက်တစ်ဦး အရဲကိုး၍ ဝင်လာရာ ထိုသူလည်း
ပြန်သည်။
သွားပြီ။
သုံးယောက်မှာ ထန်ရှင်၏ ထက်ချက်ဖြင့် လဲကျ
လေးယောက်မြေးထွက်လာခဲ့ရာ တစ်ယောက်မှာ ဆ
ချီ၏ လက်ချက်ဖြင့် ဆော့ဆော့စီးစီး လဲကျသွားပြီးခဲ့လေ
ထန်ရှင်က အဘွားအိုကို ပြုံး၍ပြော၏။
'ခင်ဗျားလူတွေ ပုန်းနေကြသေးသလား မဟုတ်လား၊
လို့ ပုန်းခိုင်းနေသလဲ၊ ထွက်ခိုင်းစမ်းပါ'
အဘွားအိုမှာ ကြောက်စိတ်ဝင်လာသည်။
အဘယ်မှာလျှင် ကြောက်တဲ့နေအုံနည်း။
ထန်ရှင်သည် ပွဲခင်းအတွင်း ဝင်လာသူ တစ်ဦးမျှမ
တောင် တဖျပ်ဖျပ်ခတ်ရင်း စိန်ခေါ်နေသော်ကြောင့်ပေ
သို့သော် ဟန်ကိုယ်ဖို့ မာန်သူ့ဖို့ ဆိုသည့်စကားကို
အို နှလုံးသွင်းထားဟန်တူသည်။
ထန်ရှင်ကိုစိတ်ထဲမှကြောက်နေသော်လည်း လုံးဝကြော
ဟန်မပြပေ။
'သိပ်ပြီးလဲ ကိုယ့်ကိုယ်ကို အထင်ကြီးမနေနဲ့၊ ဒီနေရာက
အသက်ရှင်လျက် ထွက်သွားနိုင်မယ် ထင်နေသလား၊ စိတ်
ရှင် ဘယ်တော့မှ မလွတ်ဘူး'



န်ရှင်က ပြုံးလျက်ပြောသည်။
ကျွန်လုံဂမ်ကတော့ ကျုပ် ကျိန်းသေလာမယ်ဆိုတာ တွက်
ပဲ၊ သူ့ မျှော်လင့်ချက် ပျက်မသွားစေချင်လို့ ကျုပ် လာ
ခဲ့လေ၊ သူ စိတ်ဓာတ်ကျသွားတာမျိုး ကျုပ်မမြင်ချင်ဘူး'
....ကိုယ့်သေတွင်း ကိုယ်တူးဖို့ လာတာပဲ'
ဆိုရင် ခင်ဗျား ရှေ့ကိုတိုးခဲ့စမ်းပါ'
ရှင်သည် ယပ်တောင်ကို တဖျပ်ဖျပ်ခတ်ရင်း ရှေ့သို့
းချင်း တိုးလာရာ အဘွားအိုမှာ တပြည်းပြည်း နောက်
ားလေသည်။
ရှင်က ပြုံး၍မေးသည်။
ဗျား ဘာဖြစ်လို့ နောက်ဆုတ်နေတာလဲ၊ ကျုပ်ကို
ယ်လို့ ခင်ဗျားပဲ ခြိမ်းခြောက်ခဲ့တာမဟုတ်လား၊ ရပ်
လ'
ဘွားအိုသည် ထန်ရှင် ပြုံး၍တိုးလာလေလေ ကြောက်၍
လာ၏။
က်ဆုံး သူ့ကိုယ်သူ ထိန်းသိမ်းနိုင်တော့တဲ့ အိမ်နောက်
မြေ ဝင်သွားလေတော့၏။
ရှင်ကား ရယ်၍ကျန်ရစ်ခဲ့သည်။
အိမ်ကလေးတစ်ခုလုံး လုံးဝ တိတ်ဆိတ် ငြိမ်သက်သွား

ရှင်သည် အတန်ကြာကြာ ငြိမ်သက်စွာ စောင့်ဆိုင်း

ကွင်းခန်းထဲမှ မည်သူမျှ ထွက်မလာကြတော့ပေ။

သူသည် ယပ်တောင်ကို ဖြည်းညင်းစွာခတ်ရင်း ဆန်[illegible] အနီးသို့ လျှောက်လာ၏။

'မောင်ရင်....ဘယ်လိုနေသလဲ'

ဆန်ကွမ်းချီမှာ စကားမပြောနိုင်ပေ။

မျက်လုံးများဖြင့်သာ သူ မလှုပ်ရှားနိုင်ကြောင်း အယောင်ပြရ၏။

ထန်ရှင်ကဲ့သို့ ပညာရှိတစ်ဦးအဖို့ ဆန်ကွမ်းချီ၏ မျက်[illegible] ကြည့်ရုံမျှဖြင့်ပင် အဓိပ္ပာယ်သိပြီး ဖြစ်သည်။

ထန်ရှင် သိုင်းပညာမတတ်သဖြင့် မည်သို့ အကြော[illegible] ရမည်ကို သူ မသိပေ။

ထို့ကြောင့် ယပ်တောင် ခတ်ရင်းဖြင့် အရိပ်အ[illegible] စောင့်ကြည့်ရတော့သည်။

ဆန်ကွမ်းချီမှာ ပညာရှိထန်ရှင်၏ အောင်မြင်မှုကို [illegible] ကျေနပ်ဝမ်းမြောက်နေ၏။

အကယ်၍ ထန်ရှင်သာ အဘွားအို၏လက်ချက်ဖြင့် [illegible] အသေခံရလျှင် ဆန်ကွမ်းချီအဖို့ သူ့ကိုယ်သူ အပြစ်[illegible] တော့မည် မဟုတ်ပေ။

ယခုမူ ထန်ရှင်သည် ရန်သူကို ထိတ်လန့်ကြောက်[illegible] ပြေးသွားစေခြင်းဖြင့် သူ့အသက်နှင့် မိမိအသက်ကိုပါ[illegible] တင်လိုက်ကြောင်း ဆန်ကွမ်းချီ သိလိုက်သည်။

မိမိကိုယ်၌ ပိတ်နေသည့်အကြောများ ပြေစေရန် [illegible] သည်မဟုတ်ပါ။



မိမိ၏အတွင်းအားများကို တဖြည်းဖြည်း စုစည်းခြင်းဖြင့် [illegible]ိတ်နေသော အကြောများကို ပွင့်သွားစေနိုင်သည်။

သို့သော် အချိန်တော့ အနည်းငယ် ယူရပေမည်။

ထိုအတွက် ထန်ရှင်အား စိတ်မပူရန် မျက်လုံးဖြင့် အချက် [illegible]လိုက်ခြင်း ဖြစ်သည်။

ပညာရှိထန်ရှင်ကလည်း သူမတတ်နိုင်သည့်ကိစ္စကို ဆန္ဒစော [illegible] တောင်လုပ်မြောက်လုပ် မလုပ်ပေ။

စိတ်အေးလက်အေးသာ စောင့်ကြည့်နေသည်။

လူ့အနေဖြင့် တွေးပူနေရသည့် အချက်မှာ ဆန်ကွမ်းချီ၏ [illegible]ကြောများ ပွင့်မလာမီ ကျန်လုံဝမ် ရောက်ရှိလာမည့် အချက် [illegible]လာတည်း။

ထန်ရှင်သည် တဲနံရံတွင်မှီ၍ အနားယူနေသည်။

အိပ်စက်၍မဖြစ်နိုင်ကြောင်းကို သူသိသည်။

ရန်သူ၏ တဲအိမ်အတွင်း မိမိအား ကာကွယ်စောင့်ရှောက် [illegible]ည့်သူမရှိဘဲ အိပ်သူလောက် မိုက်မဲသူသည် ဤလောက၌ ရှိ [illegible]ည်မဟုတ်ကြောင်း ထန်ရှင် သိသည်။

တဲအိမ်ထဲ၌ လဲကျနေသော ရန်သူများ၏ ခန္ဓာကိုယ်ကြီး [illegible]လေးခုကို ကသိုဏ်းရှုကာ ထန်ရှင် အနားယူတော့သည်။

တဲအိမ်ကလေးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေတော့သည်။

ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ ဆန်ကွမ်းချီထံမှ [illegible]ောင်းခနဲ သက်ပြင်းချသံကြီးကို ကြားလိုက်ရသည်။

ထန်ရှင်က ပြုံး၍ မေးလေ၏။

'မောင်ရင်....သွေးကြောတွေ ပွင့်သွားပြီလား'

ဆန်ကွမ်းချီသည် ခြေလက်များဆန့်ပြီး ထထိုင်သည်။

'တော်သေးတာပေါ့ ဆရာကြီးရာ၊ ကျွန်တော် သွေးကြော ပိတ်ခံနေရတုန်း ရန်သူတွေ ထပ်မရောက်လာလို့ပေါ့'

'ရန်သူက လောလောဆယ် မရောက်သေးပေမယ့် မကြာ ခင်တော့ ရောက်လာမှာပါ၊ မောင်ရင် ထသွားနိုင်တာ ကျွန်ုပ် အတွက် အကောင်းဆုံးပါပဲ'

'ဟုတ်ကဲ့...ကျွန်တော်သိ ပေါ့...ားမိဘယ်၊ အစ်ကိုကြီး တုထန်ဟိုဆိုရင် ကျွန်တော့်လို မခံရပါဘူး၊ ကျွန်တော်ကတော့ ညံ့တို့ညံ့ပါတယ်'

'သင်ခန်းစာ ယူပေါ့လေ၊ တစ်ကြိမ် ခံရပြီးတဲ့ နောက်မှ နောက်တစ်ကြိမ်မခံရသင့်ဘူး၊ စကားပုံတစ်ခုတောင် ရှိသေး တယ်မဟုတ်လား၊ မြွေပေါင်ချောက်ထဲ အမိခံရဖူးတဲ့ ငပုလွေဟာ နောက်ထပ် ဘယ်တော့မှ မြွေပေါင်ချောက်ထဲ အမိမခံရဘူးဆို စကားလေ၊ တို့ရှေ့ခရီးတောင် သင်ခန်းစာယူတတ်သေးရင် ပု က ဘာဖြစ်လို့ သင်ခန်းစာမယူတတ်ရမှာလဲ'

ဆန်ကွမ်းချီ မတ်တတ်ထရပ်ပြီး ပတ်ဝန်းကျင်ကို လှည့်ကြည့် လိုက်၏။

'ဆရာကြီး အတွင်းဘက်ကို ကျွန်တော်ဝင်ပြီး စစ်ဆေး ကြည့်ရမလား'

ထန်ရှင် ခေါင်းခါသည်။

'မဝင်နဲ့တော့ ဘယ်သူမှမရှိဘူး၊ ဒါပေမယ့် သူတို့ မကြာ ခင် လာမှာပါ'

'ကျွန်တော်တို့ ဒီကပဲစောင့်မှာလား'



'စောင့်ရမှာပေါ့၊ ဆရာကြီးကျွန်ုစီမွန်ခဲ့ သမီးကလေးကိစ္စ ဟာမှ အဖြူအမည်း သဲကွဲဘာမှ မဟုတ်သေးတာတဲ့'

ဆန်ကွမ်းချီးက ခေါင်းညိတ်ပြီး....

'ဒီလိုဆိုရင် ဆရာကြီး အနားယူပါ၊ ကျွန်တော် ဆရာကြီး စောင့်နေပါမယ်'

ထန်ရှင်က ရယ်ပြီး....

'ကိစ္စမရှိဘူး၊ သူတို့ မကြာခင်ရောက်လာကြမှာပါ၊ မျက်စိ ပြီး စောင့်ကြည့်ကြတာပေါ့'

ထန်ရှင်၏ စကားမဆုံးမီ ဖဲအိမ်ကလေးမှာ သိမ့်ခနဲ တုန် သွားတော့၏။

ထန်ရှင်က 'လာကြပြီ'ဟူသော သဘောမျိုးဖြင့် ဆန်ကွမ်း အား ပြုံးပြသည်။

ဆန်ကွမ်းချီမှာ တဲအနောက်ဘက်သို့ မျက် တောင်မခတ် စောင့်ကြည့်မိတော့သည်။

'အား...တဲကလေး တုန်လှုပ်ပုံကို ထောက်ရင်တော့ အခု ရောက်လာတဲ့ သိုင်းသမားတွေဟာ သိပ်ပြီး အဆင့်မမြင့်ပါဘူး၊ ကျုံလုံသွမ်နဲ့ သူ့ရဲ့ဝါစဉ်ကြီး သိုင်းသမားတွေ မဖြစ်နိုင်ဘူး'

ဆန်ကွမ်းချီ၏အတွေး မှန်ကန်ပါသည်။

တဲပေါ်သို့ တက်လာသူများမှာ ရောင်စုံဝတ်စုံအမျိုးမျိုးဝတ် ဆင်ထားသည့် မိန်းကလေးများ ဖြစ်နေသောကြောင့်တည်း။

ထိုသိုင်းဝတ်စုံများမှာ ဝိသာခချ်သော်လည်း တကယ့်အရေး အကြောင်းတွင် ကာယကံရှင်အား ပြန်လည်ဖုကွယ်ပေးတတ်သည့် ဝတ်စုံများ ဖြစ်သည်။

ထိုမိန်းကလေးများသည် ဓားကိုယ်စီ ချိတ်ဆွဲထားသော်လည်း ရန်မူမည့် အမူအရာမျိုး မရှိပေ။

သူတို့သည် ဆန်ကွမ်းချိုအား တစ်ချက်မျှ အကဲခတ်ပြီး ထန်ရှင်နှင့် မျက်နှာမူ ရင်ဆိုင်ကြ၏။

'ဆရာကြီးထန်ရှင် မှတ်ပါတယ်'

ထန်ရှင်က ခေါင်းညိတ်၏။

'ဟုတ်တယ်၊ ကျုပ် ထန်ရှင်ပဲ'

'ဆရာကြီး၊ ကျွန်မတို့ရဲ့ ဂိုဏ်းချုပ်ကတော်ကြီး ရောက်မှိုပါလိမ့်မယ်၊ ခေတ္တခဏ စောင့်ပါလို့ တောင်းပန်ပါတယ်'

ထန်ရှင်က ခေါင်းညိတ်သည်။

'စောင့်ရတာပေါ့လေ၊ ဝန်မလေးပါဘူး'

ဆန်ကွမ်းချိုက ဝင်မေးသည်။

'မင်းတို့ဂိုဏ်းချုပ်ကတော်ကြီးက ဘယ်အချိန်လာမှာလဲ'

မိန်းကလေးတစ်ဦးက....

'သိပ်မကြာပါဘူးရှင်၊ အလွန်ဆုံး တစ်နာရီလောက်ပါပဲ'

ထန်ရှင်က ရယ်ရင်း....

'ဟာ....ဒီလိုဆိုရင် ကျုပ်တို့ တစ်နာရီလောက် ကောင်းကောင်း အနားယူနိုင်သေးတာပေါ့'

ထန်ရှင်သည် ဆန်ကွမ်းချိုနှင့် မလှမ်းမကမ်းနေရာတွင် သွားထိုင်ပြီး မှိန်းနေတော့၏။

အမှန်စင်စစ် ထန်ရှင်မှာ အလွန်တရာပင်ပန်းနေသဖြင့် နာရီဝက် တစ်နာရီမျှ နားခွင့်ကြုံသည်နှင့် သူကိုယ်တိုင် လိုလိုချင်ချင် နားမိသည်သာ ဖြစ်၏။



ယခု ဆန်ကွမ်းချိုရှိနေသဖြင့် ထန်ရှင်သည် စိတ်အေးချမ်းသာ အနားယူတော့သည်။

ဆန်ကွမ်းချိုကမူ ကိုယ်ဖော့လျှောက်လာပြီး ထန်ရှင်၏ဘေး၌ ရပ်နေလိုက်သည်။

သူ့ရှေ့ရှိ မိန်းကလေးများမှာ မှုလောက်သူများ မဟုတ်ကြောင်း သိနေသဖြင့် သူလည်း မျက်စိမှိတ်၍ အနားယူသည်။

သို့သော် နားကမူ အမြဲထောင်၍ စွင့်ထားလေ၏။

မိန်းကလေးများသည် မျက်စိများမှိတ်လျက် အနားယူနေသော လူထူးလူဆန်း နှစ်ယောက်ကိုကြည့်၍ အံ့သြနေကြ၏။

'တကယ့်လူတွေပဲ၊ ရန်သူရဲ့ တဲထဲလာပြီး အနားယူနေလိုက်ကြတာ၊ သူတို့မို့ ဒီလိုနေရဲတယ်'

မိန်းကလေးတစ်ဦး၏ တီးတိုးပြောသံကို ဆန်ကွမ်းချိုကြားလိုက်၏။

တစ်နာရီခန့်ကြာသောအခါ တဲကလေး သိမ့်ခနဲ သိမ့်ခနဲ ဖြစ်သွားပြန်သည်။

ဆန်ကွမ်းချို မျက်စိဖွင့်ကြည့်လိုက်သောအခါ ဓားကိုယ်စီ သိုင်းလွယ်ထားသည့် အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးငါးဦးကို ထပ်မံတွေ့ရပြန်သည်။

'ရှမ်း'

ဆန်ကွမ်းချိုသည် ကျောဌ် လွယ်ထားသည့် ဓားရှည်ကို ရှမ်းခနဲ ဆွဲထုတ်လိုက်၏။

စကား မပြောသော်လည်း သူသည် မိန်းကလေးများကို မမှိတ်မသုန် စောင့်ကြည့်နေမိသည်။

ထိုစဉ် ဆန်ကွမ်းချိစိတ်ထဲ၌ တုထန်ဟိုကို ရုတ်တရက် သတိရလာ၏။

တဲများ၏ အနောက်ဘက်မှ ကွေ့ပတ်ဝင်ရန် တုထန်ဟို ထွက်သွားခဲ့၏။

သို့သော် ယခုတိုင် တုထန်ဟို ရောက်ရှိမလာခဲ့ပေ။

တုထန်ဟိုအစားရန်သူများသာတစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြသည်။

သူသည် မိန်းကလေးများအား တုထန်ဟိုနှင့် ပတ်သက်ပြီး မေးရန် ကြံမိသည်။

သို့သော် ထိုအကြံကို ချက်ချင်း မယ်ဖျက်မိ၏။

ရန်သူက်မေး၍ မည်သို့မျှ အကျိုးထူးလိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် နှုတ်ဆိတ်နေလိုက်၏။

မကြာမီ ထန်ရှင် မျက်လုံးပွင့်လာ၏။

သူသည် အချိန်အနည်းငယ် အနားယူလိုက်ရသဖြင့် အတော်ကလေး လန်းလန်းဆန်းဆန်း ဖြစ်သွားသည်။

'ဆန်ကွမ်းချို….ကျုပ်နိုးလာပါပြီ'

'ဟုတ်ကဲ့၊ ဆရာကြီးကို ဒီမိန်းကလေးတွေ အနှောင့်အယှက် မပေးနိုင်အောင် ကျွန်တော် စောင့်နေပါမယ်'

'သူတို့ကို ဂရုမစိုက်ပါနဲ့'

'ပေါ့ဆလို့ မဖြစ်ဘူးလေ၊ စောစောက ကျွန်တော် တစ်ခါ ခံသွားရပြီးပြီ'

ထန်ရှင်က ခေါင်းညိတ်၏။



'အင်း….မဆိုးပါဘူး၊ ဒါပေမယ့် သူတို့က ကျုပ်တို့ကို ရန်ပြုမယ် မထင်ဘူး'

'ဟုတ်ကဲ့…ပြုမယ်မထင်ပါဘူး တစ်ခုသေချာတာက သူတို့ သိုင်းပညာ သိပ်မကောင်းကြတာဘဲ၊ သူတို့ ဘယ်မှာ ရန်ပြုံ ရှိတော့မလဲ'

ထိုစဉ် တဲနောက်ဘက်မှ အော်သံတစ်သံ ထွက်ပေါ်လာ၏။

'သခင်မ ကြွလာပြီ'

တဲထဲရှိ သိုင်းဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးအားလုံး ဒူးထောက်ထိုင်ချလိုက်ကြလေ၏။

မားများကိုလည်း အောက်သို့ စိုက်ထားလိုက်သည်။

ထန်ရှင်က ဆန်ကွမ်းချိအား တီးတိုးပြောသည်။

'မောင်ရင်….မလိုအပ်ဘဲနဲ့ ဓားကိုဆွဲမထုတ်နဲ့၊ အခြေအနေကို စောင့်ကြည့်ပါ'

ဆန်ကွမ်းချိက ခေါင်းညိတ်ပြ၏။

'စိတ်ချပါ ဆရာကြီး၊ ဆရာကြီး အမိန့်မပေးရင် ကျွန်တော် ဘာမှ မလုပ်ပါဘူး'

ဆန်ကွမ်းချိသည် ဓားကို ဓားအိမ်ထဲ ပြန်ထည့်လိုက်၏။

ထန်ရှင်က ပြုံး၍ပြောသည်။

'အမိန့်တော့ မဟုတ်ပါဘူး မောင်ရင်'

ဆန်ကွမ်းချိက ပြုံး၍ ခေါင်းညိတ်ပြလိုက်ရသည်။

ထိုစဉ် တဲထဲသို့ အမျိုးသမီးတစ်ဦး ဝင်လာ၏၊

မျက်နှာ၌ ဇာပဝါအနက်တစ်ထည် လွှမ်းခြုံထားသည်၊

သူမသည် ဒူးထောက်ထိုင်ပြီး အရိုအသေပေးနေကြသော မိန်းကလေးများအား လုံးဝဂရုမစိုက်ပေ၊

ထန်ရှင်နှင့်ဆန်းကွမ်းချီတို့ရှိရာသို့ တည့်တည့်ဖတ်မတ်လျှောက်လာသည်၊

'ရှင်တို့နှစ်ယောက်ထဲက ပညာရှိ ထန်ရှင်ဆိုတာ ယော ပုဂ္ဂိုလ်ပဲ ဖြစ်ရမယ်'

သူမသည် ယပ်တောင်ခတ်၍ရပ်ကြည့်နေသည့် ထန်ရှင်အား လက်ညှိုးညွှန်၍ ပြောလိုက်၏၊

ထန်ရှင်က....

'ဟုတ်တယ်၊ ကျုပ် ထန်ရှင်ပဲ'

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ မျက်မှော ခေတ် သိုင်းလောကမှာ ရှင့်လောက် ဉာဏ်ပညာကြီးတဲ့ တစ်ယောက်မှ မရှိဘူးလို့ ပြောကြတယ်'

'ကောလာဟလသတင်းဆိုတာ ဒီလိုပါပဲ၊ နည်းနည်း ပြန့်ကားတတ်ပါတယ်၊ ပြောသလောက်လဲ မဟုတ်ပါဘူး'

ထိုအမျိုးသမီးသည် သူ၏ဇာပဝါကို ဦးခေါင်းပေါ် တင်လိုက်၏၊

'ကျွန်မကို ကြည့်စမ်းပါ'

ထန်ရှင်က နားမလည်သည့် အကြည့်ဖြစ်၏၊

'ဘာလဲ....'



'ကျွန်မကိုကြည့်စမ်းပါ၊ကျွန်မဘယ်သူလဲ၊ ရှင်မှတ်မိရဲ့လား'

အမျိုးသမီးကြီးသည် အသက် လေးဆယ်ကျော် ငါးဆယ် ပါး ရှိသည်၊

သို့သော် ရုပ်ရည်က နုနယ်ပြီး အရွယ်တင်လှ၏၊

ထန်ရှင်သည် မလှုပ်မယှက် ခေါင်းကုတ် စဉ်းစားမိလေ၏၊

'သည်းခံပါဗျာ၊ ကျုပ်တော့ ခင်ဗျားကို တစ်ခါမှ မမြင်ဖူး လို့ ထင်တာပဲ'

'ရှင် တကယ် စဉ်းစားလို့ မရဘူးလား'

'ဟုတ်တယ်၊ စဉ်းစားလို့ မရပါဘူး'

'ထပ်စဉ်းစားပါဦး'

'ကောင်းပြီ'

ထန်ရှင်သည် မျက်မှောင်ကြုတ်၍ စဉ်းစားပြန်၏၊

သို့သော် သူ စဉ်းစား၍မရပေ၊

'ကျုပ် လုံးဝစဉ်းစားလို့မရဘူး၊ ခင်ဗျားကို ကျုပ်မတွေ့ဖူး ဖူးတာ သေချာပြီ'

အမျိုးသမီးကြီးက ခေါင်းညိတ်၏၊

'ရှင် ဒီလောက် တိတိကျကျ ပြောမှတော့ ကျွန်မကို မတွေ့ တာ သေချာပြီပေါ့'

သူမက ခပ်အေးအေး ပြော၏၊

'ဒီနေရာလေးဟာ ကျွန်မတို့ရဲ့ လျှို့ဝှက်စခန်းလေးပဲ၊ ရှင်တို့ ကိုအနံ့ရပြီး ရှာလာနိုင်တယ်ဆိုတာတော့ ကျွန်မလဲ မသိ ကျွန်မယောက်ျား ကွန်လုံဝမ်ဟာ ရှင့်ကို ဉာဏ်ရည်ချင်း နိုင်မယ် မထင်တော့ဘူး'

'ဪ်....ခင်ဗျားက ကွန်ကာတော်ကြီးပဲကိုး'

'ဟုတ်ပါတယ်၊ ကွန်လုံဝမ်ရဲ့ ဇနီးဖြစ်တဲ့ ကွန်ကတော်ပါရှင်'

'ကျုပ် ဘာအကူအညီ ပေးရမလဲ'

'ကျွန်မ မေးချင်တာလေးတွေ ရှိပါတယ်၊ သိရင် ဖြေ ချင်တယ်'

'မေးပါ၊ ကျုပ်သိတာဆို ဖြေဖို့အသင့်ပါပဲ'

'ကျွန်မယောကျ်ားနဲ့ ဘာဖြစ်လို့ ရန်ဘက်ပြိုင်ရဘာလဲ'

'သူဟာ သိုင်းလောကရဲ့ရန်သူပဲ၊ သူဟာ မမှန်သောဘာ လက်ကိုင်ထားတယ်၊ အောက်လမ်းဂိုဏ်းကို တည်ထောင် ဂိုဏ်းချုပ်ဖြစ်ခဲ့တယ်၊ သူနဲ့ ကျုပ်နဲ့ ဘာ်စခေတ်တည်းမှာ အသက်ရှင်နေဖို့ မဖြစ်ဘူး'

အမျိုးသမီးကြီးက သက်ပြင်းချသည်။

ထန်ရှင်က ထပ်ပြော၏။

နောက် ဘာသိချင်သေးသလဲ'

'မျက်ခမှာက်ခေတ် သိုင်းလောကကြီး ပျက်စီးသွားမှာ ကျွန်မ မသိုသားဘူး၊ ကျွန်မ တားဆီးချင်တယ်'

'ခင်ဗျားဟာ ကွန်ကတော်ပဲ၊ ခင်ဗျား တားဆီးနိုင်ပါလိမ့် မယ်'

'ကျွန်မဟာ သူ့ဇနီးဖြစ်ပေမယ့် သူ့ကို မတားမြစ်နိုင်ဘူး'

'ဖြည်းဖြည်းချင်း ချိုချိုသာသာ ပြောပါ'



'သိုင်းလောကကို လွှမ်းမိုးချင်တဲ့ သူ့ ရည်ရွယ်ချက်ကြီး ပျောက်သွားရင် သိုင်းလောကကြီး မပျက်စီးနိုင်တော့ပါဘူး'

အမျိုးသမီးကြီးသည် ဇာပဝါကို ပြန်ချလိုက်၏။

သူမ၏မျက်နှာကို ထင်ရှားစွာ မမြင်နိုင်တော့ပေ။

'ရှင်ဟာ ကွန်လုံဝမ်နဲ့ တစ်ဆရာတည်း တပည့်တွေပဲ၊ သူ့ အကြောင်း ရှင်က ပိုသိမှာပေါ့၊ သူဟာ သူတစ်ပါးပြောတာကို လိုက်လုပ်တဲ့လူမျိုး မဟုတ်ဘူး'

ထန်ရှင်သည် သူ့မျက်နှာပေါ်၌ အံ့ဩသည့်လက္ခဏာ ပေါ် သွားအောင် ထိန်းချုပ်လိုက်ရသည်။

'ကွန်လုံဝမ်နဲ့ ငါ တစ်ဆရာတည်းတပည့် ဖြစ်တယ်ဆိုတာ ဘယ်လိုသိနေသလဲ၊ ကွန်လုံဝမ်ကများ ပြောပြထားသလား၊ ရှင်းလေ....ဇနီးဆိုတော့လဲ ပြောချင် ပြောမှာပေါ့လေ'

ထန်ရှင်သည် ထုတ်မေးမည် ကြံပြီးမှ ထုတ်မမေးတော့ဘဲ ငြိမ်နေလိုက်သည်။

ထိုအမျိုးသမီးကြီးက....

'မနက်ဖြန် ဘာနေ့လဲ၊ ရှင်သိရဲ့လား'

ထန်ရှင် ထိတ်လန့်သွားလေ၏။ အဘယ်ကြောင့် ဆိုသော် ရက်ကို သူ မည်သည့်အခါကမျှ မေ့လျော့ခြင်း မရှိခဲ့သော ကြောင့်တည်း။

'ဘယ်လိုလဲ၊ နက်ဖြန်ခါ ဘာနေ့လဲဆိုတာ သိရဲ့လား'

အမျိုးသမီးကြီးမှာ ထပ်မေးလေ၏။

ထန်ရှင်က....

'ကျုပ်ဖခင်ဆရာကြီး သေဆုံးတဲ့ နှစ်ပတ်လည် နေ့ပေါ့။ ခင်ဗျားက ဘာဖြစ်လို့ ဒီနေ့ကို သိနေရတာလဲ'

အမျိုးသမီးကြီး၏ ပါးပြင်ပေါ်သို့ မျက်ရည်များ စီး လာ၏။

'အစ်ကိုသေး...အစ်ကိုလေးနဲ့ ကျုန်မနဲ့ တွေ့ဖြစ်အောင် ကြသေးတယ်နော်၊ အစ်ကိုလေးကို ဒီတစ်သက်မှာ အကြောင်း မရှိတော့ဘူးလို့ ညီမလေး ထင်ခဲ့မိပါတယ်'

ထန်ရှင်သည် သူမ၏ စကားကြောင့် တစ်ကိုယ်လုံး သွား၏။ ချွေးစေးများ ထွက်လာသည်။

'ကွန်ကတော်....ကွန်ကတော်ရဲ့ စကားက ဘာအဓိပ္ပ များလဲ၊ ကျုပ်တော့ မစဉ်းစားတတ်တော့ပါဘူးဗျာ'

ကွန်ကတော်သည် မျက်ရည်များကို သုတ်လိုက်၏။

'ဪ....ကျွန်မ သေသွားရင် ရှင်နဲ့ ဒီတစ်သက် တွေ့နိုင် မလွယ်တော့ဘူးလို့ ပြောတာပါ'

ကွန်ကတော်သည် တစ်စုံတစ်ရာ ထိန်ချုန်ထားပြီဖြစ်ကြော ဘေးမှ နားထောင်နေသည့် ဆန်ကွမ်းချိပင် သိလိုက်သည်။

သူမက ဆက်ပြော၏။

'ရှင်ဟာ ကျန်းမာရေး သိပ်မကောင်းတော့ဘူး၊ ကွန်လုံ ကိုယ့်ဥ်ပြိုင်ချင်ရင် ကျန်းမာရေးကောင်းကောင်း၊ ဉာဏ်ကော



ဒ်ုပြိုင်မှ နိုင်လိမ့်မယ်၊ အဲဒီ ကိုယ့်ကျန်းမာရေးကို ပြန် င်းအောင် မလုပ်နိုင်ဘူးဆိုရင် ရှင့်လိုလူမျိုးတစ်ယောက်ကို ရှာထားရမယ်၊ ရှင့်ပညာ အမွေခံလူကတော့ ကွန်လုံဝမ် ကောင်းကောင်းယှဉ်နိုင်လိမ့်မယ်'

ထန်ရှင်သည် သူ့ပျော့ကွက်ကို ထောက်ပြခံနေရသဖြင့် ငိုင် ားထောင်နေမိသည်။

အမျိုးသမီးကြီး၏အသံက ဆက်၍ ထွက်ပေါ်လာနေသည်။

'လူစားရှာရင်လဲ အခုပဲ ရှာထားရမယ်၊ အရေးကြုံတော့မှ ရှာရင် ဘယ်နည်းနဲ့မှ ရုတ်တရက် ရှာတွေ့လို့ ရနိုင်မှာ က်ဘူး'

ထန်ရှင် တွေနေသည်။

'သူက ငါ့ကိုဗေဒင်ဟောသလိုဟောနေတာပဲ၊ငါ့အကြောင်း တ်သိပုံရတယ်၊ အခုနေ ဆရာကြီးကျန်စိမ့်နှင့်ရဲ့သမီးကလေး ကြောင်း မေးထားမှ ဖြစ်မယ်၊ ငါတို့လာတဲ့ အဓိကအချက် ပျောက်သွားလို့ မဖြစ်ဘူး'

ထန်ရှင်က....

'ကွန်ကတော်၊ ဆရာကြီးကျန်စိမ့်နှင့်ရဲ့ သမီးကလေး နေထိုင် င်းရဲ့လား'

ကွန်ကတော်က ပြုံးလိုက်၏။

'ဟိုရောဂါသည် မိန်းကလေးကို မေးတာလား'

'ဟုတ်ပါတယ်၊ သေမလောက်ကို ရောဂါ သည်း
ကလေးမကလေးကို မေးတာပါ'

'ဒီမိန်းကလေးက သေမလောက် ဖြစ်နေပေမယ့် သူ
ကတော့ ကြောက်စရာပဲ၊ သိုင်းလောကထဲမှာ လက်ချိုးရေ
လို့ရတဲ့ ပုဂ္ဂိုလ်ကြီး ကျန်စီမွန်ပဲ မဟုတ်လား'

'ဟုတ်ပါတယ်၊ အဲဒီကလေးမကလေးကို ကျုပ်လက်ထဲ
အပ်ပါလား'

အမျိုးသမီးကြီးသည် ခေတ္တမျှ စဉ်းစား၏။

'ကောင်းပြီ၊ သူ့ဖခင်ကြီးနဲ့ပြန်တွေ့အောင် ကျွန်မပေး
ပါ့မယ်၊ အဖေနဲ့သမီးတွေရော ဘယ်ချမ်းသာမှာပေါ့လေ'

ထန့်ရွှင်က ကျေးဇူးတင်စွာဖြင့် ဂါရဝပြု၏၊ သူ့ လ
ကိစ္စ အောင်မြင်သွားခဲ့ပြီ။

'ကွန့်ကတော်၊ ကွန့်လုံဝမ်ဟာ ကျုပ်နဲ့ တစ်ဆရာ
တပည့်ပါ၊ ကျုပ်တို့ရဲ့ဆရာကြီး အုတ်ဂူကို သူ နှစ်စဉ်ကန်
ပါရဲ့လား'

'ပထမ လေးငါးနှစ်လောက်တော့ ကန် တော့ ပါ
နောက်ပိုင်းတော့ မသွားတော့ဘူး၊ ဆယ်နှစ်လောက်တော
ရှိပြီ ထင်ပါရဲ့'

အမျိုးသမီးကြီးသည် သူ့ အခြေအရံ မိန်းကလေးများ
အမိန့်ပေးလိုက်၏။



ညည်းတို့ တဲအပြင်ကို သွားကြ၊ ပေငါးဆယ်အတွင်း လူ
ဝင်မလာစေနဲ့၊ ဝင်လာရင် သတ်'
'အမိန့်အတိုင်းပါပဲရှင်'
မိန်းကလေးများ ခုန်ထွက်သွားကြလေ၏။
တဲအတွင်း၌ ထန့်ရွှင်၊ ဆန်ကွမ်မျိုးနှင့် ကွန့်ကတော်တို့သာ
ရစ်တော့သည်။
အမျိုးသမီးသည် သူ့ခေါင်းဆောင်းပဝါကို ဖယ်ရှားပစ်
ပြီး....
'ကျွန်မ ရှင့်ကို ပြောစရာရှိတယ်'
ထန့်ရွှင်က....
'ဟောဒီက မောင်ရင့်ကလေးကတော့ ကျုပ်နဲ့ထပ်တူ ယုံမှတ်
သူငယ်ပါ၊ ကျုပ်အသက်ကို သူ့လက်ထဲ ဝကွက်အပ်ပြီး
ထွက်လာကြတာပါ၊ ပြောစရာရှိရင်ပြောပါ၊ သူ့ကိုအား
ရာ မရှိပါဘူး၊ ကျုပ်ကိုယုံသလို သူ့ကိုလဲ ယုံကြည်နိုင်ပါ
'

အမျိုးသမီးကြီး၏ မျက်နှာ၌ ကြေကွဲသော အရိပ်သဏ္ဌာန်
ပေါ်လာသည်။ ထို့နောက် ခပ်တိုးတိုးပြော၏။
'ကျွန်မ ကွန့်လုံဝမ်ရဲ့အလိမ်အညာကို ခံလိုက်ရတာပါရှင်'
'ဗျာ'
'ဟုတ်တယ်၊ ကျွန်မဟာ ကွန့်လုံဝမ်ရဲ့ အလိမ်အညာကို ခံ
ရတာပါ'
'ကျုပ် ဘာမှမသိပါဘူး'
အမျိုးသမီးကြီးက စူးစူးရှရှကြည့်ပြီး....

'အစ်ကိုလေး၊ ဟောဒါသာလဲ ကြည့်စမ်းပါ'

သူမက လက်ကောက်တစ်ကွင်းကို ဆွဲထုတ်ယူပြီးပြစ်၊ ရှင်ကို ထိုးပေးသည်၊ ထန်ရှင်က ယပ်တောင်ကို ထိုး[illegible] လက်ကောက်ကို ယူလိုက်၏၊

'ဟင်'

ထန်ရှင် မျက်နှာပျက်သွားလေတော့၏၊

'ဒါ… ဒါ ကျုပ်မိခင်က ကျုပ်ကိုပေးခဲ့တဲ့ အမှ[illegible] ပစ္စည်းပဲ၊ ဘယ်နှယ် ခင်ဗျားလက်ထဲ ရောက်နေတာလဲ'

'ဒီပစ္စည်းကို အစ်ကိုလေးက ဘယ်သူ့ကို ပေးခဲ့သလဲ'

အမျိုးသမီးကြီးသည် ထန်ရှင်ကို 'အစ်ကိုလေး'ဟု [illegible] ခေါ်ခေါ်နေသဖြင့် ထန်ရှင်မှာ ခေနမထိထိုင်မသာဖြစ်လ[illegible]

'ကျုပ်…. ကျုပ်…. ကျုပ်ရဲ့ အဖ ဆရာကြီးကို ဒီပ[illegible] ကန်တော့ခဲ့ဖူးပါတယ်၊ ခင်ဗျား လက်ထဲကို ဘယ်…. [illegible] ရောက်….'

'အစ်ကိုလေး….အဲဒီအဖဆရာကြီးဟာ ကျွန်မရဲ့ [illegible]

'ဟင်….'

ထန်ရှင်မှာ မမျှော်လင့်သည့် အကြောင်းအရာကို [illegible] ရသဖြင့် နမ္မးနတိုင်း ဖြစ်သွားလေ၏၊

'သာ….အဖဆရာကြီးရဲ့ သမီး'

'ဟုတ်တယ်၊ ဖေဖေဟာ အစ်ကိုလေးထန်ရှင်နဲ့ [illegible] ကျွန်လုံဝမ်ရဲ့ ဆရာသမားဖြစ်သလို ကျွန်မရဲ့ ဖခင်ကြီး[illegible] တယ်'



ထန်ရှင်မှာ အတိတ်ကို ပြန်လည် စဉ်းစားကြည့်သည်၊ သူ့ ဆရာကြီးက သူ့တွင် သမီးတစ်ဦးရှိကြောင်း တစ်ခါကပြောခဲ့ဖူး၏၊ သူသည် ဆရာကြီး၏ သမီးကို မမြင်ဖူးခဲ့ပေ၊ ဆရာကြီးက သမီးဖြစ်သူအား အခြားတစ်နေရာတွင် ထားသည်၊

ဆရာကြီး၏ သမီးဖြစ်လျှင် သူ့ညီမပင် မဟုတ်ပါလား၊ ဆရာကြီး၏ သမီးကို သူ စောင့်ရှောက်ရပေလိမ့်မည်၊

'ညီမလေး….ငါ့ကို ခွင့်လွှတ်ပါ၊ ဆရာကြီး တစ်ခါကတော့ ပြောဖူးတယ်၊ ဒါပေမယ့် ငါဟာ ပညာသင်ဖို့ကလွဲပြီး ညီမလေးနဲ့ ပတ်သက်လို့ တစ်ခါမှ မသိစမ်းခဲ့ဖူးပါဘူး'

အမျိုးသမီးကြီးမှာ မျက်ရည်များ တွေတွေ ကျဆင်းလာလေတော့၏၊

❖

## အခန်း (၁၁၂)

## ဆန်ကွမ်းချိန် အကူအညီ

ထန်ရှင်သည် ထိုလက်ကောက် မည်သို့မည်ပုံ အမျိုးသမီး၏ ...က်သို့ ရောက်ရှိသွားသည်ကို စဉ်းစားမိသည်၊

'ညီမလေးကို ဆရာကြီးက ပေးခဲ့တာလား'

'ဟုတ်ကဲ့၊ ဒါဟာ သမီးရဲ့ မင်္ဂလာအထိမ်းအမှတ်လို့ပြောပြီး ...ပးခဲ့တာပါ အစ်ကိုလေး'

ထန်ရှင် ထိတ်လန့်သွား၏၊

'ဟင်....'

အမျိုးသမီးကြီးမှာ မျက်ရည်မဆည်နိုင်အောင် ဖြစ်နေတော့ ...ည်၊

'ဖေဖေက အစ်ကိုလေး ထန်ရှင်ကို ဘာမှ ထုတ်ဖော်မ
ခဲ့ပေမယ့် ကျွန်မကိုတော့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်၊ 
လေး ထန်ရှင် ပညာပြည့်ဝလာတဲ့အခါမှာ အစ်ကိုလေးသ
ကို ကျွန်မနဲ့ အိမ်ထောင်ချပေးမယ်လို့ ပြောခဲ့ပါတယ်၊ 
အချိန်ကလဲ အစ်ကိုလေး ထန်ရှင်က ကျွန်မကို မမြင်ဖူး
ကျွန်မကလဲ အစ်ကိုလေးထန်ရှင်ကို မမြင်ဖူးပါဘူး'

ထန်ရှင်က ခေါင်းညိတ်၏၊ ဆရာကြီး၏ သမီးကို သူ
ယခုမှသာ တွေ့မြင်ဖူးခြင်းဖြစ်ပေသည်၊ သူမနှင့်အိမ်ထောင်
ပေးမည့်ကိစ္စကိုတော့ ဆရာကြီးက သူ့အား ဖွင့်မပြောခဲ့

'နောက် မကြာခင်မှာ ဖေဖေသေဆုံးသွားတယ်၊အဲဒီအ
မတိုင်မီကတည်းက ကွန်လုံဝမ်ဟာ ကျွန်မဆီကို ရောက်ရော
လာပါတယ်၊ ကြာတော့ ကျွန်မနဲ့ ရင်းနှီးလာပါတယ်၊ 
သေတာ ရိုးရိုးသေတာ မဟုတ်ဘူးတဲ့၊ သူ့ တစ်ဆရာတည်း
ထန်ရှင် သတ်တာလို့ ကွန်လုံဝမ်က ပြောခဲ့ပါတယ်၊ ကျွန်မ
သူ့ကို ယုံမိတာပါပဲ'

ထန်ရှင်က သက်ပြင်းချလိုက်၏၊

'ဆရာကြီးကိုသတ်တာ ငါမဟုတ်ဘူး၊ သတ်ချင်းသတ်ရင်

'အစ်ကိုလေးသတ်တာ မဟုတ်ပါဘူး၊ ဖေဖေ့ကို သူသ
တာပါ၊ဒါပေမယ့် သူကတော့ ဖေဖေ့ကို အစ်ကိုလေးသတ်
လို့ ပြောခဲ့တယ်၊ အဲဒီတုန်းကဆိုရင် ကျွန်မဟာ အစ်ကိုလေး
သိပ်ပြီး နာကြည်းရှုံမုန်းနေမိတော့တာပဲ၊ အစ်ကိုလေးကို 
သတ်ပေးဖို့ သူ့ကိုချည်း နားပူနားဆာ လုပ်ခဲ့မိပါတယ်၊နောက်
တော့ ကျွန်မဟာ သူ့ဇနီးဖြစ်သွားတာပါပဲ၊ အစ်ကိုလေးရယ်



တဲ့ဂီတုန်းကတော့ ကျွန်မ ဘာမှမသိဘူး၊ ဖေဖေ့ကိုသတ်တဲ့
အစ်ကိုလေးကို လက်စားချေဖို့ပဲစိတ်ကူးနေတယ်'

'အင်း....ကွန်လုံဝမ်....ကွန်လုံဝမ်၊ လူတိုင်းကို လှောက်ပြီး
ဂုက္ကပေးတော့တာပဲကိုး'

'ကျွန်မဟာ သူ့ကို အင်အားကောင်းစေချင်လို့ အဆင့်မြင့်
သိုင်းသမားတွေ ရှာဖွေ စုစည်းပေးခဲ့တယ်၊ အစ်ကိုလေးကို
သတ်နိုင်ဖို့ပေါ့လေ'

'ငါ ဘယ်မှာရှိတယ်ဆိုတာ သူ မပြောဘူးလား'

'အစ်ကိုလေးဟာ သူ့အပြစ်ဘူမလုံလို့ စကြာဝဠာ အပြင်
ဘက်ရောက်အောင် ထွက်ပြေးနေသတဲ့'

'အဲဒီအချိန်မှာ ငါဟာ ကျန်လုဂိုဏ်းထဲမှာ ခိုဝင်နေပါပြီ'

'ဟုတ်ကဲ့၊ အစ်ကိုလေး အဲဒီမှာရှိတယ်ဆိုတာကိုမပြောပေ
မယ့် သူက ကျန်လုဂိုဏ်းကို ဖြိုခွဲဖျက်ဆီးဖို့တော့ ပြောပါတယ်၊
ကျန်လုဂိုဏ်းပြိုရင် ထန်ရှင်ဟာ စကြာဝဠာအပြင်ဘက်က ပြန်
ဝင်ပြေးလာရမတဲ့၊ အဲဒါကြောင့် ကျွန်မလဲ သူ့နောက်လိုက်
နောက်ပါ အင်အားတောင့်အောင် စည်းရုံး ပေးခဲ့ရတာပေါ့
အစ်ကိုလေးရယ်'

'လူယုတ်မာ၊ တကယ့်ကိုယုတ်မာတဲ့လူပါပဲ ညီမလေးရယ်'

'ဟုတ်ပါတယ်၊ ဝိပါက်ကြမ္မာဝင်တယ်ဆိုတာ ဒါမျိုးပါပဲ၊
ဖေဖေဟာ သူ့တပည့်ကွန်လုံဝမ်ရဲ့ ဆိုးရွားတဲ့ အနာဂတ်ကိုသိ
မြင်ပေမယ့် တပည့်ဆိုတဲ့သံယောဇဉ်နဲ့မသတ်ခဲ့ရက်ဘူး၊ ဒါပေ
မယ့် ကွန်လုံဝမ်ကတော့ ဖေဖေ့ကို ရက်ရက်စက်စက် သတ်ခဲ့
တယ်'

'သူသတ်တယ်ဆိုတာ ညီမလေးက ဘယ်လိုသိခဲ့လဲ'

'တစ်နေ့မှာ သူ အရက်အလွန်အကျွံ မူးပြီး ထုတ်ဖော်ခဲ့တာ ပါပဲ၊ အရက်မူးတော့ ကျွဲခိုးပေါ်ဆိုတဲ့ စကားအတိုင်းပါပဲ အစ်ကိုလေးရယ်၊ အဲဒီတော့လွန်နေပြီလေ၊ သူနဲ့ကျွန်မပေါင်းလို့ ဆယ့်ငါးနှစ်လောက် ကြာတော့မှ အဖြစ်မှန်ကို ကျွန်မသိခဲ့ရ တာပါ'

သူမသည် မျက်ရည်များသိမ်းလိုက်၏။ အံကြိတ်ပြီး ဆက် ပြောသည်။

'အဲဒီတုန်းက ကျွန်မက သူ့ကိုသတ်မလို့ပါ၊ ဒါပေမယ့် နှစ်ပေါင်းများစွာ အကြင်လင်မယား ဖြစ်ခဲ့တဲ့ သံယောဇဉ်က သူ့ကိုမသတ်ဖြစ်အောင် တားမြစ်နေတယ်၊ လင်သတ်တဲ့ဇနီး ဆိုတဲ့ နာမည်ဆိုးကြီးကို ကျွန်မမယူဝံ့ဘူးလဲ ပါတာပေါ့အစ်ကို လေးရယ်'

ထန်ရှင်က သက်ပြင်းချပြီး....

'အဲဒီလိုသိပြီးတဲ့နောက် သူ့ရဲ့မကောင်းမှု လုပ်ငန်းတွေကို မကူညီရင်၊ အားမပေးရင် ပြီးတာပါပဲလေ'

ကွန်ကတော်က မချိပြုံးပြုံးလေ၏။

'အဖြစ်က အဲဒီလောက်လဲမလွယ်ဘူးလေ၊ အစ်ကိုလေးတို့ ကျွန်မတို့က လူကောင်းစိတ်ကောင်းတွေ၊ သူက လူယုတ် စိတ် ယုတ်၊ ဘယ်လိုလာပ်အဆင်ပြေမှာလဲ၊ ကျွန်မဟာ နောက်ပိုင်းမှာ မူပြောင်းသွားတယ်၊ ဒါကို သူရိပ်မိတယ်၊ ဖေဖေ့ကိုသူသတ် တာ ထုတ်ဖော်ပြောမိပြီဆိုတာလဲ သူရိပ်မိသွားဟန် တူတယ်၊ တစ်ညမှာ ကွန်လုံဝမ်ဟာ ကျွန်မရဲ့သေွးကြောဆယ့်နှစ်ချောင်း



ပေါ်မှာ အဆိပ်အပ်ဆယ့်နှစ်ချောင်းစိုက်ခဲ့တယ်၊ အဲဒီ အဆိပ် အပ် ဆယ့်နှစ်ချောင်းရဲ့ ဓာတ်ကြောင့် ကျွန်မဟာ ဒီည သန်း ခေါင်ယံမှာ သေဆုံးရပါလိမ့်မယ် အစ်ကိုလေး'

ကွန်ကတော်ကြီးက အံကြိတ်၍ ဆက်ပြော၏။

'ကျွန်မမှားခဲ့တာပေါ့၊ ကျွန်မသာ သူ့ကို အရင်သတ်ခဲ့ရင် သိုင်းလောကထဲက အန္တရာယ်ဆိုးကြီးတစ်ခု ချုပ်ငြိမ်းပျောက် ကွယ်သွားခဲ့မှာပေါ့၊ ခုတော့ ကျွန်မပဲ ဒုက္ခရောက်ရတာပါပဲ'

ထန်ရှင်၏ မျက်နှာ၌ ကြင်နာသနားသည့်အရိပ်အယောင် များ ယှက်သမ်းလာ၏။

'ညီမလေးရဲ့ဒဏ်ရာကို ပြစမ်း၊ ငါကြည့်ပေးမယ်'

ကွန်ကတော်က ခေါင်းကို သွက်သွက်ခါအောင် ခါယမ်း လိုက်သည်။

'နေပါစေတော့ အစ်ကိုလေး၊ ကျွန်မရဲ့ ခန္ဓာကိုယ်ထဲက အဆိပ်အပ်တွေကို ဖေဖေသေရှာကထလာပြီး ထုတ်ပေးကုသ ပေးလို့တောင် မရနိုင်ပါဘူး၊ ကျွန်မအတွက် အစ်ကိုလေးဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့တော့'

သူမသည် စကားကို ခေတ္တရပ်နားလိုက်၏။

အတန်ကြာမှ....

'အစ်ကိုလေး၊ ကျွန်မကတော့ သေတော့မှာပါ၊ ကျွန်မ မသေခင် ကျွန်မရင်ထဲမှာ မျိုသိပ်ထားရတဲ့ အကြောင်းအရာ

ကလေးတွေ ထုတ်ဖော် ပြောချင်ပါတယ်၊ အဲဒါလေးတွေ ပြောပြီးရင်တော့ ကျွန်မ သေပျော်ပါပြီ'

ထိုစဉ် တဲ၏ ပြင်ပပတ်ဝန်းကျင်၌ အော်သံ ဟေါက်သံများ ကြားလိုက်ရသည်၊

ကွန်ကတော်က....

'လူတွေ လာနေပြီ၊ ဘယ်သူတွေ လာနေပြီ ဆိုတာတော့ မသိရသေးဘူး၊ တားတဲ့လူကတားနေပြီ'

ထန်ရှင်က ခေါင်းညိတ်၏၊

'ကျွန်လုကိုကြားကတော့ ဖြစ်မယ်မထင်ဘူး'

ကွန်ကတော်က ဟက်ဟက်ပက်ပက်ရယ်သည်၊

'ကျွန်မက ကွန်လုံဝမ် လာပါစေလို့ ဆုတောင်းနေတာ အစ်ကိုလေးရဲ့'

'ကွန်လုံဝမ်လာရင် ညီမလေးပဲဒုက္ခရောက်မှာပေါ့၊ အကျိုးရှိစရာမမြင်ဘူး'

'သူလာပါစေလို့ပဲ ကျွန်မဆုတောင်းတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ဂိုဏ်းထဲမှာ သူ့ကိုတော်လှန်သူ ရှိနေပြီဆိုတာ သိသွားစေချင်လို့ပဲ'

မိန်းကလေးများ၏ အော်သံများကို ပြတ်တောင်း ပြတ်တောင်းကြားနေရသည်၊ သံသံချင်း ထိခတ်သည့် အသံများကိုလည်း ကြားနေရသည်၊ အပြင်းအထန် ထိုးနှက်တိုက်ခိုက်နေကြလေပြီ၊



ထန်ရှင်သည် သူ လာရောက်ခဲ့ရသည့် အဓိကအကြောင်းကို လုံးဝ မေ့လျော့ခြင်း မရှိချေ၊

'ညီမလေး....ကျွန်စီမွန်ရဲ့ သမီးကလေး....'

ကွန်ကတော်က ထန်ရှင်၏ စကားမဆုံးမီ ဖြတ်၍ပြော၏၊

'ဟုတ်တယ်၊ ကျွန်မ ခေါ်ထားပါတယ်၊ ကွန်လုံဝမ်ဟာ ...သစ္စာ တည်ကြည်တဲ့လူမဟုတ်ဘူး၊ ဆရာကိုလဲသတ်၊ မိန်းမ ...သတ်တဲ့လူကို ဘယ်လိုလုပ် ယုံစားရမှာလဲ'

'အဲဒီမိန်းကလေးကို ဘယ်မှာထားသလဲ'

'ကျွန်မ ဝှက်ထားပါတယ်'

'ဝှက်ထားတဲ့ နေရာက ဝေးဝေးဝေးသလား'

'မဝေးပါဘူး၊ နီးနီးကလေးပါ'

ထိုစဉ် မိန်းကလေးတစ်ယောက်၏ စူးစူးရားရား အော်သံကို ...းလိုက်ရသည်၊

ထန်ရှင်က မှတ်ချက်ချလိုက်၏၊

'ဝင်လာတဲ့ ရန်သူကို သူတို့ မခုခံနိုင်ကြဘူး၊ ညီမလေးရဲ့ ...အရံတစ်ယောက်တော့ အကြီးအကျယ် ဒဏ်ရာရသွားပြီ'

တစ်ချိန်လုံး ငြိမ်သက်စွာ ရပ်စောင့်နေခဲ့သည့် ဘန်ကွမ်း၏ ...ည် ထန်ရှင်အား ခွင့်ပန်လေ၏၊

'ဆရာကြီး....ကျွန်တော် ထွက်ပြီးကြည့်လိုက်ပါရစေ၊ ကူသင့် ...အောင်ပါ'

ကွန်ကတော်က ခါးသီးစွာ တားမြစ်၏။

'မလိုပါဘူး'

'ဘာဖြစ်လို့လဲ'

ထန်ရှင် အံ့ဩပြီး မေးသည်။

ကွန်ကတော်က....

'ကျွန်မရဲ့ အခန်းအရံထဲက နှစ်ယောက်ဟာ ကွန်လုံဝမ်ရဲ့ အဆိပ်ဆေးကို သောက်ထားရပါတယ်၊ သူတို့ဟာ အချိန်ပိုင်းကွန်လုံဝမ်ဆီက အဆိပ်ဖြေဆေးကို တောင်းသောက်နေရတယ်၊ ကျွန်မနဲ့ ပတ်သက်သမျှ သတင်းကိုလဲ ကွန်လုံဝမ်ဆီ ပို့ပေးနေရတယ်၊ အဲဒီနှစ်ယောက် ကျွန်မဆီမှာ ရှိနေတာကို ကျွန်မ သိမထားဘူးလို့ကွန်လုံဝမ်က ထင်မှတ်နေတယ်၊ကျွန်မဘာလူ မဟုတ်ဘဲ၊ ဒါတွေကို သိနေတာပေါ့၊ကျွန်မရဲ့ ကျန်တဲ့အခြွေအရံ ခြောက်ယောက်ကို ဒီအကြောင်း အသိပေးထားတယ်၊ အချိန်ကျရင် အဲဒီနှစ်ယောက်ကို သတ်ပစ်ဖို့လဲ မှာထားပါတယ်၊ တခြားလူက လာသတ်တဲ့အခါ ကိုယ်က ကြည့်နေရုံပေါ့'

'ဪ....'

ထန်ရှင် သဘောပေါက်သွား၏။

ကွန်ကတော်က မဲ့ပြုံးပြုံး၍ ဆက်ပြော၏။

'ကျွန်မဟာ ဖေဖေ့အတွက် ရန်ကြေး မချေနိုင်ခဲ့ရုံမကဘူး၊ ကိုယ့်အသက်ကိုပါ မကာကွယ်နိုင်ခဲ့ဘူး၊ ဒါပေမယ့် ကျွန်မဟာ ရေမြေ မဟုတ်ဘူးဆိုတာတော့ သူ သိစေရမယ်၊ သူ့ စိတ်ထဲမှာ မခံမရပ်နိုင် ခံစားနေရအောင် ကျွန်မ လုပ်ပစ်ခဲ့မယ်၊ စားမဝင် အိပ်မပျော်ဖြစ်အောင် လုပ်လာခဲ့ရမယ်'



တဲအပြင်ဘက်မှ တိုက်ခိုက်သံများမှာ ပို၍ဆူညံလာသည်။

ထန်ရှင်က မှတ်ချက်ချ၏။

'ဒါဟာ ကွန်လုံဝမ်ရဲ့ ဘက်တော်သားတွေ ဖြစ်ဖို့များတယ်၊ အင်အားလဲ များလာပုံရတယ်'

'ဒီလိုပဲ ကျွန်မလဲ ယူဆပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မဟာ ကွန်လုံဝမ်ရဲ့ စက်ကွင်းထဲက မလွတ်နိုင်လို့ဘဲ၊ ကွန်လုံဝမ်ကို မျက်ခြည်ပြတ်လို့ မရဘူး၊ ကျွန်မ ဘယ်လောက်ပဲ သိုသိုသိပ်သိပ် လုပ်လုပ် လုပ်လို့မရဘူး၊ ဒီတော့ ကျွန်မနောက် လိုက်လာတာ သူ့လူတွေပဲ ဖြစ်တော့မှာပေါ့ရှင်'

ထန်ရှင်က ချီးကျူးလိုက်၏။

'မိန်းမတွေထဲမှာတော့ ညီမလေးဟာ ချီးကျူးလောက်တဲ့ လူပါပဲ၊ဒါပေမယ့် သိုင်းပညာအရာမှာ ကွန်လုံဝမ်ကို ညီမလေး ကိုယ်တိုင်မှ ယှဉ်ပြိုင်နိုင်မယ်မထင်ဘူး၊ နောက်ပြီး ကွန်လုံဝမ်ဟာ ညီမလေးကို လွှတ်ထားမှာမဟုတ်ဘူး၊ ညီမလေးနောက်ကို သူ ကိုယ်တိုင် လိုက်လာမှာပဲ'

တဲအပြင်မှ အော်သံ ကြားလာရသည်။

'ဟေ့....ဘာဖြစ်လို့ အရဲကိုးပြီး တားနေရတာလဲ၊ ဆင်မကြောက်ရင် ဆင်နင်းခံရမယ်၊ မှတ်ထားကြ.... မသေချင်ရင် ဖယ်ကြ'

'အား....'

မိန်းကလေးတစ်ယောက်၏ ငယ်သံပါအောင် အော်လိုက်သည့် အသံကို ကြားရပြန်လေ၏။ သွားပြန်ပြီ တစ်ယောက်။

ထန်ရွှင်က....

'ညီမလေး....ညီမလေးရဲ့ အခြွေအရံတွေ တစ်ယောက်ပြီး တစ်ယောက် သေကြေတော့မယ်၊ သူတို့အတွက် ဘာတွေစဉ်းစား ထားသလဲ'

'ကျွန်မကိုယ်တိုင် မကြာခင် သေရတော့မှာပဲ၊ ဘာစဉ်းစား စရာ လိုသလဲ'

ထန်ရွှင် မျက်နှာပျက်သွား၏။

'မဟုတ်ဘူးလေး ညီမရဲ့ သစ္စာရှိလှတယ့် မိန်းကလေး ခြောက် ယောက်ရဲ့ အသက်ကို ပြောနေတာပါ၊ သူတို့ကို အသေခံနိုင်း မလို့လား'

ကွန်ကတော်က အပြင်သို့ ဆွေးမြည့်စွာ ငေးကြည့်သည်။

'အဲဒီခြောက်ယောက်ဟာ ကျွန်မနဲ့အတူ နှစ်ပေါင်းများစွာ နေလာခဲ့သူတွေ ဖြစ်ပါတယ်၊ သေအတူရှင်မကွာ နေလာခဲ့ကြ တဲ့အတွက် သခင်မနဲ့ အခြွေအရံဆိုတဲ့ အဆင့်ထက် ပိုပါတယ်၊ ညီအစ်မတွေလိုပဲ ရင်းနှီးနေကြတယ် ဆိုပါတော့၊ ကျွန်မသေတဲ့ အချိန်မှာ သူတို့လဲ လိုက်သေကြမှာပဲ၊ ကျွန်မတားလဲမရပါဘူး၊ အကြောင်းမဲ့ကိုယ့်ကိုယ်ကိုသတ်သေမယ့်အတူတူ ရန်သူနဲ့အသက် ချင်း လဲရတာကို သူတို့ ပိုနှစ်သက်ကြမှာပါ'

'အား....'

သည်တစ်ကြိမ် တံအပြင်မှ အော်သံမှာ မိန်းကလေးများ၏ အော်သံ မဟုတ်တော့ပေ။ယောကျ်ားသားတစ်ယောက်၏ အော်



ဖြစ်၏။ ထို့ပြင် ဒုတိယအကြိမ် ယောကျ်ားတစ်ယောက်၏ ော်သံကိုပါ ကြားလိုက်ကြရသည်။ ကွန်ကတော်၏အခြွေအရံ ကလေးများ လက်စွမ်းပြနေပုံရသည်။

ထို့ပြင် ယောကျ်ားတစ်ယောက်က အော်သည်။

'ဘယ်ပြီး ခေါင်းမာတဲ့ မိန်းကလေးတွေပါလား၊ နင်တို့ ားလုံးအသေခံကြမလို့လား'

မိန်းကလေးများ၏ ရဲရဲတောက် ပြန်ပြောသည့်အသံသည် ကလေးအတွင်းသို့ပျံ့လွင့်လာ၏။

'ရှင်တို့သာတက်ခဲ့ကြပါ၊ ကျွန်မတို့ကတော့ နောက်ဆုံး ယောက်တည်းကျန်တဲ့အထိခုခံမှာပဲ၊ ကျွန်မတို့ အသက်ရှင် သမျှကာလပတ်လုံး တဲရဲ့ ပေးငါးဆယ်အတွင်း ဝင်နိုင်ဖို့ မကျူးနဲ့'

ထို့နောက် သံသံချင်းထိခတ်သံ၊မာန်သွင်းသံနှင့် အော်ဟစ် ်ပေးသံများကို ဆက်တိုက် ကြားရပြန်တော့သည်။

ထန်ရွှင် သက်ပြင်းချ၍ ပြောမိလေ၏။

'ဒီလိုသတ္တိမျိုး တချို့ယောကျ်ားတွေဆီမှာတောင် မရှိဘူး၊ ကယ် အားဇာနည် မယ်ကလေးတွေပါပဲ'

ကွန်ကတော်က မျက်ရည်များစီးကျလာပြီး....

'ကျွန်မအတွက်ကတော့ အဆုံးရှုံးတွေ့ထားပြီးပါပြီ၊ သေ ဂရုမစိုက်တော့ပါဘူး၊ ဒါပေမယ့်....ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ကျွန်မတစ်သက်လုံး အထင်မှားခဲ့တဲ့ အစ်ကိုလေးကို မသေစေချင်ပါဘူး၊ အစ်ကိုလေး ဆက်ပြီးအသက်ရှင်နေ အားဖြင့် သိုင်းလောကရဲ့ ဆိုးရွားညစ်ပတ်မှုတွေ သန့် တယ်'

'သေရေးရှင်ရေးဆိုတာက ကိုယ့်ဆန္ဒနဲ့မဆိုင်ဘူး၊ ကြ ဆိုင်တယ်၊ သေလဲသေပေါ့ညီမလေးယ၊ ဘာတတ်နိုင်မှာ

ကွန်ကတော်သည် ထန်ရှင်ကို ချစ်ကြည်ညို့သော အ ဖြင့်ကြည့်၏။

'အစ်ကိုလေးဟာ ကြက်ဖခေါင်ကိုတောင် သတ်နိုင် မရှိဘူးလို့ဆိုကြတယ်၊ ဒါပေမယ့် အခု တွေ့ရတဲ့အခါ ဖြေသိုလို ရဲရင့်ပြီး သိုးကနေလားလို နူးညံ့တာကိုပဲ တွေ့ရ အကြားကိုသာ ယုံရင် အမှားကြီး မှားမယ်၊ တကယ် အစ်ကိုလေးဟာ ဖေဖေမျှော်မှန်းသလိုဖြစ်လာတဲ့ သူ့ရဲ့ ကြီးပဲ'

ထန်ရှင်က ပြုံး၍ပြော၏။

'ဒါတော့ ညီမလေး မှားပြီ၊ ငါဒီလောက် မစွမ်းပါ မစွမ်းလို့လဲ ဟောဒီက ဆန်ကွမ်းချီဆိုတဲ့သူရဲ့ကောင်းက အဖော်ခေါ်လာခဲ့ရတာပေါ့'

'အစ်ကိုလေးကတော့ သေတဲ့အထိ တစ်သက်လုံး ကိုယ့်ကိုယ်ကို နှိမ့်ချနေမှာပဲ၊ ကဲ...ညီမလေး တစ်ခု ဟောဒီ ညီမလေး လက်ထဲက လက်ကောက်မှာ နှ အဆောက်အအုံပုံတွေကို အသေးစိတ်ထွင်းထုထားတယ်၊



ကောက်ထဲမှာ ဒီလောက်များပြားတဲ့ အဆောက်အအုံ တွေကို သေးလေးထွင်းထုနိုင်ဖို့ဆိုတာ မလွယ်ပါဘူး၊ ဒီလိုလက်ရာ ကို နန်းတွင်းက ပန်းတိမ်ပညာရှင်တွေသာ ပြုလုပ်ပေးနိုင် ရှိပါတယ်'

ထန်ရှင် မျက်နှာပျက်သွား၏။

မြောက်ကပ်စွာ ပြန်ပြော၏။

'လက်ကောက်နဲ့ ငါနဲ့ဘာဆိုင်သလဲ'

ကွန်ကတော်က ဆက်ပြော၏။

'အစ်ကိုလေးက ကျွန်မကို နားပီန့်တုံးလို့ ထင်နေတာကိုး'

'အထင်မမှားပါနဲ့၊ ငါမထင်ပါဘူး'

'ညီမလေးဟာ သေရတော့မယ်သူပါ၊ ညီမလေးကို ဆက် ချင်ပါနဲ့၊ ဒီလက်ကောက်ပိုင်ရှင်ဟာ အစ်ကိုလေးရဲ့ မိခင် လား မှန်မှန်ပြောပါ'

ထန်ရှင်၏မျက်နှာ၌ မသက်မသာခံစားမှုများ ပေါ်လာ၏။ တတ်သာသောဟန်ဖြင့် ခေါင်းညိတ်ပြ၏။

ကွန်ကတော်က ချိအေးစွာ ဆက်ပြော၏။

'အစ်ကိုလေး၊ ဖေဖေက ညီမလေးကိုပြောပြခဲ့တဲ့ဇာတ်လမ်း တစ်ပုဒ်ကို ပြန်ပြောပြမယ်၊ အခု ညီမလေးတို့ကို အုပ်စိုး တဲ့ ကေရာဇ်ကြီး ရှဲ့ဟွမ်တီမှာ ညီမတော် တစ်ယောက်ရှိ တယ်၊ သူ့ညီမတော်ကို သူ့နန်းတွင်းက ပညာရှိတစ်ဦးဖြစ်တဲ့ ထန်ကျိုင်းကွမ်နဲ့ ထိမ်းမြား ပေးစားလိုက်တယ်၊ သူတို့နှစ် ယောက်ကနေ ထန်ရှင်ဆိုတဲ့ သားကလေးတစ်ယောက် ပေါ် ထွန်းလာတယ်၊ ထန်ကျိုင်းကွမ်ဟာ ကေရာဇ်ကြီးရဲ့ အကျိုး

တိုင်းပြည်ရဲ့အကျိုးကို ဦးဆောင်ဆဲမြည် ကျော်ပွန်အောင် ထ
ဆောင်ခဲ့သူဖြစ်ပါသတဲ့'

ထန်ရှင်၏မျက်နှာမှာ တကယ်ပင် စက္ကူဖြူ တစ်ချပ်ကဲ့
ဖြူဖပ်ဖြူရော် ဖြစ်သွားတော့သည်။

'ပညာရှိ ထန်ကျိုင်းကွမ်ဟာ တရုတ်ပြည် သိုင်းလောက
လုံးဝ အထင်မသေးဘူး၊ သိုင်းသမားတွေထဲမှာ တရုတ်ပြည်
ပြည်သားတွေကိုဗုက္ခပေးမယ့် သိုင်းသမားဆိုးတွေပေါ် ပေါ်
လာမယ်ဆိုတာ ကြိုတင်ပြီး တွက်ချက်နိုင်ခဲ့သတဲ့၊အဲဒါနဲ့ အ
ရောက်ပြေလာတဲ့ သူ့သားတော်ထန်ရှင်ကို ကေရာင်ကြီးနှ
တိရဲ့အမိန့်အရ သိုင်းလောကထဲကို စေလွှတ်ခဲ့သတဲ့၊အဲဒီထန်
ရဲ့ တာဝန်ကတော့ တိုင်းပြည်ကိုဒုက္ခပေးမယ့် တရားဥပဒေ
ငြိမ်ဝပ်ပိပြားမှုကို ဒုက္ခပေးမယ့် သိုင်းဂိုဏ်းကြီးတွေနဲ့ သိ
သမားဆိုးကြီးတွေကို တတ်နိုင်သမျှ ရှင်းလင်းသုတ်သင်ဖို့ပ
တဲ့၊ နောက်ဆုံး သူ့အစွမ်းအစနဲ့ မတတ်နိုင်ရင် ကေရာင်ကြ
ဆီကို လျှို့ဝှက်အကူအညီတောင်းပြီး နှိမ်နင်းဖို့ပါပဲတဲ့၊ ဒါ
အချိန်ကပြေး သိုင်းလောကထဲမှာ သိုင်းပညာမတော်တဲ့ သိ
လောကသားတစ်ယောက်တိုးလာသတဲ့၊ အဲဒါကတော့ မ
က ညီမလေးကိုပြောပြခဲ့တဲ့ ဇာတ်လမ်းပါပဲ'

ထန်ရှင်မှာ လုံးဝစကားမပြောနိုင်တော့ပေ၊ သူ့မိခင်မှာ
ကေရာင်ကြီး၏ ညီမတော်ဖြစ်သည်။ သူ့အား ကေရာင်ကြီး
အမိန့်အရ ဖခင်ထန်ကျိုင်းကွမ်က သိုင်းလောကထဲသို့ ဆ
ခြောက်နှစ်သားအရွယ်ကပင် ကိုယ့်ဗူးကိုယ်ချွန်လျက်တိုင်းပြည်
တာဝန်ထမ်းဆောင်ရန် စေလွှတ်ခဲ့သည်။



တိုင်းသူပြည်သားများနှင့် တရားဥပဒေ စိုးမိုးရေးကိုနှောင့်
ယှက် ဖျက်ဆီးတော့မည့် ကွန်လုံဝမ်၏ အစီအစဉ်ကို သူသည်
တတ်နိုင်သမျှ ဖြိုဖျက်ရန် ကြိုးစားခဲ့သည်။ ယခုလည်း ကျန်လု
ဂိုဏ်းနှင့် ပူးပေါင်း၍ ကြိုးစားနေသည်။ နောက်ဆုံး ကွန်လုံ
ဝမ်ကို မနှိမ်နင်းနိုင်ဘဲ သူသေဆုံးသွားခဲ့ပါက၊သူ့ကိုယ်စား နေ
ပြည်တော်သို့ သတင်းပို့နိုင်စွမ်းရှိသည့် ဆန်ကွမ်းချီကိုပင် သူနှင့်
သစ္စာသောက်ညီနောင်အဖြစ် ဖန်တီးနိုင်ခဲ့ပြီ ဖြစ်သည်။

ကွန်လုံဝမ် မသေဘဲ သူသေခဲ့ပါက ဆန်ကွမ်းချီသည် ဆရာ့
ကိုယ်စား ကွန်လုံဝမ်၏ အာဏာလောဘနယ်ပင်ကိုဖြတ်တောက်
ပေးရမည်။

ဆန်ကွမ်းချီတစ်ယောက်တည်း မနိုင်ပါက နေပြည်တော်သို့
သတင်းပို့ပြီး ကေရာင်တပ်မကြီး၏ အကူအညီကိုယူပြီး တိုင်းပြည်
၏ ဆူးညှောင့်ခလုတ် ကွန်လုံဝမ်ကို ဖြိုဖျက်သုတ်သင်ပစ်ရမည်။

ကွန်လုံဝမ်ကို သုတ်သင်နိုင်ခဲ့လျှင် ဆန်ကွမ်းချီ၏တာဝန်မှာ
နေပြည်တော်သို့ သတင်းပို့ရုံသာရှိတော့သည်။ ဤအား ထန်ရှင်
၏ လျှို့ဝှက်အစီအစဉ်ပေတည်း။

ဤလျှို့ဝှက်ချက်များကို မိမိ၏ဆရာကြီးသည် ထွင်းဖောက်
သိမြင်လေခဲ့သည်တကား၊ အဖဆရာကြီး သဲ့လွန်စရသွားသည့်
ပန္နည်းမှာ မိမိက ဆရာကြီးကို အမှတ်တရ ရှိခိုးပေးအပ်ခဲ့သည့်
ပီခင်မင်းသမီးကြီး၏ လက်ကောက်ဖြစ်နေသည်ကို ထန်ရှင်အနေ
ဖြင့် ယခုမှ သိရတော့သည်။

ထန်ရှင်က ခြေဘီကာပ်စွာ ပြောလေ၏။

'ညီမလေး ဒါဟာ လျှို့ဝှက်ချက်ပဲ၊ ဘယ်သူတွေကို ညီမလေး ပြောခဲ့မိသေးသလဲ'

'အစ်ကိုလေး အပြစ်ဘာင်ရင်လဲ ခံရမှာပဲ၊ ဒီလျှို့ဝှက်ချက်ကို ကွန်လုံဝမ်သိပါတယ်၊ ဒါ့ကြောင့် အစ်ကိုလေးကို သူ သိပ် ကြောက်နေတာပါ၊ ညီမလေးကို ခွင့်လွှတ်ပါ၊ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ဆိုတာလို ဥပဓေဘက်တော်သားဖြစ်တဲ့ အစ် ကိုလေးကို နုစရိုက်သမား ကွန်လုံဝမ်ဟာ သိပ်ကြောက်နေပါ တယ်'

'အေးလေ၊ သူသိပ်ကြောက်နေတာလဲ ငါ့အဖို့တော့ ကောင်းကောင်းပါပဲ၊ ငါကတော့ သူ့ကို မကြောက်ပါဘူး၊ တိုင်းပြည်ဆူပူအောင်လုပ်ချင်တဲ့ သူလိုလူမျိုးကို ငါ မသေမီ ရှင်းပစ်ခဲ့ရမှာပဲ'

'ဘာပဲဖြစ်ဖြစ်လေ၊ အစ်ကိုလေးသာ ကြောက်ရွံ့နေမယ်ဆို ဒီတဲကလေးထဲ မလာဝံ့ဘူးဆိုရင် ကျွန်မဟာ အစ်ကိုလေးကို လုံးဝတွေ့ရမှာမဟုတ်ဘူး၊ ဒီအဖြစ်တွေကိုလဲ ရှင်းပြခွင့်ကြုံမှာ မဟုတ်ဘူး'

ထန်ရှင်နှင့် ကွန်ကတော်တို့သည် အသက်အားဖြင့် ဆယ်နှစ်မျှ ကွာခြားကြသည်၊ သူတို့သည် မောင်နှမအရင်းသဖွယ် ရင်းနှီး ခင်မင်စွာ စကားပြောနေကြခြင်း ဖြစ်ပေသည်၊

တဲ၏ပြင်ပတွင် သွေးသံရဲရဲ တိုက်ပွဲဆင်နေသော်လည်း လူနှစ်ယောက် အေးအေးဆေးဆေး စကားပြောနေနိုင်ကြသည်။



ထန်ရှင်၏ ခွင့်ပြုချက်မရသဖြင့် ဆန်ကွမ်းချီမှာလည်း တဲပြင်ပသို့ ထွက်ခွင့်မရဘဲ တဲထဲ၌ နားထောင်သမားသက်သက် ဖြစ်နေရလေတော့၏။

ကွန်ကတော်က....

'အစ်ကိုလေးကို တစ်ခုလောက် မေးပါရစေ၊ ဒီနေရာကို ဘယ်လိုသတင်းရပြီး လိုက်လာတာလဲဟင်၊ ဒါဟာ ကျွန်မပြုလုပ်ထားတဲ့ လျှို့ဝှက်စခန်းပါ'

ဆန်ကွမ်းချီ ဝင်ဖြေ၏။

'ကျွန်တော်တို့ရှေ့မှာတော့ ဆရာကြီးထန်ရှင်က ဗေဒင်တွက်ချက်ပြီး ဒီနေရာကို ရှာတာပဲ'

ကွန်ကတော် အလွန်အံ့သြသွားသည်။

'ဟုတ်လား....အစ်ကိုလေး'

ထန်ရှင်က ရယ်၏။

'ဆန်ကွမ်းချီ....မင်းကလဲ အဝါးမဝဘဲကိုး၊ ဗေဒင်ပညာကို ငါမသုံးပါဘူး၊ တခြားသူတွေရှေ့မှာ ဟန်ဆောင်တွက်ချက်တာပါ၊ ဗေဒင်ပညာ နက္ခတ်ပညာဆိုတာတွေ မရှိဘူးလို့ မဆိုလိုပါဘူး၊ ငါ့ဆရာကြီးကိုယ်တိုင်က သင်ပေးခဲ့တာပဲ၊ ဒါပေမယ့် ငါကတော့ အဲဒီပညာထက် အတွေးအခေါ် ပညာကိုပဲ ပိုသုံးပါတယ်၊ အဓိကကတော့ ကံကြမ္မာပါပဲကွယ်၊ လူတိုင်း ကံကြမ္မာ စေစားရာ နာခံနေကြရတာပါပဲ'

ကွန်ကတော်က သက်ပြင်းချ၏၊

'ဟုတ်မှာပါပဲလေ၊ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုလေးသာ တကယ်တမ်း ဗေဒင်တွက်ချက်ကြည့်ရင် ဒီနေရာဟာ အစ်ကိုလေး မလာသင့်တဲ့နေရာဆိုတာ သိသွားမှာပဲ'

ထန်ရှင်က...

'ငါက သေရေးရှင်ရေးကို ဂရုမစိုက်ပါဘူး၊ ဒါပေမယ့် တံကိုယ့်ပြီး သူးပုံနင်းတာမျိုးတော့ မလုပ်ပါဘူး၊ ဒီနေရာလာတဲ့ အခါမှာ ဟောဒီသူရဲကောင်းကို ခေါ်လာတာဟာ ငါ့ သတိတရားရှိမှုရဲ့ ပြယုဂ်ပါပဲ'

ဆန်ကွမ်းချီက ဝင်၍ အာမခံလေ၏၊

'ကျွန်တော့်ကို ယုံကြည်မှုရှိတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်ဆရာကြီး၊ ဆရာကြီးကို စစ်သူရဲတစ်ထောင် ဝန်းရံနေပါစေ၊ ဆရာကြီးရဲ့အသက်ကို ကျွန်တော် ရအောင်ကယ်တင်ပါ့မယ်'

ကွန်ကတော်မှာ ပြုံးသွားမိ၏၊

'သိပ်ပြီးရဲဝံ့တဲ့ သူငယ်ပဲ'

သူမသည် ထန်ရှင်အား လှမ်းပြောသည်၊

'အစ်ကိုလေးကတော့ တကယ့်ကို ချီးကျူးရောပါ၊ အားလုံးကို တွက်ချက်ပုပ်ကိုင်လာတာပါပဲ၊ ဒီသူငယ်ကို အစ်ကိုလေး ရွေးလာနိုင်တာကို ကျွန်မ သိပ်ဝမ်းသာပါတယ်'



ထိုစဉ် တံခါးဝ၌ လူရိပ်တစ်ရိပ် ပေါ်လာသည်၊ အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသည့် လူကြီးသည် ဓားကြီးတစ်ချောင်းကိုင်လျက် သွေးရဲရဲ သံရဲရဲဖြင့် ရပ်လာ၏၊

ဆန်ကွမ်းချီသည် ထန်ရှင်၏ရှေ့၌ဝင်ရပ်လိုက်သည်၊သို့သော် သူ မကာကွယ်လိုက်ရပါ၊ ဓားကိုင်ရန်သူသည် ဂုန်းခနဲ ပစ်လဲသွားကျသွားသည်၊သူ၏နောက်ကျော၌ လှံရှည်တစ်ချောင်း လာစိုက်သောကြောင့် ဖြစ်သည်၊

ထန်ရှင်သည်လည်းကောင်း၊ကွန်ကတော်သည်လည်းကောင်း လုံးဝ မျက်နှာပျက်ခြင်း မရှိပေ၊ ဣန္ဒြေရရပင် စောင့်ကြည့်နိုင်စွမ်း ရှိကြသည်၊

ထိုအချိန်တွင် တဲအပြင်ဘက်၌ခုခံနေသူ မိန်းကလေးခြောက်ယောက်အနက် သုံးယောက်သာ ကြံ့ကြံ့ခံရပ်၍ ခုခံနေကြသည်၊ ကျန်သုံးယောက်မှာ လဲကျနေပေပြီ၊

သူတို့ရန်သူက စုစုပေါင်း ရှစ်ယောက်ရှိ၏၊ ရှစ်ယောက်ကို မိန်းမသား သုံးယောက်က မည်သည့်အချိန်အထိ ကြံ့ကြံ့ခိုင် ခုခံနိုင်ပါမည်နည်း၊ မိန်းကလေး သုံးယောက်စလုံး ပင်ပန်းနွမ်းနယ်နေကြပြီ၊ မကြာမီ သူတို့လည်း သေဆုံးကြပေလိမ့်မည်၊

ထိုစဉ် လဲကျနေသည့် မိန်းကလေးတစ်ယောက်သည် လူးလဲထလာ၏၊သူမသည် မြေပြင်ပေါ်၌ ကျနေသည့်ဓားတစ်ချောင်းကို ကောက်ယူပြီး သူမ၏ဘေး၌ရပ်နေသော ရန်သူတစ်ယောက်ကို ရှမ်းခနဲ ပိုင်းချလိုက်၏၊

'အား....'

မိန်းကလေး သုံးယောက်ကိုသာ ဂရုစိုက်နေသော ရန်သူမှာ အလစ်ခံလိုက်ရသဖြင့် စူးစူးရားရား အော်ဟစ်လျက် သေဆုံးသွားတော့၏။

'တဆ်....ဒီကောင်မ တယ်ပြီး အသက်မြှင်းတာကိုး၊ သွားစမ်း....'

ရန်သူတစ်ယောက်သည် ထိုမိန်းကလေးအား ဓားဖြင့် လှမ်းထိုးပြီး ခြေထောက်နှင့် ကန်ထုတ်လိုက်၏၊ သေလုသေခင်ဖြစ်နေရာမှ ထသော မိန်းကလေးမှာ ထိုဓားချက်ကို မရှောင်နိုင်ပါ၊ ရင်ဝ၌ ဓားတစ်ချက် အထိုးခံရပြီးနောက် လွင့်စဉ်ထွက်သွားတော့၏'

သည်တစ်ကြိမ်တွင်မူ တကယ်သေဆုံးသွားတော့သည်၊

ဆန်ကွမ်းချိသည် အပြစ်မှ တိုက်ပွဲအတွက် စိတ်မဖြောင့်ပါ၊ ထို့ကြောင့်....

'ကွန်ကတော်....ဆရာကြီးနဲ့ စကားပြောစရာ ရှိသေးတယ် မဟုတ်လား'

'အေး....ရှိသေးတယ်'

'ဒါဖြင့်....'

သူသည် ထန်ရှင်အား ဦးညွှတ်ဂါရဝပြု၍ အခွင့်တောင်းလေ၏၊

'ဆရာကြီး....ကျွန်တော် ခလတစ်ဖြုတ်လောက် အပြင်ထွက်ပြီး သွားကူပါရစေ၊ မိန်းကလေးတွေ အတော် အခြေအနေဆိုးနေပုံရပါတယ်၊ စောစောက ရန်သူတစ်ယောက် ပေါ်ထွက်လာတာဟာ သူတို့ အခြေအနေဆိုးနေပုံကို ပြသတာပဲ'



ကွန်ကတော် သက်ပြင်းချပြီး ပြောသည်၊

'သွားကူလို့ ဖြစ်ပါ့မလား၊ အစ်ကိုလေးကို တစ်ယောက်တည်း ထားခဲ့မလို့လား'

ထန်ရှင်က လက်ခါပြလိုက်၏၊

'ဆန်ကွမ်းချိ သွားကူလိုက်ပါ'

ဆန်ကွမ်းချိသည် ဦးညွှတ်လိုက်ပြီး တဲအပြင်သို့ ခုန်ထွက်သွားလေ၏၊

ကွန်ကတော်က အံ့ဩချီးကျူးသော အကြည့်ဖြင့် ကြည့်ကာ....

'လူ့ကိုယ်ဖော့ပညာ သိပ်ကောင်းပါကလား၊ ဒီသူငယ်က အစ်ကိုလေးတို့ရဲ့....'

'ငါတို့ ကျွန်လူဂိုဏ်းက မဟုတ်ပါဘူး၊ သူက တကယ့်နဂါးကလေးပါ၊ ကျွန်လူဂိုဏ်းထဲမှာ သူ့လို ပုဂ္ဂိုလ်မရှိတာ သိပ်နာတာပေါ့'

'ဒါပေမယ့် အစ်ကိုလေးကိုတော့ သူ သိပ်ကြည်ညိုနေတာပဲ၊ သူ့အသက်စွန့်ဖို့တောင် အသင့်ဖြစ်နေတယ်၊ အဲဒါဘယ်လို....'

'အား....'

'အား....အား'

'အင်....'

'အိး....'

တဲအပြင်မှ ဒုဂကျင်စွာ အော်ဟစ်သည့် အသံများ ကြား လိုက်ရသည်။

ထန်ရှင်က မှတ်ချက်ချ၏။

'ငါလူ နဂါးကလေးကတော့ ကောင်းကောင်း အစွမ်းပြ နေပါပြီ'

ထန်ရှင်၏ မှတ်ချက်ချသံဆုံးသည်နှင့် တဲကလေးထဲသို့ လူရိပ် တစ်ခု ခုန်ပျံရောက်ရှိလာလေ၏။ ဆန်ကွမ်းချီပေတည်း။

'မိန်းကလေးကတော့ သုံးယောက်ပဲ ကျန်တယ်၊ သူတို့နဲ့ ယှဉ်ပြိုင်ဖို့ ရန်သူနှစ်ယောက်ဝဲ အသက်ရှင် ကျန်ရစ်တော့တယ်၊ ကွန်ကတော်နဲ့ ဆရာကြီးတို့ စိတ်အေးလက်အေး စကားပြော နိုင်ပါပြီ ခင်ဗျာ'

ဆန်ကွမ်းချီ၏ ခန္ဓာကိုယ်တွင် သွေးစက်များ ပေကျံစွန်း ထင်းခြင်း မရှိသော်ငြားလည်း သူ့ဓားတွင် သွေးများ ပေကျံ နေသည်။ သူသည် ရန်သူများကို လျှပ်တစ်ပြက် သုတ်သင်ခဲ့ဟန် တူသည်။

'ငါတို့ဖြင့် စကားတောင် မပြောရသေးဘူး၊ မင်းက ရန်သူ လေးငါးယောက်ကို သုတ်သင်ခဲ့ပြီးပြီကိုး'

ကွန်ကတော်က ချီးကျူးလိုက်၏။



'သူတို့က ဆိုင်းပညာ သိပ်မှ မကောင်းဘဲကိုး၊ ဒါပေမယ့် ကျွန်တော်သာ ထွက်မသွားရင် ကျွန်တော့်ရဲ့ မိန်းကလေး သုံးယောက်လဲ မလွယ်ဘူးခင်ဗျ၊ သူတို့ အတော် ပင်ပန်းနေ ကြပြီ'

ထိုစဉ် မြင်းခွာသံများ တဖြောင်းဖြောင်း ကြားလိုက်ရ တော့သည်၊ ရန်သူများ တပ်မံ ဝင်ရောက်လာပြန်ပြီကို ဆန် ကွမ်းချီ သိလိုက်၏။

'ကဲ...အပြင်က အကူလိုနေမှာ သေချာပြန်ပြီ၊ ကွန်ကတော် ကြီးအနေနဲ့ အရေးကြီးတဲ့ အဓိကကျတဲ့စကားကိုသာ ခပ်သွက် သွက် ခပ်မြန်မြန်ကလေး ပြောပါတော့ခင်ဗျာ၊ ကျွန်တော် အပြင်ကို ခေတ္တခဏ သွားကူလိုက်ပါဦးမယ်'

ဆန်ကွမ်းချီသည် စကားဆုံးသည်နှင့် နောက်တစ်ခေါက် ခုန်ထွက်သွားရပြန်လေ၏။

ထန်ရှင်က ခေါင်းညိတ်ပြီး....

'ဒီလူငယ်ကလေးဟာ ဆိုင်းပညာထက်မြက်ရုံ၊ ရဲစွမ်းသတ္တိ ရှိရုံမကဘူး အမြော်အမြင်လဲရှိတယ်၊ ညီမလေးပြောမယ့်အရေး ကြီးတဲ့ စကားတွေ မပြောရဘဲ ပြန်လည်ထွက်ခွာသွားရမှာကို သူ စိုးရိမ်လို့ ခုလို သတိပေးသွားတာပဲ'

ကွန်ကတော်ကလည်း သဘောပေါက်ကြောင်း ခေါင်းညိတ် ပြသည်။

'ဟုတ်တယ်၊ ကျွန်မလဲ သဘောပေါက်ပါတယ်၊ ဒီလိုပါ အစ်ကိုလေးရဲ့၊ ကွန်လုံ၀မ်ဟာ သိုင်းပညာစွမ်းရည် ကြီးမားတဲ့ ကျွန်စိမ့်နှင်ကို စက်ကြိုးတပ်ပြီး ခေခိုင်းချင်တယ်၊ သူ့သမီးကို ဖမ်းထားပြီး အကျပ်ကိုင်ရင် ရမယ်လို့ သူယူဆပါတယ်'

ထန့်ရှင်သည် သူလာရသည့် အဓိက အကြောင်းရပ်များကို ကွန်ကတော်က ပြောပြနေပြီဖြစ်၍ စိတ်ပါ၀င်စားစွာ နား ထောင်နေမိတော့၏။

စာစဉ် ၈ ပြီး၏။

(စာစဉ် ၉ ဆက်လက်ပတ်ရှုပါရန်)